# ညောင်ကန်သာသနာဝင်

(ဦးသုခသာန)

ဗဟုသုတလိုလား ရှင်,လူအများတို့၏ အကျိုးစီးပွါးအလို့ငှါ

ညောင်ကန်သာသနာဝံသမှတ်တမ်းကို မှီငြမ်းပြု၍

မဟာဝင်အရှိ ရာဇဝင်နှင့်ညီကာ နိပါတ်တော်အလာ

ဒေသနာတော်နှင့်အညီ ခေတ်နှင့်မှီအောင်

စီစဉ်ရေးသားအပ်သော

# ညောင်ကန်သာသနာဝင်

မန္တလေးမြို့

ပြည်လုံးချမ်းသာကျောင်းတိုက်

ဘုန်းတော်ကြီး ဦးသုဒဿန အရှင်သူမြတ်

ရှာဖွေစုဆောင်း၍ စီစဉ်ရိုက်နှိပ်ထုတ်ဝေသည်၊

ကောဇာ ၁၃၂၁၊ ဝါဆိုလ၊ သာသနာ ၂၅၀၃၊

ဘဒ္ဒန္တ သုဒဿနသာ ဓာတုရုပ်

# ညောင်ကန်သာသနာဝင် မာတိကာစာရင်း


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | စကားဦးပလွင် | ၁ |
| ၂ | ရတနတ္တယ ပဏာမ | ၆ |
| ၃ | ညောင်ကန်ရွာသမိုင်း အကျဉ်းချုပ် | ၇ |
| ၄ | သာသနာ၀င် ဆရာအစဉ် အဆက် | ၃၄ |
| ၅ | ကျော်အောင်စံထားဆရာတော်အတ္ထုပ္ပတ္တိ | ၄၉ |
| ၆ | မင်းဒိုဆရာတော်ကြီး အတ္ထုပ္ပတ္တိ | ၅၅ |
| ၇ | သာသနာ၀င် ဆရာစဉ် ဇယား | ၅၉ |
| ၈ | ဆရာတော် ဦးပျော် အတ္ထုပ္ပတ္တိ | ၆၀ |
| ၉ | ဆရာတော် ဦးညွန့် အတ္ထုပ္ပတ္တိ | ၆၂ |
| ၁၀ | ဆရာတော် ဦးရောင် အတ္ထုပ္ပတ္တိ | ၆၃ |
| ၁၁ | ရတနာမဇ္ဈ။တိုက်ခေါ်ခြင်းအကြောင်း | ၇၀ |
| ၁၂ | ဆရာတော် ဦးယာ အတ္ထုပ္ပတ္တိ | ၇၆ |
| ၁၃ | ဆရာတော် ဦးသာပုံ အတ္ထုပ္ပတ္တိ | ၇၉ |
| ၁၄ | ဆရာတော် ဦးမှတ်ကြီး အတ္ထုပ္ပတ္တိ | ၈၂ |
| ၁၅ | ဆရာတော် ဦးပိုး အတ္ထုပ္ပတ္တိ | ၉၀ |
| ၁၆ | ဆရာတော် ဦးဗမ် အတ္ထုပ္ပတ္တိ | ၉၇ |
| ၁၇ | ဆရာတော် ဦးကျီး အတ္ထုပ္ပတ္တိ | ၂၁၃ |
| ၁၈ | ဆရာတော် ဦးသူ အတ္ထုပ္ပတ္တိ | ၂၂၇ |
| ၁၉ | ဆရာတော် ဦးကန်ရိုး အတ္ထုပ္ပတ္တိ | ၂၃၂ |
| ၂၀ | ဆရာတော် ဦးမော် အတ္ထုပ္ပတ္တိ | ၂၃၄ |
| ၂၁ | နောက်ဆက်တွဲ | ၂၄၁ |

# စကားဦး ပလွှင်

## သိဒ္ဓမ်.....။ ။

**လွန်ပြီးခေတ်။** ။ အတိတ်၏ အကြောင်းကို ဖော်ပြလိုပါသည်။ အဇာတသတ်မင်းသည် သက္ကရာဇ် ၁၄၀- ခုကို မြို့ခွင်း၍၊ တခုကြွင်း ပြုလေသည်။ အတိုသက္ကရာဇ် ၁ခုမှ ရေတွက်သော် နှစ်ပေါင်း ၇၂-ခုသို့ ရောက်သောအခါ အဘသတ်,အဆက်နွယ်၊ နာဂဒါသမင်းနှင့်-နမ်တော် သီဝလိဒေဝီတို့ကို၊ တိုင်းပြည်မှ နှင်ထုတ်ကြလေသည်။ ၎င်းတို့သည် ဒီမိ နေရာ-ရာဇဂြိုဟ်ပြည်မှ ထွက်ခွါ၍ တိမ်းရှောင်ခဲ့ကြရလေသည်။

သုနာပရန္တာ တိုင်း-သလ္လာဝတီမြစ်ကမ်းတဘက်သို့ ရောက်ကြလေသော အခါ၊ ထိုနေရာမှာ တော,အတိမျှ-ချုံပုတ္ပေါင်း ထူထပ်လျက် တောင် တန်းပတ်လည် ရစ်သန်းနေလေသည်။ တောင့်က်, တိရစ္ဆာန်တို့သည် ဘေဘလုံးညံ့ မျှရှိကြ၏။ဥဒေါင်းကြီးကြော၊သာလိကာတို့လည်း သာယာစွာ ကျူးရင့်နေကြ၏။

နာဂဒါသနှင့် သီဝလိဒေဝီ-မင်း,ဗိုဇုရားအခြွေအရံတို့ကို တောင့်က် သတ္တဝါတို့ကခရီးကြို့ဆိုလျက် ရှေ့ဆောင် လမ်းပြသဖွယ်ရှိကြ၏။သာယာ ပြန့်ဖြူးလှသော ကုန်းမြေပြင်အရပ်ဝှင်၊ မြို့သစ် နန်းသစ်, တည်ထောင် ကြလေသည်။

အဆင့်ဆင့်ထွက်ခွါ၊ တိမ်းရှောင်ရင်း တည်ထောင်ရသဖြင့် ၎င်းမြို့ သစ်ကို "တိမ်းရင်း ရာဇဂြိုဟ်"ဟု သမုတ်ကြလေသည်။

**ပစ္စုပ္ပန်ခေတ်။** ။တိမ်းရင်းရာဇဂြိုဟ်မြို့မှာ နောက်သောအခါပုဂ်စိုး ခဲ့ရပြန်လေသည်။ ထိုမြို့ဟောင်းဌာနမှ တမိုင် အကွာသို့၊ ပြောင်းရွှေ့ပြီး လျှင် ညီညာသန့်ရှင်းသော မြေအပြင်တွင် ရှာကြံးတည်ကြလေသည်။

ထိုရှာတည်စအခါ၊ ဗေါဓိညောင် နှင့် မုဇွလိန္ဒာအိုင်နှင့်တူသော ရေ-ကန်ကြီးကို အစွဲပြု၍၊ "ညောင်ကန်ရှာ"ဟု သမုတ်ခါ အမည်ပေးခဲ့ပါသည်။

**အထောက်အထား။** ။ ညောင်ကန်ရှာလျှင်ဖွားရာဇာတိ အုင်ကျောင်းဆရာတော် ဦးဗုဒ္ဓသည် ထိုထိုပါဠိ,အဋ္ဌကထာ စသည်များ၏ အဖွင့် မြန်မာပြန် (နိဿယ) ကျမ်းများတွင်၊ ဤသို့ကမ္ဘည်း တင်ခဲ့တော်မူသည်။

(၁) မြေသည် ဘားကို၊ ကြောင်သည် ကြွက်ကို၊ ကျားသည် သမင်ကို၊ အောင်မြင်ရ-ပြစ်၍၊ကဝိလရှင်ရသေ့၏-ကျောင်းသင်္ဘန်းရာ မြေနှင့်တူသော၊ ရန်သူတို့သည် မအောင်အင်သော၊ ဤမြေ အရပ်၌၊ ညောင် ဗုဒ္ဓဟောပင် ပေါက်ရောက်ပြီ။

(၂) ဗေါဓိအာနိုး, မုဇွလိန္ဒာအိုင်နှင့် တူ၍၊ ရေမှားစွာ၌သော ကန်ကြီးသည် ဖြစ်လတ်လေပြီ။

(၃) ထိုဗေါဓိညောင်နှင့် ရေကန်တို့ကို အမှီပြု၍၊ပင်သင်းသော ပြည်ကြီး အင်္ဂါနှင့် ပြည့်စုံသော ပြည်ကြီးသည် (ရှေးက) ဖြစ်ခဲ့ဘူးပြီ။

(၄) ထိုပြည်ကြီးသူတို့၏ ကောင်းမှု ကုန်ခြင်းကြောင့် ပုက်စီးလတ်သော်၊ ထိုညောင်ကန်ဟူသော အမည်ဖြင့် ထင်ရှားလှသော ရတနာမျိုးစုံနှင့် ပြည့်စုံသော နိဂုံး (ညောင်ကန်ရှာ) ကြီးသည် ဖြစ်လတ်လေပြီ။ "

(နိဿယကျမ်းများ၏ နိဂုံး၀ါထာတို့မှ မြန်မာပြန်ဆိုချက်)

**ရှာမြတ်ညောင်ကန်။** ။မြန်မာပြည်အတွင်းမှာ ညောင်ကန်ဟူသော အမည်သည်ဖြင့် ရှာပေါင်းများစွာ ရှိသော်လည်း၊ ထိုညောင်ကန်ရှာကြီးသည် အခြားသော ရှာများထက်၊ဘူမိနက်သန် မြေကြန်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံလှသဖြင့် လူနေအိမ်ခြေ စည်ကားခြင်း၊ စရပ်, တန်ဆောင်း, ကျောင်း,ဂန်,ဘုရား ပေါများခြင်း ကျမ်းတတ်-ကျမ်းပြု အကျော် အမော် ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အများဆုံး ထွက်ပေါ်ရာဖြစ်ခြင်း။

မင်း,မိဖုရား, ဝန်ကြီး,ဝန်ငယ်-ရှေတိုက်စိုး၊ သွေးသောက်၊ မှူးကြီး မတ်ရာ-စသူတို့ ရာဇဝင် အဆက်ဆက်တွင် အသက်ဝင်ခဲ့ရာ၊ ဌာနဟောင်းဖြစ်၍"ရှေးမြတ်ညောင်ကန်"ဟု ဆိုလိုက်ခြင်းဖြစ်ပါသည်။

သာသနာဝင်နှင့် လူ့သမိုင်း ရေးထိုးရာ၌ ညောင်ကန်ရှေ့ မပါ့လျှင် ကလျှာတရပ်အနေဖြင့် ပြည့်စုံမည် မထင်မိပါ။ မောင်းထောင် ကိုလည်း၊ အတ္ထုပ္ပန္နနည်းအားဖြင့် ပါ၀င်ပြီးဟု ယူဆရ၏။ ဤရှေ့တို့ကား စာပေသမိုင်း၏ ဥသျှောင်နယ်မြေများပင်။

**ဆရာတော် ဦးဗုဒ္ဓ။** ။ လူရည်ချွန်ပုဂ္ဂိုလ်ကျော်များကို နေရာတကာ တိုင်းမှာ ထွန်းကားပေါ်ထွက်ရန် ခဲယဉ်းလှ၏။ အဂၢယိတိ ပေါ်ထွက်လာမည်ဆိုပါ့လျှင် ထို၏နေရာဌာနသည် လောကီ,လောကုတ္တရာ နှစ်မြှောသော အကျိုးတရားများ တိုးပွါးနိုင်ကြောင်း ချမ်းသာသုခ ဘ၀သမ္ဘတို့ များရရှိခံစားနိုင်ကြောင်းကို ကျမ်းဂန်များ၌ ပြဆိုထားလေသည်။

မှန်ပါသည်။ ဆရာတော်ဦးဗုဒ္ဓအကြောင်းကို အတန်ငယ်မျှ ဖေါ်ပြခြင်း မပြုလျှင် ညောင်ကန်သာသနာ၀င်၏ စကားဦးပလွှင်၌ ပြည့်စုံမည် မထင်မိပါ။

ဆရာတော် ဦးဗုဒ္ဓသည် သာသနာ့သမိုင်းတွင် အထောက်အပံ့အပေးဆုံး၊သာသနာတော်အား ကျေးဇူးအများဆုံး အကျိုးပြုခဲ့သောသာသနာ့သူရဲကောင်းတပါးပင် ဖြစ်ပါသည်။

ဗုဒ္ဓ၏ "ပါ၀စန" ခေါ် ပါဠိတော်များ၊ ရှင်မဟာဗုဒ္ဓဃောသ၏ ပါဠိတော်အဖွင့် အဋ္ဌကထာများဋီကာ,ဂဏ္ဌိယောဇနာများရှိလေသည်။

"ဝိဒေသီဘာသာ"ခေါ် ထိုထိုပါဠိတော် အဋ္ဌကထာ ဋီကာ စသည်များကို မှီရာနိဿယအနက်,အဓိပ္ပါယ် အများဆုံး ပြန်ဆိုရေးသားတော်မူခဲ့ခြင်းကြောင့် ယခုသာသနာကို "ဦးဗုဒ္ဓသာသနာ"ဟု ကင်ပွန်းတပ်ခေါ်ဆိုကြလျှင် စကားလွန် (အတိဝတ္တဒေါသ) မသင့်ဟု ယူဆ ထိုက်ပါသည်။

သာသနာနှင့်စပ်၍ ရှေးသူဟောင်း ပညာရှင်ကြီးတို့က "ဗုဒ္ဓအစ၊ ဗုဒ္ဓအလယ်၊ဗုဒ္ဓအဆုံး"ဟူ၍ပင် ဥဒါနိန်းဆိုတော်မူခဲ့ကြလေသည်။ (ဗုဒ္ဓအစ=

ဗုဒ္ဓဘုရားရှင်။ ဗုဒ်အလယ်=ရှင်မဟာဗုဒ္ဓဃောသ။ဗုဒ်အဆုံး=ဆရာတော် ဦးဗုဒ်။)

**မှတ်ချက်။** ။ ထိုထိုကျမ်းဂန် အရပ်ရပ်တွင် "ညောင်ကန် ဆရာတော်" ပါရှိလေတိုင်း မျှားသောအားဖြင့် "ဆရာတော် ဦးဗုဒ်" ဟူ၍သာ ရှင်လူ အပေါင်းတို့က မှတ်ထင်နေကြ၏။

ယင်းသို့မဟုတ်ပါချေ။ ညောင်ကန်သာသနာဝင် အစ အရှင်ဣန္ဒောဘာသမှ ဆင်းသက်ခဲ့သော ကျမ်းတတ်, ကျမ်းပြု ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အကျော်အမော် ဆရာတော် အများအပြား ထွက်ပေါ်ခဲ့ကြောင်းကို ဤကျမ်းတွင် တွေ့မြင်ဘတ်ရှ နိုင်ကြပါလိမ့်မည်။

**ညောင်ကန်သာသနာဝင်။** ။ရှာမြတ်ညောင်ကန်နှင့် စင်လျှဉ်းသော အကြောင်း အရာတို့ကို၊ ကောင်းစွာတည်ထွင်၍၊ စီစဉ်ပြုစုထားသော "ညောင်ကန်သာသနာဝင်" ကျမ်းစာမူကို- အစမှအဆုံးတိုင် သုဓိသင်တည်းဖြတ်ပေးရန် တာဝန်ယူရလေသည်။

ဤစာရေးသူသည် ကျမ်းပြုဆရာတော်၏ အာဘော်မူရင်းကို မပြောင်ပါ၊ ဆရာတော်၏ရေးသားဟန်, မူအတိုင်း, တည်းဖြတ်လိုက်ခြင်းဖြစ်ပါသည်။

**ဆရာတော်ဦးသုဒဿန။** ။ ဤကျမ်း (ညောင်ကန်သာသနာဝင်) ပြုစုတော်မူသည့်ဆရာတော်မှာ ညောင်ကန်ရှာလျှင် ဖွားရာဇာတိ၊(ယခု) ပဝတ္တိ, မန္တ္တလေးမြို့ အနောက်ပြင် ပြည်လုံးချမ်းသာကျောင်းတိုက် အရှင်ဆရာတော် ဦးသုဒဿန, မထေရ်မြတ်ပင်ဖြစ်ပါသည်။

ဆရာတော်သည် အတိတ်ခေတ်နှင့် ပစ္စုပ္ပန်ခေတ်နှစ်ရင်းကို အထောက်အထားစုံလင်စွာဖြင့် ညှိနှိုင်းလျက် နှစ်, လ ကြာမြင့်စွာ အပန်းခံ, ရှာဖွေ၍ တိကျနိုင်သမျှ တိကျပြတ်သားစွာ တင်ပြထားလေသည်။ ခေတ်နှစ်ရပ်ကို ဆက်စပ်ညှိနှိုင်း၍ သမိုင်းစုံလင်အောင် ခုံတင်လိုက်ခြင်းမှာလည်း စာပေ

လောကတွင် မီးရှူးတန်ဆောင် တောက်ပြောင်ဦးမည်ကို ယုံကြည်ထိုက်ပါပေသည်။

ဆရာတော်၏ ပဋိဘာန်စွမ်းဥာဏ်ဖြင့် ရေးသားဟန်မှုကို ကြည့်လျှင် ရှေးလည်းမကျလှ ခေတ်နှင့်လည်းညီမျှလျက် ဂုဏ်ရည်မြောက်သော အမွှမ်းအနှံ့ များပါဝင်သည်ကို့ တွေ့ရှိရပေသည်။အကျယ်ကို အကျဉ်းပြုသော သြဇာဂုဏ်၊ ပေါ်လွင်ထင်ရှားသော ဂန္ဓီဂုဏ်၊ ပြေပြစ်သာယာသော သုခုမာလတာ ဂုဏ် စသောသဒ္ဒါလင်္ကာရ-အတ္ထာလင်္ကာရတို့ဖြင့် တန်းဆာဆင်၍ ဧီစဉ်ထားသော ကျမ်းကောင်းတဆူဖြစ်သည်ဟု ယူဆထိုက်လှပါသည်။

**သာသနာ့လက်ဆောင်။** ။ “ညောင်ကန်သာသနာဝင်” တွင် သိမှတ်ဖွယ်အချက်များနှင့် ဆိုင်ရာဓါတ်ပုံများကိုပါ ဖော်ပြလျက်ထားလေသည်။

မဟာဝင်အရှိကို ရာဇဝင်နှင့်ညှိ၍ နိုပါတ်တော်လာ ဒေသနာအကွက်ပြလျက် အချက်ကျကျ ခေတ်ကာလမှီမှီ စီစဉ်ရေးသားထားသော “ဤ-ညောင်ကန်သာသနာဝင်”ကျမ်းကို ဗဟုသုတလေ့လာ,ရှာမှီးကြသူတိုင်း သာသနာ့လက်ဆောင်အဖြစ်၊လက်မလွတ်တန်းကြည့်ရှုဘာတ်မှတ်ကြရန် ရှိသင့် ရှိထိုက်လှပါကြောင်း စေတနာကောင်းဖြင့် နှစ်ထောင်းအားရစွာ တိုက်တွန်းခြင်းပြုအပ်ပါသတည်း။

**လယ်တီ ဦးလှဝိုင်**
**စမ္မာစရိယ ပါဠိပထမကျော်**
**၁၃၂၁-ခုနှစ် ကဆုန်လပြည့်ကျော် (၇) ရက်၊**
**ကြာသပတေးနေ့။**

# ညောင်ကန် သာသနာဝင်

## ရတနတ္တယ ပဏာမ

ဥပ္ပတ္တိဒေသကံ ဗုဒ္ဓံ၊ ဓမ္မဉ္စ ဂဏမုတ္တမံ။
အဘိဝါဒိယ ကာရိသံ၊ သာသနဿ ဝံသဒီပကံ။

အဟံ၊ ရုပ်,နာမ် နှစ်ရပ် ပရမတ်ကို ပေါင်းစပ်သမုတ် အကျွန်ုပ်သည်။ ဥပ္ပတ္တိဒေသကံ၊လွန်လေရှေးက ဖြစ်သမျှအကြောင်း စုပေါင်းစုံလင်ကုန်စင်မြွက်ဖေါ်ဟောကြားတော်မူတတ်သော။ ဗုဒ္ဓံ၊သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်ဘုရားရှင်ကို။ အဘိဝါဒိယ၊ အဘိဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။ ။ အဘိဝါဒိယ၊ အဘိဝန္ဒိတ္တာ၊ ရိုသေမြတ်နိုးရှိခိုးပြီးပြီး၍။ ဥတ္တမံ၊ လူ,နတ်,နိဗ္ဗာန်သုံးတန်ချမ်းသာ ပေးတတ်ပါသဖြင့် အလွန်မြတ်စွာထသော။ ဓမ္မဉ္စ၊ မဂ်လေးတန် ဖိုလ်လေးရပ် အမြတ်နိဗ္ဗာန်တတန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်း၊ အဘိဝါဒိယ အဘိဝန္ဒာမိ၊ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။ အဘိဝါဒိယ၊ အဘိဝန္ဒိတ္တာ၊ ရိုသေမြတ်နိုး ရှိခိုးပြီး၍။ ဥတ္တမံ၊လူ,နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာရရာအစုကောင်းမှုစေ့,မျိုး စိုက်ပျိုးညွှန်ရှင် စည်ပင်ပွါးကြောင်း လယ်မြေကောင်းနှင့် မစဉ်ခင်းတူလတ်သဖြင့် အလွန် မြတ်စွာထသော။ သံဃဉ္စ၊ မဂ်လေး,ဖိုလ်လေး, ပေါင်းယွေးရောစပ် ရှစ်ယောက်သော အရိယာ သံဃာတော်မြတ် အပေါင်းကိုလည်း အဘိဝါဒိယ၊ အဘိဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏ ဘုရား။ အဘိဝါဒိယ၊ အဘိဝန္ဒိတ္တာ၊ ရိုသေမြတ်နိုးရှိခိုးပြီး၍။ သာသနဿ ဝံသဒီပကံ၊ဌာနဖြစ်ရာ ညောင်ကန်ရွာ၏ ခြင်းရာအစုံ တည်နေပုံနှင့်ဝေဖုံ ထို့ပြင် ဂုဏ်အင်ပြည့်သိပ်ဝိသိဋ္ဌဇာနည်ဟောဝေရိတို့၏ အဆက်အနွယ်ကို ပြရာပြကြောင်း ဖြစ်၍ **ညောင်ကန် သာသနာဝင်** အမည် တင်အပ် ဤကျမ်းမြတ်ကို။ ကာရိသံ၊ကာရိသ ဒါ၊ပင်ပန်းဆင်းရဲ ခဲယဉ်းသမျှ ဆည်းစုရှောမှ မနေမနား သွန်ကြိုးစားလျက် မှတ်သားလိုသူများရှင်,လူတို့ ကြည်ဖြူ။ ဝမ်းသာ ရှုစေဌာလျှင် စေတနာထား မေတ္တာအားဖြင့် ရေးသားစီရင်ပေအုံ့။

# ညောင်ကန် သာသနာဝင်

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

## ညောင်ကန်ရွာသမိုင်း အကျဉ်းချုပ်၊

ရှင်တော်မြတ်ဘုရားသည် ကုဿိနာရုံပြည် မလ္လာမင်း တို့၏ အင်ကြင်းဥယျာဉ်အတွင်း မြောက်အရပ်သို့ ဥက္ခောင်းပြု၍ ခင်းထားအပ်သော သလွန်တော်ထက်တွင် ပရိနိဗ္ဗာန် စံဝင်တော်မူ သည့်နောက် သက္ကရာဇ်ဟောင်း နှစ်ပေါင်း ၁၀၀ကျော်လောက် ရောက်သောအခါ-

ထိုစကားကို ထင်ရှားအောင် အနည်းငယ်ချ၍ပြဦးအုံ။

ရာဇဂြိုဟ်ပြည်ကြီးအရှင် ဘာဂီနိယမင်းကြီး၏ သားတော် ဗိမ္ဗိ°သာရမင်းသည် အိမ်နီမ့်စံ ၁၄နှစ်, ဘုရားပွင့်တော် မမူမီ နန်းစံ ၁၆နှစ်, ဘုရားပွင့်တော် မူပြီးနောက် နန်းစံ ၃၇နှစ်, ၃ရပ် ပေါင်း သက်တော် ၆၇နှစ် သက္ကရာဇ် ၁၄၀တွင် သားတော် အဇာတသတ်က လုပ်ကြံ၍ နတ်ရွာစံ ကံကုန်တော်မူရလေ၏။

အဇာတသတ်မင်းသား ရာဇဘိသေကခံ၍ ဂ နှစ် ရှိသော အခါ ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသည်။ ယင်းသည့် နှစ်တွင် ၁၄ဂ သက္ကရာဇ်ကို ချ၍ တခုမှတ်သည်။

ထိုအဇာတသတ်မင်းသည် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး သည့်နောက်၌လည်း မင်းစည်းစိမ် ၂၄နှစ် နန်းစံတော်မူသည်။

နှစ်ရပ်ပေါင်း မင်းစည်းစိမ် ၃ ၂နှစ် သက္ကရာဇ် ၂၄ ခုတွင် သားတော် ဥဒယဘဒ္ဒမင်းသားက ခမည်းတော်ကို လုပ်ကြံ၍ မင်းပြုသည်။

ဥဒယဘဒ္ဒမင်းနန်းစည်းစိမ် ၁၆နှစ် သက္ကရာဇ်၄၀ပြည့်နှစ် သို့ရောက်သောအခါ သားတော်အနုရုဒ္ဓါက ခမည်းတော်ကို လုပ်ကြံ၍ မင်းပြုပြန်သည်။

အနုရုဒ္ဓါမင်းကို သားတော်မုဏ္ဍာက လုပ်ကြံ၍ မင်းပြုပြန်သည်။ ထိုမင်း ၂ပါး နန်းစည်းစိမ် ၈နှစ် သက္ကရာဇ် ၄၈ခုနှစ်သို့ရောက်သောအခါ သားတော် နာဂဒါသသည် ခမည်းတော်ကို လုပ်ကြံ၍ မင်းပြုပြန်သည်။

နာဂဒါသမင်း နန်းစည်းစိမ် ၂၄နှစ် သက္ကရာဇ် ၇၂ နှစ်ရှိသောအခါ အဇာတသတ်မင်း၏ အဆက်အနွယ်သည် အာဘကိုသတ်တတ်သော မင်း၏ အဆက် အနွယ် တည်းဟု ပြည်သူအပေါင်းတို့သည် နာဂဒါသမင်းကိုပယ်၍ သုသုနာဂအမည်ရှိသော အမတ်ကြီးကို မင်းမြှောက်ကြသတည်း။

ထိုအခါ နာဂဒါသမင်းသည် နှမတော် သီဝလိဒေဝီနှင့် တိုင်ပင်၍ ရဟန္တာဝျာန်ရှင် ထေရ်သခင်တို့ကို ပင့်ပြီးလျှင် အဇာတသတ်မင်းကြီး အမြဲမပြတ် ကိုးကွယ်ဆည်းကပ်၍ နန်းစည်အရှိအသေ ပြုခဲ့ကြသော ခါတ်တော်များကို စေတီအိမ်နှင့် တကွ ဆင်ပေါ်မှာ တင်ပြီးခါ မြို့၏အင်္ဂါ လုံလောက်စွာသောကြီယာ အသုံး အဆောင် ပုရောဟိတ်ပုဏ္ဏားတော်များပါ စစ်အင်္ဂါ ၄ပါးနှင့်တကွ မိမိကျေးကျွန်အိမ်ထောင်စုံ အခမ်းအနားတို့ကို ယူဆောင်၍ ထွက်ခွါတော်မူခဲ့လေသည်။

ထိုသို့ ထွက်ခွါလာခဲ့ရာ ရှေးအခါ ကပိလဝတ်ပြည့်ရှင်ဘုရင် အာဘိရာဇာ မင်းကြီးသည် တကောင်းပြည်ကို တည်ထောင်ကာ

စံနေတော်မူပြီးလျှင် ထိုမင်းကြီး နတ်ရွာစံတော်မူသည့် နောက်သားတော် ကံရာဇာကြီးသည် ကလေး တောင်ညို အရပ်ကို ရာဇဂြိုဟ်ဟု သမုတ်၍ ဖလမိုလ်ဝင်ခံကာ စံတော်မူခဲ့ဘူးသော နေရာသို့ ရောက်လျှင် မြို့တည်၍ စံနေတော်မူသည်။
(ထိုမြို့ကို ကလေးရာဇဂြိုဟ်ဟု သမုတ်တော်မူသည်။)

ထိုအကြောင်းကို သုသုနာဂမင်းကြီး ကြားသိတော်မူသဖြင့် လိုက်လံ တိုက်ဖျက်၍ ပုက်စီးပြန်ရာ သလ္လာဝတီ မြစ်တွင်းမှ စုန်ဆင်းကာ တိမ်းရှောင်တော်မူခဲ့ရရှာပြန်လေသည်။

မင်းဒုံခေါ်တွင်သော အရပ်သို့ရောက်လျှင် မင်းဒုံကြီးတပါး သေဆုံးပျက်ပြားသည်ကို တရားရကာ ဓါတ်တော်တို့ကို ဌာပနာ၍ စေတီတော်တဆူ တည်တော်မူပြီးလျှင် "မင်းဒုံ ချမ်းသာဘုရား"ဟု ဘွဲ့ထိုးတော်မူခဲ့သည်။

ထိုအရပ်မှ တဘန် ဘူမိနက်သန် မြေကြန် လက္ခဏာ ရန်အောင်ရာ မြို့တည်ရန် နေရာကောင်းရှာတော်မူလိုပြန်သော ကြောင့် သလ္လာဝတီမြစ်၏ အရှေ့ဘက်ကမ်းသို့ ကူးတော်မူလေသည်။

**မှတ်ချက်။** အနောက်ဘက်ကမ်း ရှေးအခါ "မင်းဒုံရွာ" ယခုအခါ "မဒိုရွာ"မှ အရှေ့ဘက်ကမ်းသို့ ကူး၍ ဝန်ပို့ရသော ကြောင့် ထိုအရပ်ကို "ဝန်ပို့ရွာ"ဟု သမုတ်ခဲ့သည်။ ယခုအခါ ကာလရှည်ကြာ၍ "ဝန်ပိုရွာ"ဟုခေါ်ဝေါ်ကြသည်။

ထိုမှတဆင့် အထက်အညာသို့ ကုန်းကြောင်းခရီးဖြင့် ဆန်တက်ခဲ့ပြန်ရာ ဆင်ခြေရာအရပ်မှ ယခုတိုင် ထင်ရှားရှိသော ရွှေဖလားကမ်းအရပ်သို့ ရောက်လျှင် မောပန်းတော်မူလှသောကြောင့်

ရွှေဖလားဖြင့် သောက်တော်ရေ ကမ်းရသော နေရာ၌ စေတီတဆူ တည်ထားတော်မူခဲ့လေသည်။

ထိုစေတီကို "ဖလားကမ်းစေတီ" ထိုစေတီ၏ အနီးဖြစ်သော တောင်ကိုလည်း "ဖလားကမ်းတောင်" ဟု သမုတ်တော်မူခဲ့သည်။

ထိုမှ တဘန် အထက်သို့ ဆက်၍ ကြွသွားပြန်ရာ ခရီးလမ်းမသာယာသဖြင့် နောက်သို့ တဘန်ပြန်၍ ကွေ့ကာ လှမ်းကြွတော်မူရှာ၏လေသည်။

**မှတ်ချက်။** ထိုအရပ်ကို မင်းသည် အထက်သို့ ကြွသွားပြီးမှ တဘန်ကွေ့၍ ပြန်ရခြင်းကြောင့် "မင်းကွေ့ထောင့်" ဟု သမုတ်ခဲ့သည်။ ယခုအခါ ကာလရှည်ကြာ၍ မကွေးထောင့်"ဟု ခေါ်ဝေါ်ကြသည်။

ထိုအရပ်၌ လူနေ အိမ်ခြေရပ်ရွာနှင့်တကွ ဇရပ်,တန်ဆောင်း,ကျောင်း,ကန်,ဘုရားများပါကြာရှည်လေးမြင့်စွာစည်ကားပြီးမှ တနေ့သောအခါ ကြီးစွာသော ငါးတကောင်သည် မြစ်တွင်းမှ ဆန်တက်၍ ဝင်လာသည်ကို ရပ်သူရွာသားတို့က ဘမ်းယူသတ်ဖြတ်ကာ စားသောက်ကြသဖြင့် အသေအပျောက် များလှသောကြောင့် လူနေ အိမ်ခြေနှင့်တကွ အားလုံးကုန် ပျက်ပြားခဲ့ရလေသည်။

ထိုရွာမှာ မွေးဖွားခဲ့သော ကလေးများကိုလည်း မိကွေး, မိထောင့်,ဖိုးကွေး,ဖိုးထောင့်ဟူ၍မှည့်ခေါ်ခဲ့ကြကြောင်းကို သိမ့်ကိုက်သော သူတို့က အဆင့်ဆင့် ပြောပြ်သဖြင့် ကြားသိရဘူးပေသည်။

**မှတ်ချက်။** ဘုရိုဒတ်ဇာတ်တော်၌ သာဝရ မြစ်နား၌မွေးဖွားသော သားတော်ကို "သာဝရမင်းသား" သမုဒ္ဒမြစ်နား၌မွေးဖွား

# ဖလားကမ်းဘုရား

နဋ္ဌဂဒါသမင်းနှင့် နှမတော် သိုဝလိဒေဝီတို့ကောင်းမှု၊
ထီးတော်မှာ ဒုတိယ ကမ္ဘာစစ်အတွင်းက
စက်သေနတ်မှန်၍ကျိုးပဲ့နေသည်။

# ၈။ဒုတိယမဟာဗုဒ္ဓဘေလဝတ္ထု ၄ထပ်တိုင် ဒုံးဒုတိုဝင်္ဂပေါင်း



:ဓာတ်ပုံတွဲ

သော သမီးတော်ကို "သမုဒ္ဒရာဇာမင်းသမီး"ဟု ခေါ်ကြ
တော် မြဟ္မဒတ်မင်းကြီးက အမည်ပေးပုံ နှင့်တူပေသည်။

အထက်အဆိုပါ နာဂဒါသမင်းနှင့် နှမတော် သိဝလိဒေဝီ တို့သည် ထိုမင်းကွေ့ထောင့်မှ တဘန် ပြောင်းရွှေ့တော်မူခဲ့ပြန်၍ ခိုအောင်းနေသော ချောင်းကို "ခိုချောင်း"ဟု သမုတ်ခဲ့သည်။ (ယခု ကာလရှည်ကြာ၍ "ခိုးချောင်း"ဟု ခေါ်ဝေါ်ကြသည်။)

ထိုမှ တဘန် ပြောင်းရွှေ့တော်မူခဲ့ပြန်၍ နေရာကောင်းရှာကြံ သောအခါ ရတနာပြောင်မွန် ဆင်တော်သည် အလွန်ကောင်းမြတ် လျောက်ပတ်သော အရပ်ဖြစ်၍ မွေတော်ခါတ်တို့ကိန်းဝပ်လိုဟန်လက္ခဏာ သမာဒေဝနတ်တို့၏ အလိုဆန္ဒဖြင့် တုပ်ဝပ်၍ ပြရာ ထိုအရပ်မှာ စေတီတော်တဆူ တည်တော်မူရန် ရဟန္တာ အရှင်မြတ်တို့နှင့် ဟူးရားတတ် ပညာရှိတို့က မိန့်ဆိုကာ လျှောက်တင်ကြသဖြင့် စေတီတော်တဆူ တည်တော်မူပြီးလျှင် "ဆင်ဝပ်ဘုရား"ဟု ကမ္ဘည်းထိုးမှတ်ခါ ထားတော်မူခဲ့လေသည်။

ထိုမှ တခါ ရှေ့သို့ဆက်၍ မြို့နေရာ ရှာပြန်သော် တခုသော တောအရပ်သို့ ဆိုက်ရောက်သည့် ကာလ နာဂဒါသမင်းကြီးသည် ယခုကဲ့သို့ တောလမ်းခရီးမှာ မောပန်းကြီးစွာ ရှာဖွေပါသော်လည်း အလိုတော်ပြည့်ဝအောင် မြို့နေရာ မတွေ့ရသဖြင့် ပုဏ္ဏားတော်များအား အမေးတော်ရှိရာ အရှင်မင်းမြတ်သည် သိုက်ခါတ်အလို ကိန်းဆိုက်သည်ကို လျှောက်ဆိုရလျှင် မြို့သစ်နန်းသစ် တည်ထောင် စံမြန်းထိုက်သော ဘုန်းကံဇာတာ ထက်ချပ်ပါပါကြောင်းဖြင့် တင်လျှောက်ကြလေသည်။

(ထိုတောကို ယနေ့တိုင် "လက္ခဏာကြည့်တော"ဟူ၍ ခေါ်ဝေါ်ကြသည်။)

လက္ခဏာကြည့်တောမှ ရှေ့သို့ တမိုင်ခန့် ကြွမိသောအခါ ဆဒ္ဒါနိုအမျိုးမှဖြစ်သော ရတနာဆင်ပျံ, လှံအရိန္ဒမာ, စကြာ, ရွှေဝါး, အပါးပါးတို့ကို သိကြားဆက်သရိုး ရှေးထုံးစံ အရဘုန်းတော်ဘန်၍ ကံတော်မ-ပြီဟု တွင်သော နေရာကို ယခုကာလ လူကိုက-ကံမဟု ခေါ်ဝေါ်၍ နေကြလေသည်။

ထိုမှတဘန် ရှေ့သို့ဆက်၍ တမိုင်ခန့်ကြွပြန်ရာ တောလုံးညံ့အောင် တိရစ္ဆာန်သားငှက်တို့ ရှေ့ဆောင်ချက်နိမိတ် ဥဒေါင်း, ကြိုးကြာ မြူးသံသာနှင့် ပင့်လှာသည့် အရိပ်ကြောင့် ကမ်းထိပ်ကုန်းပြင် ကြန်အင်လက္ခဏာ ပြည့်စုံစွာနှင့်သာယာပြန့်ပြူးသော နေရာအရပ်တွင် မြို့သစ်တည်ထောင်ကာ စံနေတော်မူသည်။

မြို့၏အမည်မှာ ကလေးရာဇဂြိုဟ်မှ ထွက်ပြေး တိမ်းရှောင်ရင်း တည်ထောင်ရသောမြို့ဖြစ်၍ "တိမ်းရင်းရာဇဂြိုဟ်" ဟုသမုတ်တော်မူသည်။

နာဂဒေါသမင်းနှင့် နှမတော် သီဝလိဒေဝီ တို့သည် အမြဲမပြတ်ကိုးကွယ် ဆည်းကပ်တော်မူကြရန် မြို့၏ အပြင်အင်္ဂါထောင့်ကုန်းမြင့် အရပ်တွင် ဘုရားရှင် ဓါတ်တော်တို့ကို သွတ်သွင်းပြီးခါ စေတီတော် တဆူ တည်ထား ကိုးကွယ်တော် မူပြီးလျှင် "မြတ်ဆိပ်ဘုရား" ဟု ကမ္ဘည်းထိုးတော်မူသည်။

(ယခု အဒါထိုဘုရားကို ရှင်,လူအများ တို့က "နန်းဦးဘုရား" ဟု ခေါ်ကြသည်။)

ထိုမှတတန် မြို့၏အပြင် တနင်္ဂနွေထောင့်အရပ်တွင်လည်း ဘုရားရှင်ဓါတ်တော်တို့ကို သွတ်သွင်းပြီးခါ "မွေ့ရှင်တော်" ဟူသော စေတီတော် တဆူကို တည်ထား ကိုးကွယ်တော်မူခဲ့လေသည်။

# မြတ်ဒိန်ဘုရား

အုတ်အိုင်ရှာ တောင်ကျောင်း ဘုန်းတော်ကြီး ဦးဇိန က အသစ်တဘန် ထပ်မံပြုပြင်ထားသည်။

# ဗမ္ပရွာင်တော်ဘုရား



အုတ်အိုင်ရှာ ဘောင်ကျောင်း ဘုန်းတော်ကြီး ဦးဇိန က
အသစ်တဘန် ထပ်မံ ပြုပြင်ထားသည်။

# ရှေသိမ်တော်ဘုရား

ဖျောက်ဆိပ်ကုန်းရွာ ဦးလူတုပ်နှင့် မမယ်မြင့်တို့က ၁၂၇၅ ခုနှစ်က အသစ်တဘန် ထပ်မံ ပြုပြင်ထားသ

**မှတ်ချက်။** ။ထိုဘုရားမှာ ကာလကြာသော် မင်းမြို ပြိုကွဲ ပျက်စီးကာ ခြုံနွယ်ရစ်ပတ် မြက်သစ်ပင်ထူထပ်လျက် ပျောက်ကွယ်လုမတတ်ရှိခဲ့ရာ၊ သက္ကရာဇ် ၁၂၅၀ခြည့် နှစ်သို့ ရောက်သောအခါတွင် ကိန်းဝပ်တော်မူရင်း ဓါတ်တော်မြတ်တို့ ကွန့်မြူးထွက်ပေါ် ရောင်ခြည်တော် လွှတ်၍ တန်ခိုးတော်ပြခါမှ,ဖုံးအုပ်လျက်ရှိသောခြုံနွယ် မြက်သစ်ပင်တို့ကို သုဓိသင်ရှင်းလင်းပြီးလျှင် အသစ် တဘန် စေတီတည်ထားကိုးကွယ်ကြပြန်သည်၊ ထိုအခါ မှစ၍ ရှင်,လူ အများတို့က **ပေါ်တော်မူ**ဘုရား ဟု ခေါ်ဝေါ်ကြလေသည်။

ထို့ပြင်တဖြာ ရဟန္တာအရှင်မြတ်တို့ အမြဲမပြတ် ဥပုသ်, ပဝါရဏာစသောက ံကြီး,က ံငယ်တို့ကိုပြုလုပ်တော်မူနိုင်ကြရန် အရံ့တံတိုင်း မီးတားနှင့်,တကွသော သိမ်တော်ကြီးကိုလည်း ဆောက်လုပ် လှူဒါနိုးတော်မူသည်။

ထိုသိမ်တော်ကြီးကို နာဂဒါသမင်း ပင့်ဆောင်တော်မူလာ သော ရဟန္တာ အရှင်မြတ်တို့ သီတင်းသုံး နေထိုင်တော်မူကြ စဉ်အခါက သမုတ်တော်မူခဲ့ကြသည်ဟု ရှေးသူဟောင်းတို့ထံမှ တဆင့်စကား ကြားသိရဘူးသည်။

(ယခုအခါ ရှင်,လူအများတို့က "ရွှေသိမ်တော်ဘုရား"ဟု ခေါ်ဝေါ်ကြသည်။)

ထိုဘုရား၏ အနီးတွင်ရှေးအခါက ရှမ်းရွာကြီးတခုရှိသတတ် ထိုရွာမှ အမယ်အိုကြီးတယောက်သည် ရွှေသိမ်တော်ဘုရားမှာ တံမြက်တလင်း ရှင်းလင်းသုဓိသင်ခဲ့ဘူးသောကြောင့် သေသော အခါ နတ်ပြည်မှာ ခံစား၍ ထိုဘုရားနှင့် ၂ဖါလုံခန့်အကွာ ယခုတည်ရှိသော ဖျောက်ဆိပ်ကုန်းရွာ၌ အသည်ကြီး ဦးထွား၏

ဇနီးကြင်ယာ "မယ်အို"ဟူသော အမည်သညာနှင့် လူ့ပြည်မှာ တဘန် ဖြစ်လာရပြန်ကြောင်းကို ဇာတိသရဉာဏ်အားဖြင့် ပြန်ကြား၍ ပြောဆိုသဖြင့် အဆင့်ဆင့်ကြားသိရာ၊ားသည်။

ဤအထက်ပါ အကြောင်းအရာများသည် သီဟိုဠ်ကျွန်းအနုရာဓမ္မိတ္တင် မဟာစေတီ တော်တည်ရာ၌ အုင်္ဂအင္ဂါးသယ်ယူသော (ပန်းရန်ကကျွေးလုပ်သော) မိန်းမ ၇ယောက်တို့သည် ဝမ်းမြောက် ဝမ်းသာ စေတနာဖြင့် သယ်ယူခဲ့မှု နတ်တို့၏ စည်းစိမ်သုခကို ခံစားကြရသော သက်သေနှင့်တပြေးတည်းညီ၍ နေသောကြောင့် အထူးအားဖြင့် သတိထားပြီး မှတ်သားထိုက်ပေသည်။

အဘယ့်ကြောင့် ဤကဲ့သို့ ဖြစ်နိုင်ပါသနည်းဆိုသော်....

**တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။**
**စေတောပဏ္ဍိ စိတ္တေ ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ။ ။**

ဟူသော ဘုရားရှင်၏ ဒေသနာတော်နှင့် ကိုက်ညီသောကြောင့် ဖြစ်နိုင်ရာသည်။

ထိုဒေသနာတော်၏ သိမှတ်ဖွယ်ရာ အဓိပ္ပါယ်မှာကား —

သက်တော်ထင်ရှားရှိသော ဘုရားမြတ်စွာ၌ရှင်း, ပရိနိဗ္ဗာန်ဝင်စံကြွသွားတော်မူပြီးသော ဘုရားမြတ်စွာ၌ရှင်း တူမျှသော စိတ်ဖြစ်သည်ရှိသော် (စိတ်ထားတူမျှသည်ရှိသော်) တူမျှသော အကျိုးကို ပေးနိုင်၏။ အဘယ်ကြောင့်ဆိုသော် စိတ်၏စင်ကြယ်သန့်ရှင်းမွန်မြတ်ခြင်းတည်းဟူသောအကြောင်းကြောင့်သတ္တဝါတို့သည် လူ့ရပ်, နတ်ပြည်သို့ လားရောက်ကြရကုန်၏ဟု ဟောတော်မူသောကြောင့်တည်း။

ဤကဲ့သို့ ဆိုအပ်ခဲ့ပြီးသောအကျိုးအကြောင်း ရှေးဟောင်းပေါရာဏတို့ကို မိဂပဒဝလဗ္ဘနနည်းဖြင့် ဉာဏ်ကြီးသူတို့ သိကြ

ရန် သက်သေခံအများနှင့် ပျက်ပြားသော မြို့ရာ မြို့ရိုးဟောင်း, သူတော်ကောင်းတို့ ခိုအောင်းသော ဥမင်, ရိုးတော်ချောင် ခေါ်တွင်သော အရပ်၌လည်း တူးဖေါ်၍ကြည့်ကြရာ အရိုးကို ဒိုးယော်၌ ထည့်ခါ ရှေးက အသုံးပြုသောကျောက်လက်ကောက် ကြီးများလည်းပါရှိလေသည်။

(အသက်ရှည်သော ခေတ်အခါက လူတို့၏ အရိုးပြစ်၍ ပမာဏ အားဖြင့် အလွန်ကြီးထွားကြောင်းကို တွေ့မြင်ရသည်)

ထိုနေရာသည် မြို့ရိုး၏ အပြင်ဘက် အနောက်တောင်ထောင့် အရပ်တွင် တည်ရှိလျက် ထွက်, ဝင်ရန် တံခါးပေါက်လည်း အနီးရှိသည်။သို့အတွက် သရ်ိုင်းတော်နေရာဖြစ်ဟန်တူပေသည်။

ထိုနာဂဒါသ မင်းနှင့် နှမတော် သီဝလိဒေဝီ တို့သည် သေသည်၏ အခြားမဲ့၌ နတ်မောင်နှစ်မ ဖြစ်ကြရာလေသည်။ ၎င်းတို့ကို အုံးတွင်းမင်းမောင်တော်, နှမဇောတ်ဟု ယခုထက်တိုင် ခေါ်ဝေါ်သမုတ်လျက်ရှိနေကြ၏။

နှမတော်မှာ တိမ်းရင်းမြို့ အရှေ့တောင်ထောင့် နန်းဦး ဘုရားခေါ်တွင်သော မြတ်ဆိပ်ဘုရားအနီး၌ နတ်ကွန်း နတ် နန်းနှင့် စံနေသည်။

(ယခုအခါ လူအများတို့က "တို့ခင်မကြီး"ဟုခေါ်ကြ၏။)

နှစ်စဉ်မပျက် တန်ခူးလဆန်း ၉ရက်နေ့တိုင်း နတ်ပွဲကြီး ပြုလုပ်၍ အရပ်ရပ် အရွာရွာမှ လာရောက်ခါ ကြီးကျယ် ခမ်း နားစွာ ပူဇော် ပ,သတင်မြောက်ကြရသည်။

တခြားမြို့ရွာ ခရီးဝေးကွာသော အရပ်သို့ သွားရောက် နေထိုင်ကြသော ရပ်သူ,ရွာသားတို့မှာ နှစ်စဉ် မလာမရောက် နိုင်ခဲ့သော် ၃နှစ်တကြိမ် လာရောက်၍ ပူဇော် ပ,သတင်မြောက် ကြရန် တောင်းပန်၍ ထားရသည်။

မောင်တော်မှာကား တိမ်းရင်းမြို့နှင့် ၃ မိုင်ခန့် အကွာတွင်းတောင်ရွာတွင် နတ်ကွန်း နတ်နန်းနှင့် စံနေသည်။

ပွဲတော်များမှာ ဝါဆိုလဆန်း ၁၀ရက်နေ့တွင် ထန်းမပွဲတော်တကြိမ်, စာပေါင်းလဆန်း၁၀ရက်နေ့တွင် ထန်းဖိုပွဲတော်တကြိမ် အားဖြင့် တနှစ်လျှင် ၂ကြိမ် အချိန်မှန်မှန် ထုံးစံမပျက် သားစဉ်မြေးဆက် ယခုထက်တိုင် ပွဲသဘင်ကျင်းပလျက် တင်မြောက်ကြရသည်။

ဤတိမ်းရင်းရာဇဂြိုဟ်မြို့နှင့် နာဂဒါသမင်း, နှမတော်သီဝလိ ဒေဝီတို့၏ အကြောင်းကို သမိုင်း, ကျောက်စာများတွင်ကား မတွေ့ရဘူးသေး။ရှေးရှေးသောသက်ကြီး, ဝါကြီး ရှင်, လူအများ ဗဟုသုတရှင်တို့ပြောစကားကို အဆင့်ဆင့်မှတ်သား၍ ကြားနာရာဘူးရုံမျှ ဖြစ်ပေသည်။

ထို့ကြောင့်ညောင်ကန်ရွာသား ရုပ်သေးသံချိုကိုင်ပညာရှိဆရာကောက်က "ပထမဘုရားဟိုက၊ ရာဇဂြိုဟ်ရိပ်ဖြူ။ထီး၊မင်းကြီးဗိမ္မသာရဲ့ သားရတနာ များစွာပျက်ကြ၊ငါးဆက်တိုင် ပဋ္ဌမပေပ၊ အဘ သုဓိသင်သတ်သည်ဟု၊ မှ။, မတ်စုံ တိုင်ပင်၍၊ ယူငင်ခါ ကြ၊ပင်ခုတ်သည့်နှယ်၊ထိန်းအုပ်ခါ မောင်အကြီးသာပ၊ ဆောင်သီးစံ ဘဂီနီတို့နှင့်၊ဓ ီတိမာ ဂုဏ်အရည်ကြောင့် ယုံကြည်စွာဗိုလ်ခြေနဲ့ ပြေးခဲ့ကြ၊ ဟိုရှေးခါ ပေါရာဏာ၊ ပြောရှာကြ စကားစဉ်။ ။ စခန်းရောက်သမျှ ကွမ်းထောက်ကိုစာ, မသပြီဘု၊ ဌာနညောင်ကန်သို့ နီးသောခါ၊ ခရီးမော်အပြင်က၊ စီးတော်ဆင်ဆဒ္ဒန္တာတို့နှင့် ကျော်လောက်စွာရောက်လာကြ၊နှမ, မောင် ရန်ကိုဆို့မည်ဟု၊ ခံမြို့တည် အခြေပြုမိမှ၊ ပြည်လူ့ဌာန် ဘဝခြားတော့၊ နှစ်ပါးတူ သမေနပေပ၊ ဒေဝဘုံမှာ ဖြစ်လာကြ၊ ကုန်ချစ်ခင် မောင်အရင်း၊ နတ်တွင်းတောင် စံပျော်၍ နှမတော် မြို့ရာ

ပုံမမှန်ကြီး လေးဝေယဉ္စယ ဂီးမွှဲဒွင်ယောနှိုယ ဒုံဃဝေဒွင်ယောဃယင်ခံဝေ



ဟောင်း၊တောင်စောင်း သေလာ ခါးပန်းတွင်မှ ကွန်းနန်းနှင့် ရှင်။ ။ "အစရှိသော သံချိုင့်ချိုးကို စီကုံးရေးသား၍ ထားခဲ့သည်။

**တိမ်းရင်းမြို့ပျက်ခါ ညောင်ကန်ရွာတည်ခြင်း**

မောင်တော် နာဂဒါသမင်းနှင့် နှမတော်သီဝလိဒေဝီတို့ တည်ထောင် စိုးစံတော်မူခဲ့ကြသော တိမ်းရင်းရာဇဂြိုဟ်မြို့သည် လည်း "ဖြစ်လျင်ပျက်မြဲ မလွဲမှန်စွာ ဓမ္မတာ"ဟူသော ထုံးတမ်းစဉ်လာအရ တေဘုမ္မက သခ်ၢါရသဘောတရားမျှ ဖြစ်၍ ပျက်ပြားခဲ့ပြန်ရာ တိမ်းရင်းမြို့မှ တမိုင်ခန့်အကွာ သာယာနုပျိုသော ဒေသတွင် ရွာကြီးတည်ရပြန်သည်။

ရွာသစ်တည်စ အခါကာလက ဗေါဓိညောင်ပင်နှင့် မုဆွေလိန္ဒာ ဒဲခိုင်နှင့်တူသော ရေကန်ကြီး တည်ရှိခြင်းတည်းဟူသော ဗျုပ္ပတ္တိ နိမိတ် အကြောင်းဟိတ်ကို အစွဲပြုခါ "ညောင်ကန်ရွာ"ဟု ခေါ်ဝေါ်သမုတ်အပ်သည်။

ထို့ကြောင့် ဆရာတော်ဦးဇုဓိက ညောင်ကန်ရွာကို ဂါထာပါဠိစီကုံး၍ ဖွဲ့ဆိုတော်မူသည်မှာ-

ကပိလဿ မဘူသိလေ၊ အဇေယ္ယော ဇာယိ ဗောဓိဟာ။
မုဆွဲလိန္ဒဒဟာနွေတိ၊ ဥဒဓိ ပိ မဟောဒကော။ ။
တံ နိဿာယ မဟာပုရံ၊ အာသိ သဗ္ဗင်္ဂုရဏံ။
တေသံ ပုညကွယေနဌေ၊တံ နာမေနနိဂမော ပုဌော။ ။ဟူသည်တည်း။

ထိုဂါထာပါဠိ၏ အဓိပ္ပါယ်မှာ-

မြေသည် ဘားကို-ကြောင်သည်ကြွက်ကို-ကျားသည် သမင်ကို အောင်မြင်ရာဖြစ်၍ ကပိလရှင်ရသေ့၏ ကျောင်းသင်္ခမ်းရာမြေနှင့်တူသော ရန်သူတို့သည် မအောင်အပ်သော ဤမြေ အရပ်၌ ညောင်ဗုဒ္ဓဟောပင်သည် ပေါက်ရောက်လတ်ပြီ။

ဗောဓိအနီး မုဇ္ဈလိန္နာဘိုင်နှင့် တူသော ကန်ကြီးသည်လည်း ဖြစ်လတ်ပြီ၊ ထိုဗောဓိပင်နှင့် ရေကန်ကို အမှီပြု၍ ခပ်သိမ်းသော ပြည်ကြီး အင်္ဂါနှင့် ပြည့်စုံသော **ပြည်ကြီးသည် ဖြစ်ပြီ** ပြည်ကြီးကို တည်ထောင်ပြီ၊ ထိုပြည်ကြီးသူတို့၏ ကောင်းမှု ကုန်ခြင်းကြောင့် ပျက်စီးလတ်သော် ထိုညောင်ကန်ဟူသော အမည်ဖြင့် ထင်ရှားသော ရတနာအမျိုးစုံနှင့် ပြည့်သော နိဂုံးကြီးဖြစ်သည်။

**ညောင်ကန်ရှာ ရပ်ကွက်များ**

ထိုညောင်ကန်ရှာဝယ် ၁။ နန္ဒာရပ်၊
၂။ ရွှေအံတောင်ရပ်၊
၃။ ဖေါင်ကျောင်းရပ်၊
၄။ အိုးဘိုရပ်၊
၅။ သာခေါင်ရပ်၊
၆။ ရွာလည်ရပ်၊
၇။ တံတားဦးရပ်၊
၈။ ဟံသာရပ်၊
၉။ သရက်ချောင်ရပ်၊
၁၀။ ဆားကုန်းရပ်၊
၁၁။ ကံမချောင်ရပ် ဟူ၍ ဆွမ်း စာရေးတံ ရပ်ကွက်ပေါင်း ၁၁ရပ် ရှိလေသည်။

လူနေ အိမ်ခြေအားဖြင့် ရှေးအခါက တထောင်ကျော်ခန့် ရှိသည်။ ယခုအခါ မီးအကြိမ်ပေါင်းများစွာ လောင်ကျွမ်းခြင်း ခံရသဖြင့် ၄၀၀ကျော် ၅၀၀နီးပါးခန့်မျှ ရှိတော့သည်။

ဘုန်းတော်ကြီး ကျောင်းများမှာ ဘုန်းကြီးများ ငယ်စဉ် အခါက အရှေ့တိုက်ခေါ်သော အရှေ့ပိုင်းတွင် မောဂ္ဂလာန်တိုက် ၂ကျောင်း, ရှစ်မျက်နှာတိုက် ၄ကျောင်း, ရွှေစည်းခုံတိုက် ၁ကျောင်း,ကန်ဦး၁ကျောင်း, တိုက်သစ် ၁ကျောင်း အားဖြင့် ၉ကျောင်းရှိသည်။

အနောက်တိုက်ခေါ်သော အနောက်ပိုင်းတွင် အုဋ္ဌကျောင်း၁, ရတနာမဇ္ဈုတိုက်ဖကျောင်း, မြောက်တိုက် ၂ကျောင်းအားဖြင့် ၉ကျောင်းရှိ၍ အားလုံးပေါင်းသော် ညောင်ကန်ရွာ၌ ဘုန်းကြီးကျောင်းပေါင်း ၁၀ကျောင်းသာရှိသည်။

(ယခုအခါ ကျောင်းပေါင်း ၂ ၂ကျောင်းရှိ၍နေသည်ဟုကြားသိရသည်။)

## ဆွမ်းတော်ကြီးကပ် ဆွမ်းကြီးလောင်းပွဲတော်များ

၁။ တန်ခူးလဆုတ် ၂ရက်နေ့ ရွှေအံတော်ဘုရားပွဲတော်၊
၂။ ကဆုံလပြည့်နေ့ လောကမှန်ကူ ဘုရားပွဲတော်၊
၃။ နယုန်လပြည့်နေ့ ငါးမောရိုအောင်ဘုရားပွဲတော်၊
၄။ ၁၀ဆိုလဆန်း၁ ၂ရက်နေ့ချောင်းမှာမွေတော်ဘုရားပွဲတော်၊
၅။ ၁၀ခေါင်လပြည့်နေ့စာရေးတံပွဲတော်ကြီး၊
၆။ တော်သလင်းလပြည့်နေ့ ရွှေသိမ်တော်ဘုရားပွဲတော်၊
၇။ သီဘင်းကျွတ်လဆုတ်၄ရက်နေ့ မောဂ္ဂလာန်တိုက် ဘုရားပွဲတော်၊
၈။ တန်ဆောင်မုန်းလဆုတ် ၂ရက်နေ့ ရှစ်မျက်နှာဘုရားပွဲတော်၊
၉။ နတ်တော်လဆုတ် ၂ရက်နေ့ ရွှေစည်းခုံဘုရားကြီးပွဲတော်၊
၁၀။ ပြာသိုလဆုတ် ၁ရက်နေ့ စစ်ကိုင်းဝန်ဘုရားပွဲတော်၊
၁၁။ တပို့တွဲလပြည့်နေ့ တိုက်သစ် ဦးပုံးစီ ဘုရားပွဲတော်၊
၁၂။ တပေါင်းလဆန်း၁ ဝရက်နေ့ အုဋ္ဌကျောင်းဘုရားပွဲတော်၊

ထိုမှတပါး တန်ခူးလ၌သင်္ကြန်ဆွမ်းကြီးလောင်းပွဲ၊ တပေါင်းလဆန်း၃ရက်နေ့၌ (ပုန်းမကြည်)ခေါ်သော ဆွမ်းကြီးလောင်းပွဲများ ပြုလုပ်ကြသေး၏။

ထိုညောင်ကန်ရွာကြီးသည် အခြားတပါးသော ရွာများနှင့် မတူ တမူထူးခြားသော အချက်များမှာကား-ကုန်းကြီး ၄ကုန်း, ကန်ကြီး၄ကန်, တော်၄တန်ဘွဲ့ တော်ရ ဘုရားတို့ဖြင့် ပတ်ဝန်းကျင်ခြံရံလျက် သိုက်မြိုက်ဆန်းကြယ်စွာ တင့်တယ်သာယာလှသော နီဂုမ်းရွာကြီးပေတည်း။

## ကုန်းကြီး ၄ ကုန်း၊

၁။ **သိမ်ကုန်း**၊ ၎င်းမှာ ညောင်ကန်ရွာ၏အနောက်မြောက်အရပ်၌ရှိသည်။

၂။ **ကျောက်မျက်ကုန်း**၊ ၎င်းမှာ ညောင်ကန်ရွာ၏ အရှေ့မြောက် အရပ်၌ ရှိသည်။

၃။ **ကန်တော်ကုန်း**၊ ၎င်းမှာ ညောင်ကန်ရွာ၏ မြောက်အရပ်၌ ရှိသည်။

၄။ **မြင်းမြီးကုန်း**၊ ၎င်းမှာ ညောင်ကန်ရွာ၏ အနောက်တောင် အရပ်၌ ရှိသည်။

(သိမ်ကုန်းကြီးမှာ မည်သည့် အချိန်အခါက ဧည်သည့်ပုဂ္ဂိုလ်ပြုလုပ်လျှက်ဒါန်းခဲ့သည် ဟူသော အကြောင်းများကို စုံစမ်းမေးမြန်း၍ မရသဖြင့် မသိရပေ။)

ကျောက်မျက်ကုန်းမှာ ပတ္တမြားတုံးစတင်ထွက်ပေါ်ရာဌာနဖြစ်၍ ရှေးအခါက "ကျောက်မျက်ကုန်း" ဟု ခေါ်တွင်၏။ နောက်သောအခါ ကျောင်း, ကန်, ဘုရားတို့ဖြင့် သိုက်မြှိုက်စွာ စည်ကားရာမှ ပျက်ပြားသောကြောင့် ယခုလူတို့က "ကျောင်းပျက်ကုန်း" ဟု ခေါ်ဝေါ်နေကြလေသည်။

ကန်တော်ကုန်းမှာ ရှေးအခါ ဝန်မင်း ဦးတာလက်ထက်က စာရေးတန်ပွဲကြီး ကျင်းပ ပြုလုပ်ခဲ့ဘူးလေသည်။ ယခုအခါတိုက်သူကြီးမင်း ဦးစိန်လက်ထက်က ကန်တည်လိုက်သဖြင့် ကန်သာကြီးဖြစ်၍ နေသည်။

## ကန်ကြီး ၄ ကန်၊

၁။ **သီရိနန္ဒာကန်တော်**၊ ၎င်းမှာ ညောင်ကန်ရွာ၏ မြောက်အရပ်၌ ရှိသည်။

၂။ **ဇေယျနန္ဒာကန်တော်**၊ ၎င်းမှာ ညောင်ကန်ရွာ၏ အနောက် အရပ်၌ ရှိသည်။

၃။ **ကြက်သွန်ကန်**၊ ၎င်းမှာ ညောင်ကန်ရွာ၏ အရှေ့တောင် အရပ်၌ ရှိသည်။

၄။ **ကန်သာကြီး**၊ ၎င်းမှာ ညောင်ကန်ရွာ၏ မြောက်အရပ်၌ ရှိသည်။

။ကြိုဆင်ထားရှိသော ဝန်ယာထမြေ ဝင်ဧရိယာ၏ ဒုံရြိုးဆေး ၁၀၆ ပ ဖွဲ့စည်းပုံနှင့်ယင်းသဲ့ ၂၉ဆေးစီက
၊ကြိုဆမ်ဧရိယာပါဝင်နိုင်ဆေ-ဧရိယာ၏ ၂ဒေါ်ယားဆေ ဝန်းမြေဒဏ်ဒေါ



ဒေါ်ယားဆေ

"ကြိုးငေးထဘက်ကိုဇလုထဲမှာ ရေတန်စေ ၆၀၂၀ ခြေကန်းမြေယားဒေသတွေ ရေပေါ်ရောက်ခဲ့ပါပြီ"




ဓာတ်ပုံ- ထပ်ခင်ကျော်ဇော

# ချောင်းမှာ မွေတော်ဘုရား

မောဂ္ဂလာန်တိုက် တောင်ချောင်းဘုန်းတော်ကြီး ဦးနာယက က ၁၂၇၄ ခုနှစ်တွင် စတင်၍ အာသစ်တဘန် ထပ်မံပြုပြင်ခဲ့သည်။

သီရိနန္ဒာကန်တော်ကို ယခုလူတို့က "သုံးထပ်ကန်ကြီး" ဟု ခေါ်ဝေါ်နေကြသည်။ ဇေယျနန္ဒာကန်တော်ကို ယခုလူတို့က အုင်္ဂကျောင်းအနီးဌ် တည်ရှိသောကြောင့် သမိုဟ္ကပစာအားဖြင့် "အုင်္ဂကျောင်းကန်" ဟူ၍ ခေါ်ဝေါ်ကြသည်။

(ထိုကန်တော်များသည် မြောက်နန်းတော် မိဖုယား၏ ကုသိုလ်တော်များဖြစ်သည်။ နောက်ဌ် ကျောက်စာဖြင့် ထင်ရှားလတံ့။)

## တော်ဂုတန်

၁။ **ရွှေသိမ်တော်။** ။ရင်းမှာ ညောင်ကန်ရွာ၏အနောက်တောင် အရပ်ဌ် ရှိသည်။

၂။ **မွန်အံတော်။** ။ရင်းမှာ ညောင်ကန်ရွာတွင်း အရှေ့ပိုင်းမှာ တည်ရှိသည်။

၃။ **မွန်ရှင်တော်။** ။ရင်းမှာညောင်ကန်ရွာ၏ အနောက်တောင် အရပ်ဌ် ရှိသည်။

၄။ **ချောင်းမှာမွေတော်။** ။ရင်းမှာ ညောင်ကန်ရွာ၏ အနောက်မြောက် အရပ်ဌ် ရှိသည်။

**မှတ်ချက်။** ရင်းဘုရားမှာ သံဖိုချောင်းကြီးက ဦးတိုက်ပြီးလျှင် နှစ်မှာ ကွဲရာ၊ ကုန်းတော်အလည်ဗဟို၌ တည်ထားအပ်သော ကြောင့် "ချောင်းမှာမွေတော်" ဟု ရှေးအခါကခေါ်တွင်သည်။ ယခုလူတို့က "ချောင်းမမွေတော်" ဟု ခေါ်ဝေါ်နေကြသည်။

## မဟာသီရိနန္ဒာ ကန်တော် ကျောက်စာ၊

ဇေယတု။ ။တေလောက သေဒိတ ဇိနတ္တလာကေ၊ဓမ္မုမ္ဗု ဇာနေက ပဇာ သရောဇာ။ ပုပ္ဖန္တိ ်သေဝန္တိ ် နရာဠိဇာတာ၊ တံ တေဇသာ တိဋ္ဌတု တံ တလာက ်။ ။ဣန္ဒဝဇိရာဂါထာ။ တိလောက သေဒိတ ဇိနတ္တလာကေ၊လောကသုံးပါးသည် မှီဝဲအပ်သော ဘုရားတည်းဟူသော ကန်ကြီးဌ်။ ဓမ္မမှုဇာ၊ တရား

ကန်ကြီ

တော်တည်းဟူသော ရေကြောင့်ဖြစ်ကုန်သော။အနေက ပဇာ၊ မျိုးစွာသော အရိယာတည်းဟူကုန်သော။သရောဇာ၊ ကြာအ ပေါင်းတို့သည်။ပုဗ္ဗန္တ ၊ကောင်းစွာပွင့်ကြကုန်၏။တံပုပ္ပ ၊ထိုအရိ ယာအပေါင်းတည်းဟူသော ကြာပွင့်ကို။ နရာဠိဇာတာ၊ လူ, နတ်,ဗြဟ္မာသမ္ဘာရင့်ပြီးသော ပျား,ပိတုန်းတို့သည်။သေဝန္တ ၊ မှီဝဲကြကုန်၏။ တံ ဘေဇသာ၊ ထိုပွင့်ကြကုန်သော အရိယာ အ ပေါင်း- တရားတော်နှင့်တကွ- မြတ်စွာဘုရား၏ အာနုဘော် ကြောင့်။ တံ တလာက ၊ထိုပြုံပြင်အပ်သော ကန်ကြီးသည်။ စီရ ၊ ရှည်မြင့်စွာ။တိဋ္ဌတု၊တည်ပါစေသတည်း။ ။

လေးအသင်္ချေ၊တွက်ရေကမ္ဘာ၊တသိန်းကြာထက်၊ သုမေဓါ ဇာစ် အဖြစ်ထိခါ၊ဒီပင်္ကရာဘုရား၊ နိယတမြွက်ဟိတ်၊ ဗျာဒိတ် ပိုင်းခြား၊ထားတော်မူသည်မှစ၍၊ တရိဘဝ၊သံသာရ၌၊ ဒုက္ခ သတ္တဝါ၊ဖိုလ်ပါအများ၊ ခရီးသွားတို့အား၊ စီးပွားတိုးတက်၊ ဖိုလ်,မဂ် ရှစ်တန်၊နိဗ္ဗာန် ထုတ်ချောက်၊ရောက်စေလိုဌာ၊ပညာ ပုဗ္ဗင်္ဂမ၊မူလ ပဏိဓေ ၊ ဆုဦးရှိသော၊ဂေါတမ မည်ထင်၊သုံးလူ့ ချစ်ရှင်၊ ဘုရားရှင်သည်၊အညာတ ကောဏ္ဍည၊ သုဘဒ္ဒဟု၊ အစ အဆုံး၊ ပေါင်းရုံး ပရိသတ်၊လူ,နတ်ဗြဟ္မာ၊ သတ္တဝါတို့အား၊ တရားမြွက်ရည်၊ချမ်းကြည်ငြိမ်းဆေး၊တိုက်ကျွေးဆုမ္မတော်မူပြီ။ ။ ဘုရားကိုယ်ထင်၊မမြင်လိုက်ရ၊နောက်လိုက်ဒုက္ခ ၊တ၊ ဝေဏေယျ တို့အား၊ တရားပံ့ထောက်၊ ဂ ်အလျောက်ဖြင့်၊ ဝါ့နောက် မကွေ၊ လိုက်ရစ်စေဟု၊ တွက်ရေ များမြောင်၊ ဝါးထောင် သာသနာ၊ယထာနုလောမ၊စသည်ပိုင်းခြား၊ထားတော်မူ၍၊ ပရိ နိဗ္ဗု၊စံယူတော်မူသည့်နောက်၊ ရတနာသုံးဦး၊ ပွားလူးထောင် သစ်၊တည်ရာဖြစ်သော၊သရေခေတ္တရာ၊ပုဂံ,မြင်စိုင်း၊စစ်ကိုင်း,ပင်း ယ၊ တမ္ပဒီပ၊သုနာပရန္တ၊တိုင်းမ ချက်ချာ၊ ဒဋ္ဌာဝတီ၊ရောဝတီ

နဒီလက်ယာ၊ ရစ်လျက်ဖြာသော၊ရတနာ့ဘုရား၊ ရတနာသိမ်၊ အမရပူရ၊ဌာနခြေမြစ်၊ ပဒေသရာဇ်၊ကေရာဇ်မြတ်၊ စကြာမန္ဒတ်၊ ပတ်သောအားဖြင့်၊ ခမ်းနားထိုတွင်၊ သဘင်မင်းပွဲ၊ချီးမရဲမျှ ဖြစ်သတည်း။ ။ထိုတွင်အထူး၊ကျေးဇူးဝိဇ္ဇာရ၊ ပြုလတ်သော်ကား၊ အမရပူရ ရွှေမြို့တော်တည်၊ဆဒ္ဒန်ဝဇီရာ၊ ဥပေါသထာဆင့်ဆင့်၊ မုနောဘွင့်သော၊ တိလောက စက္ကရတ်၊ အာဟိန္ဒနတ်စစ်၊ဘေးတော်ချစ်၏၊ရွှေနန်းနွယ်ညွှန့်၊ ကွန့်ကွန့်ဖြာပတ်၊ မြစ်တော်မြတ် တမူလည်းဖြစ်ထသော။ ။ ယက္ခပူရ၊တိုင်းမဌာနီ၊ဝတီမည်ခံ၊ နိုင်ငံခရိုင်၊ ရခိုင်ညွှန့်ဘူး၊ လေးဦးဌာန၊ လေးဒေသကို၊ ခဏလွယ်လင့်၊ ပန်းတပွင့်တူ၊ အောင်ပွဲယူသဖြင့်၊ ဖြူ,နီ,ညိ,ရွှေ၊ ထွေထွေရုံးပေါင်း၊ ရောင်မောင်းပြိုးပြက်၊ တခဲနက် တည့်၊ ခြောက်ရောင်ညိသော၊ မဟာမုနိဥက္ကဋ္ဌ၊ ရုပ်ရှင်တော်မြတ်၊သုဒ္ဓိနတ်ကို၊ ပရိသတ်လေးဖြာ၊ သတ္တဝါတို့အား၊ ချမ်းသာစီးပွါး၊ မျှားစိမ့်သောဌာ၊ ရွှေပြည်တော်ရောက်၊ ပင့်ဆောင်တော်မူနိုင်သော၊ ဘိုးတော်မဟာ ဥပရာဇ်၊ ဘွားတော်ချစ်တို့၏၊ မြတ်စစ်မြေးရင်း၊ သေဋ္ဌနင်းအတုလ၊နတ်နာထ တမူလည်းဖြစ်ထသော။ ညေပုညု၊ စတုစက္ကာ၊ ရာဇာသမ္ဘတ္တိ၊ လျှပ်နွယ်ညိသော၊ အမရပူရ၊ ဒုတိယမြို့တည်၊အသျှင် ဘဝရှင်မင်းတရားကြီးဘုရား၏၊နန်းလာနွယ်မြစ်၊ အသမ္ဘာ$^{\circ}$နွှာဇ်၊ ရွှေရင်တော်နှစ်၊သားတော်ချစ်တမူလည်းဖြစ်ထသော။ ။ဤသို့လျင် အဘိဇစ္စဝလ၊စသည်အပြား၊ အားငါးပါးတို့နှင့် ပြည့်စုံတော် မူသဖြင့်၊ သာသနာတော် ၂၃၉၆-နှစ်၊ ကောဇာသက္ကရာဇ် ၁$^{\circ}$၂၁၄ ခု၊ တပေါင်းလွှန်း ၁၁ရက်နေ့ ကောင်းမြတ်မင်္ဂလာ၊ အခါတော်၌၊ ဘေးကြီး, ဘိုးချစ်၊ ခမည်းတော်မြတ်စစ်၊ ဝမ္မရာဇ်တို့၏၊ ရိုက်ရာဇမ္ဘ။၊စိုးယူတက်သိမ်းတော်မူ၍၊ အမရပူရ၊ ပဌမအကြိမ်၊ရွှေအိမ် ရှုန်းတင့်၊

ဖြူ။ဝန်းဘွင့်လျက်၊ မင်းညီ,မင်းသား၊ မင်းမိဖုယား၊ စော်ဘွားအပေါင်း၊ထီးဆောင်းတကာ၊မင်းတရာတို့၏အလယ်၊သောကြာဝိတဟူး၊ စိုင်ရှု။ဩသမိ၊လျှံညိုထွန်းပ၊ ကြတ္တိကာ ပုဏ္ဏမ၊သရဒသဘင်၊ ကောင်းကင်ပြည့်ဝန်း၊ လေးကျွန်းထိပ်ဝယ်၊ လမင်းသဘွယ်၊တင့်တယ်တော်မူစွာ၊သူရာနာထ၊ဒေဝရိပ်ငြိမ်၊နတ်စည်းစိမ်ကဲ့သို့ ဖြစ်သတည်း။ ။ဤလျင်အထူး၊ ကျေးဇူးဘော်ပြု၊ ဤလောကထက်၊မစက် မရုက်၊ နှစ်သက်စလောက်၊ နှိုင်းသက်စလောက်၊ နှိုင်းထောက်မမြော်၊ စည်းစိမ်တော်၌၊ မူးမော်မရစ်၊ မချစ်, မနှစ်၊ သဘောစစ်မူ၊ ခေတ်ဇာတိလုံး၊လွှမ်းဘုံးကိုယ်ရောင်၊ ထွန်းပ ပြောင်သား၊ မိုးခေါင် အချာ၊ သုဒ္ဓါဝါသ၊ မည်ရင်ားပါး၊ အကြင်းထားလျက်၊ သိကြား ဗြဟ္မာ၊ ပဒေသရာ၊ ကေရာနှင့်၊ စကြာမန္ဒတ်၊ ချင့်မှတ်ဂဏန်း၊ သိန်းသန်းသန်ချာ၊ ရေဌာမရ၊ စံဘုံးကြ၏၊ ဒုက္ခနှင်နှင်၊ မမြင်အကျိုး၊ တံခိုးသတင်း၊ ကျော်စောခြင်းကား၊ နန္ဒင်းပျက်လွယ်၊ အိပ်မက်နှယ်တည့်၊ ရှစ်သွယ်သောဥာဏ်၊ နိဗ္ဗာန်သမုတ်၊ ကိုးပါးဟုတ်သား၊ လောကုတ္တရာ၊ ခေမာအမတ၊ နှိုင်းရာမမျှ၊ မြတ်သုခကို၊ ဘဝများစွာ၊ သံသရာ၌၊ တခါတရံ၊ ဆက်ဆံမထင်၊ အိပ်မက်တွင်မျှ၊ မမြင်စဘူး၊ အထူးအခြား၊ ဘုရားပစ္စေကဗုဒ္ဓါ၊ရဟန္တာတို့၊ပျော်ရာရပ်ထံ၊ ချမ်းသာမွန်ဟု အလွန်အကဲ၊ တပ်စွဲပကတိ၊ မြင်သိတော်မူသော၊အသျှင် ဘဝရှင်မင်းတရားကြီးသည်။ ။သဗ္ဗဒါနံ ဓမ္မဒါနံ ဇိုနာတိ၊ သဗ္ဗရသံ ဓမ္မရသံ ဇိုနာတိ။ သဗ္ဗရတိ ဓမ္မရတိ ဇိုနာတိ။ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိုနာတိ။ ။ဟု သိကြားမင်းအား ဘုရားဟောတော်မူသော ဒေသနာတော်မြတ် အတိုင်းဓမ္မဒါနဖြစ်စေခြင်းငှါ နှစ်,လ,နေ့ ရက်၊ မပျက်စေရ၊ ခါနီစွဖြင့် ဆန်တော်,ငွေတော်၊ ထုတ်ပေးတော်မူ၍၊ နေ့စဉ် ဘုရားအမှူးရှိ

သော သံယာတော်မြတ်တို့အား ဆွမ်းကပ်လောင်း လှူဒါန်း တော်မူခြင်း။ ။ဘုန်းတော် ကြီးလှသော ဘုရားကိုယ်တော်တိုင် ပဋ္ဌသီ,အဌဒသီစသော သီလဥပုသ်တို့ကို မပြတ် ကျင့်သုံးတော်မူ သဖြင့် ပြည်သူ လူတကာတို့အားလည်း ဝတ်,စား ရှေ,ငွေ,ဆန်, ရေစပါး၊ သနားထောက်ပံ့တော်မူ၍ ဓမ္မဒါနအဖြစ် ဥပုသ် စောင့်သုံးစေခြင်း။ ။မင်းညီ,မင်းသား၊ မင်း,မိဘုရား၊မှူးတော်, မတ်တော်တို့အား၊ နေ့စဉ်မပြတ်၊ ကျင့်ဝတ်ဘေဝပြု၊ ကွပ်ဆုမ္ဘ လျက်၊ တရားအရသာဖြင့် နှစ်သိမ့်စေခြင်း။ ။အပရိဟာနိယ၊ သင်္ဂဟ၊ ရာဇဓမ္မ၊ ဒါန,သီလ,ဘာဝနာ၊ ပစာယနစသော တရား အပေါင်းတို့၌ တလုံလဲလဲ အမြဲမွေ့လျော်တော်မူခြင်း။ ။ဆင်းရဲ အပေါင်းတို့ကို အောက်မေ့တော်မူ၍ တဏှာ၏ ကုန်ရာ ကုန် ကြောင်း တရားကို ပွါးများ ကျင့်ဆောင်တော်မူလျက် နိဗ္ဗာန်ကို မျက်မှောက် ပြုတော်မူသဖြင့် မြတ်သော စကြာ ဝဠာတေးမင်း၏ အသရေကို ဆောင်တော်မူသတည်း။

ထိုအခါ မေဓာလင်္ကာရ ပရမဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု-မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရုဟူသော တံဆိပ်တော်သံတို့ဖြင့် ထင်ရှားကျော်စောသော ပြည်ဆရာတော် ဘုရားက အလုံမြို့စိရင်စု ညောင်ကန်ရွာမြောက် ရှေးအခါ ဝိသဘာဂရဟန်းတို့ အကပ္ပ်ယ ပဋိညဉ်းဖြင့် တူးလုပ်ပြုစုသော ကန်ကို အမရပူရ ပထမ မြို့တည် ဘေးတော် မင်းတရားကြီး လက်ထက် ရာဇခေါင်ဖျားအမတ်တင်လျှောက်၍ လဇ္ဇိပေသလ သိက္ခာကာမ ရဟန်းကောင်းတို့ သုံးဆောင်ထိုက်အောင် သိမ်းယူ ပြင်ဆင် လုပ်ဆောင်မော်ကွန်းစိုက်မှတ် လှူဒါန်းသော သီရိနန္ဒာ ကန် ဃုံယွင်း တိမ်းယိမ်း ပျက်စီးရှိသည်ကို အသစ်ပြင်ဆင်၍ မော်ကွန်း စိုက်မှတ် လှူဒါန်းတော်မူပါမည့် အကြောင်းနှင့်

မေတ္တာရပ်ခံလျင် မြောက်နန်းတော် မိဘုရားက ပစ္စပ္ပုန်, သံသရာ ချမ်းသာစီးပွါး များစိမ့်သောဌါ အသစ်ပြင်ဆင် လုပ်ဆောင်လျှ||ဒါနိုးစေ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်တင် ပန်ဆင်ရသည်ဖြစ်၍ သီရိမဟာ မင်္ဂလာ ရတနာဒေဗီ အမည်ရှိသော မြောက်နန်းတော် မိဘုရားသည်ယခုပစ္စုပ္ပန်၌ဆောင်ယောင်မြို့ရှာ၊ ရတနာရွှေ,ငွေ၊ ခြေရွှေပရိသတ်၊ ဝန်းပတ်ရစ်ခြုံ၊ ဆွေပုံ,မျိုးပုံ၊ ပြည့်စုံချမ်းမြေ၊ ဘုန်းတော်မ၍၊ သောက မမြင်၊ ကောင်းကင်သမုဒ္ဒရာ၊ စကြာဝဠာဗဟို၊ တောင်မြင်းမိုရ်ကဲ့သို့၊ နှိုင်းဆိုမမျှ၊ ဝိသေသဂုဏ်ထူး၊ ကျေးဇူးတော်မြတ်တွင်၊ ဘဝများစွာ၊ သံသရာလည်း၊ ချမ်းသာချီးပင့်၊အဆင့်ဆင့်ဖြင့်၊ကြီးမြင့်စေမည်၊ရည်တော်မူ၍ စေခန့်တော်မူသဖြင့်ကန်တော်ကိုပြင်ဆင်လုပ်ဆောင်လျှ||ဒါနိုးရပေသည်ဟု နှလုံးထဲတိုက် ပိုက်လတ်ရကား။ ||ညောင်ကန်ရွာ မြောက် တာတရာကွာ မြေအရပ်တွင် အထက်ရှိရင်း စတုရန်းလေးဆဲ့သုံးတာ သီရိနန္ဒာကန်ကို အုဋ္ဌိအင်းကတော၊ အပြေအပြစ် ကျစ်လစ်သပ်ယပ်၊ ကုံးစပ်ထော်လော်၊ မပေါ်စယွန်း၊ စွန်းလွန်းမဆွက်၊ ငေါ်ငက်မဟူ၊ ရောင်ဖြူတင့်မော၊ သလင်းချောကဲ့သို့ ချောမောပကတိ၊ ညီစွာညီလျက်၊ပရိကမ္ဘ၊ထာဝရဝတ္ထု၊ ပြုဘွယ်ကိစ္စ+မကျန်၊ လက်သမားပီသုကာ၊ ပညာမြင်မြော်၊ ပန်းရန်ကျော်တို့အား၊ရွှေဘုန်းတော်မြတ်ကို၊ခိုလှုံရအပ်သော၊ကိုယ်ထိုက်ဓမ္မ ယာလဒ၊ ပစ္စည်းမြတ်တို့ဖြင့်၊ ကံ ကျွေးလက်ခ၊မလောက်မငမရှိစေရ၊ မျှတ ၄ဝ၀၊ ရောင့်ရဲစေ၍၊ လုပ်ငန်းလုပ်တာ၊ သေချာခပ်သိမ်း၊ ငြိမ်းလတ်သကား။ ||သက္ကရာဇ်၁၂၁၆ခု-တပိုတ္တဲလပြည့်ကျော်၁၄ရက်နေ့သီရိနန္ဒာကန်ကို မဟာသီရိနန္ဒာကန်မော်ကွန်းသမိုက် ကမ္ဘည်းစိုက်သဖြင့် ကမ္ဘာ၌မြေ၊ မကြေမခြင်း၊ အဓွန့်ရှည်စွာ၊ တည်စိမ့်သောငှာ၊ ၌ကျောက်စာသမ္ပ ုံ၊ုင်းကို ထိုးစေ

ရသတည်း။ ။မင်္ဂလာလျှံ ရောင်၊ ထွန်းဝင်းပြောင်သား၊ ရန်အောင်အမရ၊ ပူရိန္ဒဝယ်၊ ပဉ္စမမြောက်၊ နန်းရိုးဆောက်သည်၊ ရှေမှောက်ဘုန်းကျော်၊ လက်ထက်တော်၌၊ လူ့ဘောင်ကိုတို့၊ မိုးနှယ်ညီမျှ၊ ပါဠိ,အဋ္ဌကထာ၊ ဋီကာကျမ်းမြတ်၊ ပိဋကတ်ဝယ်၊ ပုဒ်,ပါဒ်,ဆစ်မြက်၊ တိုးနှယ်ညက်သား၊ ဒကွေ်ဏေယျာ၊ မြတ်ထေရ်ကျော်တို့၊ မွေ့လျော်စံရာ၊ ညောင်ကန်ရွာတွင်၊ ဝိသဘာဂ၊ သီလညစ်ကျ။ ပုဂ္ဂိုလ်စုလျင်၊ ပြိုလုပ်ဝေဘန်၊ ရှေးက ကန်ကို၊ ဆဒ္ဒန်နာဂိန်၊ ပြောင်ရာဇိန်နှင့်၊ အာဟိန်ဝမ္မရာဇ်၊ ဘေးတော်ချစ်မှ၊ အသစ်လွယ်ကူ၊ ပြင်လုပ်လှူသို့၊ နန်းသူများလယ်၊ မြတ်နိကယ်နှင့်၊ မျိုးနွယ်စင်သန့်၊ စုတ်,ယုင်ပြန့်၍၊ မြောက်နန်းတမ္ဘတ်၊ ဟီရိနတ်လျင်၊ သေသပ်ခိုင်ကျည်၊ ပြင်လုပ်တည်သား၊ ထုံ ရည်ပုံ့ လောင်း၊ ကန် အကြောင်းဟု၊ ရုံးပေါင်းကုံစင်၊ ကမ္ဘည်းတင်လျက်၊ မင်းထင်စည်သူ၊ တောင်ငေါ့ကမ္ဘာ၊ ရောင်လှကြားကြား၊ ပဋ္ဌာမြားကို၊ လက်ဝါးပြင်လှ၊ တင်လျက်ပြသို့၊ အစ,အဆုံး၊ နိဒါန်းကုံးသည်။ ။ရှေးထုံးကျောက်စာ မော်ကွန်းတည်း။ ။

## မဟာဇေယနန္ဒာကန်တော် ကျောက်စာ

ဇေယတု။ ။နရမရသေဝိတ သလိလတောယံ၊ ဝိကသိတပဒ္မာ သမုဒယသောဘံ။ဒဟဇ ဝိနာသံ သုဂတ တလာကံ။ဘဝတိ ဝ ဝ ဝ

ရှိထသော။ဒါဟာဇရိနာသံ၊ပူပန်ခြင်းကိုဖြစ်စေတတ်သော ကိလေသာ မီးကို ဖျက်ဆီး တတ်ထသော။သုဂတ တလာက ၊ ဘုရား တည်းဟူသောရေကန်သည်။ လောကသို့ ၊လောကၨ။ဟိတာယ၊ သတ္တဝါ တို့၏ အစီး အပွားအလို့ငှာ။ ဘဝတိဝ - ဘဝတိဇ္ဇဝ၊ ဖြစ်လာသကဲ့သို့။ ဇ္ဇမံ တလာက ၊ ဤရေကန်သည်။ ဂါမေ၊ ညောင်ကန်ရွာ၌။ဘဝတိ၊ဖြစ်လာ၏။တံ တလာက ၊ ထိုရေကန် သည်။စိရ ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။တု၊စင်စစ်။တိဋ္ဌ - တိဋ္ဌန္တိ ၊ မယွင်းမယိုတည်သည်။ဘဝတု၊ဖြစ်ပါစေသတည်း။ ။

ဝိပဿီစသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းသော ဂါတို့ဘုရား အလောင်းတော်သည် မရေတွက်နိုင်သော ဘဝ နောက်ကာလ၌ အဆင့်အဆင့် ဖြည့်ကျင့်တော်မူခဲ့သော ပါရမီ ပုညသမ္ဘာရကြောင့် သာရမဏ္ဍကမ္ဘာ ဒီပင်္ကရာဘုရား၊လေးပါး သစ္စာ၊ပွင့်ခါချိန်ထောက်၊ရောက်လတ်သော်တည့်၊ ဗြဟ္မဏန္ဒယ်၊ ကြီးကျယ်တန်ခိုး၊မျိုးရိုးမြတ်စွာ၊သုမေဓာဟု၊ထိုခါအလ့ ၊ကျွန်း လုံးပုံ့မျှ၊ ဂုဏ်နုံ့လှိုင်ညီ၊တပသီဇာစ်၊ ရသေ့ဖြစ်ဖြင့်၊ ရှင်ချစ် မြတ်ဖျား၊ဘုရံးရှိရာ၊ စကြာတော်အောက်၊ ချိန်ဆင့်ရောက်၍၊ ပန်လျှောက်ပတ္ထနာ၊ပန်ထွာသောအား၊ရှစ်ပါးနိယတာ၊ မြွက်ဟ ဗျာဒီတ်၊ဘိသေ်ကညွှန့်ရှင်၊ပန်ဆင်တော်မူသည်မှ စ၍၊ သင်္ခ်ေ လေးကိန်း၊တသိန်း ကမ္ဘာ၊မြင့်ကြာနှစ်ဆစ်၊သံသာမြစ်ဝယ်၊ ၎ပ် နစ်မြုပ်တိမ်၊ ကြိမ်ဘန်များစွာ၊ ကြဉ်လည်ခါလည်း၊ ပါရမီ ဆယ်ပါး၊ တရားပေါင်းစု၊သဗ္ဗညု၊ဖြစ်၊ ချစ်နှစ်စုံမက်၊ ကိုယ်နှင့် သက်ကို၊ရေတွက် မမှု၊စွဲယူ ကြီးစွာ၊သမ္ဘာဆန္ဒ၊ အတိဗလ၀၊ ဥဿဟာဖြင့်၊စရိယ ပရိစာဂ၊ ဘုရားဆောက်ဦ၊ ထောက်ကူ ခြေမြစ်၊ ဖြစ်စေသဖြင့်၊ ဖြည့်ကျင့်တော်မူသော ဘုရားလောင်း သည်၊ သုညာသုည၊ ကမ္ဘာ့အပြား၊ခြောက်ပါးတို့တွင်၊ တွက်

ကျုံးဝင်သော၊ ဘဒ္ဒကပ်မည်ဟူ၊ ငါးဆူပွင့်ရာ၊ ဤကမ္ဘာထက်၊ ပါရမီမျိုး၊ ဖြည့်ရိုး ထုံးတမ်း၊ ဆုံးခမ်းထိုရော်၊ ရောက်လတ်သော်တည့်၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဘုန်းထူ၊ ဘုရားသုံးဆူ၊ ပွင့်တော်မူနောက်၊ ထက်အောက်ရေ,မြေ၊ ကုဋေတသောင်း၊ ရိုက်ညောင်းပဲ့တင်၊ လျှင်တော်လည်း၊ မြေကြီး ကျည်းလျက်၊ ကျော်သီး ဆူဝေ၊ တုန်လှုပ်စေသဖြင့်၊ ဗုဒ္ဓဟောရောင်ချိပ်၊ ဗောဓိ$^{\circ}$ရိပ်ဝယ်၊ တံဆိပ်အလား၊ ဘုရားတကာ၊ ပွင့်ရာ ကေန်၊ မဘောက်မပြန်၊ ငါးမာရ်အောင်မြင်၊ မြေအပြင်၌၊ ပလ္လင်ရတနာ၊ အပရာဇိတ၊ ဗုဒ္ဓါသန၊ နေရာမထက်၊ ဒုက္ခ,သမုဒယ၊ စသည်လေးဖြာ၊ သစ္စာတရား၊ ပိုင်းခြားကုန်စင်၊ သိမြင်တော်မူ၍၊ ဘုရားအဖြစ်သို့ ရောက်တော်မူသော ဂေါတမ မည်ထင်၊သုံးလူ,ချစ်ရှင်၊ ဘုရားရှင်သည်။ ။လေးဆဲ့ငါးဝါ၊ မြင့်ကြာ နှစ်,လ၊ အညာတ ကောဏ္ဍည၊ သုဘဒ္ဒဟု၊ စ,ဆုံးပညတ်၊ ဘုရားပရိသတ်၊ အကျွတ်ရစာ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့အား၊ ဓမ္မာဘိသမယ၊ အမတမြိုက်ရည်၊ ချမ်းကြည်ငြိမ်းအေး၊ တိုက်ကျွေးတော်မူပြီ၊ ရှည်မြင့်နောင်လာ၊ ငါလွန်ခါ၌၊ မပါ နောက်နစ်၊ ကြင်းကျန်ရစ်သူ၊ဗိုလ်လူလမ်းမှား၊ ခရီးသွားတို့အား၊ တံတား လျှောက်လျှောက်၊ မယွန်းမကောက်၊ ငါ့နောက်မကွေ၊ လိုက်ရစ်စေဟု၊ ပိဋကတ်သုံးထွေ၊ တွက်ရေမျှားမြောင်၊သာသနာ ငါးထောင်၊ စေ့အောင် ပိုင်းခြား၊ထားတော်မူ၍၊ ပရိနိဗ္ဗာန် စံယူတော်မူသည့်နောက်။

ရတနာသုံးဦး၊ ပွါးလူးသစ်သစ်၊ တည်ရာဖြစ်သော၊ သရေခေတ္တရာ၊ အရိမဒ္ဒနာ,မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ ရတနာပူရ၊ ရတနာသိန်း၊ဇေယျာပူရ၊ အမရပူရ၊ ဌာနသီးသီး၊ ပြည်ရပ်ကြီးတို့၌၊ မဟာသမ္မတ၊သာကိယဝံသ၊ အသမ္ဘ$^{\circ}$န္ဓ၊ ခတ္တိယန္ဒယ်မြစ်၊

ပဒေသရာဇ်၊ ကေရာဇ်မဟာ၊ မန္ဒာတ်စကြာ၊ ဒီပါလောကခါတ်ပတ်သေ့အားဖြင့်၊ ခမ်းနားထိုခါး၊ သုံးပါးသာသနာ၊ အဝါညီးညီး၊ တောင်ဖျားမီးကဲ့သို့၊ ဖြစ်သတည်း။

ထိုတွင်အထူး၊ ကျေးဇူးထင်ပြ၊ နိသင်သသော်ကား၊ ရတနာသိဃ်၊ ပထမမြို့တည် မင်းတရား၊ သားတော် ဇေယျာပူရမြို့တည် မင်းတရား၊ ညီတော်ရတနာပူရ တတိယမြို့တည် မင်းတရား၊ ညီတော် အမရပူရ ပထမမြို့တည် မင်းတရား၊မြေးတော် ရတနာပူရ စာဘုတ္ထမြို့တည် မင်းတရား၊ညီတော် အမရပူရ ဒုတိယမြို့တည် မင်းတရား၊ သားတော် ငါတို့အရှင် ရေမြေ့သခင် ဘဝရှင်မင်းတရား။ ။ဤသို့လျှင် အဘိဇစ္စ၊ ဗလငါးပါး၊ စုံသောအားဖြင့်၊ မပြားနွယ်မျိုး၊ မင်းရိုး မင်းစစ်၊ ဖြစ်တော်မူသည်နှင့် အညီ၊ သာသနာတော် ၂၃၉၆နှစ်၊ ကောဇာသက္ကရာဇ် ၁၂၁၄ ခု ဥတုဟေမန္တ၊ လ၏ အနှောင်း၊ တပေါင်းလဆန်း ၁၁ ရက်နေ့ ကောင်းမြတ်မင်္ဂလာ၊ အခါတော်၌ ဘေးလောင်း,ဘိုးလောင်း၊ မင်းကောင်း မင်းမြတ်တို့၊ အရိုက်အရာ၊ တသောင်းယူဇနာ၊ ဇမ္ဗူ၊ဒီပါပတ်ကုန်း၊ကျွန်းအလုံးထက်၊ မိစ္ဆာသတ္တရှု၊ ရန်အစုကို၊ ပဏ္ဍုကာလ၊ ကေသရနှင့်၊ တိဏအပြား၊ လေးပါး ခေါ်ရိုး၊ ခြသေ့မျိုးတွင်၊ တန်ခိုးကြီးစွာ၊ ကေသရာဟု၊သချိုင်ဝှေ့ထောင်၊ ဟေဝန်ချောင်ကို၊ ရန်မှောင်မမှောင့်၊ သားမင်းစောင့်သို့၊ မကြောင့်မကြ၊တောင့်တ ကင်းငြိမ်း၊ ဘုန်းတော် ထိမ်းသဖြင့်၊ ခပ်သိမ်းသတ္တဝါ၊ ဗိုလ်လေးဖြာအား၊ ဓမ္မာနုဂ္ဂဟာ၊ ဓမ္မရသ၊ တိုက်ကျွေးဌ၏၊ မဟာသုဒဿန၊နေမိ,ကုသ၊ မဟာဒေဝစောခေါ်း၊ ဘေးလောင်းကြီးတို့ကဲ့သို့၊ မြတ်သော စကြာဝဠာ မင်းတို့၏၊ အသနရကို ဆောင်တော်မူလျက်၊ညေပုညု၊စတုစက္ကာ၊ ရာဇသမ္ဘတ္တိ

ပြောင်ရှုန်းညိမ္ပ၊ မြတ်သော စည်းစိမ်တော်နှိုက်၊ ကြောင့်ကြမဲ့ စံတော်မမူ။ ။သဗ္ဗေသံ သဗ္ဗဒါနာနံ၊အန္တံ ပါနဉ္စ ဥတ္တမံ။

ဒါတဗ္ဗံ သဗ္ဗကာလေသု၊ လဘန္တိ ဝိပုလံ သုခံ။ ။အစရှိသော ဒေသနာတော်နှင့် အညီ ခပ်သိမ်းသော အလှူတို့တွင် ဆွမ်းအဖျော် အလှူသည် မြတ်၏၊ ထို့ကြောင့် ခပ်သိမ်းသော ကာလတို့၌ လှူအပ်၏၊လူ,နတ်,နိဗ္ဗာန်သုံးတန်သောချမ်းသာကို ရုရာ၏ဟု ဟောတော်မူသည်ကို၊ နှလုံးတိုက်ထဲ၊ အမြဲပိုက်သို၊ ကြည်ညိုစုံမက်၊ နှစ်သက်မြတ်နိုးတော်မူ၍၊ရှေတောင်ဇမ္ဗူ၊ စိုးယူတက်သိမ်းတော်မူသည်မှ၊ နှစ်,လ, နေ့ရက်၊ မယွင်း မပျက်၊ သဗ္ဗညုမြတ်စွာဘုရားရှင်ပွါးတော်၊ ရဟန္တာ အရှင်မြတ်တို့၏ ရှင်ပွါးတော်တို့အား နေ့စဉ်ဆွမ်းကပ်လှူတော်မူခြင်း၊အမရပူရ၊ ရှေပြဲညီတော်ကြီးပတ်လည် သီတင်းသုံးနေသော တံဆိပ်တော်ရ မရ သံဃာတော် မြတ်တို့အား အမြဲနီစွာတတ် ဆွမ်းလောင်းတော်မူခြင်း။

ဇေယျာပူရမြို့ ပိတောက်ချောင်,ရှော၀ါချောင်,ခိုတောင်အစရှိသော အရပ်တို့နှိုက် သီတင်းသုံးနေသော အရည၀ါသီ ပုဂ္ဂိုလ်မြတ်တို့အား ဆီ,ဆား,ငါး,ငါးပိ,ငြုပ်,ကြက်သွန်,စမဲဟင်းလျာနှင့်တကွ ဆွမ်းဆန် ကပ်လှူတော်မူခြင်း။

မင်းညီ,မင်းသား၊မင်း,မိဘုရား၊ မှူးတော်, မတ်တော်၊ပြည်သူလူတကာတို့အားလည်း ဒါန,သီလ၊ သဂ္ဂ,မဂ္ဂ၊ အနုဋ္ဌကထာ၊ ဒေသနာတို့ဖြင့် ချမ်းသာသုံးပါး၊ တရားခြိုးပင့်၊ ကြီးမြင့်စေ၄၊ မချာမလပ်၊ နှိပ်ကွပ်ဆုမ္ဘ၊ကျိုး,ကြောင်း,ပြသ၊ လမ်းမှန်ချသဖြင့် ပညတ်, ပရမတ်၊ ပိဋကတ်ကို၊ ပရိသတ်အပုံ။အင်လေးစုံတို့နှင့် တလုံလဲ့လဲ့၊ အတင့်အကဲ၊ ခြိုးခဲ့ထုတ်ဘော်၊ နှိုးဆော်ဆွေးနွေးတော်မူလျက် အတုလရှေအိမ် ရိပ်ငြိမ်ဖွေ့လျော် စံတော်မူခ၊

# ညောင်ကန်သာသနာဝင်

မေဝါဘိဝံသ သဒ္ဓမ္မဇေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရှိသောပြည်ဆရာတော်ဘုရားက အလုံမြို့စီရင်စုညောင်ကန်ရွာအနောက် အုင်ဖျောင်းတောရအနီး ရေကန်ကို စိတ်ဝိပရိတ်ဖြစ်သော ရဟန်းတဦး တူးဆွသောကြောင့် လဇ္ဇီပေသလ၊ သိက္ခာကာမ ရဟန်းကောင်းတို့မသုံးဆောင်ရရှိသည်။သုံးဆောင်ထိုက်အောင်သိန်းခိုက္ခန်း စိတ္တလတောင်နှိုက် ရဟန်းတို့ အကပ္ပိယ ဝတ္ထုဖြင့် ပြုသော ရေမြောင်းကို စူလနာဂမင်း၏ မိဘုရားသိန်းယူ၍ အသစ်လှူဒါန်းမှ ရဟန်းကောင်းတို့ သုံးဆောင်ရသကဲ့သို့ အုင်ဖျောင်း တောရအနီး ကန်ကို သိမ်းယူ၍ အသစ်လှူဒါန်းတော်မူပါမည့် အကြောင်းနှင့် မေတ္တာရပ်ခံချက်အတိုင်း ညောင်ကန်ရွာ အနောက် အုင်ဖျောင်း တောရ အနီးကန်ကို မြောက်နန်းတော် မိဘုရားက သိမ်းယူလှူဒါန်း၍ မဟာဇေယနန္ဒာ မှော်ကွန်းထိုးမှတ် စိုက်ထူစေ။

အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရလျှင် သီရိမဟာရတနာမင်္ဂလာဒေဝီအမည်ရှိသော မြောက်နန်းမတော်မိဘုရားသည်၊ သဒ္ဓါ, သီလ၊ စသည်ခုနှစ်ဖြာ၊ မြတ်ဥစ္စာကို၊ မြစ္စာသိုက်မြှိုက်၊ နှလုံးထဲတိုက်၊ သိန်းပိုက်လေ့ရှိသည်နှင့်အညီ၊ ပီတိဖရဏာ၊ မဟာကုသလ၊ ဉာဏသမ္ပယုတ်၊ ဥက္ကဋ္ဌဇော၊ တက်ပြောကဲလွန်၊ဌာန်လတ်ရကား။

ရွှေဘုန်းတော်မြတ်ကို ခိုလှုံရအပ်သော ကိုထိုက်ဓမ္မိယာ၊ မြတ်ဥစ္စာတို့ဖြင့်၊ စတုရန်းလေးမျက်နှာ၊ နှစ်ဆဲ့တတာစီနှင်နှင်၊ မြေပြင်သာယာ၊ ကောင်းစွာပြေပြစ်၊ ကျောက်စစ်ကျောက်ပြွတ်၊ ခလုက်တသင်း၊ရှင်းလင်းကုန်စင်၊ ကြေးမှုံပြင်ကဲ့သို့ ဖြစ်စေ၍၊ အင်္ဂတေအုင်ချပ်၊အစေ့အစပ်၊သင်းကြွပ်မထ၊အစမပေါ်၊မငေါ်မငက်၊ သန့်သက်ချောမော၊ သလင်းကျောတူ၊ ရောင်ဖြူ၊ပ,ဝင်း။

ငွေပြားအဆင်း၊ပည်းမျှခင်းလျက်၊လက်သမားဆရာ၊ ပညာထင်ပေါ်၊ ပန်းရန်ကျော်တို့အား၊ ပုဆိုးဦးရစ်၊ ဆုပ်ပစ်ကြဲမြောက်၊ မလမ်းပေါက်တို့ဖြင့်၊ဝမ်းမြောက်ဝမ်းသာ၊အညီအညာ၊ ဗိုလ်ပါစုရုံး၊ရွှေပုံ ကျုံးဂ၏သို့၊ အားထုတ်လုံ့လ၊ကြိုးပမ်းကြသဖြင့်၊ ထာဝရ ပရိကမ္မဝတ္ထု၊ပြဿဒယ်ကိစ္စ၊ကုံ ပြေ့စုံစေပြီ။

ကောဇာသက္ကရာဇ် ၁၂၁၆ခု-တပို့တွဲလဆန်း ၁၅ရက်နေ့ ကောင်းမြတ်မင်္ဂလာ၊ ချိန်အခါနှိုက်၊ ကန်တော်ကို မဟာဇေယနန္ဒာ ကမ္ပည်း မှော်ကွန်းစိုက်မှတ်၍၊ ကမ္ဘာ့ဣမြေ၊ မကြေသမျှ ကာလပတ်လုံး၊အဓွန့်ရှည်စွာ၊ တည်စေသောငှာ၊ ဤကျောက်စာ သမ္ဘ ိုင်းကို ထိုးစေသတည်း။

နဝရတ်လင်းရည်၊ ထွန်းဝင်းလည်သား၊ ရှေ့ပြည်သာလှ၊ အမရဝယ်၊ ပထမ နောက်၊ လေးကြိမ်မြောက်ထိ၊ ပေါ်ရိန္ဒမာ၊ ဆင်စကြာနှင့်၊သမုဒ္ဒရာ ရစ်ဝိုက်၊ကျွန်းကျွန်းတိုက်ကို၊ သိမ်းပိုက်စိုးယူ၊ဝံတော်မူက၊ သပ္ပ၏ရိသ၊အဓိကဖြင့်၊ သာသနာတံခွန်၊ ဝင်းဝင်းဝန်သ်ား၊ထေရိမွန် ထေရိမြတ်၊ကဝိထွဋ်တို့၊ကျင့်ဝတ်မပျက်၊ နွယ်စဉ်ဆက်တည့်၊ဆင်းသက်ပျော်ရာ၊ညောင်ကန်ရွာဝယ်၊ ရှေးခါကာလ၊ဥဒ္ဒစွဟု၊ စာရယွတ်ယို၊ဝိတက်ပိုသား၊ ပုဂ္ဂိုလ်သာမန်၊ ပြုသည့်ကန်ကို၊နတ်ဟန်ရိုးမှား၊ ဝိုးတဝါးတည့်၊ တရားစင်သန့်၊ ရှေစင်ညွှန့်သို့၊ မြောက်နန်းဓကသီ။ မြတ်ဒေဝီလျင်၊ လောကီ, လောကုတ်၊ဝိမုတ္တိရသ်၊ အမြတ်ရှယ်ချ။ ပြင်လုပ်လှသား၊ စဉ်စူထိန်းမှတ်၊အတ္ထုပ္ပတ်ကို၊ဆုံးဖြတ်ကုန်စင်၊ကမ္ပည်းတင်၍၊မင်းထင်စည်သူ့ရှေ့ယူမောက်ဖြိုး၊စာရင်းထိုးသည်၊ ၊ရှေ့ရိုးကျောက်စာ သမ္ဘ ိုင်းတည်း။ ॥

× × ×

ဗဟုသုတလိုလား နောင်လာနောက်သား ရှင်,လူအများတို့ အလွယ်တကူ ကြည့်ရှုနိုင်ကြရန် တတောင်ခန့် မြေတွင်းမြှုပ် လျက်ရှိသော ကျောက်စာကို တူးဖော်ပြီးလျှင် ရေးကူးခါ ထည့်သွင်းလိုက်ပါသည်။

## ညောင်ကန်ရှာသမိုင်း အကျဉ်းချုပ် ပြီးပြီ

## သာသနာဝင် ဆရာအစဉ်အဆက်

သာသနာဝံသ အဆယ်အန္တယ်သည် အစဉ်မပျက်ဖြစ်လျက် တစောင်တဖွဲ့တည်းမရှိကြ၊မှတ်မိမှတ်ရာအသင့်အတော်သာ မှတ်သားလျက်ရှိကြသည်။ကျမ်းဂန်၌ လာသော အရာများကိုအတွင်း ဝန်မင်းကြီး သီရိမဟာနန္ဒသင်္ကြီက ရှင်းလင်း သိသာအောင် မင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြီသို့ မေးစေဟူသော ဘုရားအမိန့် တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း - အတွင်း ဝန်ကြီး သီရိမဟာနန္ဒသင်္ကြီက သက္ကရာဇ် ၁၁၉၃ခုနှစ် နယုန် လပြည့်ကျော် ၅ ရက်နေ့ မေးလာသည့် အမေးပုံတွင် မြတ်စွာ ဘုရား၏ တပည့်တော်ရင်း အရှင်ဥပါလိကစ၍ အစဉ်မပြတ် ပုတီးလုံးကို စီကုံးသကဲ့သို့ ယခု သက္ကရာဇ် ၁၁၉၃ ခုနှစ် တိုင် အောင် သာသနာပြုဆရာစဉ်ဆက်ကို အင်းစောက်ရေးသားထား ရန် အသေအချာရေးသား ပေးစေချင်ကြောင်းနှင့် အမေးပုစ္ဆာ တွင်ပါသည်မှာ-

မင်းစဉ် ရာဇဝင်ကဲ့သို့ သာသနာဝင် ဆရာစဉ်ဆက်လက်၍ တဖုတပေါင်းတည်း ကျမ်းဂန်စာပေအဆိုမရှိ၊မင်းစဉ်မှာရှေ့ မင်း နှင့် နောက်မင်းစပ်လျက် မခြားမလပ်ဆိုသည်။ ဆရာစဉ်ဆက်မှာ ထိုကဲ့သို့ မဆိုဘဲ အကြောင်းထူးရှိမှ ဖော်ထုတ်၍ ဆိုသည်။

ထို့ကြောင့်ကျမ်းဂန်စာပေထွက်အတိုင်း ဆရာ အစဉ်အဆက်ကို မှတ်သင့်သည် အထူးအခြားရေးသားဘွယ် မရှိပြီဟု အကြိမ်ကြိမ် ပယ်သောအခါ-

ထိုသို့ဖြစ်လျှင် ဆရာစဉ်ဆက်ပြတ်ပြီ သာသနာကွယ်ပြီဟုအတွေး အဆ မိစ္ဆာဝါဒ ရှိသူလည်း ရှိရာပါ၏သည်။ သို့အတွက် ခပ်သိမ်း သောသူတို့ အတွေးအဆ မိစ္ဆာဝါဒ မရှိကြရအောင် ရေးသား ပါဟု ကိုယ်တိုင် ကိုယ်ကြပ်လာ၍ ဆောမြို့စား အတွင်းဝန် မင်းကြီး သိရိမဟာနန္ဒသင်္ကြီက အကြောင်းနှင့်တကွ အကြိမ်ကြိမ် တိုက်တွန်းတောင်းပန်သည်ဖြစ်၍ သာသနာဝင် ဆရာစဉ်ဆက်ကို ရေးသားသည်။

သာသနာသက္ကရာဇ် ၁၃၇၅ ခုနှစ်-နယုန်လပြည့်ကျော်၅ရက် နေ့ကစ၍ ရေးသားသည်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့ တွင် ပြီးစီးကြောင်းနှင့် ၎င်းသာသနာဝံသတွင် မှာဆိုလျက်ပါ သည်မှာ-

အညာ၌ မိုးရွာသည်ကိုထောက်၍ အမေကြ၌ ရေကြီးသည်ကို သိသည်ကား ကာရဏာနုမာနနည်း,အထက်၌ အခိုးအလျှံ ကို မြင်၍ အောက်၌ မီးရှိကြောင်းကိုသိသည်ကား ဖလာနုမာနနည်း, ကျောက်ဖျာအလယ်၌ မဆင်မရှား နင်းသွားလေသော ခြေရာကို ကျောက်ဖျာ၏ အစ,အဆုံး၌ သားကောင်ခြေရာထင်ရုံနှင့်သိသည် ကား မိဂပဒဝလဉ္ဇနနည်းတည်း။

ဤသို့ အကြောင်း,အကျိုး-အစ,အဆုံးကို ဆင်ခြင်ထောက် ထား၍နည်းနာမှီးလျက်ကောင်းစွာဆိုပေလတံ့၊အလေးအမြတ် ပြုအပ်လှစွာသော သာသနာရေး သာသနာမှု စကားကို ကျောက်ထိုးကဲ့သို့ အလေးအမြတ်ပြု၍ သင့်,မသင့်-ရာ,မရာကို ဆင်ခြင်စာနာလျက် ကျောင်းစွာ မှတ်ယူစေသတည်း။

ဤသို့သော အမှာနှင့် ပထမသံဂါယနာ၏ အကြောင်းအရာ ကစ၍ ရေးသားထားခဲ့သော သာသနာလက်ဘရ ကျမ်းအလာ ထေရုပ္ပတ္တိကထာ အခက်ား၌-ပုဂံပြည်တွင်ရှင်အရဟံ ရှေ့သာသနာတဂိုဏ်း,ဥတ္တရာဇီဝ, ဆပဒတို့ နောက်သာသနာ တဂိုဏ်း, ဆပဒနှင့်အတူပါ သီဝလိတဂိုဏ်း,အာနန္ဒာတဂိုဏ်း,တာမလိန္ဒ တဂိုဏ်း,အားဖြင့် ၅ဂိုဏ်းကွဲကြလေသည်။

ဂင်းဂိုဏ်းတို့က မည်သည့်ဂိုဏ်း အနွယ်အဆက်သည် ပန်းယ, စစ်ကိုင်း အင်းဝမြို့များသို့ ရောက်ပါသနည်း၊ ရောက်သောဆရာ စဉ်ဆက်ကို သိလိုပါသည်ဟု အမေးပုံ တွင် ပါသည့် အတိုင်း ပန်းယ,စစ်ကိုင်း,အင်းဝမြို့များသို့ရောက်သော ဆရာစဉ်ဆက်ကို အကျဉ်းအားဖြင့် ထုတ်နှုတ်၍ ပြဆိုဦးအံ့။

စစ်ကိုင်းမြို့ ထူပါရုံ စေတီတော် ဒါယကာ နရပတိမင်းကြီး မင်းမဖြစ်မီ ခမည်းတော်လက်ထက်ကသည် နောင်တော်မင်းရဲ ကျော်စွာ လက်ထက်တိုင်အောင် ပြည်မြို့ကို အစဉ်စားရသော စောရန်နောင်သည် ပြည်မြို့သို့ပင့်၍ကိုးကွယ်သော ပန်းယစံကားကျောင်းက ထွက်၍နေသည့် တောင်ဘလူ ပရက္ကမ အနွယ် ရှင်သာရဒသီ၏ တပည့် ရှင်သဒ္ဓမ္မ ၇ တိကိုဆရာပြု၍ ကိုးကွယ်သည်။

သက္ကရာဇ် ၇၀၄-ခု နှစ်တွင်မှ ပြည်ကဆန်၍ ရတနာ ပူရ အင်းဝ မြို့ကြီး၌ မင်းပြုသည့် သားတော်အလတ် မင်းဆင်များ ကိုလည်း မင်းကြီးစွာအမည်နှင့် ပြည်မြို့ကို သနားတော်မူသည်။ တောင်ကို ကူထွတ် တရုပ်မော် အနောက်ကို ဘုန်းခေါ်ဝ၊ အရှေ့ကိုကုန်းခေါ်ဝ၊ မြောက်ကို မလွန်၊ တောင်ခွင် ကျွန်းတော၊ ဤ၄ရပ်အတွင်းတွင်ရှိသော လူဖွေးဖွေးကို ငါ့သားမြတ်က စီရင်စေ၊ ရှင်အာချင်းချင်းကို ငါ့ဆရာက စီရင်စေဟု အမိန့်တော်နှင့် ဆရာတော်ရှင်သဒ္ဓမ္မ ၇ တိကို သာသနာပိုင်ခန့်အပ်တော်မူသည်။

ရှင်သဒ္ဓမ္မဇေါတိတွင် ရှင်အရိယာဝံသနှင့်ရှင်မဟာသာမိတပည့် ၂ပါး ရှိသည်အနက်က ရှင်မဟာသာမိသည် သီဟိုဠ်သာသနာဆက်ကိုယူရန် ကြွတော်မူ၍ သီဟိုဠ်က ရှင်သဒ္ဓမ္မစာရိနှင့် သံဃာ ၅ပါးကို ပင့်ဆောင်ခဲ့ပြီးလျှင် သိဂ္ဂါအသစ်ထပ်ခါတင်၍ သရေခေတ္တရာ ပြည်မြို့တွင်ပင် သီဟိုဠ် အဆက်အနွယ် သာသနာကို မွှားများအောင် ပြုစုနေထိုင်သည်။

ရှင်အတုလဝံသတပည့် ရှင်ရတနရံသီလည်း စာပေသင်ကြား တတ်မြောက်လျှင် ပြည်မြို့တွင်ပင် သာသနာပြုစုကာ နေထိုင်သည်။

ထို ရှင်မဟာသာမိတပည့် ရှင်အတုလဝံသလည်း အရပ်လေးမျက်နှာတွင် လှည့်လည်၍ စာပေသင်ကြားပြီးလျှင် ပြည်မြို့အရှေ့ ကွမ်းမစား ချောက်တွင် သာသနာပြုစုကာ နေထိုင်သည်။

ရှင်ရတနရံသီ တပည့် ပြည်ဘုရင် သတိုးဓမ္မရာဇာ၏ဆရာ ရှင်အဘိသင်္ကေတလည်း စာပေသင်ကြား တတ်မြောက်၍ ပြည်မြို့တွင်ပင် သာသနာပြုစုကာ နေထိုင်သည်။

ရှင်အဘိသင်္ကေတ၏တပည့်ကား ရှင်မုနိန္ဒယောသတည်း။ ကြာသပတေးသားဖြစ်၍ သာမဏေမည်ရှင်မုနိန္ဒယောသ၊ ဦးရီးတော် ဆရာအမည်ကို ခံ၍ ပဉ္စင်းမည် ဥပါလိတည်း၊ စစ်ကိုင်းမြစ်နား လေးထပ်ကျောင်းကို တင်လှူသော အခါမှ တိပိဋကာလက်ဘရဟူသော ဘွဲ့တံဆိပ်တော်ရ၍- တောင်ဘီလာတောရ ကျောင်းသို့ ပြောင်းရွှေ့နေထိုင်တော်မူမှ တောင်ဘီလာဆရာတော်ဟူ၍ တွင်သောရှေးအခါအင်းဝကောင်းစဉ်အလက်ာ ၃ပါး ပဉ္စင်းကျော် ၃ပါး အဝင်အပါ တောင်ဘီလာပုဂ္ဂိုလ်ကျော်ပင်ဖြစ်ပါသည်။

သက္ကရာဇ် ၉၇၀ ပြည့်နှစ်တွင် အနောက်ဘက် လွန်မင်းတရားကြီးသည် ပြည်မြို့ကို လုပ်ကြံသည့်ကာလ ပင့်ဆောင်ခဲ့၍ ရတနာပူရ အင်းစိုမြို့သို့ ရောက်သည်။

ဝါပြည်မြို့ကို လုပ်ကြံရသည်ကား ရှင်တပါးနှင့် လူတယောက်သာရှိသည်ဟူ၍ အနောက်ဘက်လွန်မင်းတရားကြီးမိန့်ဆိုတော်မူကြောင်းကို ယခုထက်တိုင် ပြောဆိုကြသည်။ ရှင်တပါးဟူသည်ကား တောင်ဘီလာပုဂ္ဂိုလ်ကျော်တည်း။ လူတယောက်ဟူသည်ကား နန္ဒယောဓာတည်း။

ထိုတောင်ဘီလာပုဂ္ဂိုလ်ကျော်သည်ကျောင်းနေပုဂ္ဂိုလ်မဖြစ်မီ ပဉ္စင်းပျိုဘဝကလည်း ရှမ်းစလုံဘေးကြောင့် အင်းဝက တောင်ဥသို့ ကြွရောက်သော ရှင်တိသာသနဓဇ၏တပည့် ရှင်ဓမ္မရာဇ ဂုရုထံတွင် ကျမ်းဂန်စာပေသင်ကြားသည်။ပါဠိ,အဋ္ဌကထာ,ဋီကာ ကျမ်းဂန်ကျနလှသောကြောင့်ဌင်း၊လူငယ်ဘဝကပင် ဝေဿန္တရာပျို့ စသည်ကို စီရင်၍ လောက,ဓမ္မ ပြည့်စုံလှသောကြောင့်ဌင်း သာမဏေကျော်,ပဉ္စင်းကျော်ဟူ၍ ထင်ရှားတော်မူသည်။

ကျောင်းနေပုဂ္ဂိုလ်ဖြစ်မှ ညီတော်မင်းရဲကျော်စွာက ဆောက်လုပ်လှူဒါန်းသော စစ်ကိုင်း မြစ်နား လေးထပ် ကျောင်းမှာ နေထိုင်၍ သာသနာပြုစုတော်မူသည်။

သက္ကရာဇ် ၁၀၀၀ ပြည့်နှစ် သက်တော် ၆၀ အပြည့်တွင် လေးထပ်ကျောင်းက တောင်ဘီလာကျောင်းသို့ ပြောင်း၍ တာဝင်တော်မူလေသည်။

တောင်ဘီလာ ပုဂ္ဂိုလ်ကျော်၏ တပည့် အမြင့်မြို့ ရှင်မဟာတိသလည်း ပန်းချီတိုက်နယ် ဆားလင်းကြီး တောကျောင်းတွင် စာပေကျမ်းဂန် သင်ကြားပို့ချ နေထိုင်သည်။

ရှင်မဟာတိသ၏ တပည့် ရေမြှိန်ရှာကျောင်း ရှင်စန္ဒပညာ၊
ရှင်စန္ဒပညာ၏ တပည့် ရေမြှိန်ရှာကျောင်း ရှင်ဂုဏသိရိ၊

ရှင်ဂုဏာသီရိ၏တပည့် ရေမြိန်ရွာကျောင်း ရှင်ကလျာဏ ဓဇတည်း။ ထိုဆရာသည် ဗဒုံမြို့ကျေး မောင်းထောင်, ညောင်ကန်ကျောင်းများတွင် စာပေပို့ချနေထိုင်သည်။

ဎင်း ရှင်ကလျာဏဓဇ၏ တပည့် ရှင်ဇုန္ဒောဘာသ, ရှင်ကလျာဏစက္ကာ, ရှင်ဝိမလာစာရ, မောင်းထောင်ရွာ ကျောင်း ရှင်ဂုဏာသာရ,ရှင်စန္ဒသာရ၊ဝုံတဲ့ ရွာကျောင်း ရှင်ဝရသီ၊ ကန္ဒီမြို့ကျေး မင်းအိုရွာကျောင်း ရှင်ဂုဏာသီရိတို့လည်း သိက္ခာအသစ်တင်၍ စာပေကျမ်းဂန် သင်ကြားကုန်သည်။ ပါဠိ,အဋ္ဌကထာ, ဋီကာ ကျ,နကုန်သည်၊ စုဒ်,စောဒနာ,အာဘော်,ကျမ်းတက်, ကျမ်းရိုး,အခြေ,အတင် အဓိပ္ပါယ်နယ တတ်ကျွမ်းကုန်သည်။

ယခင် ရှင်ကလျာဏဓဇ တပည့် ပန်းချီတိုက်နယ် ထန်းဝန်းရွာကျောင်း ရှင်ဓမ္မဓရလည်း ဗဒုံမြို့ကျေး ပန်းရင်းရွာကျောင်းတွင် စာပေပို့သနေထိုင်သည်' စာပေကျမ်းဂန် ကျ,နလှသည်။

ဤသို့ ပြဆိုခဲ့ပြီးသော ဆရာတော်တကျိပ်ကျော်နှစ်ကျိပ်သည် မန်လည် ဆရာတော်,မင်းအို ဆရာတော်,မင်းရွာ ဆရာတော်, ဆုံထား ဆရာတော်မှ စ၍ သိမ့ီလိုက်သော သီလဝန် ဂုဏဝန်, လဇ္ဇီပေသလ သိက္ခာကာမ ဓမ္မဝါဒီ ဖြစ်သော ရတနာပူရ, အင်းဝ,စစ်ကိုင်း နိုင်ငံတော်အတွင်းရှိ ရဟန်း သံဃာတော်တို့၏ အဆက်အနွယ်ဖြစ်သတည်း။

တကြောင်းလည်း သိန်းယိုစ်ရောက် ပုဂံပြည် ရှင်ဆပဒ၏ အဆက်အနွယ် ရှင်သဒ္ဓမ္မကိတ္တိသည်, စစ်ကိုင်းသို့ရောက်၍ လေးကျွန်းမြေ အရပ်တွင် နေထိုင်သည်၊ ရှင်မဟာအရိယာဝံသ ထံမှာလည်း စာပေကျမ်းဂန် သင်ကြားပြီးသည်နောက် ရှင်မဟာအရိယာဝံသက ညွှန်ကြားရ ဇေတဝန်ကျောင်းသို့ ပြောင်းရွှေ့လျက် စာပေ ကျမ်းဂန် ပို့ချ နေထိုင်၏။

ထိုအရှင်သဒ္ဓမ္မကိတ္တိ၏ တပည့် ရှင်တိသာ သနဓဇ။ ။ဌင်း တပည့် ရှင်ဓမ္မရာဇဂုရု။ ဌင်းတပည့် ရှင်မုနိန္ဒယောသ၊ တောင် ဘီလာ ပုဂ္ဂိုလ်ကျော်ပင်ဖြစ်သည်။

ဌင်း တပည့် ရှင်မဟာတိသ, ရှင်စန္ဒပညာ,ရှင်ဂုဏာသိရိ။ ရှင် ကလျာဏဓဇ၊ရှင်ဓမ္မဓရ၊ ရှင်ဇုန္ဒောဘာသ၊ ရှင်ကလျာဏစက္ခု၊ ရှင်ဝိမလာစာရ၊ ရှင်ဂုဏသာရ။ ရှင်စန္ဒသာရ, ရှင်ဝရဏေသီ, ရှင်ဂုဏသိရိတိုင်အောင် ယခင်ကနည်း ဆရာစဉ်ဆက် ဆင်းသက် ခဲ့သည်။

ထိုဆရာစဉ်ဆက်သည် နောက်ပိုင်းခေတ်အခါ စစ်ကိုင်း, အင်းဝနိုင်ငံတော်အတွင်း သီတင်းသုံးတော်မူကြကုန်သော လဇ္ဇီ ပေသလ သိက္ခာကာမ ဓမ္မဝါဒီ ရဟန်းသံဃာတော်တို့ အဆက် အန္တယ်တည်း။

ထိုအဆက်အန္တယ် သံဃာတော်တို့ကား ဝိနည်းသိက္ခာပုဒ်ကို အလေးအမြတ်ပြုကြကုန်လျက် သိမ်မည်ကာမျှတွင် ကံကြီး,ကံငယ် မဆောင်ကုန် ယုံကြည်လောက်အောင် အခြေအမြစ်ရှိသော သိမ်တွင်သာ ကံကြီး,ကံငယ်ဆောင်ကုန်သည်။ပွဲကျောင်းနွယ် အတင်နွယ် ရဟန်း,သာမဏေများကိုလည်း စာပေသင်ကြားပို့ချမှုကိုမျှ မပြု၊ကြဉ်ရှောင်ကြကုန်သည်။

ဤကား ယခင်သာသနာအမွန်အကြောင်း၉ပါး,၁၁ ပါးတွင် သီဟိုဠ်ရောက် ပုဂံပြည် ရှင်ဆပဒ၏ တပည့် ရှင်သဒ္ဓမ္မကိတ္တိက ဆက်လက်၍ ဆိုသောစကားတည်း။

ဤစကားများကို ငါတို့ဆရာ တိပိဋကသဒ္ဓမ္မသာမိ မဟာဓမ္မ ရာဇာမိ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ-ဆုံတားဆရာတော် စီရင်သော သာသနသုဒ္ဓိဒီပကကျမ်းမှာဆိုသည်။

# ကျောက်မျက်ကုန်းဘုရား




ညောင်ကန်ရွာ မောင်သာလွင်နှင့် မစောတင်တို့က
၁၃၀၀ပြည့်နှစ်တွင် အသစ်တဘန်ထပ်မံပြုပြင်ထားသည်

(ဤမျှသော စကားရပ်တို့ဖြင့် သာသနာဝင် ဆရာအစဉ်အဆက်ကို ပြခြင်းတည်း။)

ဤသို့ မဟာမဓိသက္ကြီအမတ်ကြီး ရေးသားသော သာသနာဝံသ ကျမ်းနှင့် ညောင်ကန်ရွာ သာသနဝံသ ဆရာအစဉ် မှတ်တမ်းနှင့် နှိုးနှောလိုက်သည်ရှိသော် ဂင်္ဂါရေနှင့်ယမုနာရေကဲ့သို့ မကွဲမပြား တသားတည်းရှိပေသည်။

## ညောင်ကန် သာသနာအစ ရှင်ဇုန္နောဘာသ

ညောင်ကန်ရွာတွင် ရှေးယခင်က တကာ တကာမ တို့သည် သိက္ခာမတင် သိမ်မဝင်သော ပွဲကျောင်း အန္တယ် ဘုန်းကြီးများ ကိုသာ ကိုးကွယ်ဆည်းကပ်ကြရကုန်၏။

သာသနာတော်သည် သန့်ရှင်းစင်ကြယ်စွာ တည်ထွန်းတော့ မည့် အခါသို့ ရောက်လှုဆဲ ရှိရာတွင် ညောင်ကန်ရွာ၏ အရှေ့ မြောက်အရပ်က အလျှံပြောင်ပြောင်တောက်သော [1] ပဇ္ဇမြား တုံးသည် တလတခါ-နှစ်လတခါ နှစ်လရှည်လျားစွာ ကောင်း ကင်သို့ ပျံတက်၍ ညောင်ကန်ရွာမှ အနောက်မြောက်ယွန်း အရပ်၌ ကျသည်ကို ပညာရှိတို့ကဤအရပ်၌ ဘုန်းကြီးသော သီလ ဝန်, ဂုဏ်ဝန်ပုဂ္ဂိုလ်တို့၏ တည်ရာဖြစ်လိမ့်မည်ဟု ဆိုကြကုန်၏။

ယင်းသောအခါ ညောင်ကန်ရွာ သူကြီးတွင် ကုလားညို, ကုလားဖြူ, ကုလားသာဟု သားဝယောက်ရှိ၏။

ထိုသားဝယောက် တို့တွင် သားအကြီး ကုလားညိုသည် အဘသူကြီး မရှိသည်နောက် အဘအရာ ညောင်ကန်ရွာကို အုပ်ချုပ်၍ သူကြီးလုပ်သည်။

---

၁၊ ပဇ္ဇမြားတုံးဆိုရာ၌ ဓါတ်တော်မွေးတော် ကွန်မြူးဟန် -ကူသည်။

သားအလပ် ကုလားဖြူ နှင့် သားအငယ် ကုလားသာ နှစ်ယောက်မှကား ဝဋ်ဆင်းရဲကို ငြီးငွေ့ကြောက်ရွံ့သောကြောင့် တောင်ဘီလာအကျော် တိပိဋကာ လက်ဝရ ဆရာတော်၏ အဆက်အနွယ် ညောင်ကန်ရှာအရှေ့မြောက်ထောင့် ပတ္တမြားတုံး စတင်ထွက်ပေါ်ရာ ကျောက်မျက်ကုန်းအရပ်၌ စာပေကျမ်းဂန်များကို သင်ကြားပို့ချနေထိုင်သော ရှင်ကလျာဏဝေအထံ၌ သာမဏေအဖြစ်,ရဟန်းအဖြစ်ကို ယူ၍ စာပေသင်ကြားပြီးလျှင် နောင်တော် ဖြစ်သော ရဟန်းတော်သည် ၂ ညောင်ကန်ရှာမှ တာ ၅၀၀ကွာဝေးသော အနောက် အရပ်တွင် တောဝင်သည်။ တောရ ဆရာတော်ဟု ထင်ပေါ်ကျော်စောလေ။

ရှင်ဇုန္နောဘာသသည် နောက်တဘန် ထပ်မံ၍ သီဟိုဠ်ရောက် ရှင်သဒ္ဓမ္မစာရိတို့မှ ဆင်းသက်သည်ဖြစ်၍ ပိဋကတ်သုံးပုံကို တတ်မြောက်သက်ဝင်တော်မူသော ပုခမ်းကြီးမြို့တောင် နောင်ဘရှာ ဘုန်းတော်ကြီး၏ တပည့် အရှင်စန္ဒမဇ္ဇုသာ ၎င်းတပည့် ရှင်ဥာဏဝရတို့ထံတွင် စာပေကျမ်းဂန် သင်ကြားသဖြင့် ထင်ရှားစွာ တတ်မြောက်လေသည်။

ထိုအခါ ညောင်ကန်ရှာတွင် ထင်ရှားကျော်စော၍ မျှားမြတ်သော ဥစ္စာစည်းစိမ်ရှိသော ၁ အသည်ကြီးက ညောင်ကန်ရှာ၏ အနောက်မြောက် ပတ္တမြားတုံးကျရာအရပ်၌ ကောင်းမြတ်သော နိမိတ်မင်္ဂလာကို အကြောင်းပြု၍ ကွန်း ၃စင်-၃ထပ်ကျောင်းကို ဆောက်လုပ်ပြီးလျှင်၊ မှန်နန်းဆင်ဖြူရှင် လေးကျွန်းမာရ်အောင်စေတီတော် ဒါယကာ တနင်္ဂနွေမင်းလက်ထက် သက္ကရာဇ် (၁၀၉၄)ခုနှစ်တွင် အရှင်ဇုန္နောဘာသအား တင်လှူသည်။

---

၁။ ယခုရှိသော အုန်ကျောင်းကြီးနေရာ ဖြစ်ဟန် တူသည်။
၂။ အသည်ကြီးဆိုသည်မှာ မင်းမှုထမ်း မဟုတ်သူကို ခေါ်သည်။

ထိုကျောင်းဒါယကာ အသည်ကြီးကား အင်းဝမြို့ ပထမ အုဋ္ဌကျောင်းဆရာ ပုညာဘိ သီရိသဒ္ဓမ္မဇေ မဟာဓမ္မ ရာဇာဓိရာဇ ဂုရုဘွဲ့ တံဆိပ်တော်ရ ညောင်ကန်ဆရာတော် ဦးပိုး၏ ဘေးတော် သတည်း။

အရှင်ဇုန္နောဘာသသည် ညောင်ကန်ရွာ အသည်ကြီးက ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းတွင်သီတင်းသုံးနေထိုင်ကာ အရပ်ထက်ဝန်းကျင်မှ လာရောက်သော စာသင်သားတို့အား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်တို့ကို အခြေပါဒဖြစ်အောင် သင်ကြားပို့ချလျက် သာသနာတော်ကို ထွန်းလင်းစေ၏။

ထိုရှင်ဇုန္နောဘာသမှ ဆင်းသက်အပ်သော တပည့် အစဉ်အဆက်တို့ကား ကျမ်းဂန် အထူး တတ်မြောက်လျှ၍ ဝိနည်း ၅ကျမ်းကို လေ့လာတော်မူနိုင်သော ရှင်ကလျာဏ စက္ကတည်း။

ထိုရှင်ကလျာဏစက္က၏တပည့် ရှင်လက်ဘသာရသည်ကျမ်းဂန် အထူးတတ်မြောက်၍ ဝါးရုံ့မင်းပျို့၊ မဟော်ရေကျားစေခမ်းပျို့၊ မုဒုလက္ခဏာပျို့တို့ကို ရေးသားစိရင်ပြီးသည့်နောက် လူထွက်၍ ရတနာသိပ်ရှိတည်၊ နန်းတည် အလောင်းမင်းတရားကြီး၏ သားတော်အလတ် ဗဒုံမြို့စား သတိုးမင်းစောထံ၌ အမှုတော်ထမ်းရွက်သည်တွင် ရှေ့မျှဉ်း ၁၀တွဲလက်ာ၊ မနုရင်းလက်ာ၊ ဇယဒိသပျို့၊ ဝိဓုရပျို့၊ ဘလ္လာတိယပျို့၊ ဝေဿန္တရာပျို့၊ ဇနက္ကပျို့၊ စစ်ကိုင်းမင်းချောင်း ၁၂စောင်၊ ဆင်ဖြူမယ်ချောင်း၊ ရှေနန်းဖွဲ့ မော်ကွန်း၊ မိတ္ထီလာကန်ဖွဲ့ မော်ကွန်း၊ အရှုဏာဂိရိ မော်ကွန်း၊ ရဲတင်းမော်ကွန်း၊ ရာဇဝင်သစ် ၁၅တွဲစသော ကဗျာလက်ာများကို ရေးသား စိရင်၍ အမရပူရ မြို့တည်၊ နန်းတည် ဆဒ္ဒန်ဆင်မင်း သခင် ဘဝရှင် မင်းတရားကြီး လက်ထက်တော်တွင် မဟာနန္ဒသကြီးအမည်နှင့်ကျိုဝန်၊ ရင်းနှောက် မဟာစည်သူ

အမည်နှင့် တွင်းသင်းတိုက်ဝန် အရာများကို ခန့်ထားခြင်း ခံရသော သက္ကရာဇ်(၁၀၀၇) ခုဘွား တွင်းသင်းမင်းကြီး-ငယ်မည် ဦးထွန်းညိုတည်း။

## ပွဲကျောင်းပျောက်ရာ ချိန်အခါ၊

နောက်က ပြဆိုခဲ့သော ဒေါက်ချာဆောင်း ပွဲကျောင်းပုဂ္ဂိုလ်တို့၏ ခေတ်ကာလ မကုန်သေးသည်ဖြစ်၍ အုင်္ဂအ ရော ရော, ကျောက်အရောရော ရှိသည်များမှာ ပြဆိုခဲ့ပြီးသော ရေမြိန်ရှာဘုန်းတော်ကြီး အရှင်ကလျာဏခဇ ကြွလာတော်မူ၍ ရှင်ဇုန္ဒောဘာသ,ရှင်ကလျာဏစက္က, ရှင်ဝိမလာစာရတို့ သိက္ခာထပ်ခြင်း စာပေကျမ်းဂန်တို့ကို သင်ကြားတတ်မြောက်သဖြင့် ကြီးပွါးလာသည့်အခါမှ ပွဲကျောင်းပုဂ္ဂိုလ်တို့ တဖြည်းဖြည်း ကွယ်ပျောက်သွားပေသည်။

## ကျော်အောင်စံထားဆရာတော် ညောင်ကန်ရှာသို့ ကြွရောက်တော်မူခြင်း

ထိုမှ တပါးလည်း လောကသရဖူ,ခေါင်ထိပ်မိုး,ခေါင်ထိပ်ပန်း လောကဝေဿဘူစသော ကုသိုလ်တော်တို့၏ ဒါယကာ"မဟာဓမ္မရာဇာဓိပတိ"အမည်ရှိသော ဟံသာဝတီရောက် မင်းတရားလက်ထက် ရတနာပူရ အင်းဝပြည်ကြီး၌ ဇမ္ဗူဒိပ်ကျွန်းအုလုံးတွင် ထင်ပေါ် ကျော်စောတော်မူသော ကျော်အောင်စံထားဆရာတော်သည် ဝိဇုကတ်,ဗေဒင်အရာ၌ သူမတူတန်အောင်သိမြင်တော်မူသည်ဖြစ်၍ လောကီဖြစ်သော ကိန်းခမ်း, ဝါတ်ခမ်း, နေသွား,လသွား အစရှိသည်တို့ကို ဆင်ခြင်တော်မူလျှင် အထူးဖြစ်ပေါ်သည်ကား အင်းဝမြို့ကြီး၌ လူအပေါင်းတို့သည် နေထွက်လာလျှင်"နေလည်တယ်, နေလည်တယ်"ဟု ထင်မှတ်ပြောဆို

ကြကုန်၏။ နေ,မလည်ပါဘုံးဟူ၍ ဘယ်သူကမှပြောဆို၍ မရ၊ နေလည်တယ်ဟုသာ ပြောဆိုကြကုန်၏။

ထိုအခါဆရာတော်သည် "ယတ္ထ ယတ္ထ အဘုတံ ဥပ္ပဇ္ဇတိ၊ တတ္ထ တတ္ထ ဝိနသ္သတိ" ဟူသော စကားကို ဆင်ခြင်တော်မူလျှင် ရတနာပူရ အင်းဝမြို့ကြီးသည် ရှေ.၃နှစ်,၄နှစ် အတွင်းမှာပင် ပျက်စီးတိမ်းပါးအုံ့သည်ကိုမြင်၍-

ဆရာတော်သည် သာသနာတော်၏ အကျိုးစီးပွား,သာသနာ့ ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်၏ အကျိုးစီးပွားများကို ရှက်ဆောင်သောအားဖြင့် သာသနာ့ ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်က အထူးမြှီးမြောက်တော် မူ၍ တံဆိပ်နာမံ တော်နှင့် ကိုးကွယ်တော်မူပေသည်။ မရက်မစက် သဒ္ဓါတော်မူ လှသည်ဖြစ်၍ အဝေးသို့ ကြွသွားတော်မူလိုကြောင်းကို စာမှ သွင်းဝံ့စရာ မရှိပေ၊ သို့သော်လည်း ဆရာတော်သည် အသက် အရွယ်ကြီးရင့်ပြီဖြစ်သောကြောင့် ဗဒုံကျေး ညောင်ကန်ရွာသို့ သွား၍ ပဋိပတ်ကျင့်ဝတ်များကို အားထုတ်လိုပါသည်၊ အခွင့် ပြုတော်မူပါဟု စာသွင်းလျှင်-

ဟံသာဝတီရောက် မင်းတရားသည် အခွင့်ပေးတော်မမူ၊ သုံးကြိမ်တိုင်တိုင် စာသွင်းသော အခါမှ ဆရာတော် နှလုံးမကြည် ဖြစ်တော့မည်။အလိုရှိရာ ကြွတော်မူပါစေတော့ဟု အမိန့်တော် ရှိ၍ ကျော်အောင်စံထားတိုက်တွင် ငါးဇင်ရိုင်းဆရာ ရှင်ဂုဏာနှင့် ဝါးရင်းတုတ် ရှင်ဇာဂရတို့နှစ်ပါးကို လွှဲအပ်ထားခဲ့၍ သက္ကရာဇ် (၁၁၁၀)ပြည့်နှစ်တွင် မင်းအိုဆရာ ရှင်ဂုဏာဘိလင်္ကာရစသော ရဟန်းသံ့ယာ အများနှင့် ကျော်အောင်စံထားဆရာတော်သည် ညောင်ကန်ရွာသို့ ကြွတော်မူသည်။

ညောင်ကန်ရွာသို့ရောက်လျှင် ရှင်ဇုန္နောဘာသက တောင်းပန်၍ ကျောင်းတိုက် အရှေ့ဘက်မျက်နှာတွင် ဝါဆိုကျောင်းဆောက်လုပ်၍ ကိုးကွယ်ကြသည်။

ကျော်အောင်စံထားဆရာတော်လည်း ပါဠိ, အဋ္ဌကထာ, ဋီကာ,လက်သန်း,ဆန်း,အလင်္ကာ,နေ့ဝါ,ညဝါတို့ကို အရပ်ထက်ဝန်းကျင်မှ လာရောက်ကြကုန်သော စာသင်သားတို့အား သင်ကြားပို့ချတော်မူသည်။

## သုဃာန် သင်္ဂြိုင်းဟောင်း ရှေ့ပြောင်းရခြင်း

ရှေးအခါက ညောင်ကန်ရွာတွင် သုဃာန်သင်္ဂြိုင်းသည် ရွာ၏ အနောက်မြောက်ယွန်းဆွမ်းပို့တံခါး၏ မြောက်ဘက်အရပ်တွင် တည်ရှိနေရာ ရွာနံ၏ တေဇအရပ် ဖြစ်၍ ရပ်ရွာ မစည်ကားမကြီးပွားဖြစ်နေသည်။ သို့အတွက် သုဃာန်သင်္ဂြိုင်းကို ရွာ၏ အနောက်ဒေတာင်ဒေထောင့် ဖြစ်သော (ယခု နေရာ)ဘုမ္မိ အရပ်သို့ ရွှေ့ပြောင်းကြရမည်ဟု အမိန့်ရှိသဖြင့် မကြာမတင် ပြောင်းရွှေ့ကြ၏။

ထိုအခါ ညောင်ကန်ရွာ၌ သာညှိ ဆိုသော ညှိသည် ချင်းကလေး သေလေရာ သုဃာန် သင်္ဂြိုင်းသစ်မှာ သွားရောက်၍ မြှုပ်နှံ သင်္ဂြိုဟ်ကြလေသည်။

များမကြာမီ နိမိတ်တဘောင် ပေါ်ထင်လာသည်မှာ(အမယ်ဆို-သာညှိကျင်း၊ တဘက်အပြာစင်း နှင့် လိုက်ပမယ်မင်း)ဟူသည်တည်း။

ထိုနိမိတ်တဘောင်ပေါ်လာပြီးနောက် အသက်အရွယ် ၄၀ ကျော်, ၅၀ရွယ် တဘက်အပြာစင်း ကိုင်သူတို့ များပြားစွာ သေကြေပျက်စီးကြလေ၏။

အချို့သောသူတို့အား ချင်းကလေးသည်က သုဿာန်သင်္ဂြိုဟ်းသစ်မှာ မြေဘုတ်ပြုတ္တာဖြစ်၍ နေရာသူတယောက်ထည်း အဖေါ်နည်းသဖြင့် အမယ်တို့ကို ခေါ်ရကြောင်း၊ အိပ်မက်ပေးသူကိုပေး - ပူးကပ်၍ ပြောသူကိုပြောသဖြင့် ထိုအကြောင်းကို ကျော်အောင်စံထား ဆရာတော်အား သွားရောက် လျှောက်ထားသောအခါ-

ကျော်အောင်စံထားဆရာတော်က တအိမ်လျှင်တယောက်ကျ ထန်းဖလပ်ပြားတချောင်းစီယူ၍ သုဿာန်သင်္ဂြိုဟ်းသို့ သွားရောက်ခါ (ဟဲ့-သောညို-နင်-နောက်ကို မခေါ်နှင့်)ဟု ဆို၍ သောညို၏ မြေပုံသင်္ဂြိုဟ်းကို တချက်စီရိုက်ခဲ့ကြရမည်ဟု မိန့်မှာတော်မူ၏။

ထိုအခါ ဆရာတော်မိန့်မှာသည့်အတိုင်း လိုက်နာပြုလုပ်ကြမှ အသေအပျောက်နည်းပါး၍ ရပ်စဲသွားသောဟူ၏။

## ထိုနည်းတူစွာ အကြောင်းတခုမှာ

ညောင်ကန်ရွာ၌ နွေလအခါ မိုယ်းခေါင်ရေရှားဖြစ်၍နေရာ ဂိုဏ်းအုပ်ဆရာတော်ကြီး ဦးရွှေမြားနှင့် သံဃာတော်အရှင်မြတ်များကို သီရိနန္ဒာကန်သို့ ပင့်ဘိတ်ပြီးလျှင် ငါးရံ့မင်းပရိတ်တရားတော်ကို ကြားနာကြရာ တရားချသောအခါ ဂိုဏ်းအုပ်ဆရာတော်ကြီး ဦးရွှေမြားက ဟသ်ာဇလုပ်ကို ရေမြုတ်ရပါလိုကုန်သောဟူ၍ ဆုတောင်းကြကုန်ဟု တရားချ၍ ပြန်ကြွတော်မူသည်ဆို၏။

ထိုကဲ့သို့ ပရိတ်တရား နာကြားပြီးခါ များမကြာခင် နွေရက်များစွာမိုယ်းဆက်၍ ရွာသည်မှာ မလင်းနိုင်ဘဲ ဒုံလေရာ ဂိုဏ်းအုပ်ဆရာတော်ကြီး ဦးရွှေမြားက ငါသည် ယမန်နွေက မိန့်ကြားခဲ့သော စကားအရ မိုယ်းမလင်းဘဲ ရွာသွန်း၍ ချမာန်တူသည်။

မိုယ်းလင်းစေလိုလျှင် ဟသ်ာဇလုပ်ကို ရေနှင့်ပက်ဖျန်းပေးကြ ရမည်ဟု မိန့်ကြားတော်မူမှ သီရိနန္ဒာဂန်လည်ရှိ ရေမှတ်တိုင် ထိပ်တွင် တပ်ဆင်၍ထားသော ဟသ်ာရုပ်၏ ဇလုပ်ကို ရေနှင့် ဝိုင်း၍ ပက်ဖျန်းကြသောအခါမှ မိုယ်းလင်းသောဟူ၏။

ဤအရာမျိုးမှာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်, မဟုတ်နိုင်ပါဟု မငြင်းဆန်သင့်။ အဘယ့်ကြောင့်ဆိုသော် လဇွေ်ပေသလ သိက္ခာ ကာမ ဓမ္ဓတိမန္တ သီလဝန်,ပညဝန်ပုဂ္ဂိုလ်တို့ မြှက်ဆိုအပ်သော စကားသည် "ချင်းကြားတုတ်ရောက် ထိတိုင်းပေါက်" ၏ သို့ဝင်း - "သမာမိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ" ဟူသော ကျမ်းဂန်ပါဠိလာရှိသည်နှင့်အညီ ဟုတ်တိုင်းမှန်ရာကို အပြားအားဖြင့် သိတတ်၏၊ သိတိုင်းအမှန် ပြောသောကြောင့် ပြောတိုင်းအမှန်ဖြစ်တတ်သည်ဟု ယုံကြည်စွာမှတ်ယူသင့်သည်။

ထိုကြောင့် ရှင်မဟာရဇ္ဇသာရက လောကနီတိပျို့ ရာဇကဏ္ဍ မှာ (လူ့ပြည်သေဌနင်း၊ မင်းနှင့်ပုဏ္ဏားး၊ ရဟန်းများက၊ ဘုရား စသည်၊ သီလမ္ဘွေ့လျော်၊ လူထင်ကျော်တို့၊ မိန့်တော်ထုတ်ပြ၊ တဒ္ဓန်းဟသော်၊နှစ်ခွ မဖြာ မှန်မြဲသာတည်)ဟူ၍ စပ်ဆို ရေးသား တော်မူခဲ့ပါသည်။

တနည်းပြဆိုရလျှင် မကြီမစည် မရည်မရွယ် ရောက်သောအမှု ရောက်သောလာဘ်ကို "ကာကတာလိယနည်း" ဟုကျမ်းဂန်မှာ လာသည်နှင့်အညီ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်" ဖြစ်သည် ဟူ၍လည်း ယူဆထိုက်၏။

ဤအကြောင်းအရာများကို ဗဟုသုတလိုလားသော ပုဂ္ဂိုလ် များအတွက် အကြောင်းအကျိုးဆက်ခါ ဖြစ်ပျက်ဟန်ကို သတိ ပြု၍ ကြည့်ရှုကြစေရန် ရည်သန်ချက်ဖြင့် ထည့်သွင်းလျက် ရေး သားလိုက်ရပေသတည်း။

# လောကမှန်ကူဘုရား

မြောက်တိုက် ဘုန်းတော်ကြီး ဦးပေါ်ကြွယ်ကို အမှူးထား၍ ညောင်ကန်တိုက်နယ်ရှိ ဒါယကာ၊ဒါယိုကာမ ကြီးငယ်တစုတို့က အသစ်တဘန် ထပ်မံပြုပြင်ထားသည်။

# ကျော်အောင်စံထား ဆရာတော် အတ္တုပ္ပတ္တိ ၄၉

## လောကမှန်ကူဘုရား တည်ထားကိုးကွယ်ရခြင်း

ကျော်အောင်စံထား ဆရာတော်သည် ညောင်ကန်ရွာသူ, ရွာသား,နယ်သူ,နယ်သား ၇ ရက်သား,သို့မိုးအား မကောင်းသော ဘေးဥပါဒ်အန္တရာယ် ရန်အသွယ်သွယ်တို့ မကပ်မရောက်မူ၍-ကောင်းမြတ်သော လောကီ, လောကုတ္တရာ ကောင်းကျိုးချမ်းသာ ဘုန်းကြက်သရေမင်္ဂလာအဖြာဖြာတို့ ကြီးပွားတိုးတက်စေမှ့သောငှါ ညောင်ကန်၏ နံတူဖြစ်သော လောကမှန်ကူဘုရားကိုလည်း ညောင်ကန်ရွာ၏ တေဇကျသော အနောက်မြောက်ထောင့်အရပ်၌ တည်ထားကိုးကွယ်စေတော်မူ၏။

## ပထမ ကျော်အောင်စံထားဆရာတော်၏ အတ္တုပ္ပတ္တိ

ရောဝတီ, သလ္လာဝတီမြစ်နှစ်စင်း၏ အနောက်ဘက် သုနာပရန္တတိုင်းအဝင်အပါပုခန်းကြီးမြို့အနောက်မျက်နှာခရီးယူဇနာ ရှစ်တိုင်ခန့် ကွာဝေးသော ပိုက်သင်ရွာတွင်-သက္ကရာဇ်(၁၀၆၇) နှစ်က အဖ ဦးဒွန်အောင်နှင့်-အမိဒေါ်ကြူတို့မှ ကျော်အောင်စံထား ဆရာတော်၏ အလောင်းအလျာဖြစ်သော သာသနာ့အာဇာနည် သတ္တိသားရတနာကို ဖွားမြင်ခဲ့လေသည်။ ငယ်မည်မှာ မောင်ပန်းဟု မိဘတို့က မှည့်ခေါ်ကြသည်။

မောင်ပန်းဓနုစ်သားအရွယ်ခန့်ရှိလျှင် အဖဖြစ်သူဦးရွှေအောင်သည် ပုခန်းကြီးမြို့တောင် နောင်ဘရွာ နီဗွာန်ကျောင်း ဆရာအရှင်ဓမ္မနန္ဒာလက်ဝရမထေရ်၏ တပည့်ကြီးဖြစ်သော ပိဋကတ်, ဗေဒင်အရာ ကျွမ်းကျင် လိမ္မာတော်မူလှသော အရှင်စန္ဒမဇ္ဇ။သာထံ၌ အပ်နှံ်သည်။

ထိုမောင်ပန်းသည် ကျောင်းသားအရွယ်သူငယ်အဖြစ်ကပင် တေမိ, ဇနက္ကစသော မဟာနိပါတ် ဇာတ်တော်ကြီး ဆယ်ဖွဲ့ကို

ကုန်စင်အောင် သင်ကြားတတ်မြောက်လျှင် ရှင်သာမဏော ဖြစ်သည်။ရှင်မည်မှာ ရှင်ဥာဏာဝရတည်း။

ရှင်ဥာဏာ ဝရသည်. သုံးနှစ် အတွင်း မှာပင် သဒ္ဒါ,သဒ္ဓြိတ်မာတိကာ, ဓာတုကထာ, ဥာသ်, ဋီကာ, အဘိဓာန်, ဆန်း, အလင်္ကာ, နေ့ဝါ,ညဝါ, သာမဏေတို့ သင်ရိုးစာဝါများကို အကြင်းမဲ့ ကုန်စင်အောင် သင်ကြား တတ်မြောက်သဖြင့် သာမဏေကျော် တပါးဟု အရပ်ထက်ဝန်းကျင် ထင်ရှားကျော်စောခဲ့လေသည်။

သက္ကရာဇ် ၁၀၇၅ ခုနှစ် သီတင်းကျွတ်လဆန်း၅ရက်နေ့သို့ တိုင်ရောက်သောအခါ ဆရာရင်းဖြစ်သော အရှင် စန္ဒမဠ္ဠ။သာမဏေရှင်သက်တော် ၃ ၆နှစ်အရွယ်တွင် ပြန်လွှန်တော်မူသဖြင့် သင်္ဂြိုဟ်ပြီးနောက် အသက် ၁၇နှစ်အရွယ်တွင် ရတနာပူရ ခေါ်သော အင်းဝမြို့သို့ စာပေ သင်ကြားရန် ထွက်ခဲ့လေသည်။

အင်းဝမြို့သို့ရောက်လျှင် မှန်နန်းဆင်ဖြူရှင်တနင်္ဂနွေမင်းတရားကြီးကိုးကွယ်တော်မူသောအောင်မြေစံလွတ်ကျောင်းတိုက် မိုးထိုဆရာတော်ဘုရားကြီးထံ တပည့်ခံ၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာ စာပေကျမ်းဂန်အဖြာဖြာတို့ကိုလေ့လာ သင်ကြား လေသည်။

ထိုမိုးထိုဆရာတော်ဘုရားကြီး အထံ၌လည်း ရွှေဘိုမြို့တောင်လက်စမ္မန်းရွာသား ငယ်မည်မောင်ဖုန်း-ရှင်မည် ရှင်ဂမ္ဘီသာရ ခေါ်သော သာမဏေကျော်တပါး ရှိလေသည်။

ရှင်ဥာဏာဝရသည် ရှင်ဂမ္ဘီသာရနှင့် တွဲဘက်၍ ပညာရင်နှီ့သောက်စို့ခဲ့ရာသက္ကရာဇ် ၁၁၀၆ခုနှစ်နယုန်လပြည့်နေ့တွင်

ရှင်ဂမ္ဘီသာရနှင့် ယှဉ်ပြိုင်ခါသုဓမ္မာစရပ်တော်၌ စာတော်ပြန်သည်၊ စာမေးခံရသည်။

ထိုအခါ စာတော်ပြန်ပွဲတွင် ကြီးကြပ်တော်မူကြသော စာထောက်, စာမှတ်ဆရာတော်များက နှုတ်ရအာဂုံ အားဖြင့် ပြန်ဆိုစေခြင်း, နှုတ်လွတ်မေးခွန်းအမေးနှင့် သင်ကြားပြီးသော ကျမ်းစာတို့မှ အဆစ်အပိုင်း ခဲရာခဲဆစ်များကို ထုတ်နှုတ်ကာ မေးမြန်းခြင်းများ ပြုတော်မူကြရာ မေးတိုင်း မေးတိုင်းသော အမေးပုစ္ဆာ ပြဿနာများကို နှစ်ပါးစလုံးပင် မကြာမတင် ဆောလျင်စွာ ဖြေဆိုနိုင်ကြသည်။ ဓါတ်, ပစ္စည်းအရ- ဝိဂြိဟ် ဝစနတ္ထ-သံဝဏ္ဏနာ ကျမ်းရိုး,ကျမ်းတက်များကို မေးလျှင်လည်း နှစ်ပါးစလုံးပင် မိုးသီး,မိုးပေါက်အသွင်သိန္ဓောမြင်းနှင်သကဲ့သို့ လျင်မြန်စွာ ဖြေဆိုနိုင်ကြသဖြင့် တပါးထက် တပါးက မသာ မလွန်မူ၍ အင်တူအားမျှ ဖြစ်နေကြ၏။

ပထမကျော် ဆိုသည်မှာလည်း တနှစ်တွင် နှစ်ပါး ပေးရိုး ထုံးတမ်းစဉ်လာ မရှိ၊ တပါးသာလျှင် ပေးရမည် ဖြစ်ရကား ပထမ စာတော်ပြန်ပွဲ ကြီးကြပ်တော်မူကြသော ဆရာတော်များ မှာ ပထမ ပြန် အကျော်လောင်း သာမဏေ နှစ်ပါးအား ပထမ ကျော် ဂုဏ်ထူးဘွဲ့ တံဆိပ် အပေးခက်၍ နေသဖြင့် နောက် ဆုံးတွင် ဆရာတော်များက "သင်တို့ နှစ်ပါးသည် နှုတ်ရ အာဂုံ ပြန်ဆိုရာ၌ရင်း, ငါတို့က နှုတ်လွတ်မေးသည်ကို ဖြေဆိုရာ၌ရင်း အင်တူ အားမျှ ပြန်ဆို ဖြေစွမ်း နိုင်ကြပါပေသည်။ တပါး အောက် တပါးက နိမ့်သည် ယုတ်သည်၊တပါးထက် တပါးက သာသည်၊ လွန်သည်ဟု ငါတို့မဆုံးဖြတ် နိုင်တော့ပြီ၊ သို့သော် အသင်တို့၏ နှုတ်ရေးကိုမူ သိရပေပြီ-လက်ရေးသာလိုတော့သည် လက်ရေး,ရေး၍ ပြကြဦးလော့"ဟု စေခိုင်းတော်မူကြလေ၏။

ထိုသို့စေခိုင်းလျှင် ရှင်ဥာဏာဝရသည် ဆရာတော်များ ရှေ့မှောက်တွင်ပင် ပရိုက်ကို ဖြန့်ခင်းခါ မျဉ်းချပြီးလျှင် ရိုသေကောင်းမွန်စွာရေးသားလေသည်။ ရှင်ဂန္ဓာ သာရမူကား ပရိုက်တွင် မျဉ်းမတင် မျဉ်းမချဘဲ အလွတ်ရေးသားလေသည်။

နှစ်ပါးစလုံးရေးသားပြီးကြ၍လက်ရေးမူနှစ်ခုကို ဆရာတော်များ၏ ရှေ့သို့တင်ပြကြသောအခါ ဆရာတော်များက ကြည့်ရှုဆင်ခြင်တော်မူကြပြီးလျှင် အဆုံးအဖြတ်စကား မိန့်ကြားတော်မူကြသည်မှာ "မျဉ်းဟူသည် ဆရာနှင့်တူသည်၊ ဆရာဟူ၍ပင် ခေါ်ဆိုရပေမည်။ဘယ်အခါမဆို ဆရာကို လက်လွှတ်ခြင်းငှါမသင့်၊ ရှင်ဂန္ဓာ သာရမှာ ယခုကပင် ဆရာကိုလက်လွှတ်ခဲ့ချေပြီ။ ရှင်ဥာဏာဝရသည်ကား "လက်ရေးကောင်းတို့ မည်သည် မျဉ်းကြောင်းကို လက်မလွှဘ်ရ" ဟူသောဥပဒေသနှင့်ညီစွာ,ဆရာကိုလက်မလွှတ်မူ၍ ရိုသေကျိုးနွံ ရှိပေသည်၊ ဆရာကောင်းတပည့်ပြီသပေသည်။

သို့ဖြစ်သောကြောင့် "ရှင်ဥာဏာဝရကို အနိုင်ပေးရပေလိမ့်မည်" ဟု မိန့်ဆိုတော်မူကြပြီးလျှင် ရှင်ဥာဏာဝရအား ပထမကျော် ဘွဲ့,တံဆိပ်ကို ပေးအပ်ခါ ပထမကျော် အောင်ပန်း ဆွတ်လှန်းခံယူစေ၏။ ဤတွင်မှ ရှင်ဥာဏာဝရသည် အသက် ၁၉ နှစ် အရွယ်ကပင် ပထမကျော်အရာ ရလေတော့၏။

ထိုအခါကာလက ရဟန်းသံယာတို့ ချီးကြူးပြောဆိုကြသည်မှာ ရှင်ဥာဏာဝရကို ရဟန်းရှင်လူတို့ မေးမြန်း၍မဖြစ်ပြီ၊သုဝမ္မာစရပ်မှာ မြတ်စွာဘုရားရှစ်ပါးတော်ကို ထီးဖြူ၊အုပ်မိုးခါ သီတင်းသုံးတော်မူစေပြီးလျှင် မဖြေဆိုနိုင်အောင် မေးတော်မူမှ မဖြေဆိုနိုင်ဘဲရှိရာသည်။ ထို့ကြောင့် ငါတို့သည် ရှင်ဥာဏာဝရကဲ့သို့ ဥာဏ်ပညာထက်သန်ပါရလို၏ဟု ဆုပန်စရာကောင်းလှပေသည်ဟု ချီးမွမ်းထောမနာ သြဘာစကား ပြောကြားကြသောဟူ၏။

# ကျော်အောင်စံထားဆရာတော်၏ အတ္ထုပ္ပတ္တိ ၅၃

ရှင်ဥာဏဝရ၏ သားချင်းပေါက်ဖေါ်မှန်သမျှ ၄၅ အိမ်ထောင် စာရင်းကျသူတို့ကိုလည်း အသည်စာရင်းဝင် အဖြစ်မှ ထုတ်နှုတ်၍ မင်းရဲမြင်းစုမှာ ဖြည့်သွင်းခါ ဖွဲ့တော်မူသည်။ ပိုက်သင်ရွာ မြောက်ဘက်တွင် ကျောက်တိုင်နယ် နိမိတ်အပိုင်းအခြားနှင့် မြင်းသည်ရွာဟူ၍ ခေါ်တွင်သည်။ ယခုတိုင် ရွာဟောင်းကုန်းဖုန်းဆိုးတော အထင်အရှားရှိသေး၏ဟူလို။

သက္ကရာဇ် ၁၀၀၇ ခုနှစ်တွင်ရဟန်းအဖြစ်သို့ ရောက်တော်မူ၍ ကျောင်းထိုင် ပုဂ္ဂိုလ်၏ အာဂ်ါနှင့် ပြည့်စုံ လုံလောက်သော အခါ၊ နေရင်းရပ်ရွာသို့ ပြန်ကြွလာ၍ ပုခန်းကြီးမြို့ စည်သူရှင်ဘုရား၏ အနောက်မျက်နှာ ဒါယကာ မောင်အောင်ဇေယျကဘုံ၃ထပ်နှင့်ဆောက်လုပ်လျှ။ဒါနိုးသော မတောင့်တကျောင်းဌ၊ ကျမ်းဂန်များကိုပို့ချလျက်နေစဉ် ရာဇာမိရာဇနှာမတ္ထပကာသနီ ကျမ်း,ရာဇာလက်ာရကျမ်း,အဌသာလိနီဂဏ္ဌိ ပဋ္ဌိ, အဘိဓမ္မတ္ထသင်္ဂြိဟ် ဂဏ္ဌိ ပဋ္ဌ, ပါတိမောက္ခလေခန ခလိတနယ ကျမ်းတို့ကို ရေးသားစီရင်တော်မူသည်။

မြန်မာ့စွယ်စုံကျမ်းအတွဲ ၂ တွင် အောက်ပါ ကျမ်းများကိုလည်း ထည့်သွင်း၍ပြုထားသေးသည်။ကစ္စာယနသာရ နိဿယ သစ်အကျယ်,ကမ္မဝါစာဂဏ္ဌိကျမ်း,ဒဋ္ဌကွရဂဏ္ဌိကျမ်း,စက္ကရ်ဝိနိစ္ဆယ, မဟာနုမက္ကာရ ပါဠိ,နိဿယ ကျမ်းများအပြင် အဘိဓမ္မတ္ထသင်္ဂ်ဟ အဌကထာကိုလည်း မြန်မာ ဘာသာဖြင့် အဖွင့်ဂဏ္ဌိကို စီရင်တော်မူသည်ဟု ဆိုသည်။

ထို့နောက် မင်းကေရာဇ်က ပုခန်းကြီးမြို့မှ အင်းဝနေပြည်တော်သို့ ပင့်ဆောင်ပြီးလျှင် အရံ ကျောင်းဆောင် ငယ်ပေါင်း

၁၀၀၅ခုနှစ်သော ကျော်အောင်စံထားကျောင်းတော်ကြီးကိုရေစက်သွန်းချ၍ တင်လှူတော်မူသဖြင့် သီတင်းသုံး တော်မူရလေသည်။ "ဇိနစက္ကာဘိရာမ"ဟူသော နာမတံဆိပ်တော်, "ကျော်အောင်စံထား"ဟူသော ဌာနတံဆိပ်တော်များကိုလည်း အလှူခံယူရရှိတော်မူလေသည်။ဤသို့တံဆိပ်တော် ၂ထပ်ကို ခံယူရရှိတော်မူသောဆရာတော်ကြီးအဖြစ်သို့ ရောက်တော်မူသဖြင့် ဟိမဝန္တာတောင်မင်း၏အနီးတွင်ပေါက်ရောက်သော တောစိုးသစ်ပင်ကြီးကဲ့သို့ ဇမ္ဗူဒီပ မြေအပြင်တွင် ထင်ပေါ် ကျော်စောတော်မူလေသည်။

သက္ကရာဇ် ၁၁၀၀ ခုနှစ်သို့ ရောက်သောအခါ ရောဝတီမြစ်မြောက်ဘက်၌ ရှိကြကုန်သော ရဟန်းရှင်,လူအပေါင်းတို့သည် ယိုသစ်စဖြစ်သော ထန်းရည်,အုံးရည်တို့ကို ရဟန်းတို့သောက်အပ်,မသောက်အပ်, အယူဝါဒ ကွဲပြားကြသည်တွင် လဇွေ်ပေသလ သိက္ခာကာမဖြစ်တော်မူသော ပလိုင်းဆရာတော် အရှင်သုဇာတ သုရာအဆုံးအဖြတ်ကို ရေးသားသည်ဟုကြားသိတော်မူလျှင် ခပ်သိမ်းသောသူတို့ အယူဝါဒ သဘော သဘန် ကျလောက်အောင် ပါဠိ,အဋ္ဌကထာ, ဋီကာကျမ်းဂန် အထူးထူးသော နည်းနာနယတို့ဖြင့် ဆုံးဖြတ်အပ်သော သုရာဝိနိစ္ဆယကျမ်းကို ဓရေးသားစီရင်တော်မူသည်။

ထိုမှတပါး အဘိဓာန်နိဿယသစ်,ဆန်းနိဿယသစ်များကိုလည်း ရေးသားစီရင်တော် မူခဲ့သေး၏။

ထိုကျော်အောင်စံထား ဆရာတော်ဘုရားသည် သက္ကရာဇ် ၁၁၁၀ ခုနှစ်တွင် ညောင်ကန်ရွာသို့ ကြွရောက်တော်မူလာ၍ ညောင်ကန်ရွာ၌ ၅ ဝါပတ်လုံး ပရိယတ်, ပဋိပတ် တရား ၂ပါးကို ကြိုးစားအားထုတ်တော်မူဆဲ အခါ သက္ကရာဇ် ၁၁၁၅

ခုနှစ်မှာပင် သက်တော် ၄၇, ဝါတော် ၂၇ ဝါအရ ဘဝနတ်ထံ ပြန်လွှန်တော်မူလေသည်။

**မှတ်ချက်။** ( အလောင်းမင်းတရားကြီး ရှေ့ဘိုမြို့တွင် နန်းတက်တော်မူသော နှစ်တည်း။ )

အင်းဝမြို့မှ ကျော်အောင်စံထား ဆရာတော်နှင့် လိုက်ပါတော်မူခဲ့သော သဒ္ဓိဝိဟာရိကတပည့် ရှင်ဂုဏာဘိလက်ခရသည် ဆရာတော် မရှိသည့်နောက်-ဌင်းညောင်ကန်ရွာ အနောက်တိုက်မှာပင်-နေ့ဝါ,ညဝါ စာပေကျမ်းဂန်အဖြောဖြောတို့ကို သင်ကြားပို့ချခါ သီတင်းသုံး နေထိုင်တော်မူ၏။ ထိုဆရာတော်သည် အဌသာလိနီ အဌကထာကို နှုတ်ရအာဂုံ ဆောင်တော်မူသည်ဟု ကြားသိရဘူးသည်။

**ကျော်အောင်စံထားဆရာတော် အတ္ထုပ္ပတ္တိပြီးပြီ။**

---

## မင်းအို ဆရာတော်ကြီး အတ္ထုပ္ပတ္တိ

သက္ကရာဇ် ၁၀၇၀ ပြည့်နှစ်တွင် ဖက်တော ကျေးကန်ရွာ၌ မင်းအိုဆရာတော်ဘုရား၏ အလောင်းအလျာ သတ္တိသားရတနာကို ဖွားမြင်သည်။

ငယ်ရွယ်စဉ်အခါ မောင်အောင်ကျော်ဟု မိဘတို့က မှည့်ခေါ်ကြသည်။

ထို မောင်အောင်ကျော်သည် ကျောင်းသားဘဝနှင့် သင်ရိုးစာပေတို့ကို သင်ကြားတတ်မြောက်လျှင် ၁၃နှစ် သား အရွယ်တွင် ရှင်သာမဏေ ပြုသည်။ သာမဏေ အမည်မှာ ရှင်ဂုဏာတည်း။

ထို ရှင်ဂုဏာသည် သာမဏေဘဝနှင့် သဒ္ဒါ,သဒ္ဓြာ, မာတိကာ,ခေတုကထာ စသော နေ့ဝါ,ညဝါ သင်ရိုးစာပေတို့ကို

သင်ကြားရှု ကုန်စင်တတ်မြောက်သော အခါကာလ သာမဏေ ၇ ဝါ အရတွင် ရဟန်းပြုတော်မူသည်။ ရဟန်းအမည်မှာ ရှင်ဂုဏာဘိတည်း။

အရှင် ဂုဏာဘိသည် အင်းဝနေပြည်တော်သို့ တက်ရောက်ခါ ကျော်အောင်စံထား ဆရာတော်ထံတွင် တပည့်ခံ၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာ အရပ်ရပ် ကုန်စင်အောင် သင်ကြားတတ်မြောက်တော်မူသည်။

သက္ကရာဇ်၁၁၁၀ခုနှစ်သို့ ရောက်သောအခါ ကျော်အောင်စံထား ဆရာတော် ညောင်ကန်ရွာသို့ ကြွတော်မူလာရာ သီတွဝ ဝါတော် ၂၀ အရ သဒ္ဓိဝိဟာရိကတပည့်ကြီးအဖြစ်ဖြင့် နောက်တော်က လိုက်ပါ၍ လာခဲ့ရလေသည်။

ညောင်ကန်ရွာတွင် ကျော်အောင်စံထား ဆရာတော် ဘဝနတ်ထံ ပြန်လွန်တော်မူသည့်နောက် ပါဠိတော်, အဋ္ဌကထာ, ဋီကာ စသော နေ့ဝါ, ညဝါ စာပေကျမ်းဂန် အဖြာဖြာတို့ကို ၂၇ နှစ်ပတ်လုံးကာလကြာမြင့်စွာ သင်ကြားပို့ချ၍ သီတင်းသုံးနေထိုင်တော်မူသည်။

သက္ကရာဇ် ၁၁၃၇ ခု သက်တော် ၆၇ နှစ်အရွယ်သို့ ရောက်တော်မူသော အခါ သက္ကရာဇ် ၁၁၃၇ ခုနှစ်တွင် အင်းဝမြို့ဦးနန်းတက်တော်မူသော မင်းလာရှေဘုံ ကျောင်း ဒါယကာ ဝေဠုကူးမင်းက အင်းဝနေပြည်တော်သို့ ပင့်သဖြင့် လိုက်ပါကြွရောက်တော်မူရလေသည်။

နေပြည်တော်သို့ရောက်လျှင် မယ်တော် ဖြစ်သော မိဖုယားခေါင်ကြီး "အတုလာ မဟာရတနာ ပဒုမာဒေဝီ"က စစ်ကိုင်းဘက်တွင် ဝေဠုဝန် ငါးထပ်ကြီးဘုရား၏ အနောက်ဘက် မျက်နှာမှ အရံတံတိုင်း မီးတား ၂ ထပ်နှင့် ၄ ထပ် ဇေတဝန် ရှေ

ကျောင်းကို ဆောက်လုပ်၍ "မဂ်လာရွှေဘုံ" ဟု သမုတ်ပြီးလျှင် "ဂုဏာဘိလက်ခရ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်နှင့် တကွ တင်လှူတော်မူသည်။

မင်းအို ဆရာတော်ဘုရားကြီး အင်းဝနေပြည်တော်သို့ ကြွတော်မူသောအခါ ညောင်ကန်ရွာကျောင်းတွင်တပည့်ဖြစ်သော အရှင်သဒ္ဓမ္မရံသီကို လွှဲအပ်၍ ထားတော်မူခဲ့သည်။

(အရှင်သဒ္ဓမ္မရံသီသည် ထိုအခါက သက်တော် ၂၀ နှစ်, သီကျွာတော် ၈ ဝါမျှသာ ရှိသေး၏။ထိုအရှင်သဒ္ဓမ္မရံသီ၏အတ္ထုပ္ပတ္တိကို နောက်၌ သီခြားပြုလတံ့)

ထို့နောက်သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် အင်းဝမြို့နန်းတက်တော်မူသော အမရပူရ ပထမမြို့တည်, နန်းတည် ဘိုးတော်မင်းတရားကြီးက အမရပူရနေပြည်တော်သို့ ပင့်လျှောက်ခါ ရွှေမြို့တော်ကြီး၏ အရှေ့မြောက်ယွန်းအရပ်တွင်အရှင်မိဖုယားခေါင်ကြီးက ဆောက်လုပ်သည့် အမိုးဘုံ ၃ထပ် ရှိသော ရွှေကျောင်းတော်ကြီးကို သက္ကရာဇ် ၁၁၄၇ ခုနှစ် ဝါဆိုလဆန်း ၆ ရက်ဗုဒ္ဓဟူးနေ့တွင် "အောင်မြေဘုံကျော်"ဟု ကမ္ဘည်း မော်ကွန်းထိုးမှတ်သမိုက်တော်မူခါ"ဂုဏာဘိအနန္တဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်နှင့် တကွ မင်းဒီဆိ ဆရာတော်ဘုရားကြီးအား မင်းကေရာဇ် ကိုယ်တော်တိုင် ရွှေကရားနှင့် ရေစက်သွန်းချ၍ တင်လှူတော်မူသည်။

မင်းအိုဆရာတော်ဘုရားကြီးသည် အမရပူရမြို့ မင်းအိုတိုက် အောင်မြေဘုံကျော် ကျောင်းတော်ကြီးတွင် ၆ နှစ်ပတ်လုံး သီတင်းသုံးနေထိုင်တော်မူခါ ပရိယတ်, ပဋိပတ် တရားတို့ကိုနှေးမစဲ အမြဲမပြတ် ကြိုးစားအားထုတ်တော်မူဆဲမှာပင် သက်တော

၈၃ , သီကျွာတော် ၆၃ ဝါ အရတွင် သက္ကရာဇ် ၁၁၅၃-ခုနှစ်၌ ဘဝနတ်ထံ ပြန်လွန်တော်မူလေသည်။

ကြင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို သာဓုကိုဠနအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပရာတွင်အခမ်းအနားကြီးကျယ်စွာ လုပ်ဆောင်ပြီးလျှင် ဘိုးတော်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးပါ ထွက်တော်မူခါ သင်္ဂြိဟ် တော်မူသည်။

မင်းဒဲခိုဆရာတော်ကြီးသည် အဌသာလိနီ အဌကထာကို နှုတ်တက်အမြဲ ဆောင်ရွက်တော်မူသည်ဟု ပြောရိုးရှိသည်။

ထိုဆရာတော် ဘုရားကြီးသည် စဉ်ကူးမင်းနှင့် ဘိုးတော်မင်းတရားကြီး မင်းနှစ်ဆက်တိုင်တိုင် မင်းဆရာပြု၍ ကိုးကွယ်ခံတော်မူရသည်။

ဌာနန္တရာပတ္တ အရာအထူးသို့ ရောက်တော်မူကြ ကုန်သော ဆရာတော်အပေါင်းတို့၏ ဂုဏ်ကျေးဇူးတော်ကို ချီးကြူးရာ၌ "မင်းဒဲခိုဆရာတော် ဘုရားကြီးသည် ကျမ်းရိုး ကျမ်းတက် ဆိုရိုးသူမတူတန်အောင် ကောင်းလှသည်"ဟု သီလဝိသောဓနီကျမ်းမှာ မိန့်ဆိုချက်ပါသည်။

ဘိုးတော်မင်းတရားကြီးလက်ထက် အလုံမြို့ ဂိုဏ်းအုပ် ဆရာတော် နီသယည်းပြု အရှင်အဂ္ဂနှင့် အရှင်စန္ဒ ၊ မာ ဤကျမ်းတတ်ပုဂ္ဂိုလ် ၂ ပါးတို့သည် မင်းဒဲခိုဆရာတော်ဘုရားကြီး၏ တပည့်ရင်းများဖြစ်ကြသည်။

**မင်းဒဲခိုဆရာတော်ကြီး အဆုံးမဲ့ ပြီးပြီ။**

## ညောင်ကန်သာသနာဝင်ဆရာစဉ် ဆောင်ပုဒ်လင်္ကာ

ပျော်,ညွှန်,ရောင်,ယာ၊ပုံ,မှတ်,ဖါ၊ ဆရာသခင်မြစ်။
ပိုး, ဗုဓ်, ကြီး, သူ၊ ကန်, မှော်, ဟူ၊ငယ်မူ တကျ ဝ်နှစ်။

ဤဆောင်ပုဒ်လင်္ကာအရ ဆရာတော်တို့၏ အစဉ်ဇယားကို ပြုပေအုံ့။

| ဦးရေ | မွေးဖွါး သက္ကရာဇ် | လူမည် | ဘွဲ့တော် | ဒုသက် သိက္ခာ | ပြန်လွန် သက္ကရာဇ် |
|---|---|---|---|---|---|
| ၁ | ၁၀၉၂ | ဦးပျော် | အရှင်ပုညသေဋ္ဌ | ၈၀-၆၀ | ၁၁၇၂ |
| ၂ | ၁၁၁၀ | ဦးညွှန် | အရှင်သဒ္ဓမ္မရံသီ | ၈၄-၆၄ | ၁၁၉၄ |
| ၃ | ၁၁၁၅ | ဦးရောင် | အရှင်ကဝိန္ဒ | ၆၈-၄၀ | ၁၁၀၃ |
| ၄ | ၁၁၂၁ | ဦးယာ | အရှင်ပညာသီဟ | ၅၅-၃၅ | ၁၁၇၆ |
| ၅ | ၁၁၃၁ | ဦးသာပုံ | အရှင်မုနိန္ဒသာရ | | |
| ၆ | ၁၀၃၅ | ဦးမှတ်ကြီး | အရှင်နရိန္ဒ | | |
| ၇ | ၁၁၄၀ | ဦးပိုး | အရှင်ပုညရံသီ | ၅၁-၃၂ | ၁၁၉၁ |
| ၈ | ၁၁၄၉ | ဦးဗုဓ် | အရှင်ဇမ္ဗူဓဇ | ၅၅-၃၅ | ၁၂၀၄ |
| ၉ | ၁၁၅၀ | ဦးကျိုးညို | အရှင်မေဓာဝိ | ၇၅-၅၅ | ၁၂၂၅ |
| ၁၀ | | ဦးသူ | အရှင်ဥာဏိန္ဒ | | ၁၂၂၃ |
| ၁၁ | ၁၁၆၂ | ဦးကန်ရိုး | အရှင်ဒဓိပ | | |
| ၁၂ | ၁၁၈၄ | ဦးမှော် | အရှင်ဝရစက္ကာ | ၅၃-၃၃ | ၁၂၄၇ |

မှတ်ချက်။

(၁၀)နံပါတ် ဆရာတော်၏ ဖွါးလက္ကရာဇ်ကို မကြားသိရ။
၅,၆,၁၁, ဆရာတော်တို့၏ ပြန်လွန်တော်မူသောခု, နှစ်ကိုမသိရ။
ရှေးမူရှစ်း ဆောင်ပုဒ်လင်္ကာ၌ စလင်းဆရာတော် ဦးမှော် မပျက်
ကြွင်းကျန်နေသည့်အတွက် ဖြည့်စွက်၍ ထည့်သွင်းလိုက်သည်။

# ၆၀ ညောင်ကန် သာသနာဝင်

ညောင်ကန်သာသနာဝင် ဆရာအစဉ် ဆောင်ပုဒ်လက်ဘွင် ပါဝင်တော်မူကြသော ဆရာတော်ဘုရားကြီးတို့၏ အတ္ထုပ္ပတ္တိများကို ညောင်ကန်သာသနာစံသ မှတ်တမ်းကို အခြေခံထားခါ အခြားသောကျမ်းဂန်များ၌ ပါသောအကြောင်းအရာတို့ကိုရင်း အသက်, သီဟာကြီးမြတ်တော်မူကြ၍ လောကီ, လောကုတ္တရာ စာပေ ဗဟုသုတ ကြည့်ရှုလေ့လာတော်မူကြသဖြင့် အကြားအမြင်နှင့် ပြည့်စုံသည့် ခပ်သိမ်းသော ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်တို့၏အထံမှကြားသိရသော အကြောင်းအရာတို့ကိုရင်း, သက်ကြီးစကားသက်ငယ်ကြား-တဆင့်စကားတဆင့်နားဖြင့် အဆင့်ဆင့် မှတ်သား ခဲ့ကြသော အကြောင်းအရာ တို့ကိုရင်း စုပေါင်းတိုက်ဆိုင်ညီနှိုင်းတိုင်ပင်ခါ အစဉ်ရောက်ရာဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိက စ၍ ရေးသားဖော်ပြပါအံ့။

## (၁) ဆရာတော် ဦးပျော် အတ္ထုပ္ပတ္တိ

ညောင်ကန် ဆရာတော် ဦးပျော်သည် သက္ကရာဇ် ၁၀၉၂ ခု နှစ်တွင်ပုခန်းကြီးမြို့နယ် ခပိုရ္ဓာ၌ ဖွားမြင်တော်မူသည်။ ( အမိ, အာဘ အမည်မသိရ) ငယ်မည်မှာ မောင်ပျော်ဟု မိဘတို့က မှည့်ခေါ်ကြသည်။သက်တော်စေ့က ရဟန်းပြုသည်။ရဟန်းမည် အရှင်ပုညသေဋ္ဌ တည်း။

ထိုဆရာတော်သည် အမရပူရ ပထမမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ဘိုးတော်မင်းတရားကြီးလက်ထက်တော် အခါ အမရပူရရွှေမြို့တော် အနောက်မျက်နှာတွင် တည်ရှိသော သရက်တော မင်္ဂလာငေယံကျောင်းတိုက်၌ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နေ့ဝါ, ညဝါ စာပေကျမ်းဂန် အဖြာဖြာတို့ကို သင်ကြားပို့ချခါ သီတင်းသုံးနေထိုင်တော်မူသည်။

ထိုကဲ့သို့ သီတင်းသုံးနေထိုင်တော်မူစဉ် ရတနာပူရ တတိယ မြို့တည် နန်းတည် ဆင်ဖြူရှင်မင်းတရားကြီး၏ "သိရိပဝရ သုဓမ္မ မဟာ ရာဇိန္ဒာ မိပတိ" ဟူသော တံဆိပ်နာမံတော်ကို ဆန်း, အလက်ာ, သဒ္ဒါ, နေတ္တိ စသော နည်းတို့ဖြင့် ရွေးချယ်စိစစ်၍ ရေးသား စီရင်တော်မူအပ်သော ရာဇနာမတ္ထပကာသနီကျမ်း နှင့် အက္ခရသမ္ဘောဓ သတ်ပုံကျမ်းများကို ရေးသားစီရင်တော်မူသည်။

ဗုဒ္ဓရက္ခိတ မဟာဓမ္မ ရာဇဂုရုဟူသော ဘွဲ့တံဆိပ်တော်ကို လည်း ဘိုးတော်မင်းတရားကြီး က ဆက်ကပ်တော်မူသဖြင့် အလွန် ခံယူတော်မူရသည်။

ဆရာတော် ဦးပျော်သည် သက်တော် ၇၀ ဝါတော် ၆၀ အရ သက္ကရာဇ် ၁၁၇၂ ခုနှစ်တွင် သရက်တော မင်္ဂလာဝေ ယံကျောင်းတိုက်အတွင်း ၃ ထပ်ကျောင်းမှာပင် ဘဝတပါး ပြောင်းသွားပြန်လွန်တော်မူသည်။

မှတ်ချက်။ ။ဆရာတော်ဦးပျော်၏ အတ္ထုပ္ပတ္တိဋ္ဌတမူနှင့်တမူ မတူသော ကွဲပြားချက်များမှာ၊ ဆရာတော်ဦးသံဝရမူက "ဒါယကာ သခင်ကိုးကွယ်သည်" ဟုဆိုသည်။မင်းလှသိရိ သီဟသူ ရေးသားသော ဆရာတော်၁ဝ၅ပါးမှတ်တမ်းတွင် "ဒါယကာ သခင် ရှင်ကွယ် ကိုးကွယ်သည်" ဟု ဆိုသည်။ ၎င်း မှတ်တမ်းတွင်ဘွဲ့တံဆိပ်တော်ကိုလည်းဗုဒ္ဓရက္ခိတမဟာသာမိ ဟု ဆိုသည်။

ကဝိလက္ခဏ ဒီပနီကျမ်းဌ် "ဗုဒ္ဓရက္ခိတ မဟာသာမိ ညောင်ဏန် ဆရာတော်ရေးသည့် အက္ခရသမ္ဘောဓ သတ်ပုံတွင်

(ကြဲသေးစစ်ဝတ်တိ ဥာယတေး) ဟူ၍" ပါရှိသဖြင့် အကွေ့ရ သမ္မောဝသတ်ပုံ ကိုဆရာတော်ဦးပျော်ရေးသားကြောင်းသိရ၏။

## ဆရာတော် ဦးပျော် အဆုံးပုတ် ဖြီးဖြီး

## (၂) ဆရာတော် ဦးညွှန့် အဆုံးပုတ်

ဆရာတော် ဦးညွှန့်သည်သက္ကရာဇ် ၁၁၁၀ ခုနှစ်တွင် မင်းဒိုရွာ၌ ဖွားမြင်တော်မူသည်။ ငယ်မည်မှာ မောင်ညွှန့်ဟု မိဘတို့က မှည့်ခေါ်ကြသည်။

ထိုဆရာတော် ဦးညွှန့်သည် ကျော်အောင်စံထားဆရာတော် ဘုရားကြီး ညောင်ကန်ရွာသို့ ကြွရောက်တော်မူသည့်နှစ်မှာ မွေးဖွားတော်မူသည်။ ။ကျော်အောင်စံထား ဆရာတော်မရှိသည်နောက် ကျောင်းသား အရွယ်ရောက်သောအခါ ညောင်ကန်ရွာ မင်းဒိုဆရာတော်ဘုရားကြီးထံ လာရောက် အပ်နှံသည်သို့ဖြစ်၍ ထိုဆရာတော်ဦးညွှန့်သည် မင်းဒို ဆရာတော် ဘုရားကြီး၏ တပည့်ရင်းဖြစ်သည်။

(အမိ,အဘ,အမည်မသိရ)။ သက်တော်စေ့က ရဟန်းပြုသည် ရဟန်းမည် အရှင်သဒ္ဓမ္မရံသီတည်း။

ဆရာတော် ဦးညွှန့်သည် ဥဘတောဝိဘင်း ကျမ်းကို ပြန်ဆိုတော်မူပြီးနောက် အလုံမြို့အထက်တိုက် သံယာများအပေါ်တွင် နိဿယပြုဆရာတော်အဖြစ်သာသနာပိုင် ပထမမောင်းထောင် ဆရာတော်ဘုရားကြီးက စာချန်ပေး၍ ခန့်အပ်တော်မူသည်။

သက္ကရာဇ်(၁၁၀၂)ခုနှစ်သို့ ရောက်သောအခါ ရုတနာပူရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော် ဖာလိနန်းရှင် မင်းတရားကြီးက ရွှေမြို့တော် အရှေ့ မြောက်ယွန်း အောင်မြေဘုံ

ကျော် ကျောင်းတော်ကြီးကို "သီရိ သဒ္ဓမ္မာဘိ ပရမဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့်တကွ တင်လှူတော်မူသည်။

ထိုဆရာတော်သည် အောင်မြေ ဘုံကျော် ကျောင်းတော်ကြီးတွင် ပါဠိတော်, အဋ္ဌကထာ, ဋီကာ ပိဋကတ် ကျမ်းဂန် အရပ်ရပ်တို့ကို သင်ကြား ပို့ချခါ သီတင်းသုံးနေထိုင်တော်မူသည်။

နောက်သောအခါ မကျန်းမာတော်မူသဖြင့် ရွှေမြို့တော် အနောက်တောင် ယွန်းရှိ ဘုံကျော် ကျောင်းတိုက်ကြီး၏ မြောက်ဘက်မျက်နှာတွင် ဆရာဝန်ကြီးက ဝါဆိုကျောင်း ဆောက်လုပ်ပြီး လှူဒါန်းသဖြင့် ရွှေ့ပြောင်းခါ သီတင်းသုံး နေထိုင်တော် မူစဉ် သက်တော် ဂဝ နှစ်-သိက္ခာတော် ၆၄ ဝါအရ သက္ကရာဇ် ၁၁၉၄ ခု နှစ်တွင် ဘဝတပါး ပြောင်းသွား ပြန်လွန်တော်မူသည်။

ဆရာတော် ဦးညွန့် အထူးပုံတို ပြီးပြီ။

## (၃) ဆရာတော် ဦးရောင် အထူးပုံတို

ဆရာတော် ဦးရောင်သည် သက္ကရာဇ် ၁၁၁၅ ခု နှစ်တွင် ဗဒုံမြို့ကျေး(ရွေးအခေါ်)ယခုအခါ မုံရွာခရိုင်ဘုတလင်မြို့နယ် ညောင်ကန်ရွာ၌ ဖွားမြင်တော်မူသည်။(အမိ, အဘတို့၏ အမည်မှာ သာသနာဝံသ မှတ်တမ်း၌ မပါ၍ မသိရ) ငယ်ရွယ်စဉ်အခါ မောင်ရောင်ဟု မိဘတို့က မှည့်ခေါ်ကြသည်။

မောင်ရောင်ကျောင်းသားအရွယ်သို့ရောက်သောအခါ မိဘတို့က ကျော်အောင်စံထားဆရာတော်ဘုရား၏ တပည့်ကြီးဖြစ်သော ညောင်ကန်ရွာ အနောက်တိုက်တွင် သီတင်းသုံးနေထိုင်တော်မူသည့် မင်းအို ဆရာတော်ဘုရားကြီးထံ စာပေ သင်ကြားရန် အပ်နှံကြသည်။

ထိုမောင်ရောင်သည် ကျောင်းသားသူငယ်ဘဝ ငယ်ရွယ်စဉ်ကပင် ကျောင်းသားတို့ သင်ကြားတတ်မြောက်အပ်သော စာပေတို့ကို ကုန်စင်အောင် သင်ကြားတတ်မြောက်လျှင် အသက် ၁၅ နှစ်သား အရွယ်တွင် ရှင်ပြုသည်။

သာမဏေအမည်မှာ ပညာရှိအပေါင်းတို့ကို သာလွန်လွှမ်းမိုး၍ တတ်မြောက်မည့်လက္ခဏာအရ မင်းအိုဆရာတော်ဘုရားကြီးက "ရှင်ကဝိန္ဒ" ဟု ဘွဲ့အမည်ပေးတော်မူသည်။

ရှင်ကဝိန္ဒသည် သာမဏေအဖြစ်ဖြင့် သဒ္ဒါ,သဒ္ဓြိဟ်,အဘိဓာန်, အလင်္ကာ,နေ့ဝါ, ညဝါ သင်ရိုးစာတို့ကို ကုန်စင်အောင် သင်ကြား တတ်မြောက်ခါ သာမဏေ ၆ ဝါအရ အသက် ၂၀ ပြည့်သောကာလတွင် ရဟန်းပြုသည်။

ရဟန်းအမည် "အရှင်ကဝိန္ဒာဘိ" ဟုတွင်သည်။

ထိုအရှင်ကဝိန္ဒာဘိသည် မင်းအိုဆရာတော်ဘုရားကြီးထံမှာ ပင်ပါဠိတော်,အဋ္ဌကထာ,ဋီကာ ပိဋကတ် ကျမ်းဂန်အဖြာဖြာတို့ကို သင်ကြား တတ်မြောက်တော်မူလျှင် ညောင်ကန်ရွာ၌ပင် ရဟန်း သံဃာတော်အများ စာသင်သားတို့အား စာပေကျမ်းဂန်တို့ကို သင်ကြားပို့ချခါ သီတင်းသုံး နေထိုင်တော်မူသည်။

ထိုကဲ့သို့ စာပေကျမ်းဂန်တို့ကိုကမ်းတာဘက်ရောက်သင်ကြား တတ်မြောက်တော်မူသော်လည်း 'ဝါသနာဘာဂီဆက်တိုင်းမှ' ဟူသော ဆိုရိုးစကားအရ အပြော,အဆို ကိုယ်, နှုတ်အမူအရာ ကြမ်းတမ်းခက်မာတော် မူသောကြောင့် ဥပဇ္ဈာယ်ဆရာမြတ်ကပေးသနားတော် မူအပ်သော ဘွဲ့အမည်ကို မခေါ်တွင်ကြဘဲ "ဦးတေတေး" ဟူ၍သာ ခေါ်တွင်ကြလေ၏။

ထိုအချိန်ကာလ၌ အမရပူရရွှေမြို့တော်ကြီးတွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျမှ ဆင်းသက်ခဲ့သော မုဆိုး

၁၁ ဆက် အပါအဝင် ၆ ဆက်မြောက် ဖြစ်သော ဘိုးတော်မင်း တရားကြီးသည် တိုင်းပြည်,ခရိုင် နိုင်ငံတော်ကို အုပ်ချုပ်၍ မင်းလုပ်တော်မူသည်။

တနေ့သောအခါ ဘိုးတော် ဦးဝိုင်းသည် နေပြည်တော်ကို လှည့်လည် ကြည့်ရှုရန် မင်္ဂလာအခါ၌ ထွက်တော် မူလာရာ စည်တော်ကြီးအဖွဲ့မှ လင်းကွင်းကြီးတီးသူသည် "မောင်းထောင်တောင်-ညောင်ကန် ဦးတေတေး- ပြောလိုက်ပါလေး" ဟူသော တဘောင် သီချင်းကို သီဆိုခါ လင်းကွင်းကြီးကို တီးလိုက်လေသတည်း။

ထိုကဲ့သို့ သီဆိုလိုက်သော တဘောင်သီချင်းသံကို ဘိုးတော် ဦးဝိုင်းကြားတော်မူလျှင်ဘိုးတော်ဦးဝိုင်းသည် စနည်း,တဘောင်များကို လိုလား နှစ်သက်တော်မူသော မင်းဖြစ်၍ ဦးတေတေးဆိုသော စကားသည် ဘုန်းကြီးရဟန်းနှင့် ဘိုးသူတော် လူပညာရှိ စသည် တခုခု ဖြစ်ရမည်" ဟု အယူတော်ရှိသဖြင့် မြို့စာရေးကို ခေါ်တော်မူခါ မောင်မင်းသည် မောင်းထောင်နှင့် ညောင်ကန်ရွာသို့ သွားရောက်၍ ဦးတေတေးဆိုသောပုဂ္ဂိုလ်ကို တွေ့အောင် စူးစမ်းရှာဖွေချေဟု စေခိုင်းတော်မူလိုက်သည်။

မြို့စာရေးလည်း ရှေးဦးစွာမောင်းထောင်ရွာသို့ သွားပြီးလျှင် ရွာသူကြီးအိမ်သို့ ဝင်၍ မောင်းထောင် တောင်တွင် ညောင်ကန်ရွာ ရှိမရှိမေးမြန်းရာ ရွာသူကြီးက ရှိကြောင်းကို ပြောပြသောကြောင့် ထိုမှတဘန်ညောင်ကန်ရွာသို့ လာရောက်ခါ သူကြီးအိမ်သို့ ဝင်၍ ဦးတေတေး ဆိုသောပုဂ္ဂိုလ် ရှိမရှိမေးမြန်းစုံစမ်း ပြန်ရာ ရှိကြောင်းကို ပြောပြသဖြင့် သိရလေ၏။

ထိုအခါ မြို့စာရေးသည် အနောက်တိုက်သို့ သွားရောက်၍ စုံစမ်းရာ စာချ၍နေသော ဦးတေတေးဆိုသော ပုဂ္ဂိုလ်ကို တွေ့ရ

သဖြင့် အကဲခတ်ခါ ကြည့်ရှုရာတွင် စာချသောအခါ စာကိုမကိုင်မှု၍ နှီးရက်ရင်း စာချနေသည်ကို တွေ့မြင်ရ၏။

ထိုမှတဘန် ညအချိန်ကျသောအခါ၌လည်း တပည့်ဦးပဉ္စင်းများအား ဗေဒင်လက်ရိုးစာကို နှုတ်တက်ချပေးခါ တွက်ချက်စေသည်ကို တွေ့မြင်ရ၏။

ဤသို့ နေ့စဉ်နေ့တိုင်း ပြုလုပ်တော်မူသည်ကို မြွေစာရေးသည် တလပတ်လုံး စုံစမ်းပြီးနောက် နေပြည်တော်သို့ ပြန်သွားလေသည်။

နေပြည်တော်သို့ ရောက်သောအခါ ဘိုးတော် ဦးဝိုင်းအား သံတော်ဦး တင်သည်မှာ ဦးတေတေး ဆိုသော ပုဂ္ဂိုလ်သည် ဖိုးသူတော်လည်း မဟုတ်ပါ၊ လူပညာရှိလည်း မဟုတ်ပါ၊ရဟန်းပုဂ္ဂိုလ်တပါးသာ ဖြစ်ပါသည်။ထို ဦးတေတေးဆိုသော ပုဂ္ဂိုလ်သည် စာကိုမကိုင် မှု၍နှီးရက်ရင်း အဓိပ္ပါယ် ပြော၍ စာချပါသည်၊ညအခါတွင်လည်း ဗေဒင်စာ ချပေး၍ တွက်ချက် စေပါသည်ဘုရား ဟု လျှောက်ထားသံတော်ဦးတင်လေ၏။

ဤသို့ တင်လျှောက်လျှင် ဘိုးတော်ဘုရင်ဦးဝိုင်းသည် သဘောတော်ကျ အကြောင်းကို ကြားခါမျှနှင့် ကြည်ညိုတော်မူလျှ၍ ထူးခြားသော ပုဂ္ဂိုလ်ဖြစ်သည်။ နေပြည်တော်သို့ ကြွရောက်တော်မူရန် မောင်မင်း ကိုယ်တိုင် သွားရောက်ခါပင့်ချေ ဟု စေခိုင်းတော်မူလေ၏။

မြွေစာရေးလည်း ညောင်ကန်ရွာသို့ တဘန် လာရောက်ခါ အနောက်တိုက်သို့ သွား၍ ဦးတေတေးအား နေပြည်တော်သို့ ကြွရောက်တော်မူရန် ဘိုးတော် မင်းတရားကြီးက စေခိုင်းသဖြင့် ပင့်လျှောက်ဝံ့ပါသည်ဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ ဦးတေတေးက "အေး ငါလာချင်တဲ့ အခါ လာခဲ့မယ်" ဟု မြို စာရေးအား မိန့်ကြားတော်မူလိုက် သဖြင့် မြိုစာရေးလည်း နေပြည်တော်သို ပြန်လာခဲ့ရလေသည်။

နောက်သောအခါ ဦးတေတေးသည် နောက်လိုက်နောက်ပါ ကပ္ပိယ ဒါယကာ တယောက်နှင့် ယပ်ကြီး တချောင်းကို ကိုင်ဆောင်ခါ အမရပူရ နေပြည်တော် သို ကြွသွားရာ ကပ္ပိယ ဒါယကာ မှာလည်း ခေါင်းမကြီးတချောင်းသာ ယူဆောင်၍ လာသတဲ့။

နေပြည်တော်သို ရောက်သောအခါ ကြွရောက်တော်မူလာကြောင်းကို မိန့်ကြားတော်မမူဘဲ နန်းတော်ထဲသို ကြွသွားတော်မူရာ တံခါးနီမှ တံခါးစောင့်များက ဆီး၍ တားပါသော်လည်း မရ၊ တိုးဝင်၍သာ ကြွတော်မူလေ၏။

ထိုအခါ တံခါးစောင့်များက ဦးတေတေးအား ရဟန်းသံယာတော် ဖြစ်သည့် အတွက် မစစ်မဆေး ဝင်ခွင့်တော်ပေးလိုက်ရသော်လည်း နောက်တော်က ပါ၏သော ကပ္ပိယဒါယကာ ကိုမူကား ဘမ်းဆီး၍ထားလိုက်ကြလေ၏။

ဦးတေတေးသည်ကား နန်းတော်တွင်း ညီလာခံသဘင် ဆင်ယင်ကျင်းပရာဌာန ဘိုးတော်ဦးဝိုင်းရှိရာကျအောင် ဝင်ကြွတော်မူလေ၏။ ထိုအခါ ဘိုးတော်ဦးဝိုင်းကလည်း "ဘယ်ကဘုန်းကြီးတုံး၊ ဘာလုပ်လာဒါတုံး" ဟုဆီး၍မေးသဖြင့် ဦးတေတေးက "တကာတော်က ဘုရားစကားမပြောဘဲကိုး" ဟုမိန့်ကြားတော်မူလိုက်သောအခါမှ ဘိုးတော် ဦးဝိုင်းလည်း အကင်းပါးသဖြင့် ခဏခြင်း စဉ်းစား၍ သတိရခါ ရိပ်မိလာသောကြောင့် "အရှင်ဘုရား ဘယ်အရပ်က ကြွတော်မူခဲ့ပါသတုံး ဘုရား၊ အရှင်ဘုရား တပါးထည်းပါလား။ အရှင်ဘုရား၏ ဘွဲ့အမည်တော်က ဘယ်လို

ခေါ်ပါသတုံး ဘုရား”ဟု အရိုအသေ အလေးအမြတ်ပြုကာ လျှောက်ထားမေးမြန်းသောအခါမှ

“ညောင်ကန်ရွာက ဦတေတေးဆိုဒါ ငါ့ဖြစ်သည်။ ငါ့တယောက်ထည်း မဟုတ်၊ ငါ့နောက်က ကပ္ပိယ တယောက်ပါသေးသည်။မင်းတို့တံခါးနီက တံခါးစောင့်တွေက ဘမ်းထားလိုက်သည်ဟု မိန့်ကြားတော်မူသဖြင့် ထိုအခါမှ ဘိုးတော်ဦးဝိုင်းက ကပ္ပိယကို သွားရှာ၍ခေါ်ပါချေဟု စေခိုင်းတော်မူရလေ၏။

ဘိုးတော်ဦးဝိုင်းသည် ဦးတေတေးအား သတင်းစကားကို ကြားသိတော်မူချိန် ကပင် ကြည်ညိုလေးစား အားထားသမှု ကိုးကွယ်ဆည်းကပ်ခြင်းပြုရန် ရှည်သန်တော်မူချက်အရ တကာတော်အား သနားသဖြင့် လောက, ဓမ္မ နှစ်ဌာနအရေး ဆုမ္မ ဩဝါဒပေးတော်မူရန် နေပြည်တော်၌ အမြဲသီတင်းသုံးနေထိုင်တော်မူပါဘုရားဟု လျှောက်ထားလေ၏။

ထိုကဲ့သို့ ပင့်လျှောက်ခါ ချိန်ကာလ များမကြာခင် ဘိုးတော်မင်းတရားကြီး၏ မြောက်နန်းမတော် မိဖုယား, အိမ်ရှေ့မင်း၏ မယ်တော် “သီရိစန္ဒာ ရတနာဒေဝီ” က မဟာမုနိရုပ်ပွားတော် ဘုရားကြီး၏ အရှေ့ဘက်မှက်နှာတွင် အမိုး ဘုံ ၄ ဆင့် ရှိသော ကျောင်းမကြီး မာရဘင်ခန်းဆီးနှင့် တကွ ဦးကင် ရာဇ ပလ္လင် တည်ဆောက်ခါ ဝဲ,ယာတွင် ထီးဖြူစိုက်လျက်တွင်း,ပြင် ထက်, အောက် ရှေဘိန်းချ၍ မွမ်းမံ ဆောက်လုပ်အပ်သော ကျောင်းတော်ကြီးကို “မင်္ဂလာဘုံကျော်”ဟု ကမ္ဘည်းမော်ကွန်း ထိုးမှတ်စိုက်ထူတော်မူလတ်၍ သက္ကရာဇ် ၁၁၅၃ ခုနှစ်ပြာသိုလ္ဆန်း၁၀ ရက် အင်္ဂါနေ့တွင် “ကဝိန္ဒာဘိ သီရိသဒ္ဓမ္မ ဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု” ဘွဲ့တံဆိပ်တော်နှင့် တကွ ညောင်ကန်ဆရာတော်

ဦးရောင်ကို မင်းကေရာဇ်ကိုယ်တော်တိုင် ရှေ့ကရားဖြင့် ရေစက်သွန်းလောင်းရှိ တင်လှူတော်မူသည်။

ထိုအခါ ဆရာတော်ဦးရောင်သည် သက်တော် ၃၀, သိက္ခာတော် ၁၀, ဝါမျှရသေး၏။ "ဥာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပထမ မောင်းထောင်သာသနာပိုင် ဆရာတော်နှင့် တိုင်ပင်ဖေါ်တိုင်ပင်ဘက် ဖြစ်၏။ ဖွားမြင်တော်မူကြသော ခုနှစ်သက္ကရာဇ်လည်း တူကြ၏။

ဆရာတော် ဦးရောင်သည် မင်းအို ဆရာတော်ဘုရားကြီး၏ တပည့်အစစ် ဖြစ်သည်။ ပညာနှင့် ပြည့်စုံသည်ဟု ဆရာစဉ်ဆက် ချီးမွမ်းတော်မူကြ ကုန်၏။

**ဆရာတော် ဦးရောင် ရေးသားစီရင်တော်မူခဲ့သော ကျမ်းများမှာ**

၁။ ၅၅၀ ဇာတ်နိပါတ် ဝတ္ထုစကားပြေကျမ်း
၂။ သတိပဋ္ဌာန် နိဿယ
၃။ ဖြိုဟတ် နိဿယ
၄။ ရာဇမတ္တ နိဿယ
၅။ မဟာဝင် အဋ္ဌကထာနိဿယ
၆။ သဒ္ဒါဝေယ် နိဿယ
၇။ မင်္ဂလတ္ထ ဒီပနီ စကားပြေ
၈။ ဝံသမာလာကျမ်း
၉။ သန်ချာပကာသက စာကိုယ်နိဿယ

**မှတ်ချက်။** ။၈, နှင့် ၉နံပါတ် ကျမ်းများကို ညောင်ကန်ဆရာတော် အရှင်ကဝိန္ဒစီရင်သည်ဟု မိုင်းခိုင်မြို့စား ပိဋကတ်အုပ် နန်းမတော်ဝန်ကြီး ဦးယဲ့ ရေးသား စီရင်အပ်သော ပိဋကတ်သမိုင်း စာတမ်းမှာဆိုသည်။

ညောင်ကန် သာသနာဝံ့သမှတ်တမ်းတွင်ကား ၉နံပါတ် ကျမ်းကို ဆရာတော် ဦးသာပုံ ခေါ် အရှင် မုနိန္ဒသာရ စီရင်သည်ဟု ဆိုသည်။

ထိုဆရာတော် ဦးရောင်ခေါ် အရှင်ဂဝိန္ဒာဘိသည် ပရိယတ်အရာ ပိဋကတ် ကျမ်းဂန် အဖြာဖြာတို့ကို သင်ကြား ပို့ချခါ ရေးသားတော်မူရင်း ပဋိပတ်အရာ သမထ၊ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း တို့ကို စီးဖြန်းပွားများဆဲမှာပင် သက်တော် ၆၀, သိက္ခာတော် ၄၀,၀၀ အရ သက္ကရာဇ် ၁၁၀၃, ခုနှစ်တွင် သီတင်းသုံးတော်မူရင်း ဖြစ်သော မင်္ဂလာဘုံကျော် ကျောင်းတော်ကြီး၌ ဘဝတပါး ပြောင်းသွားပြန်လွန်တော်မူလေသည်။

ကြွင်းကျန်ရစ်သော အရိုးဓာတ်ကို မန္တလေးမြို့တောင်ပြင် ချမ်းမြသာစီ အရှေ့ပိုင်း ညောင်ကန်တိုက် အနောက်ဘက် ကပ်လျက်ရှိသော ဌာန်းစုရပ်တွင် တပည့်တကာအများတို့က စေတီတော် တည်ထား၍ ကိုးကွယ်ကြလေသည်။

ဆရာတော် ဦးရောင် အထူးပုဂ္ဂိုလ် ဖြစ်ပြီး

## ရှုတနာမဇ္ဈေကျောင်းတိုက်ခေါ်တွင် ခြင်းအကြောင်း

ရှေးအခါကာလက ငသရောက်, တူးရှင်းတိုင်ဒေသမှ မိသားတစုတို့သည် အ, နာထ ကိုးကွယ်ရာ မဲ့ကြသဖြင့် ဆင်းရဲ ငြိုငြင်ပင်ပန်းစွာရှာစည်လျှောက်၍ တောင်းရမ်းစားသောက်ခ'ါ လာခဲ့ကြရာ တနေ့သောအခါ ညောင်ကန်ရွာသို့ရောက်လာကြ၍ ရွာတွင်းမှာ တောင်းရမ်းခါ စားသောက်ကြပြီးလျှင် ညအချိန်တွင် အနောက်တိုက်၌သီတင်းသုံးနေထိုင်တော်မူသော ဘုန်းတော်ကြီး တပါး၏ ကျောင်းအောက်မှာ အိပ်စက်ကြရှာလေသည်။

ထိုညှဉ်သည် လင်, မယား နှစ်ဦးသားတို့သည် "အတ္တသမံ ပေမံ နတ္ထိ"၊ "ကိုယ်မချိတော့ အမိသော်လဲ သားတော်ခဲသည်" ဟူသော စကားအရဂုဏ်း၊ 'တောမီးလောင် သားကောင်ချုန်း' ဟူသော စကားအရ ပုထုဇဉ်တို့၏ သဘာဝအတိုင်း ဆင်းရဲခြင်း

# ဆရာတော်ဦးရောင်၏ အရိုးအိုးဘုရား



ဟူသည့် လောကဝံ လှိုင်း၏ ပုတ်ခတ်ခြင်းဒဏ်ကို မခံနိုင်ကြရ ကား "သားတို့ရုပ်ရည်သီတာမည်သားရေကြည်ချမ်းမျှ တပေါက် ကျက်မိဘတို့ဝမ်း ငြိမ်းစတမ်း" ဟူသော စကားအရ အေးငြိမ်းမှု မရနိုင်ရှာကြသဖြင့် "လောကအားလုံးမိဘတို့ထုံ သား,သမီးကို မုန်းတယ်လို့မရှိဘူး" ဆိုသော စကားကိုလည်းမစဉ်းစားမဆင် ခြင်နိုင်တော့ဘဲ ချစ်စွာသော သားကလေးကို ကျောင်းအောက် တွင် ပစ်ခါ ထားခဲ့ကြရှာလေသည်။

ဤကဲ့သို့ ဆင်းရဲသည့် ဖြစ်အင်ကို မည်သူ့ကို အပြစ်တင်မည် နည်းဟု မေးလျှင် "ဘယ်သူမပြု မိမိမှ" ဆိုသည့် အတိုင်း ဗမာ ကိုယ်ကိုပင် အပြစ်တင်ရပေလိမ့်မည်။

ထိုကဲ့သို့ ဆင်းရဲရခြင်း၏ အကြောင်းနှင့် ဆက်စပ် တိုက်ဆိုင် သော ဒါနစကား အနည်းငယ်ကို ထည့်သွင်းရေးသား လိုက် ဦးအံ့။

ဆင်းရဲဒါဟာ ဘာကြောင့်လဲလို့မေးရင် ပစ္စည်းဥစ္စာမရှိလို့ ဖြေမှာဘဲ၊ ပစ္စည်းဥစ္စာ ဘာကြောင့် မရှိသလဲ မေးလျှင် လွန်ခဲ့တဲ့ အတိတ်ဘဝတွေက ပေးကမ်းလှူ၊ဒါန်းခြင်း ဆိုတဲ့ ဒါနမှု မရှိခဲ့ လို့ပေါ့။

အဲဒါကြောင့် ဘုရားရှင်က "ဒါနတော ဘောဂဝါ" ဟု ဟောကြားတော်မူသည်မဟုတ်ပါလား။ ပေးလှူ၊ခြင်းဆိုတဲ့ ဒါန မှုရှိမှ ပစ္စည်းဥစ္စာနှင့် ပြည့်စုံနိုင်သည်၊ မရှိလို့မလှူ၊နိုင်-မလှူ၊နိုင် လျှင် မရှိမှာအမှန်ဘဲ။

လောကကြီးမှာ ချမ်းသာတယ် ဆိုတာက ပစ္စည်း ဥစ္စာနှင့် လည်းပြည့်စုံမှ သား,သမီးစသော အခြွေအရံနှင့်လည်း ပြည့်စုံမှ ချမ်းသာနိုင်ကြသည်။

ဤကဲ့သို့ ၂ ပါးစုံအကျိုးများကို ခံစားရရှိနိုင်ကြစေရန် ဘုရားရှင်က ပုဂ္ဂိုလ် ၄ မျိုး ခွဲခြားပြီးခါ ဟောကြားတော်မူခဲ့သည်မှာ-

၁။ ဤလောကဌ အချို့သောသူသည် မိမိသာ ပေးလှူ၍ သူတပါးကို ပေးလှူရန် မတိုက်တွန်း မနှိုးဆော်။ ။ထိုပုဂ္ဂိုလ်မှာ အကျိုးပေးသောအခါ ပစ္စည်းဥစ္စာနှင့်သာ ပြည့်စုံ၍ သား,သမီး စသော အခြေအရံမရှိ ဖြစ်တတ်သည်။

၂။ အချို့သော သူသည် မိမိကား မပေးလှူ- တပါးသူကို သာ ပေးလှူရန်တိုက်တွန်းနှိုးဆော်သည်။ ။ထိုပုဂ္ဂိုလ်မှာ အကျိုးပေးသောအခါ ပစ္စည်းဥစ္စာမရှိဘဲ သား,သမီးစသောအခြေအရံများသာ ပေါများတတ်သည်။

၃။ အချို့သော သူသည် မိမိကိုယ်တိုင် လည်း ပေးလှူ၏- တပါးသူကိုလည်း ပေးလှူရန်တိုက်တွန်း နှိုးဆော်၏။ ။ထိုပုဂ္ဂိုလ်မှာအကျိုးပေးသောအခါ ပစ္စည်းဥစ္စာနှင့်လည်းပြည့်စုံ၏-သား, သမီး စသော အခြေအရံတို့နှင့်လည်း ပြည့်စုံနိုင်၏။

၄။ အချို့သော သူသည် မိမိ ကိုယ်တိုင်လည်း မပေးလှူ- တပါးသူကိုလည်းပေးလှူရန် မတိုက်တွန်းမနှိုးဆော်။ ။ထိုဂ္ဂိုလ်မှာ အကျိုးပေးသောအခါ-ပစ္စည်းဥစ္စာလည်း မရှိ-သား, သမီး စသော အခြေ အရံ လည်း မရှိ တယောက်ထည်းသာ ဖြစ်၍ လူတကာတို့၏ ထမင်းကျန်, ဟင်းကျန် များကို တောင်းစား၍ အရပ်တပါးသို့ လှည့်လည်သွားလာရတတ်၏။

**မှတ်ချက်။** ။ ထိုပုဂ္ဂိုလ် ၄ မျိုးတို့တွင် ပထမ,ဒုတိယ,စတုတ္ထ ပုဂ္ဂိုလ်မျိုးမဖြစ်ကြစေဘဲ၊ တတိယ ပုဂ္ဂိုလ်မျိုး ဖြစ်ကြစေရန် သတိထား၍ ကြိုးစားကြပါကုန်။

နံနက်မိုးသောက် အလင်းသို့ ရောက်လတ်သော် ကလေးငိုသံကြား၍ ဘုန်းတော်ကြီးဘုရား က အနီးအပါးသို့ ကပ်ခါ

ကြည့်ရှုတော်မူရာတွင် ယောက်ျားကလေး ဖြစ်သည်ကို မြင်လျှင် သားရင်းအသွင် စိတ်၌ထင်ခါ ကြင်နာသမျှ ယုယပိုက်ထွေးစောင့်ရှောက်၍ အစဉ်မွေးခဲ့ရာ ကလေးသူငယ် ဘဝမှ ကျောင်းသားအရွယ် သာမဏေ ဘဝသို့ ကျအောင် အဝတ်အစား မနွမ်းပါးစေရာတတ်သင့်တတ်ထိုက်သော စာပေ အဝဝတို့ကိုပါ သင်ကြားပို့ချ၍ ပေးတော်မူသည်။

ဤနေရာတွင် ရဟန်းတော် ဖြစ်လျက် ဘယ်အတွက်ကြောင့် ချစ်ခြင်းမေတ္တာ သံယောဇဉ် ဖြစ်ရပါသနည်း ဆိုလျှင် ဘုရားရှင် ဟောကြားတော်မူအပ်သည့်

**ပုဗ္ဗေ သန္ဓိ ဝါသေန၊ ပစ္ဆာပ္ပဒန္ဓိ ဟိတေန ဝါ။**

**ဧဝံ တံ ဇာယတေ ပေမံ၊ဥပ္ပလံ ဝ ယထောဒကေ။ ။ဟူသော ဒေသနာတော်နှင့် အညီ ဖြစ်ရပေသည်။**

ထို ဂါထာ၏ သိမှတ်ဖွယ်ရာ အဓိပ္ပါယ်မှာ

၁။ ရှေးဘဝ၌ ဆွေမျိုးပေါက်ဖော် တော်စပ် ကျွမ်းဝင်ဖြစ်ဘူးအင်ကြောင့်ရင်း။

၂။ ယခု ဘဝ၌ အကျိုးစီးပွားကို ဆောင်ရွက်လှသော ကြောင့်ရင်း။

ဤအကြောင်း ၂ ပါးဖြင့် ချစ်ခြင်းတရားသည် ဖြစ်၏။ဥပမာ ရေ၌ ပေါက်သော ကြာကဲ့သို့တည်း။

ထိုဒေသနာတော်မှာ အကြောင်း ၂ပါး ဟောကြားတော်မူရာ ပထမ ဖြစ်သော အကြောင်းကြောင့် မြင်လျှင် မြင်ခြင်း ချစ်ခြင်းမေတ္တာ သံယောဇဉ် ဖြစ်ရရှာလေသည်ဆိုလျှင် လွဲမှားစရာ မမြင် အမှန်ပင်တည်းဟု သတိချပ်၍ သိမှတ်ကြစေလိုသည်။

ထိုသူငယ်သည် သာမဏေဘဝနှင့် သာသနာ့ဘောင်မှာ မပျော်ပိုက်လှသဖြင့် လူဝတ်လဲ ပြီးလျှင် ဆရာ ဘုန်းတော်ကြီး

ထံတွင် ခွင့်ပန်လျှောက်ထား၍ နေပြည်တော်သို့ ထွက်ခွါသွားခါ ဆင်ဝန်မင်း အနီးအပါးမှာ ခစားနေစဉ် ဘုရင်မင်းမြတ်၏ မဂ်လာဆင်တော်သည် စွဲကပ်သောဝေဒနာကြောင့် အစာမစားဘဲနေသည်ကို အမိန့်တော်နှင့်မောင်းကျော်ခတ်ခါ အစာစားအောင်ကျွေးနိုင်သူကို ရှာဖွေရာ အများတကာတို့ ကျွေးကြပါသော်လည်း မစား၊ ဆင်ဝန်မင်းထံ ခစားသော လုလင်ပျိုကျွေးမှ စားလေသည်။

ဤကဲ့သို့မဂ်လာဆင်တော် အစာစားသည်ကို မြင်လေသော် မင်းတရားကြီးက အားရ နှစ်သက်တော်မူလှသဖြင့် ဆုလာဘ်တော်အများ ပေးသနားရုံတွင်မက တိုင်ပင်ဆွေးနွေးမေးမြန်း၍ ကောင်းလှသောကြောင့် မင်းတိုင်ပင် ရာထူးနှင့် တူမျှသော "မင်းစော်တဖေါ်" ဟူသော ဘွဲ့ကိုပါ ပေးသနားတော်မူသည်။

ထို့နောက်များမကြာခင် "သူတည်းတယောက်၊ ကောင်းဘို့ရောက်က၊ တယောက်သူမှာ၊ ပျက်မြဲသာတည်း" ဟူသော စကားနှင့်အညီ ဆင်ဝန်မင်းမှာ ရောဂါဝေဒနာ ပြင်းထန်စွာ ကပ်ရောက်လာသဖြင့် သေဆုံးပျက်စီးရရှာလေသည်။

ဆင်ဝန်မင်းပျက်စီးသောအခါ "မင်းစော်တဖေါ်" မှာဆင်ဝန်မင်း၏ရာထူးကို ဘုရင်မင်းတရားကြီးကပေးသနားတော်မူသဖြင့် ထိုအချိန်ကစ၍ ဆင်ဝန်မင်းဖြစ်ရလေသည်။

မင်းစော်တဖေါ်သည် လိမ္မာပါးနပ် သူ့ကျေးဇူးကို သိတတ်သောသူဖြစ်၍ မမေ့အပ် အရပ်သုံးပါးကို စဉ်းစားဆင်ခြင်ခါ သဘော ထားမိသဖြင့် ငယ်ရွယ်စဉ် အခါက မိမိကိုကျွေးမွေးသုတ်သင်ဝတ်စားဆင်ပြီးလျှင် ပညာသင်ကြား၍ ပေးခဲ့ဘူးသော ဆရာသခင် ကျေးဇူးရှင်ကို ကျေးဇူးဆပ်သည့်အသွင် ကျောင်ကြီးဆောင်လုပ်၍ တင်လှူ၊လေသည်။

# ရတနာမဉ္ဇူဘုရား



ဂိုဏ်းအုပ်ဆရာတော်ဦးမိုးနိုင်ကိုအမှူးထား၍
ညောင်ကန်တိုက်နယ်ရှိ ဒါယကာ,ဒါယိကာမ ကြီး,ငယ်တစုတို့က
၁၂၀၅ ခုနှစ်က အသစ်တဘန် ထပ်မံပြုပြင်ထားသည်။

ထိုကျောင်းတော်ဦးဌာနလည်း ထူးမြတ်ကြီးကျယ် ကြည်ညိုဖွယ်ဖြစ်သော စေတီတော်ကြီးကိုတည်ပြီးခါ လိုဏ်ဂူတော် အတွင်းမှာ ရုပ်ပွါးတော် တဆူသွင်းပြီးလျှင် ဘေးပတ်လည်တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်တို့နှင့်တကွ အသီတိရှစ်ကျိပ်ရဟန္တာ အရှင်မြတ်တို့၏ရုပ်ပွားတော်တို့ကိုပါ-ကျောက်သားဖြင့်ထုလုပ်ခါ ဥမင်လိုဏ်ဂူတော်တွင်းမှာ သွတ်သွင်း၍ ပူဇော်ပါသည်။

ကျေးဇူးရှင်ဘုန်းတော်ကြီး၏ ဘွဲ့အမည်မှာ "ဦးမဇ္ဈ" ဖြစ်၍ ဘုရား၏ဘွဲ့တော်ကို "ရတနာမဇ္ဈဘုရား" ဟု ကမ္မည်းထိုးလေသည်။

ထိုဘုရားကို အကြောင်းပြု၍ ကျောင်းတိုက်အမည်မှာလည်း "ရတနာမဇ္ဈ။ကျောင်းတိုက်" ဟူ၍ သမိုက်ဝေါဟာ ခေါ်တွင်ပါသည်။

မင်းစော်တဖေါ်သည် ကျောင်း,ဘုရားစေတီတို့ကိုတည်ထား လှူဒါန်း ပြီးနောက် နေပြည်တော်သို့ ရောက်သော အခါ ညောင်ကန်ရွာတွင် တည်ထား ကိုးကွယ်အပ်သော ရတနာမဇ္ဈ။ ဘုရားနှင့်တကွ သံဃာတော် အရှင်မြတ် တို့အား မင်းတရားကြီး၏ကိုယ်စား စာရေးတံဆွမ်း လှူဒါန်းပူဇော်လိုပါကြောင်းကို ခွင့်တောင်းအမိန့်တော်ခံရာ အခြားတပါးသော မှူးမတ်တို့လွယ်ကူစွာ အမိန့်ခံခြင်းငှါ မစွမ်းနိုင်သည့်အရာကို ကျေးဇူးကြီးသော အမတ်ဖြစ်၍ ချစ်ကြည်တော်မူလတ်ရကား "ငါ၏ကုသိုလ်တော်ပွါး စာရေးတံ ကုသိုလ်တော် များကို မောင်မင်းအားပေးသနား၏ လေးစားစွာပြုလုပ်စေ" ဟူသောအမိန့်ကို နှစ်သိမ့်စွာ ပေးတော်မူလေသည်။

မှတ်ချက်။ ။ရှေးအခါက ဝါခေါင်လတွင် ကျင်းပပြုလုပ် အပ်သော စာရေးတံပွဲ အလျှုဆိုသည်မှာ ဘုရင်မင်းမြတ်တို့၏ အရာကုသိုလ်တော် မျိုးသာ ဖြစ်ချေသည့် အခြားသော သူများ ပြုလုပ်လျှုဒါန်းလိုက အင်နှံ့တော်ခံရသည်။

အမိန့်တော်ရရှိသော နှစ်ကစ၍ စာရေးတံပွဲကို ရတနာမဉ္ဇူ။ ဘုရားမှာ နှစ်စဉ် ထာဝရ ကျင်းပပူဇော်ခဲ့ကြရာ နောက်သော အခါ ညောင်ကန်ရွာမှ ဦးတာသည် ပုခနဲးအတွင်းဝန် ဖြစ်၍ သီရိနန္ဒာကန်တော်ကြီးကို အမိန့်တော်နှင့် ပြင်ဆင် ပြီးစီးသော အခါ စာရေးတံပွဲကို ကန်တော်ကုန်းသို့ ရွှေ့ပြောင်းကျင်းပ ခဲ့လေသည်။

ဝန်မင်း ဦးတာ မရှိသည့် နောက်အခါတွင် ညောင်ကန်ရွာ အုပ်ကြီး "မင်းရဲခေါင် ဗလသူရ" အမည်ရှိသော "ဦးယာက" ညောင်ကန်ရွာရှေ့ ရှစ်မျက်နှာကျောင်းတိုက်သို့ တဘန် ရွှေ့ ပြောင်း၍ ကျင်းပခဲ့ပြန်သည်။

ထိုမှတဆ ညောင်ကန်ရွာတွင် သူကြီးဦးထွန်းအောင်လက်ထက် သို့ရောက်သော အခါကစ၍ ရှစ်မျက်နှာကျောင်းတိုက်မှာ နေရာ ထိုင်ခင်းကျဉ်းသည့်အတွက်ယခုထက်တိုင် နှစ်စဉ် ထာဝရကျင်းပ ပြုလုပ် နေကြသည့် ညောင်ကန်ရွာ တောင်ဘက်ရှိ မောဂ္ဂလာန် ကျောင်းတိုက်သို့ တဘန်ပြောင်းရွှေ့လျက်နေပွဲ,ညပွဲချိမ့်ချိမ့်သဲမျှ ဆင်နွဲကျင်းပ ပူဇော် နေကြသည်။

ရတ္တနာမဉ္ဇူ။တိုက် ခေါ်တွင်ခြင်း အကြောင်း ပြီးပြီ။

## (၄) ဆရာတော် ဦးယာ အတ္ထုပ္ပတ္တိ

ညောင်ကန်သာသနာဝင်ဆရာစဉ်ဆောင်ပုဒ်လက်ဘဋ္ဌအပါ အာဝင်ဖြစ်သော စတုတ္ထမြောက် ဆရာတော်ဦးယာ၏အကြောင်း

ကို သာသနာဝံသ မှတ်တမ်းဌာ အနည်းငယ်မျှ မပါ်မရှိ မတွေ့မြင်ရသည့်အတွက် မကျေနပ်သဖြင့် လောကီ,လောကုတ္တရာ ပညာဗဟုသုတ အမှတ်အသားများသော သက်ကြီး ဝါရင့် ပုဂ္ဂိုလ်တို့ထံ မေးမြန်း စုံစမ်းသော်ငြားလည်း ပြည့်စုံ လုံလောက်စွာ မကြား မသိရပါ။

သို့အတွက် ထိုထိုကျမ်းစာတို့ဌာ ရှာဖွေကြည့်ရှုရာ ကုန်းဘောင်မင်း လက်ထက် မန်းကျည်းချောင်းရွာ တတိယနံမော်ဆရာတော် "အရှင်ဝိနန္ဒာသဘ"သည် သက္ကရာဇ် ၁၁၉၉ ခုနှစ်က ရေးသားစီရင်တော်မူအပ်သော "သီလဝိသောဓနီကျမ်း" စာမျက်နှာ နံပါတ် ၁၅၉ ဌ-

အမရပူရ ပထမ မြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးက ညောင်ကန်ဆရာတော်ကို " ကဝိန္ဒာဘိ သဒ္ဓမ္မဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဟူသောအမည်ဖြင့် ကိုးကွယ်တော်မူသည်။ မင်္ဂလာဘုံ ကျော်ကျောင်းတော်ကြီးကိုလည်း တင်လှူသည်။

ဆရာတော်ဦးယာကို 'ပညာသီဟ မဟာဓမ္မ ရာဇဂုရု' ဟူသော အမည်ဖြင့် ကိုးကွယ်တော်မူသည်။ ဂုကြီးတိုက်ကိုလည်း ကူးတို့ဆိပ် ဆရာတော်ဘုရားကြီး၏ အစွမ်းရှိ၍ နိဿယည်း ပေးနေစေတော်မူသည် ဟူ၍ဌင်း။

ဌာနန္ဒာရာပတ္တာ အရာအထူးသို့ ရောက်တော်မူကြသော ဆရာတော်ဘုရားကြီးတို့၏ ဂုဏ်ကျေးဇူးတော်ကို အထူးပြု၍ ချီးကြူးရာ၌ညောင်ကန်ဆရာတော် "ဦးယာ" ဥာဏ်ကောင်းလှသည်ဟု ပြောကြသည် ဟူ၍ဌင်း၊ ရေးသားထားသည်ကို တွေ့မြင်ရသည်။

ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး စာမျက်နှာ ၇၂၆ ဌ၌လည်း ဂုကြီးဆရာတော် တပါး ရှင်ပညာသီဟ ကို

"ပုညဝေ မဟာဝမ္မ ရာဇဂုရု"ဘွဲ့တံဆိပ်ကို ကပ်လှူတော်မူသည်ဟု ပါရှိလေသည်။

ထိုမှ တဖြာ ညောင်ကန် ဆရာတော်ပေါင်း မျိုးစုတို့၏ အကြောင်းအရာကို ပြဆိုရာတွင် သက္ကရာဇ် ၁၂၁၃ ခုနှစ်က "မင်းလှ သီရိ သီဟသူ"ရေးသားအပ်သော ရှေးနှောင်း ထင်ပေါ် ဆရာတော် ၁၀၅ ပါး အတ္ထုပ္ပတ္တိအကျဉ်ချုပ် မှတ်တမ်းနံပါတ်စဉ် ၅၆ ၌ အောက်ပါအတိုင်း တွေ့မြင်ရလေသည်။

သက္ကရာဇ် ၁၁၂၁ ခုနှစ်တွင် ဘွားမြင်တော်မူသည်။ နံတော်ကြာသပတေး၊လူမည်ဦးယာ၊ အသက်စေ့တွင် ရဟန်းပြုသည်။ ရဟန်းမည် ရှင်ပညာသီဟ။

အမရပူရရွှေမြို့တော်အနောက်မျက်နှာ (ပုထိုးတော်ကြီး အနောက်ဘက်ရှိ)ဂုကြီးတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသည်။

သက္ကရာဇ် ၁၁၆၃ ခုနှစ်သို့ ရောက်သောအခါ လူထွက်၍ "သီရိနန္ဒသင်္ကြီ"ဟူသော ဘွဲ့အမည်နှင့် မဟာဒါန်ဝန်ခန့်သည်။

ဂုင်းနောက် သက္ကရာဇ် ၁၁၇၆ ခုနှစ်သို့ ရောက်သောအခါ မုတ္တမမြို့ရုံးတွင် တလိုင်း ယိုးဒယားတို့က သတ်၍ သေဆုံးရလေသည်။

ဤကဲ့သို့ တွေ့မြင်ရသည့်အတွက် ထိုဆရာတော် ဦးယာသည် ပင်လျှင် ညောင်ကန် ဆရာတော် ဦးယာ ဖြစ်လိမ့်မည်ဟု ယူဆမိပေသည်။

**မှတ်ချက်။** ။ထိုဆရာတော် ၁ ၀ ၅ ပါးမှတ်တမ်းကိုရေးသားသူကဆရာတော် ဦးယာ၏ ဇာတိကို ပြဆိုရာ၌ ( ဒွါရာဝတီ ယိုးဒယားမြို့) ဟု ပါရှိသည်မှာ စဉ်းစားစရာပင်။ လွဲမှား၍ နေသည်ဟု ထင်သည်။

ဆရာတော် ဦးယာ၏အကြောင်းကို ရှာဖွေကြည့်ရှုရာ ဤမျှ လောက်သာ တွေ့မြင်ရသဖြင့် ဗဟုသုတရှင်များ ဆင်ခြင်၍ မှတ်သားကြစေလိုပါသည်။

ဆရာတော် ဦးယာ အထူးပုံတို့ ပြီးပြီ။

## (၅) ဆရာတော် ဦးသာပုံ အထူးပြတို့

ဆရာတော်ဦးသာပုံသည် သက္ကရာဇ် ၁၁၃၁-ခုနှစ်တွင် ဗဒုံမြို့ကျေး(ရွှေးအခေါ်)ယခုအခါ မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ၌ ဖွားမြင်တော်မူသည်။

(မိဘတို့၏အမည်ကို ညောင်ကန်သာသနဝံသ မှတ်တမ်း၌ မပါ မရှိ၍ မသိရ။)

ငယ်ရွယ်စဉ်အခါ မိဘတို့မှည့်ခေါ်အပ်သော အမည်မှာ မောင်သာပုံ ဖြစ်သည်။

**မှတ်ချက်။** ။ ထိုမောင်သာပုံသည် ဆရာတော် အရှင်သဒ္ဓမ္မရံသီ၏ တပည့်ဖြစ်သင့်သည်။အဘယ့်ကြောင့်ဆိုသော် မင်းအို ဆရာတော်ဘုရားကြီးသည် သက္ကရာဇ်၁၁၃၈-ခုနှစ်တွင် နေပြည်တော်သို့ ကြွသွားတော်မူရာ ထိုအခါ မောင်သာပုံသည် ၇ နှစ်သားမျှသာ ရှိသေးသော ကြောင့်တည်း။

မောင်သာပုံ ရှင်ဖြစ်သောအခါ ဘွဲ့မည်မှာ ရှင်မုနိန္ဒတည်း။ ရဟန်းဖြစ်သောအခါ ဘွဲ့တော်မှာ "အရှင်မုနိန္ဒသာရ"တည်း။

ထိုအရှင်မုနိန္ဒသာရသည် ကျောင်းသားဘဝ,သာမဏေဘဝ, ရဟန်းဘဝတို့တွင် သင်ကြားတတ်မြောက်အပ်သော လောကီ လောကုတ္တရာ ပိဋကတ်ကျမ်းဂန် အဖြာဖြာတို့ကို သင်ကြားတတ်မြောက်ခြင်းတော်မူသောအခါ၊ ညောင်ကန်ရွာ၌ပင် စာသင်သား

ဖြစ်သော ရဟန်း,သာမဏေတို့အား နေ့ဝါ, ည၀ါ စာပေ ကျမ်းဂန်အဖြာဖြာတို့ကို သင်ကြားပို့ချခါ သီတင်းသုံးနေထိုင်တော်မူသည်။

ဆရာတော်အရှင်မုနိန္ဒသာရသည် ဆရာတော် ဦးဗုဒ်၏ ဒုတိယ ဆရာဖြစ်သည်။ထိုဆရာတော်၏အထံတွင်ရဟန်းပြုရာ ဆရာတော် ကိုယ်တိုင် အနုသာသနအဖြစ်ဖြင့် ရဟန်းလောင်း ဆုမ္မတော်မူ သည်။

ထိုဆရာတော် အရှင်မုနိန္ဒသာရသည် ကစ္စာယနဘေဒနိဿယ, သဒ္ဒါ၀ပကာသကနိဿယ,ဝိနည်း၅ကျမ်းအဌကထာ၏အဓိပ္ပါယ် ဖြစ်သော စာမျက်နှာ ၄၇၆ ရှိ ဝိနယသာရ ဂဏ္ဌိ ကျမ်းများကို ရေးသားစီရင်တော်မူသည်။

ဆရာတော်အရှင်မုနိန္ဒသာရသည်နောက်သောအခါ အမရပူရ နေပြည်တော်သို့ကြွရောက်ခါ သီတင်းသုံးနေထိုင်တော်မူကြောင်း ကို ဝိနယသာရ ဂဏ္ဌိကျမ်းတွင်(အမရပူရမြို့ မင်္ဂလာဘုံကျော် ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသော “ မုနိန္ဒ၀ရ ပရမဓဇ . မဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ မုနိန္ဒသာရ တွင်ခေါ်ညောင်ကန်ဆရာတော် ဘုရားကြီးရေးသား စီရင်တော် မူအပ်သော ဝိနည်း၀ါးကျမ်း အဌကထာ အဖွင့် ဝိနယသာရ ဂဏ္ဌိကျမ်း)ဟု ပြဆိုလျက်ရှိသည်။

ထို့ကြောင့် ဦးသာပုံခေါ် အရှင်မုနိန္ဒသာရသည်ညောင်ကန် ရွာတွင် သီတင်းသုံးနေထိုင်တော်မူစဉ်က ရာဇဂုရုဘွဲ့တံဆိပ်တော် မရသေးဘဲ နောင်သောအခါအမရပူရနေပြည်တော်သို့ကြွရောက် သီတင်းသုံးနေထိုင်တော်မူမှ ရာဇဂုရု ဘွဲ့တံဆိပ်အလှူ ဆက်ကပ် ခြင်း ခံတော်မူရဟန် တူသည်။

# ဆရာတော် ဦးသာပုံ အတ္ထုပ္ပတ္တိ ၈၁

(ထိုဆရာတော်သည် အသက်သိက္ခာတော် မည်၍မည်မျှ နေရကြောင်း မည်သည့် ခုနှစ်သက္ကရာဇ်တွင် ပြန်လွန်တော်မူကြောင်းများကို ညောင်ဇန် သာသနာဝံသ မှတ်တမ်းတွင် မပါမရှိ၍ မသိရပေ။)

ဆရာတော် အရှင်မုနိန္ဒသာရသည် ညောင်ကန်ရွာဇာတိဖြစ်ကြောင်းနှင့် အမရပူရမြို့တော်၏ အရှေ့မြောက် မဟာမုနိဘုရားကြီး၏ အရှေ့မျက်နှာတွင် တည်ရှိသော မင်္ဂလာဘုံကျောက်ကျောင်းတိုက်အတွင်း အိမ်ရှေ့မင်း၏ မယ်တော်က ဆောက်လုပ်လှူဒါနိုးအပ်သော ဘုံ၄ ဆင့်ရှိသည့် ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူစဉ် ဝိနယသာရဂဏ္ဌိကျမ်းကို ရေးသားစီရင်တော်မူရာ သက္ကရာဇ် ၁၁၄၆-၃ တော်သလင်းလဆန်း ၅ ရက်နေ့က အလိုရှိတိုင်း ပြီးစီးအောင်မြင်ကြောင်းများကို ၎င်းကျမ်းပြီးနိဂုံး ဂါထာနံပါတ် ၃,၄,၅,၆,၇,၈ တို့ဖြင့် ရေးသားပြဆိုတော်မူခဲ့လေသည်။

**၃၊ တဿ ဥတ္တရနိဿိတေ၊ ပန္ဆိမေ ပဠိယောဇနေ။**
**ဗောဓေဘိဒ္ဓယော ဂါမေ၊ သဇ္ဇသေဋ္ဌော မနောရမော၊**
**၄၊ ကတပုညာနု မာဝါသော၊ အဒ္ဓကုလသမာဂတိဏ္ဍော။**
**တိဏ္ဍတိဏ္ဍောစ တသ္မိံဟိ၊သမ္မာ ဇာတေန ဇာတိယာ။ ။**

တဿ နဂရဿ၊ ထိုအရမပူရပြည်မြို့တော်၏။ ဥတ္တရနိဿိတေ။ မြောက်သို့ ယွန်းသော။ ပဠိယောဇနေ၊ ၁၂ဝ်ယူဇနာ ရှိသော၊ ပန္ဆိမေ၊အနောက်အရပ်၌။သဇ္ဇသေဋ္ဌော၊ရွာတကာတို့ထက်မြတ်သော။ မနောရမော၊ နှလုံးမွေ့လျော်ဘွယ် ရှိထသော။ ကတပုညာနုံ၊ ပြုအပ်ပြီးသော ကောင်းမှု ရှိသော သူတို့၏။ အာဝါသော၊ နေရာဖြစ်ထသော၊အဒ္ဓကုလသမာဂတိဏ္ဍော၊ကြွယ်ဝကုံလုံပြည့်စုံသောအမျိုးတို့ဖြင့် ပြွမ်းထသော။ တိဏ္ဍတိဏ္ဍောစ၊ နိဗ္ဗာန်ကူးရာ ဆိပ်သဘွယ်လည်း ဖြစ်ထသော။ ဗောဓေ ဘိဒ္ဓယော၊

ညောင်ကန် အမည်ရှိသော။ယော ဂါမောအကြင်ရွာမြတ်သည်။ အတ္ထိ၊ရှိ၏။တသို့ဟိ-တသို့ဝေ၊ထိုညောင်ကန်ရွာမြတ်၌ ပင်လျှင်။ ဇာတိယာ၊ ပဋိသန္ဓေ အားဖြင့်။ သမ္ဘာ၊ကောင်းစွာ၊ ဇာတေန၊ ဖြစ်ထသော။ ။ ဤမှ ကြင်းသည်ကို ကျမ်းရင်း၌ ကြည့်ရှု ကြ ပါကုန်။

**ဆရာတော် ဦးသာပုံ အတ္ထုပ္ပတ္တိ ပြီးပြီ။**

---

## (၆) ဆရာတော် ဦးမှတ်ကြီး အတ္ထုပ္ပတ္တိ။

ဆရာတော် ဦးမှတ်ကြီးသည် သက္ကရာဇ် ၁၁၃၅ ခုနှစ်တွင် ဗဒုံမြို့ကျေး(ရှေးအခေါ်)ယခုအခါ မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ၌ ဖွားမြင်တော်မူသည်။

(မိဘဘိုး၏ အမည်ကို ညောင်ကန် သာသနာဝံသ မှတ်တမ်း၌ မပါမရှိ၍ မသိရ။)

ငယ်ရွယ်စဉ် အခါ မိဘတို့က မှည့်ခေါ်အပ်သော အမည်မှာ မောင်မှတ်ကြီးဖြစ်သည်။

မောင်မှတ်ကြီးသည် ဆရာတော် အရှင်သဒ္ဓမ္မရံသီ၏ တပည့်ဖြစ်သည်။ အာဘယ်ကြောင့်ဆိုသော် မင်းဒဲဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၁၃၀ ခုနှစ်တွင် နေပြည်တော်သို့ ကြွသွားတော်မူရာ ထိုအခါ မောင်မှတ်ကြီး၏ အသက်မှာ ၃ နှစ်မျှသာ ရှိသေးသောကြောင့် တည်း။

မောင်မှတ်ကြီး သာမဏေပြုသောအခါ ရှင်မည်မှာ "ရှင်နရိန္ဒ" တည်း။ ရဟန်းဖြစ်သောအခါ ရဟန်းဘွဲ့တော်မှာ "အရှင်နရိန္ဒာဘိ"တည်း။

အရှင်နရိန္ဒာဘိသည် ကျောင်းသား ဘဝ, သာမဏေ ဘဝ, ရဟန်းဘဝ တို့တွင် သင်ကြားတတ်မြောက် အပ်သော လောကီ,

လောကုတ္တရာ ပိဋကတ်ကျမ်းဂန် အဖြာဖြာတို့ကို သင်ကြားတတ်မြောက်တော်မူသောအဓါညောင်ကန်ရွာ၌ပင် စာသင်သားရဟန်း, သာမဏေ အများတို့အား အခြေပါဒ ဖြစ်အောင် သင်ကြားပို့ချခါ သီတင်းသုံး နေထိုင်တော်မူသည်။

ထိုဆရာတော် အရှင်နရိန္ဒာဘိသည် ပိဋကတ်, ဗေဒင်ကျမ်းကျင်တော်မူသည်ဖြစ်၍ ရာဇဝမ္မလောကစသော အမှုတို့၌ လိမ္မာတော်မူလှသည်ဟု ညောင်ကန် သာသနာဝံသမှတ်တမ်းတွင် အထူးပြု၍ ချီးကြူးရေးသားထားသည်။

ထိုမှတပါး ကဗျာလင်္ကာအရေးအသားတွင်လည်း အပိုအလိုမရှိ၊ အတိအကျ ချောမောပြေပြစ်စွာရှိအောင် ရေးသားတော်မူနိုင်လေသည်။

ဆရာတော် အရှင်နရိန္ဒာဘိသည် ကဗျာလင်္ကာ မေတ္တာစာတို့ကို ရေးသား၍ ရတနာပူရ စတုတ္ထ မြို့တည် ( နောင်တော်ကြီးခေါ်သော)ဖာလ်နန်းရှင် မင်းတရားကြီးထံ မေတ္တာစာရေးသားဆက်သွင်းစေရာ-

ဘကြီးတော် မင်းတရားကြီးက ကဗျာလင်္ကာ မေတ္တာစာ အရေးအသားကောင်းလှသဖြင့် ကြည်ညိုတော်မူသောကြောင့် နေပြည်တော်သို့ ကြွရောက်ခါ သီတင်းသုံးနေထိုင်တော်မူပါမည့် အကြောင်း မဟာဒါန်ဝန်ကို စေလွှတ်၍ အပင့်ခိုင်းသည်။

ထိုအခါ ဆရာတော် အရှင်နရိန္ဒာဘိက "ငါတို့ နေပြည်တော်မှာ မင်းဆရာနှင့် တူအောင် စာမတတ်ပါ၊ မောင်ပိုးနှင့်တော်သည်။ မောင်ပိုးကိုပင့်သွားကြ၊ မောင်ပိုးလိုက်သွား" ဟု မိန့်တော်မူသောကြောင့် သက္ကရာဇ် ၁၁၀၁ ခုနှစ်တွင် ညောင်ကန်ဂိုဏ်းအုပ် ဆရာတော် ဦးပိုး သည် အမရပူရ နေပြည်တော်သို့ လိုက်ပါ ကြွရောက်တော်မူရလေ၏။

ဤကဲ့သို့ ဆရာတော် အရှင်နရိန္ဒာဘိကို နေပြည်တော်သို့ ပင့်လျှောက်မရသဖြင့် ဆရာတော်၏ ဂုဏ်ကျေးဇူးများကို နေပြည်တော်ကပင် ရည်ရော် မှန်းဆခါ "နရိန္ဒာဘိ တိသာသနဓဇ မဟာဓမ္မ ရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ထို အကြောင်းကို ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး စာမျက်နှာ ၈၂၄ တွင် (ညောင်ကန် ဆရာတော် "ရှင်နန္ဒိယ" ကို "တိသာသန ဓဇ မဟာဓမ္မ ရာဇဂုရု" တံဆိပ်ကို လှူတော်မူသည်) ဟူ၍ ပါရှိ၏။

**မှတ်ချက်။** ။ဤ၌ ဆရာတော် ဦးမှတ်ကြီး၏ "အရှင်နရိန္ဒ" ဟူသော ဘွဲ့တော်ကို "ရှင်နန္ဒ ိယ" ဟုလွဲမှား၍ရေးသားထားသည်။

ထို့နည်းမခြား အလားတူစွာ နေပြည်တော်သို့ ကြွရောက်သီတင်းသုံးတော်မူရန် ပင့်လျှောက်၍ မရသော ဆရာတော်များအား နေပြည်တော်မှ နေ၍ "ရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းကြောင်း ရှေးသူဟောင်းတို့က ပြောပြသဖြင့် တဆင့်ကြားသိရဘူးသည်။

တောင်ဘီလာ ဆရာတော်သည် ရတနာပူရ အင်းဝ နေပြည်တော်သို့ ပြန်၍ရောက်သောအခါ ရွှေဥမင်ဆရာတော်(ဇမ္ဗူ၊ ၀ဇ)၏ ဂုဏ်ကျေးဇူးကို သာလွန်မင်းတရားကြီးအား ပြောကြားသဖြင့် သာလွန်မင်းတရားကြီးသည် အလွန်ကြည်ညိုခြင်း ဖြစ်၍ (ဇမ္ဗူ၊ ၀ဇ)အမည်ရင်းတွင် 'ဒီပ' သဒ္ဒါထည့်စွက်၍ 'ဇမ္ဗူဒီပ ၀ဇ' ဟူသော ဘွဲ့တံဆိပ်ကို ဆက်ကပ် လှူဒါန်းတော်မူ၏။

ဆရာတော် အရှင်နရိန္ဒာဘိသည် ပါဠိတော်နှင့် တကွ အဋ္ဌကထာ, ဋီကာမကျန် ၀ဏ္ဏနရ အဝဝတို့ကို ကုန်စင်အောင် နှစ်ပပေါက်ရောက် တတ်မြောက်တော်မူသော်လည်း "ရာဇဝ

ဘာ ဖဟုဒေါသော၊ ဗာဟိရကမ္မဝါသိဝါ" စသည် အပြစ်ကို ဆင်ခြင်တော်မူ၍ မင်းဆရာအဖြစ်ကို အလိုမရှိ၊ မင်းဆရာ အဖြစ်သည် မင်းခစား ယောက်ျား နှင့် မထူးဟု နှလုံးပိုက်တော်မူသဖြင့် နေပြည်တော်သို့ လိုက်တော်မမူဘဲ ရပ်ရွာမှာပင် နေမြဲ နေတော်မူသတည်း။

ထို ဆရာတော် ရေးသားစီရင်သော "ပထမ တရားစာ" ဟူသော အမည်နှင့် ကျမ်းတကျမ်း ရှိသည်ဟု ဆရာကြီး ဦးထွန်း မင်း က လျှောက်ထား၍ ကြားသိရဘူးသည်။

(အင်္ဂါပေါင်း မည်မျှ ရှိသည်ဟု မသိရ။)

ဦးမှတ်ကြီးခေါ် ဆရာတော် အရှင်နရိန္ဒာဘိသည် အသက်, သိက္ခာ မည်မျှ ရှိတော်မူမှ မည်သည့် ခုနှစ် သက္ကရာဇ်တွင် ပြန်လွန်တော်မူကြောင်းကို ညောင်ကန် သာသနာဝံသ မှတ်တမ်းတွင် မပါမရှိ၍ မကြားသိရဘူးပေ။

ထိုဆရာတော် ရေသားအပ်သော "ကုလားတက် မေတ္တာစာ" ကို ဗဟုသုတ လိုလား ကဗျာလက်ဝါလိုက်စားသော ရှင်, လူအများတို့၏ အကျိုးစီးပွား အလို့ငှာ ထည့်သွင်းလိုက်ပါသည်။

## ကုလားတက် မေတ္တာစာ

ဇေယျတု။ ။ငှက် ငလွေတို့၊ ဖေါ်ကွဲ တကျော်ကျော်၊ ခေါ်သလို ငိုသလို၊ မင်းရာမ ညီအစ်ကိုတို့၊ မှော်ရုံသို့ မြိုင်အုဝဝယ်၊ ကွဲကြိုကြ အလားကဲ့သို့၊ နောင်ဘွားနှင့် မြတ်သီဖြူ။ လည်ခြင်းကျ ချစ်မပြေ၊ အိပ်မကွေ နေမပြား၊ သွားတမျှ စားအားတူ၊ချစ်ကြည်ဖြူ ခင်မင်တုံးကို၊ဘယ်ကြမ္မာ လာ၍မုံးလေသည့်၊သေမဆုံးရှင်ကွဲကြို၊ ဘရားနှင့် ဌုံလိုက်လျင်၊ မျက်ရောင်စုံ ဘုံမဟော၊ မိန့်နှုတ်သံ အနေတွင်၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ မိန့်ဟောသည့် စကား၊ အလောင်းတော် ဗောဓိဖျားတို့၊ ကြိုတွေ့ပြား ကေန်၊ ကွဲပြန်နှင့်

ကွေပြန်၊လောကမ် ဤတရားတို့ကို၊မြတ်နောင်ဘွား ဆင်ခြင်ကြ၍၊ ကြီတွေးဆ သတိယုဂ်၊ စိတ်ချုပ်လျက်ရှိပါ၏။ သို့ရာတွင် မြတ်သည်၊ ဖြူ။ကိုယ်,စိတ်နှစ်လီ၏၊ယွင်းယိုဖိတ် တည်-မတည်၊ကြည်-မကြည်၊ သာ-မသာ၊ ချမ်းသာ ရှိမည်-မရှိမည်ကို၊ စာရှည်,စာတို၊ စေ့ဆိုမရောက်၊ တခေါက် တခါ၊ မလာသောအား၊ မကြားရ၍၊ ကြားသိချင်သည့် အကြောင်းနှင့်၊ ရန်ပေါင်း လွှင့်ဖြို၊ ပြည်ကုန်းဘောင် ရွှေဘိုက၊ ပြန့်ကျိုသော စကားဖြင့် မှာကြားလိုက်ပါသည်။

မဟာန္ဓော နိန္ဒာဒေါ အဿာတိ မဟာနိန္ဒာဒေါ-ဟူသော ဝစနတ်၊ ကျမ်းမြတ် သဒ္ဒါ၊ မဟာကစ္စည်း၊ ချေနည်း မဟုတ်၊ မိန့်မြွက် ဝိဂြိဟ်၊ ဖွင့်ဆိုသည်နှင့် ညီစွာ၊ မဟာမဏ္ဍလ၊ မြေမျှုးဦးစွန်း၊ ကျွန်းတကာ့ ကသိုဏ်း၊ တိုင်းတကာ့ နှင်းရည်၊ ပြည်တကာ့ မျက်ရှု၊ သုနာပရံ၊ ကျွန်းမာရ်အောင် နိုင်တ်၊တမ္ဗဒိပ်ဟု၊ တံဆိပ်စက်ကွင်း၏ အရေးတွင်၊ မန္တလေးရွှေတောင်၏ ကြက်သရေ၊ နန်းနေ ထီးဆောင်း၊ မင်းအပေါင်းတို့၏၊ ခ,ညွှတ်ရာ၊ အမရပူရ၊ နာမထင်ပေါ်၊ ရွှေမြို့တော် ရပ်ကြီးဝယ်၊ ဘုန်းမီးနေ,လ၊ အစိုးရသော၊ ဘဝသခင်၊ အရှင်မင်းကောင်း၏ လက်ထက်၊ တုဘက် မမြင်၊ ထက်ခွင် အောက်ရှာ၊ ကြေပြာပတ်ဝန်း၊ ကျွန်း အတည်တည်၊ပြည် အစိုစို၊ မြို့အခမ်းခမ်း၊ နန်း အသီးသီး၊ ထီး အဆောင်းဆောင်း၊ ဘေးလောင်း ဘိုးကျော်၊ လက်ထက်တော်ကာ၊ မပေါ် မထင်၊ ဘက် မယှဉ်၊ တု မမြင်၊ ဗုံမောင်းတကာ့ ရှင်ဘုရင်၊ မြန်ခွင် ဦးစွန်း၊ တကျွန်း နိုင်ငံ၊ အာသံ,ဟိန္ဒူ၊ ပဿု,ပြင်သစ်၊ မဒရစ် မဒရံ၊ ရေမ ဝရာသီ၊ ဘင်္ဂလီ ဘင်္ဂလာ၊ တရုပ်ပါ လောမာ၊ ကတ္တရာ ကတ္တရီ၊ ကပ္ပလီ ကပ္ပလာ၊ ဒေါလာ ဒေါမနာ၊ မောပါ ဘရင်ကျီ၊ ဗာလီ သင်းတွဲ၊ ဥဗျ အင်္ဂလိပ်၊

ပဏ္ဍိတ် တထွေ၊ ပိသေ သရက်၊ လဟက် လဟောက်၊ လူမျိုးစုံ ရောက်ကပြီ၊ အောက်ရပ် မြေပြင်၊ မြန်ခွင် တရိုး၊ ပဲခိုး, ရန်ကုန်၊ ဒေါပုံ,ဒလ၊ ဥတ္တမ ဘင်လှီ၊ တိုင်းကြီးပြုပ္ပါ၊ မော်အာ မော်လီ၊ သာလဝီ ပိုံသု၊ အစုစု ဂါမ၊ နိဂမတို့ကို၊ နှုတ်ရှုတိုင်း မဆိုသာ၊ ဟံသာနဂရ၊ တိုင်းကြီးက စလိုက်လျင်၊ မြစ်မ တလျှောက်၊ နေပြည်တော်သို့ ရောက်အောင်၊ အောက်မြို့ တခွင်၊ မြဝါနန်း စင်ရော့သည်၊ ထက်ခွင် တရိုး၊မိုးနဲ,သိန္ဓီ၊မန်ကွန်ချို,မန်ကွန်ချာ ခွန်စွာ,ခွန်တီ၊ အနီ အနောက်၊ ကျားပြောက် တဘန်၊ မန်ဟို, မန်ဟယ်၊ ပဿယ်ညောင် စကားပင်နှင့်၊ တောင်ခွင် တောင်မ၊ တောင်မဲ စသား၊ တောင်မျှ အခြာ၊ ဟူသာ ဟူမွေး၊တောင်ပိုင် ကျေးနှင့်၊ နောက်မြေးခပ်ယွန်း၊ရှေဘော်ကျွန်းက၊ငဆောင်းချမ်း တခွင်၊ ကောင်းစင် ကောင်းတုံ၊ သည်က ခုံခွဲလျင်၊ မြောက်ခွင် နောက်စောင်း၊ မန်းလောင်း မန်းစီ၊ မန်းဟီ မန်းကု၊ ဥယုမ္ပိုင်း ရေပေါ်မီး၊ရွာပဒီးများမှာ၊အနီးမို့ချန်လှပ်၊မဇ္ဈိမ နယ်အစပ်၊ မြစ်သလွှာ ထုတ်ခြင်းခတ်၊ မြို့ဟံသာ နိမိတ်စပ်၊ ဆိုခဲ့သည့် အရပ် တွင်၊ ထန်းပေါင်းပင် ထုပ်ခြင်းလျှို၊ လှိုင်မြင့်မိုရ် ဆင်စွယ်ဝန်း၊ ပြောတွင်းကန်း ငခြင်းကွက်၊ဗိုလ်ရေတက် ပဆစ်အိမ်၊နဂါးလိမ် ဝက်ခေါင်းထိုး၊ ကြီးနွယ်တန်း ကြိမ်နွယ်ရှက်၊ ဘူးအံခက် ရက် လိန်ကွင်း၊ မြင်းဇက်ခွ ဖွတ်မြီးသွယ်၊ ဂုံ ရင်းနွယ် မှန်ကူကွက်၊ လက်ရှက်သည့် အသွင်၊ ဆင်သွား, မြင်းသွား၊ ရထားသွားနှင့်၊ ရှစ်ကွက်ကျား မကန်း၊ ကြက်ခြေခတ် ထောင့်သန်း၍၊ ခိုနန်းချိုး အထပ်ထပ်၊များများကြီး လပ်ပြီဘု၊နှုံစပ်မြေပြင်၊ မြန်ခွင်တလွှား၊ ဘယ်စီများတွင်မှ၊ မကြားဘူး၊ မကြုံဘူး၊ ထူးမြတ်သည့် အသံ၊ မြရောင်လျှံ ဖိတ်၊ ဇမ္ဗူဒီ ကျွန်းထိပ်က၊ ကမ္ဘာ့ကြက်သရေ၊သပြေ ပင်မြင့်ကြီးဝင့်ခြင်တိုင်း ဝင့်ကြရော့၊ အမြင့်ယူဇနာ၊ တရာလောက်

ကြီး၊ ထိုပင်က သီးသောခါ၊ မြစ်ကြီး သမုဒ္ဒရာ၊ကုန်းသာ ကမ်း ထိပ်၊ ငွေရောင်ဖိတ် မြရောင်လျှပ်၊ ပတ္တမြားရောင် ထပ်ကရော့ သည် ၊ တလစပ် အခါခါ! ခရာသံ, တပိုးသံ၊ စောင်းညှင်းသံ, လင်းကွင်းသံ၊ ဒုံမင်းသံ, စည်ပုတ်သံ၊ တူရိယာသံစုံ၊ပိုးပုံ,ပြုံးပြုံ၊ ဝိပလုံ,ဘိုးဘုံ၊ ဒီဒိုးဒို ဒီဒိုးအင့်၊ ညိုးညိုးညံ ဆင့်ပြီးလျင်၊ အမြင့် ယူဇနာ၊ တရာလောက်မျှ၊ ထိုပင်မ-ကဲ့ ကျလိုက်သော အသံ၊ ဆိုရန် တဆင့်၊ ဝါ သဒ္ဒါနှင့်၊ လှစ်ခါ ဖွင့်ရလျင်၊ ရင့် ဆယ်စောင် မှတ်၊ မိန့်တော်မြတ်တွင်လည်း၊ဇာတ်ဝိဓုရ၊ထုတ်ဘော်၍ ပြသည် မှာ၊ သုံးလောက မှန်ကျ၊နတ်,လူတို့ ဦးကိုင်၊ ရန်နှိုင် ဘက်ရှား၊ ငါးမာရ်အောင်သူ၊ ဗုဒ္ဓက်ဟု၊ ပြုင်သူမရှိ၊ ဗောဓိသတ္တ၊ဝိဓုရကို၊ ပုဏ္ဏက မတ်မဟာ၊ ရေးတော်က သာသောကြောင့်၊ ဝိမလာ ယွယ်ပျို၊ အရေးက လိုလှသည်၊ နေညို ချမ်းမြ၊ အာကာသမှာ၊ မိုးဝ တိမ်ယံ၊ စိတ်ထက် မြန်သည်၊ မြင်းပျံ နတ်လှ၊ သိန္ဓဝနှင့်၊ ကစ္စာယန လုလင်ယောင်၊ တင်ယူခါ ဆောင်ပြီးလျင်၊ တောင် အခမ်းခမ်း၊ လမ်း အဆစ်ဆစ်၊ သစ် အဆိုင်ဆိုင်၊ မြို့ အဝဝ၊ ထိုက စ၍၊ ကာလဂိရိ၊ တောင်ညို့သို့ ထိခါမှ၊ ဗော ်သတ္တ။ ဝိဓုရအား၊ ဘယနတ်ဆို၊ ကိုယ်ပေါ် မသန်း၊ ဆံမြှုချမ်းမျှ၊ ဘေး ဘျမ်းမှ ရှိပြီဘု၊ နွမ်းရိခါမျှ၊သမ္ဗုဏ္ဏဟု၊မုခ ကြည်ရှင်၊ နတ်ဘီလူး မြင်ခဲ့လျင်၊ ကောင်းကင် ထက်မြင့်၊ ဝေရမ္ဘ လေအဟုန်တွင်၊ မြှုမှုံ လို လွင့်ရော့ဟု၊ ဆင့်တည့်၍ တဘန်၊ နတ်မြင်းပျံနှင့်၊မိုးယံ တိမ်စပ်၊ခုနှစ်ထပ်သို့၊ ကြပ်ကြပ်နှင်ဘိ၊ လောင်းဗောဓိ၏၊အဇေတ ပရိစိတ၊ ပါရမီ သမ္ဘာရ: ကြီးမြတ်သော ပုညကြောင့်၊ ဝေရမ္ဘ လေဆိုးသည်၊ မိုးကြိုးတံသိန်း ကျသောအဟန်၊ မည်လိုက်သည့် အသံကဲ့သို့၊ ဆိုရန်သဘော၊ တိမိရောစ တိပိဂ်လော၊ တိပိဂ်လ တိမိရ၊ တိပိဂ်လောစ အာနန္ဒော; တိမိနန္ဒာ အစ္ဆာရောဟ

မဟာတိမိစ အဌမာ၊ မဟာမဇ္ဈောတိ ဝုစ္စတိ၊ ဂဏန်းဖြင့် ချီခဲ့သည်၊ အာဒိမန္တ၊ ဝါစကဖြင့်၊ စ-ၦတက်လွန်၊ ရေအဌန်တွင်မှ၊ ငါးမန်းနှင့် ငါးဆင်၊ ငါးပုတ်သင်, ငါးတန်၊ ငါးဟင်းငံ, ငါးသန်ချောင်း၊က-ကလောင်း,က-ကပေါင်း၊ငါးနံချောင်း,ငါးဂီပူ၊ ငါးခူ,ငါးရုံ,ဒိုင်း၊ ငါးသိုင်း,ငါးကြင်း၊ ငါးထမင်း,ငါးမြင်းရင်း၊ ငါးပတ်, ငါးစပ်၊ ငါးထွ, ငါးမွှ၊ ငါးရှင့်,ငါးစင့်၊ ငါးနှမ်း, ငါး မကန်းတို့၊ ရှင်လန်း နှစ်သက်၊ ပဲရေနက်တွင်မှ၊ ဌန်းတက် ကျိုကျိ၊ပျော်ဘွယ်ရှိကြသည်။မဏိမနောစ ဝေဠုရိယောသဒ္ဒါ ပဝါဠော ရဇဝဟာစ၊ သုဝဏ္ဏောစ မုတ္တာ၊ ဋ္ဌနီလာ တထွေ၊ ကျောက်မျိုးစုံ ပွေလှသည်၊ အဏ္ဏဝေစ အဏ္ဏဝေ၊ သာဂရောစ သမုဒ္ဒရာဟု၊ ခေါ်ကြမည်သာ၊ မြစ်လဟာတွင်၊ဓမ္မတာ သဘော၊ ကြွလျော ဆုတ်တက်၊ ရေနက် မြင့်ကျယ်၊ ဂဏန်းနှင့် ချယ်ရလျင်၊ (၄၀၀၀၆၀) လေးသိန်းရှစ်ထောင်၊ ခြောက်ဆယ် ယောဇန၊ အစည်ချပြီးလျင်၊ ရောဂန ဂင်္ဂါ၊ မဟိန္ဒာဟု၊ ကြီးစွာ လွှမ်းမိုး၊ လှိုင်းတပိုးသည်၊ မိုးယံ ထက်မြင့်၊ အားကုန်ကြီး လွှင့်ပြီးလျင်၊ အဆင့်ဆင့် အထပ်ထပ်၊ ပေါက်ပက်ခတ် ကမ်းလုံးရိုက်၊ဝမ်းလုံး လှိုက် တိုက်လုံးနှ,ကျွန်းလုံးပြန့် မြစ်လုံးမောက်၊ရေဆိုင်ကိုထွင်း ဘောက်၍၊ ရွှေနောက် အရပ်ရပ်၊ ဆုတ်တက်ချေ အထပ်ထပ်၊ မျက်ကျောများ ပြုတ်ခမန်း၊ ရှဉ့်များ ပမ်းစလောက်၊ မှုးဝေလို့ နောက်စရာ၊ ကြောက်မက်ဖွယ် ရေအထု၊ စတုရာသီတိ အောက် မြေသို့ ထိအောင်၊ ဋ္ဌတောစိတော လှိုင်းရေမ,က၊ကျလိုက်သော အသံ၊ ဆိုရန် ဆင့်ပွား၊ တခြားကာလ၊ ထိုရေကုန်ကျသည်တွင်၊ လောကသညာ၊ မည်ထူးက သာသနှင့်၊ ဗလဝါ သမုဒ်၊ ဝဲက စုပ်၍၊ မြုတ်လိုက်သော အသံ၊ အသကံနှင့်၊ တောင်ယံက-စ၊ ပဗ္ဗတသို့၊ ဧက ယောဇန၊ ဒွိယောဇန၊ တိယောဇန၊ ပေယျာလ၊

ဒသယောဇနံ၊ ပြည့်လျှန်တက်မွန်း၊တောင်အဝှန်းသို့၊ လွှမ်းလိုက်သော အသံ၊ ဂြိုးဂြိုးဂြိန့်ဂြိန့် အသံ၊ သိုးသိုး သိမ့်သိမ့်လျှန်၊ နိုးနိုးနိမ့်နိမ့်ခံ၊ ဒိုးဒိုးဒိန့်ဒိန့်ညံ၊အမြောက်သံ,ဗုံးသံ၊တော်သံ,ငလျင်သံ၊ ပဲ့တင်သံ,ဒိလှိုင်းသံ၊ မင်းဗန္ဓုလေးညို့သံ၊ ;ဆိုရန်တဝ၊ မေယသဒ္ဒေါ တိယောဇနံ၊ဘေရိသဒ္ဒေါ တိဂါဝုတ္တံ၊မဟာနိန္ဒာဒသဒ္ဒေါ သောဠသဉ္ဇသဘံ၊ ဆိုရန်ဆိုခွင့်၊ ဆိုသင့်သမျှ၊ဆိုလိုက်ရလျင်၊ ဆိုစကျယ်ပွါး၊နာသူများမှာ၊ နားရှက် မစွင့်၊ နားအံနှင့်၍၊ပွင့်မည်ကို ရှိုံသောကြောင့်၊မကွန့်စသာ ၊ဌကထာနှင့်၊ ဋီကာမချ့ ၊ မဆိုခဲ့ပြီ။ ဘု၊ တကဲ့ကုလားတက်၊သဲ့ ကုလားတက်၊ဒမိုဘဲ့ ကုလားတက်၊ ကြောက်ဖွယ် ကုလားတက်၊ အကြောင်းမတန် ကုလားတက်၊ တံဆိပ်ရကုလားတက်၊ ကုလားတက်တကဲ့ သံမဏိ၊ ကုလားတက်တကဲ့ ထိပ်ပိတ်၊ အတိတ်ရ ကုလားတက်၊ ကုလားတက်တကဲ့ သေးသေးတင်၊ကုလားတက်တကဲ့ ရှင်ဘုရင်၊တောင်တွင်လည်း မြင့်မိုရ်၊စည်တွင်လည်း ဗဟိုရ်၊အချိုတွင်လည်း ထန်းလျက်၊ အထက်တွင်လည်း စိန်စောင်း၊ မောင်းတွင်လည်း ဒ္ဒြ၊ အနီတွင်လည်း ဟင်းသပဒါး၊ အဝံတွင်လည်း ဆား၊ အပါ့်းတွင်လည်း စက္ကူ၊ အပူတွင်လည်း ငရဲ၁း၊ ကိုယ်ကြီးတွင်လည်း အသူရိန်၊ ဒေဝိန်တွင်လည်း သိကြား၊ ပတ္တမြားတွင် ဇောတိရသ၊ အမြတ်တွင်လည်း နိဗ္ဗာန်၊အသံတွင်လည်း မိုးကြိုး၊အခိုးတွင်လည်းနဂါး၊ အသားတွင် ဝက်၊ အသီးတွင် သရက်၊ ကုလားတက်တွင် နိန္ဒာ၊ လူ,ပြည်မှာလည်း ဘက်မရ၊ ခုဆိုရ ပြခဲ့သည်၊ဂုဏဝိသိဋ္ဌ၊အတိတ်နာမ၊ ဝိဒေသ-ဖြင့်၊ နိန္ဒာဒ မည်သီး၊ ထိုကုလားတက်ကြီးသည် အရပ်နိုး,အရပ်ဝေး၊ကျေးနယ် တခွင်၊လူ,ရှင် တို့နား၊ထက်ဝန်း၊ ကြင် ကြာ၊ကြလျင်၊ ဘုရား,ပုထိုး၊ ရှိ,ခိုးပူဇော်၊ ဖူးမြော် ကြသံ၊ တည်ညံ့နှင့်၊စာအံသူအများ၊သွားကြသူ တတန်၊ပြန်ကြသူတသွယ်၊

လုပ်ဖွယ် ဆောင်မှု၊ ပြုကြသူ ဗလရှုပ်၊ လယ်လုပ် တောင်သူ၊ မိလက္ခူတို့ ကလည်း၊ အူအူသောသော၊ စောစော မိုးသောက်၊ နိန္နာဝံ ခေါက်ကပြီဟု။ သူ့နောက် ငါမကျ၊ ကြွက်ကြွက်ဆူ ထကြသည်၊နိန္နာဝ ကျေးဇူး၊ဂုဏ်အထူးကို၊ ချီးကြူး အသင့်၊ဌ ကာနှင့် ဖွင့်ရလျင်၊ ရေမြင့်တုံ ကြာမြင့်တုံ၊ ဆိုကြသော ပုံကဲ့သို့၊ ဥာဏ်ဟုန်နှင့်ကုလားတက်၊ တရှိန်းတည်း တက်သောခါ၊ နာရှက် သူအများ၊ ကြားဝန့်သူ ရှားမည်ကြောင့်၊ စကားအညွှန့်၊ အကျယ်ကွန့်၍၊ မလွန့်စသာ၊ဇေယျတု မင်္ဂလာ၊ မှာရင်းကဗျာ နိဂုံးနှင့်၊ အဆုံးတိုင်ခြိုး။ ။တိုင်းသိယ်ဘ ပြည်အဓွန်းမှာ၊လွမ်းစရာ နယ်တခို၊ ကြားတည့်သူချို့ရအောင်၊ရှားဝတ်တို့ တိုင်ထောက်နှင့်၊ခါ်းစောင်းလောက်မြှင့်တင်၊ခိုင်လိုက်သည့် ထိုစင်မှာ၊ ပဲ့တင်သံ ဟီးဟီးနှင့်၊ မြည်လှအောင်တီး။ ။(ပရုပိုက်မှုမှ ကူးယူထည့်သွင်း လိုက်သည်။)

ဆရာတော် ဦးမှတ်ကြီး အတ္ထုပ္ပတ္တိပြီးပြီ။

## (၇) ဆရာတော် ဦးပိုးအတ္ထုပ္ပတ္တိ။

ဆရာတော်ဦးပိုးသည် သက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် ဗဒုံမြို့ကျေး(ရှေးအခေါ်)ယခုအခါ မုံရွာခရိုင် ဘုတလင် မြို့နယ်ညောင်ကန်ရွာ၌ အဘ ဦးဖြူ,အမိဒေါ်ညက်တို့မှ ဖွားမြင်တော်မူသည်။

ငယ်ရွယ်စဉ်အခါ မိဘတို့က မောင်ပိုးဟု မှည့်ခေါ်ကြသည်။

မောင်ပိုး ကျောင်းသား အရွယ်သို့ ရောက်သော အခါ မိဘနှစ်ပါးတို့က မင်းဒီဗိုဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော အရှင်သဒ္ဓမ္မရံသီ၏ အထံတွင် ပညာသင်ကြားရန် အပ်နှံကြသည်။

မောင်ပိုးသည် ကျောင်းသားသူငယ်အဖြစ်ဖြင့် ကျောင်းသားတို့ သင်ကြားတတ်မြောက်အပ်သော စာပေတို့ကို ကုန်စင်အောင်

သင်ကြား တတ်မြောက်လျှင် အသက် ၁၅ နှစ် အရွယ်တွင် ရှင်ပြု သည်။

သာမဏေအမည်မှာ ဘုန်းကံကြီးမားကြောင်းလက္ခဏာ ထက်ကြပ်ပါသောကြောင့် 'ရှင်ပုည'ဟုဘွဲ့ အမည် ပေးတော်မူသည်။

ရှင်ပုညသည် သာမဏေအဖြစ်ဖြင့် သဒ္ဒါ,သဗ္ဗိဟ်,အဘိဓာန်, အလင်္ကာ,နေ့ဝါ,ညဝါ သင်ရိုးကျမ်းစာ အဖြောဖြောတို့ကို ကုန်စင် အောင်သင်ကြားတတ်မြောက်ခါ သာမဏေ ၆ ဝါ အရ အသက် ၂၀ ပြည့်သော ကာလတွင် ရဟန်းပြုတော်မူသည်။ ရဟန်းအမည် "အရှင်ပုညရုံသီ"ဟု တွင်သည်။

ထို"အရှင်ပုညရုံသီသည်"ရဟန်းအဖြစ်သို့ ရောက်တော်မူခါ ဥပဇ္ဈယ်ဆရာ ဖြစ်တော်မူသော ဆရာတော် အရှင်သဒ္ဓမ္မရုံသီ၏ အထံတော်မှာပင် သုတ်,ဝိနည်း,အဘိဓမ္မာ ပါဠိတော် ဒေသနာ တို့ကို စပ်ဆိုင်ရာ အဋ္ဌကထာ, ဋီကာနှင့်တကွ ဆရာနည်း ကျကျ အာစရိယ ဟတ္ထမုဋ္ဌေ သင်ကြားတတ်မြောက်တော်မူသည့် အခါ ညောင်ကန်ရွာ၌ပင် စာသင်သားရဟန်းသာမဏေအများတို့အား စာပေကျမ်းဂန်တို့ကို သင်ကြားပို့ချလျက် သီတင်းသုံး နေထိုင် တော်မူသည်။

ဆရာတော် အရှင်ပုညရုံသီသည် ထိုကဲ့သို့ ညောင်ကန်ရွာ၌ ဂိုဏ်းအုပ်ဆရာတော်အဖြစ်ဖြင့် စာပေ ကျမ်းဂန်တို့ကို သင်ကြား ပို့ချခါ သီတင်းသုံးနေထိုင်တော်မူစဉ် သက်တော် ၄၁၊ ဝါတော် ၂၁ ဝါ အရတွင် ဆရာတော် အရှင်နရိန္ဒာဘိသည် ကဗျာလင်္ကာ မေတ္တာစာအရေး အသား ကောင်းလှသဖြင့် ရတနာပူရ စတုတ္ထ မြို့တည် (နောင်တော်ကြီးခေါ်သော)ဘကြီးတော် ဖာလိနန်းရှင် မင်းတရား ကြီးက နေပြည် တော်သို့ ကြွရောက်ခါ သီတင်းသုံး နေထိုင်တော်မူရန် ပင့်ဆောင်စေသည်။

ထိုအခါဆရာတော်အရှင်နရိန္ဒာဘိုက "ငါတို့နေပြည်တော်မှာ မင်းဆရာနှင့် တူအောင် စာမတတ်ပါ။ မောင်ပိုးနှင့်တော်သည်။ မောင်ပိုးကို ပင့်သွားကြ မောင်ပိုးလိုက်သွား" ဟု မိန့်ကြားတော်မူသောကြောင့် သက္ကရာဇ်၁၁၀၁ ခုနှစ်တွင် အမရပူရ မြို့တော်သို့ ဆရာတော် ဦးပိုးကို ပင့်ဆောင်၍ သွားကြရလေသည်။

နေပြည်တော်သို့ ရောက်သောအခါ အမရပူရမြို့တော် အရှေ့မြောက်ထောင့်တွင်တည်ရှိသော မင်းဒုံတိုက် အောင်မြေဘုံကျော်ကျောင်းတော်တွင် သီတင်းသုံး နေထိုင်တော်မူရသည်။

ဆရာတော် ဦးပိုးကို နေပြည်တော်သို့ ပင့်ဆောင်ပြီးသော အခါ ညောင်ကန်ရွာ၌ ဆရာတော် ဦးဇင်အားဥဘတော ဝိဘင်းပြန် နိဿယည်းဆရာ ဂုဏ်းအုပ် အဖြစ်ဖြင့် "စက္ကာဘိဝေ မဟာဝမ္မ ရာဇ ဂုရု" ဘွဲ့တံဆိပ်ကို ကပ်လှူတော်မူသည်။

ထို ဆရာတော် ဦးပိုးသည် ပါဠိ,အဋ္ဌကထာ,ဋီကာ ကျမ်းဂန်များကို ကျနစ္စာ တတ်မြောက်၍ သတ္တိ, ဗုဒ္ဓိရှိသည်- ဉာဏ်ပညာ ထက်သန်လှသည်ဟု ကျော်စောသည်။

လောက,ဝမ္မ နှစ်ဌာနတို့၌ မေးမြန်း လျှောက်ထားရန် ရှိကလည်း ရှေနန်းတော်သို့ ပင့်၍ မေးမြန်း လျှောက်ထားခြင်း ခံတော်မူရသည်။

ထို့နောက် သက္ကရာဇ် ၁၁၀၅ ခုနှစ် တပေါင်း လဆန်း ၄ရက်,ဗုဒ္ဓဟူးနေ့ နံနက် မြန်မာနာရီ တချက်တီးကျော် အချိန်တွင် အမရပူရ မြို့တော်မှ ရတနာပူရ အင်းဝ မြို့တော်သို့ ပြောင်းရွှေ့၍ စံတော်မူသည့်ကာလ ဘကြီးတော် ဖာလိန်နန်းရှင် မင်းတရားကြီး၏ မိဖုယားခေါင်ကြီး "သီရိပဝရ တိလောက မဟာ မင်္ဂလာရာဇိန္ဒာ ရတနာဒေဝီ" ဘွဲ့အမည်ခံ(နန်းမတော်မယ်နုက) အင်းဝ မြို့တော်တွင်း အရှေ့မြောက်ထောင့် ထီးလှိုင်ရှင် ဘုရား

အနီးရှေစေတီတိုက်အတွင်းဌ အရံတံတိုင်း မီးတားနှင့် တကွ ကျောင်းဦးပြဿဒ်ပါ၊ဆောက်လုပ်အပ်သော မဟာအောင်မြေ ဘုံစံအုဋ္ဌကျောင်းတော်ကြီးကို သက္ကရာဇ် ၁၁၀၉ ခုနှစ်-တပို့တွဲ လဆန်း ၁၃ ရက် အင်္ဂါနေ့တွင် "ပုညာဘိ သီရိသဒ္ဓမ္မဓဇ မဟာ ဓမ္မရာဇာဓိ'ရာဇဂုရု"ဘွဲ့တံဆိပ်တော်နှင့် တကွ ညောင်ကန်ဆရာ တော် ဦးပိုးအား ရေစက်သွန်းချ၍ တင်လှူတော်မူသည်။

မှတ်ချက်။ ။သက္ကရာဇ် ၁၁၀၂ ခုနှစ်ကပင် "ပုညာဘိ သီရိ သဒ္ဓမ္မ ဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ် တော်ကို ရတော်မူသည်ဟု ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး ပဋ္ဌမတွဲ စာမျက်နှာ၃၂၂၃ ၌ ဖော်ဆို ရှိသည်။

## သာသနာပိုင် လူထွက်ကြီး ဦးမြတ်နေ၏ ချီးကြူးချက်

အခါတပါးသော် မောင်းထောင် ပထမ သာသနာပိုင် လူ ထွက်ကြီး ချိပါနှစ်ရှာ့ကို အပိုင် စားရသော "မဟာဓမ္မသင်္ဂြိ" ဘွဲ့အမည်ခံ ဦးမြတ်နေသည် ပုဒ်,ပါဠိတခု အနက်, အဓိပ္ပါယ် လွယ်ကူစွာ ကြီဆ၍ မရသဖြင့် ဆရာတော်ဦးပိုးအား စာကို ပြ ပြီးလျှင် "ဤနေရာ၌ အနက်, အဓိပ္ပါယ် ဘယ်လို ကောက်ယူရ ပါမည်နည်းဘုရား"ဟု လျှောက်ထားရာ ဤလို ဤကဲ့သို့ကောက် ယူရမည်ဟု ဆရာတော် ဦးပိုးက မိန့်ကြားတော်မူလေ၏။

ထိုအခါ ဦးမြတ်နေက "ဦးပိုး သည်အဓိပ္ပါယ် မျှားကို ဘယ်တုံးက ကြီစည်၍ ထားပါသနည်း"ဟု မေးလျှောက်သော အခါ- ဆရာတော် ဦးပိုးက ရှေးက ကြီစည်၍ မထားပါ။ ယခု စာတွေ့မှ ကြီစည်မိပါသည်"ဟု ပြောသော အခါ ဦးမြတ်နေက

"ဦးပိုးတို့ဥာဏ်က ပင်ကိုယ်ဥာဏ်ဖြစ်သည်၊ တပည့်တော်တို့ ဥာဏ်က သွေးနှိုင်မှ ထက်သည်"ဟု ပြောသော ဟူ၏။

ဆရာတော် ဦးပိုးသည် အဘိဓမ္မတ္ထ သင်္ဂဟအဌကထာ နိဿယကျမ်း၊ သုဗောဓာလင်္ကာရ နိဿယ ကျမ်းများကို ရေးသားစီရင်တော်မူခဲ့သည်။

ဤကား မိုင်းခိုင်မြို့စား နန်းမတော်ဝန် ပိဋကတ်အုပ် ဦးယံ ရေးသားအပ်သော ပိဋကတ်သမိုင်းစာတမ်းဌ ပါ၀ါရှိသော စကားတည်း။

ထိုမှတပါး ဆရာတော် ဦးပိုးသည် ဘင်္ဂလီ,နာဂရီ စသော အထူးထူးသော ကျမ်းဂန်တို့ဌ ကျမ်းကျင်လေ့လာ လိမ္မာတော်မူသည်ဖြစ်၍ ဗုဒ္ဓပူရာဏ်စသော သက္ကဋကျမ်း နိဿယကိုလည်း ရေးသားစီရင်တော်မူသည်။

ဆရာတော် ဦးပိုး ခေါ် "အရှင်ပုညရံသီသည်" နေ့,ညဉ့် မပြတ် ပိဋကတ် ကျမ်းဂန် ဂန္ဓန္တရအဝဝတို့ကို သင်ကြား ပို့ချခါ ရေးသား စီရင်တော်မူဆဲမှာပင် သက်တော် ၅၁ နှစ်-သိက္ခာတော် ၃၁ ၀ါ အရ သက္ကရာဇ် ၁၁၉၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၅ ရက် တနင်္လာနေ့ဌ ဘ၀တပါးသို့ ကြွေးသွား ပြန်လွန်တော်မူသည်။

**မှတ်ချက်။** ။ကုန်းဘောင်ဆက် ရာဇ၀င်တော်ကြီး ပဋ္ဌမတွဲဌ နှောင်း၀ဏ်ခူး လဆန်း ၅ ရက်နေ့ဟု အဆိုရှိသည်။

ရတနာပူရ စတုတ္ထ မြို့တည် နန်းတည် နောင်တော်ကြီး ခေါ်သော ဘကြီးတော် ဖာလနန်းရှင် မင်းတရားကြီး၏ မိဖုယားခေါ်ကြီး (နန်းမတော်မယ်နု)ကဆောက်လုပ် ကိုးကွယ်သည့်မဟာအောင်မြေဘုံ စံအုဋ္ဌကျောင်းဆရာတော်(ဦးပိုးခေါ်) "ပုညာဘိ သိရိသဒ္ဓမ္မ မဟာ၀မ္မ ရာဇဂုရု" ဘ၀ပြောင်းတော်မူ

သည်ကို အမရပူရ ပထမ မြို့တည် နန်းတည် မင်းတရားကြီး ဘုရားလက်ထက် မင်းအိုဆရာတော်ဘုရားကြီး ဘဝပြောင်းရာ သင်္ဂြိုဟ်သည့်နည်း အခမ်းအနား ကြီးကျယ်စွာ လုပ်ဆောင်ပြီး လျှင် အရှင်နှစ်ပါး ကိုယ်တော်တိုင် ရှေဝေါနှင့်ထွက်၍ သင်္ဂြိုဟ်တော်မူ၏။

## ထိုဆရာတော်ပြန်လွန်တော်မူရခြင်းအကြောင်း ရှင်းလင်းချက်

ဟသ်ာတမြို့ မြစ်ကွေးဆရာတော်ဦးပညာဝံသ ရေးသားသော ဆရာတော်ဦးဗုဒ္ဓ၏အတ္ထုပ္ပတ္တိနိဒါန်းအကျဉ်းတွင်ရင်းဆရာတော်ဘုရားမှာ ကျောင်းတိုက်အတွင်းက ညောင်ပင်ကြီးကို ကပ္ပေ ခုတ်လှဲ်းစေရာ ညနေချမ်း ဆရာတော်ဘုရား ကျိန်းစက်တော် မူနေရာ၌ ဖြူ။ ဖြူ။ ကြီးက လာရောက်ပြီး ဆရာတော်ဘုရား၏ လည်ပင်းကို အစ်ဖြစ်ညှစ်၍ ပြန်လွန်တော် မူရသည်ဟု ထည့်သွင်းရေးသားထားသည်။

ထို အကြောင်းအရာများကို ညောင်ကန်သာသနာဝံသ မှတ်တမ်းတွင် မပါ,မဝင် မတွေ့မြင်ရသောကြောင့်ရင်း၊

ညောင်ကန်ရွာတွင် ဆရာတော် ဦးပိုး၏ တပည့် သားမြေးများစွာ ယခုထက်တိုင် အဆက်အနွယ်မပြတ်သေးပါ၊ ထိုတပည့်များမှာ ဤကဲ့သို့သော အကြောင်းအရာတို့ကို အရိပ်အမြွက်မျှပင် မကြား, မသိရဘူးသောကြောင့်ရင်း ဟုတ်မှန်သော အကြောင်းဟူ၍ မထောက်ခံနိုင်သည့်ပြင် လုံးဝ မဟုတ်မမှန်ဟု ကန့်ကွက်လိုပါသည်။

ဆရာတော်ဦးပိုး အတ္ထုပ္ပတ္တိ ပြီးပြီ။

## (၈) ဆရာတော် ဦးဗုဒ္ဓ အဆုံးပွဲတို့

ဆရာတော်ဦးဗုဒ္ဓ၏ အကြောင်းကို ရေးသားပြဆိုရာ၌ကျမ်းဂန်ပိဋကတ် လက်ဘရပ်တို့ဖြင့်ချီးမြှောက်ထောက်ပံ့ခါ ဂုဏ်တင်လျက် မရေးသားလိုပါ။ ဖြစ်ပျက်ရင်း အကြောင်းစုံ သိသာရုံ အတို အကျဉ်း လိုရင်းမျှကိုသာ ရေးသားပါအုံ့။

ဆရာတော် ဦးဗုဒ္ဓ၏အကြောင်းကို အရပ်ရပ်က ရဟန်းရှင်,လူ တို့ ပြောဆိုရေးသားကြရာ၌ စကားချင်း တူသည်လည်းရှိ၏။ မတူ သည်လည်းရှိ၏။ အဘယ် ကြောင့် မတူထူးခြား တမျိုးစီ ကွဲပြားရ သနည်းဟူမူကား- သက်ကြီးစကား သက်ငယ်ကြား- တဆင့် စကား တဆင့်နှားဖြင့် အဆက်ဆက် မှတ်သားထားသည်ကို ပြောဆိုရေးသားကြရသောကြောင့်အချိန်ကာလရှည်လျားလတ် သော် အပြောမှား အမှတ်မှားဖြစ်ခါ "တကျောင်းတဂ,ါထာ-တရှာတပုဒ်ဆန်း"ဆိုသော စကားအရ တမူနှင့်တမူ မတူကွဲပြား ပြောဆိုရေးသားခြင်းများ ဖြစ်ပေမည်။

ယခု ရေးသား ပြဆိုလတံ့သော အမှတ်အသားများကား ဆရာ့တော် ဦးဗုဒ်ကို သိမှီလိုက်သော ပုဂ္ဂိုလ်တို့၏ ပြောဆိုသော စကားများကို ကြားနာ မှတ်သားလိုက်ရသဖြင့် ကေန်ဟုတ်မှန် သော အမှတ်အသားများဟု ယုံကြည်စွာ မှတ်သားကြ စေလို ပါသည်။

### ဆရာတော် ဦးဗုဒ်ကို သိမှီလိုက်သော ပုဂ္ဂိုလ်များ

သက္ကရာဇ် ၁၁၇၆ ခုနှစ်တွင် ဖွားမြင်တော်မူ၍ ဘိုးတော် ဦးဝိုင်းကို ၄ နှစ် - ဆရာတော် ဦးဗုဒ်ကို ၂၀ နှစ် တိုင်တိုင် သိမှီ လိုက်သော ညောင်ကန်ရွာ ၃ ဂိုဏ်းချုပ် ဆရာတော်ကြီး အရှင် ဇနိန္ဒ (ငယ်နာမည် ဦးမွန်း။)

ဆရာတော် ဦးဗုဒ္ဓိနှင့် ဒဋ္ဌိမိတ္တ တွဲဘက် မိတ်ဆွေကြီးဖြစ်ခဲ့ကြသော ရေပုတ္တလင် အနီးမန်ကျီးကန် ရွာသား ဆရာတော် ဦးဥာဏာ။ ၎င်းတပည့် ဆရာတော် ဦးကဝိ( လူမည်-ဦးပြောင်။)

ညောင်ကန်ရွာ ဂိုဏ်းထောက်ဆရာတော် ဦးစက္က (လူမည် ဦးတေ)၏ ခမည်းတော် ဒါယကာကြီး ဦးပေါက်နှင့် ဒန်းတိုင် ရွာသား ညောင်ကန်ရွာနေ ဒါယကာကြီး ဦးတက်အောင်တို့ဖြစ်ကြ၏။

၎င်းပြင် ခိုင်လုံသော အကြောင်းတခုမှာ ဆရာတော်ဦးဗုဒ်၏ လက်ရေးမူပေစာ,ပရိုက်များနှင့် မဟာအောင်မြေဘုံစံ အုဋ္ဌကျောင်းအမ နန်းမတော် မယ်နုက လှူဒါန်းခဲ့ထားသော အနုံ, ၉ လက်မခွဲ-အစောက် ၅ လက်မခွဲရှိ ကြေးကွမ်း အစ်ကြီးကြေးရေသောက် ဖလားကြီး, အလျား လက်မ ၂၀ အနုံ ၃လက်မခွဲရှိ ဆင်စွယ် ကမ္မဝါစာများလည်း တပည့်သား အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် ယခုထက်တိုင် ကောင်းမွန်စွာ တည်ရှိနေသေး၍ ဆရာတော် ဦးဗုဒ်၏ အကြောင်းအရာကို ဟုတ်မှန်တိကျစွာ သိရပါသည်။

ဆရာတော်ဦးဗုဒ်ကို တိဟိတ်သား ယောဂျားမြတ် အာစာနည်ဟု အများကပင် မှတ်ထင်ကြ၏။ အကြောင်း သော်ကား ဘယ်သူ့ကိုမှ ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိ ပကတိဖြစ်သော မိမိသဘောအတိုင်း ဖြောင့်မှန် တည်ကြည်စွာ ကြီးမြတ်သော သမာဓိနှင့်ဖြင့် နေထိုင်ပြောဆိုတော်မူတတ်၏။

သမာဓိအရာမှာ မန္တလေးမြို့တောင်ပြင် ဒဂ္ဂုံဏာရာမတိုက် 'ဇာဂရာဘိဝံသ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ' ဘုရားကြီး ဆရာတော် ဦးဇာဂရက အမိန့်ရှိသည်ကို တဆင့်ကြား



အင်္ဂါနေ့ညနေ ၅နာရီခွဲ ဒုတိယတန်းရုံးချိန် ကျောင်းသားများ

သိရဘူးသည်ကား "ငါတို့မှာ ဆရာတော်ဦးဗုဒ္ဓနှင့် စာပေအရာ၌ တစိပ်တဒေသ တူမည်ဟု ထင်၏။ သမာဓိကိုကား ချီးကိုမှ လိုက်မမှီဘူး"ဟု ပြောသောဟူ၏။

တပါးသော ဆရာတော်များလည်း ကျမ်းဂန်ပိဋကတ်အရာ ခေါင်ထိအောင် တတ်ကြသည်မှာ များပြားလှပါ၏။ သို့သော် ဆရာတော်ဦးဗုဒ္ဓကဲ့သို့ သူတပါးတို့ ကြောက်ရွံ့စရာ အာဏာစက်အားဖြင့်ရင်း, နှုတ်ရအာဂုံအားဖြင့်ရင်း မတူကြပေ။ ဆရာတော် ဦးဗုဒ္ဓမှာ ပေစာအင်္ဂါ ၁၀၀ ခန့် အမြဲနှုတ်တက် ရရှိနေသဖြင့် အရေးကိစ္စရှိက ကောက်ခါ ငင်ကာ ရွတ်ဘာသာ ပြောဆို၍ ဆုံးဖြတ်နိုင်သည်။

ထို့ကြောင့် အဌသာလိနီ အဌကထာ၏ အဖွင့်ဖြစ်သော မူလဋီကာ နိဿယနှင့် သံယုတ် အဌကထာ အောက် ၂ ကျမ်း နိဿယများကို ရေးသားစီရင်တော်မူနိုင်၍ အာပေါင် အာရုင်း အငြင်းသန်လှသော ခင်မကန်ဆရာတော် ဦးပြားကပင် "ဆရာတော်ဗုဒ္ဓ မရှိကတည်းက စာစကားများ မငြင်း,မခုံ,မပြောချင်တော့ပါဘူး"ဟု ညည်းညူသည် ဆို၏။

ဆရာတော်ဦးဗုဒ္ဓကလည်း "ခင်မကန် ရှင်ပြားတို့ ဥာဏ်ကလေး အတော်သား အချိန်အခါရှိတုံးက အားထုတ်လိုက်ရလျှင် စာတတ်မှာ"ဟု ပြောသောကြောင့် ဆရာတော်ဦးဗုဒ္ဓကို မတုမပြိုင်ဝံ့၊ မျက်နှာကိုပင် ရဲရဲမကြည့်ဝံ့အောင် ဖြစ်သည်ဟု ပြောကြသောဟူ၏။

ဆရာတော်ဦးဗုဒ္ဓသည် ဤမျှလောက်ပင် စာပေကျမ်းဂန်တို့၌ နှံ့စပ်ပေါက်ရောက်အောင်တတ်မြောက် ကျော်ကြားသော်လည်း မိမိကိုယ်ကိုယ် စာတတ်သည်ဟူ၍မပြော။

"စာများ အားထုတ်၍သင်ရာ ခက်မှန်းသိရုံရှိသည်" ဟု ပြောကြားတော်မူခါ- "ငါတို့အပေါ်မှာ ဆရာလုပ်လျက် သင်ကြား ပို့ချ ပေးနိုင်သောသူ ရှိပါမူကား စာပလွေ ခင်း၍ စာတက်ချင်သေးသည်"ဟု မိန့်မြွက်တော်မူသည်ဆို၏။

စာဘက်၌ဝါသနာပါသည်မှာ သူတကာနှင့် ယှဉ်ပြိုင်စရာမရှိ စားချိန်,အိပ်ချိန်,ကုဋေတက်ချိန်မှတပါး အခြားသောအချိန်တို့၌ စာနှင့် မျက်နှာ ကွာသည်မရှိဟု ပြောကြ၏။

ဤသို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၏ အတ္ထုပ္ပတ်ကို ဗဟုသုတ လိုလား များစွာသောရဟန်းရှင်,လူအများတို့ သိမှတ်၍ထားရန် ကောင်းသောကြောင့် သက်ကြီးဝါရင့် အဆင့်စကား သိမှတ်၍ ထားကြသော ပုဂ္ဂိုလ်များထံမှ အစွမ်းကုန် ရှာဖွေစုဆောင်းခါ ရေးသားဖော်ပြပါအုံ့။

## ဆရာတော် ဦးဗုဒ္ဓိ၏ အလောင်းအလျာ သတ္တိသား ဖွားမြင်ရာ ဒေသနှင့် အချိန်ကာလ

မြန်မာပြည် အထက်ပိုင်း (ရှေးအခေါ်) ဗဒုံမြို့ကျေးလက် (ယခုအခါ) မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ သာခေါင်ရပ်၌ နေထိုင်သော အဖ ဦးဒဲနှင့် အမိ ဒေါ်မွှေးတို့မှ သက္ကရာဇ် ၁၁၄၉ ခုနှစ်-နယုန်လပြည့်ကျော် ၅ ရက် အင်္ဂါနေ့ တွင် ဆရာတော် ဦးဗုဒ္ဓိ၏ အလောင်းအလျာ သတ္တိသားကို ဖွားသန့်စင်၍ ထင်ရှား ဖြစ်လာသတည်း။

## ရှင်းလင်းချက်

ထိုဆရာတော် ဦးဗုဒ္ဓိ၏ အလောင်းအလျာ သတ္တိသားကို ဒန်းတိုင်ရွာ၌ မွေးဖွားသည်ဟူသော စကားကို ညောင်ကန်

ရပ်သူ,ရွာသားနှင့် တကွ နယ်သူ,နယ်သား တို့ကပါ သဘော မကျ မနှစ်သက်ကြသောကြောင်းရင်း၊

ပြည်တွင်း, ပြည်ပ-အနီးအဝေးတွင် ရှိကြသော ရဟန်း ရှင်လူအပေါင်းတို့ကလည်း ဆရာတော်ဦးဗုဒ္ဓသည် ညောင်ကန်ရွာကဟု သိပြီး ဖြစ်ကြသောကြောင့်ရင်း၊

ဆရာတော် ဦးဗုဒ္ဓ ကိုယ်တော်တိုင်ကလည်း "ဗောဓေဒမိ သုတေ ဂါမေ၊ဗောတေန ဗာတိယာ မယာ"ဟူ၍ ဂါထာစီကုံး ခါ ညောင်ကန်ရွာ၌ မွေးဖွားသည်ဟု မိန့်ဆိုထားသောကြောင့် ရင်း-ညောင်ကန်ရွာ သာခေါင်အရပ်တွင် ဖွားမြင်သည်ဟု ရေးသား လိုက်ရပေသတည်း။

## ထို့ပြင်တဖြာ ရှင်းလင်း ဝေဘန်လိုသည်မှာ

အချို့သော ရှေးသူဟောင်း လူကြီး သူမအပေါင်းတို့က ဒန်းတိုင်ရွာ၏ အနောက်ဘက်တွင်ရှိသော ချောင်းကိုနန်းမတော် မယ်နုအမိန့်နှင့် တံတားဆောက်လုပ်၍ ပေးခြင်း,

ဆရာတော် ဦးဗုဒ္ဓ၏ မယ်တော်,ခမည်းတော်များ ပိုင်ဆိုင်လုပ်ကိုင်သည့် ယာမြေရှိရာ ဒန်းတိုင်ရွာ၏ အရှေ့ တောင်ထောင့်ရှိ ထန်းတကောင်းကြီး တောမှ ညောင်ကန်သို့ အရောက်ကူးသန်းသွားလာရန် ထွန်လမ်း,လှည်းလမ်း မပေါက်သဖြင့် နန်းမတော် မယ်နုအမိန့်နှင့်လမ်းတောင်းရာ ကျွဲကြီးတကောင်ကို ခလောက်ဆွဲပြီး လွှတ်လိုက်သောအခါ ထိုကျွဲကြီးသွားရာ အတိုင်း လမ်းပေးကြရသည် ဟူသော စကားများကို ပြောကြားကြသည်။

ထိုအကြောင်းအရာများသည် ဆရာတော် ဦးဗုဒ္ဓကို ဒန်းတိုင်ရွာတွင် ဖွားမြင်ခြင်းကြောင့် မဟုတ်တန်ရာ။နောက်သောအခါ ဆရာတော် ဦးဗုဒ္ဓ နေပြည်တော်သို့ ရောက်၍ မင်းဆရာဖြစ်မှ မဟာအောင်မြေဘုံစံ အုင်္ဂြိုဟ်ကျောင်းကြီးအမ နန်းမတော်မယ်နုက

ဆရာတော် ဦးဗုဒ္ဓိကို ကြည်ညိုလေးစား,မယ်တော်ကိုချီးမြှောက်လိုသောအားဖြင့် မယ်တော်၏အလိုဆန္ဒရှိသမျှ ပြည့်ဝအောင်လုပ်ဆောင်ပေးခြင်းမျှသာ ဖြစ်ဟန်တူသည်။

**အမည်မှည့်ခြင်း နာမကရဏ မစ်လာ**

မွေးဖွားပြီးနောက် ရက်,လအတန်ကြာရောက်ခဲ့သော် ခေါ်တွင်စရာ မည်သည်ဟုမှာ ထိုသတ္တိသားကို မွေးဖွားသောအခါ စန္ဒာခေါ် လမင်းကို အသူရိန်ခေါ် ရာဟုဝပုပ်ဘမ်းချိန်နှင့် တွေ့ကြုံမ်သော ဗျုပ္ပတ္တိနိမိတ်ကြောင့် အမိ,အဖတို့က မောင်ပုပ်ဟု ခေါ်ဝေါ်ကြ၏။

**ရှင်းလင်းချက်**

ဟသ်ဘတမ္ဘိုလယ် မြစ်ကွေးကျောင်းတိုက် ·ဆရာတော် ဦးပညာဝံသ ၂၇ ဝါအရ သက္ကရာဇ် ၁၂၉၇ ခုနှစ် - ဝါခေါင်လဆန်း ၁ ရက်- စနေနေ့တွင် ရေးသားစီရင်အပ်သော ရူပသိဒ္ဓိနိဿယတွင် ပါရှိသည့် ဆရာတော်ဦးဗုဒ္ဓိ၏ အတ္ထုပ္ပတ္တိနိဒါန်းတွင် ( ဂုဏ်းသူငယ်၏ ကိုယ်ဌ ငယ်စဉ်က အနာပေါက်၍ ပုတိဂန္ဓလှိုင်သည်ကို အစွဲပြု၍ မောင်ပုတ်ဟု မှည့်ခေါ်ဝေါ်ကြကုန်၏။) ဟူ၍ ဂုဏ်း(ဦးဘုတ်ဟု ရေးသားခြင်းကို အစားကြီးသည်ကိုအကြောင်းပြု၍ ရေးသည်ဟု ကြားရဘူးသည် ) ဟူ၍ဂုဏ်း ရေးသား ပြဆိုလျက် ပါရှိသည်။

ထိုအကြောင်း အရာများသည် ညောင်ကန် သာသနာဝံသ မှတ်တမ်းတွင်လည်း အလျဉ်းမပါ၊ ဆရာသမား သက်ကြီးဝါရင့်တို့၏ အဆင့်ဆင့် ပြောစကားကိုလည်း လုံးဝ ;မကြားမသိရဘူးသဖြင့် ဂရဟိတ အမနာပ အားဖြင့် ရေးသားခြင်း ဖြစ်သည်ဟုသာ ယုံကြည်စွာ မှတ်သားထိုက်၏။

## ပညာသင်ကြားရန် ကျောင်းထားအပ်နှံခြင်း

မောင်ပုပ် ဂ နှစ်ရှယ်, ၉ နှစ်ခန့်ရှိသော အခါ ညောင်ကန်ရွာ အနောက်တိုက်ခေါ်သော ရတနာမဇ္ဈတိုက် ဘုန်းတော်ကြီး ဦးပြေထံတွင် ပညာသင်ကြားရန် မိဘတို့က အပ်နှံကြသည်။

## ရှင်းလင်းချက်

(ဆရာတော် ဦးသံဝရက ဆရာတော် ဦးမှတ်ကြီး ခေါ်သော အရှင်နရိန္ဒာဘိထံမှာ အပ်နှံသည်ဟု ဆို၏။ အနောက်တိုက်တွင် ဦးမှတ်ကြီးကျောင်းဟူ၍ မကြားမသိရဘူးပါ။အရှေ့တိုက်ခေါ်သော ရှစ်မျက်နှာတိုက် တောင်ဖျားဆုံးနေရာကိုသာ လျှင် ဤနေရာ၌ ရှေးအခါက အုဋ္ဌတိုက်ခံ အတွင်းရှေဘိန်းချ ဆရာတော် ဦးမှတ်ကြီး၏ ကျောင်းနေရာဖြစ်သည်ဟု ၁၂၂၇ ခု ဘွားအသက် ဂ၃ နှစ်ရှယ်ရှိ ဘုန်းကြီး၏ ခမည်းတော် ဒါယကာကြီးက ထိုနေရာသို့ ရောက်တိုင်း ပြောပြသဖြင့် ကြားသိရပေသည်။ အမည်အားဖြင့် "ပထမကျောင်း" ဟု၊ခေါ်တွင်ကြ၏။ယခုတိုင်ထိုနေရာ၌ အုဋ္ဌကျိုးအုဋ္ဌပဲ့ များစွာ ရှိသေးကြောင်း)

## ငယ်ရွယ်စဉ်အခါ စာစပ ဝါသနာပါမှု

မောင်ပုပ်သည် ကျောင်းသား သူငယ်ဘဝ ငယ်ရွယ်စဉ်ကပင် စာပေ၌ အလွန်အကြူး အထူး ဝါသနာပါ၍ ကြိုးစားလှ၏။ မှတ်ဉာဏ်ကလည်း တခုသော အကြောင်းအရာကို သုံးကြိမ်သုံးခါ ကြားနာရလျှင် ဤဘဝတွင် မေ့ပျောက်ခြင်းမရှိ တခါထည်း စွဲမြဲ၍ သွားတော့၏ဟူလို။

(ဦးသူ,ဦးဗုဒ်,ဦးကျိုးညို ဟူ၍ ဆရာတော်ဦးပိုး၏ တပည့် ၃ ပါးတို့တွင် ဦးသူသည် ဉာဏ်အကောင်းဆုံးဖြစ်၏။တခါကြားရလျှင် မှတ်မိ၏။ ဦးကျိုးညိုမှာ နှစ်ခါကြားရမှ မှတ်မိ၏။ ဦးဗုဒ်ကား သုံးခါ ကြားရမှ မှတ်မိ၏)

မောင်ပုပ်သည် ကျောင်းမှ အိမ်သို့ပြန်လာသော အခါ၌ အခြားသော ကျောင်းသား သူငယ်များကဲ့သို့ ဆူညံစွာ ပျော်ပါး၍ သွားလေ့ မရှိ။ မဂ်လသုတ်ကိုသော်၎င်း, ရတနာရှေ့ချိုင့်, နမက္ကာရ စသည်တို့တွင် တခုခုကိုသော်၎င်း၊ ရွတ်အံ၍သွား၏။ စာမကုန်ဆုံးခင် အိမ်ဝင်းတံခါးသို့ရောက်လျှင် အိမ်ထဲသို့ မဝင်သေးမူ၍ တံခါးတိုင်ကိုမှီလျက် စာကုန်အောင် ပြန်သောဟူ၏။ အိမ်မှ ကျောင်းသို့ သွားသော အခါ၌လည်း ထိုနည်းအတိုင်းပင် နေ့စဉ်ပြုလုပ်သည်ဆို၏။

## ဦးပြေက ဦးသာပုံထဲ ရွှေ့ပြောင်းအပ်နှံခြင်း

မောင်ပုပ်သည် ကျောင်းသား သူငယ် ၁၃ နှစ်ရွယ်အထိ ဆရာတော် ဦးပြေ၏ ကျောင်းမှာ နေ၍ စာပေ သင်ကြားခဲ့ရာ ဆင်ပုံးကြီးကို သင်ကာမတ္တမျှ မဂ်လသုတ်, အတွင်းအောင်ခြင်း, အပြင်အောင်ခြင်း,ရတနာရှေ့ချိုင့်, နမက္ကာရ,ပရိတ်ကြီး,လောကနီတိ, ဇာတ်တော်ကြီး ဆယ်ဖွဲ့ အထိ ကုန်စင်အောင် သင်ကြားတတ်မြောက်သည့် အခါ ငယ်ဆရာဖြစ်သော ဦးပြေသည် အကြီးတော်ဖြစ်သည်မှာ - ငါ၏ တပည့် မောင်ပုပ်ခလေးသည် အသက်အရွယ်နှင့်မလိုက် ကျောင်းသားတို့ သင်ကြား တတ်မြောက်ထိုက်သော စာပေများကို ကုန်စင်အောင်လေ့ လာနိုင်ပေသည်။တပည့်၏ ဉာဏ်စွမ်းသည် အံ့မခမ်း ဖြစ်တော့သည်။ သို့အတွက် ငါနှင့် မသင့်တော် -သင့်တော်မည့်သူကျောင်းနီးချင်းဦးသာပုံ၏ထံတွင် အပ်နှံ ရန် အကြောင်း ရှိတော့သည်ဟု ကြိုစိစိတ်ကူးပြီးခါ ညနေချမ်း ဆည်းဆာတွင် ဆရာတပည့် နှစ်ယောက် ဦးသာပုံ ထံသို့ သွားရောက်၍ ပညာသင်ကြားရန် အပ်နှံ လေတော့သတည်း။

## ဆရာတော် ဦးသာပုံက နာမည်အကျော်ရ ပြောင်းခြင်း

မောင်ပုပ်၏ငယ်မည်မှာ မွေးဖွားစဉ် အခါက လ,ကို ငပုပ်

ဘမ်းသည့်အချိန်နှင့် ယှဉ်ပြိုင်၍ ဖွားမြင်ခြင်း ဗျုပ္ပတ္တိ အကြောင်း ရင်းကြောင့် မောင်ပုပ်ဟူ၍ ပဝဂ် ပထမကွန်ရာ ပစောက်မှာ တချောင်းငင်ကာ ပသတ်၍ ရေးသားခဲ့သည်။

ယခုအခါ မောင်ပုပ်သည် ကျောင်းသားသူငယ်တို့ သင်ကြား တတ်မြောက်အပ်သော စာပေများကို အသက် ၁၃ နှစ်အရွယ်တွင် ကုန်စင်အောင် တတ်မြောက်သဖြင့် ဆရာတော် ဦးသာပုံက ငါ၏ တပည့်သည် ဥာဏ်ပညာ ထက်သန်ဘိသဖြင့် များပြားသော ပညာနှင့် ပြည့်စုံ၍ လျှမ်းလျှမ်းတောက် ထွန်းမြောက်မည့် တပည့် ဖြစ်သောကြောင့် ပဝဂ် ပထမကွန်ရာ ပစောက်ကို ပယ်ဖျက်ခါ-ဗုဒ္ဓသဒ္ဒါကို ထောက်ထား၍ ပဝဂ် တတိယကွန်ရာ ဗထက်ချိုင့် အကွန်ရာတွင် တချောင်းင်လျက် တဝဂ်စတုတ္ထကွန်ရာဝ အောက်ချိုင့် အကွန်ရာတွင် အသတ်တင်ကာ ထိုအချိန်အခါက စ၍ မောင်ဇုမ်ဟု ပြောင်းလဲခဲ့ပါသည်။

## ပဇ္ဇုန်မဂ်လာသာမဏေဖြစ်လုပ်ခြင်း

မောင်ဗုံမ ၁၃ နှစ်အရွယ်တွင်ကျောင်းသားသူငယ်တို့ သင်ကြား တတ်မြောက်အပ်သော စာပေတို့ကိုသင်ကြား တတ်မြောက်ပြီး သောအခါ ကောဇာသက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ မိဘနှစ်ပါးတို့က သာမဏေရ ပဇ္ဇုန် မဂ်လာသဘင် ဆင်ယင်ကျင်းပကာ ချီးမြှောက်ကြသဖြင့် ရှင်သာ မဏေ အဖြစ်သို့ရောက်သည်။

သာမဏေအမည် ဇမ္ဗူ။ဒီပါတလွှားမှာ တံခွန်ပမာအလားကဲ့သို့ ထင်ရှားပေါ်လွင်စွာ ကျော်စောခြင်းဖြစ်မည်သာဟု ဆရာတော် ဦးသာပုံကအများတကာတို့၏အပေါ်မှာ လွှမ်းခြုံကာ သူတကာ အစဉ်မတုပနိုင်အောင် "ရှင်ဇမ္ဗူ။ ဓဇ" ဟူသော ဘွဲ့အမည်ကို ပေးသနားတော်မူသည်။

## ရှင်ဇမ္ဗူ၏ ထက်မြက်သော ဥာဏ်ပညာ

ရှင်ဇမ္ဗူ၏ဇာသည် သာမဏေဖြစ်ပြီးသောအခါ ရက်လ အတန်ကြာသော် အဖျားရောဂါ ကပ်ရောက်လာသဖြင့် လူဝတ်လဲကာ အိမ်သို့ထွက်၍ တလခန့်နေရာ အနည်းငယ်သက်သာသော အခါအလကားမနေတတ်သဖြင့် ၁၂၀၃ ဂါထာရှိ ပါဠိ°အာဘိဓါန် ကျမ်းစာကို ကျက်မှတ်ရာ ကြေညက်စွာ အကုန်ရသော ဟူ၏။

ဌင်းနောက် စဲ့ကပ်သော အဖျားရောဂါ ပျောက်ကင်းချမ်းသာ၍ တဘန်သက်နှုံးဝတ်ပြီးသောအခါ ဆရာတော်ဦးသာပုံ့ က ဗေဒင်လက်ရိုး တွက်ရမည်ဟု အမိန့်ရှိရာ အနောက်တိုက်မှာ ဗေဒင်လက်ရိုးစာ မရှိသဖြင့် ၂ ဖါလုံခန့်ဝေးကွာသော မြောက်တိုက်သို့ စာသင်ဘက် သာမဏေတပါးနှင့် စာထုတ်သွားကြရာ ထုတ်ယူလာသောစာကို လမ်းသွားရင်းကြည့်ရှုကာ အနောက်တိုက်အနီးရှိ သံဖိုချောင်းကြီးသို့ ရောက်သောအခါ ဒီစာကို ပြန်၍ပို့ချင်သည်ဟု ကိုရင်ဗုဒ္ဓကပြောသည်ဆို၏။

ထိုအခါတွင် စာသင်ဘက် ကိုရင်က ဘာဖြစ်လို့လဲဟု မေးမြန်းရာ ဒီအထဲမှာ ပါဒါတွေတော့ အကုန်နားလည်သားဘဲဟု ကိုရင်ဗုဒ္ဓက တဘန် ပြန်၍ပြောသည်ဆို၏။

ထိုအခါ အဖေါ်ဖြစ်သော စာသင်ဘက်ကိုရင်က ဒီလိုတော့ မလုပ်ပါနှင့် ကိုရင်ဗုဒ္ဓရာ ကျောင်းထိုင်အောင်တော့ ယူခဲ့ပါဦး ကိုရင်ဗုဒ္ဓသိပေမဲ့ ကျုပ်မသိသေးပါဘူးဟုတောင်းပန်ပြောကြားသောကြောင့်သာ ကျောင်းထိုင်အောင်ယူဆောင်လာခဲ့ရလေသည်။

## ငယ်ရွယ်စဉ်ကပင် ဇဲ့ကွက်မှုမရှိချင်

ကိုရင်ဗုဒ္ဓသည် ငယ်ရွယ်စဉ်အခါကပင် မိမိသူတပါး နှစ်ဦးသားအပေါ်တွင် ဇဲ့ကွက်ချင်သော စိတ်မရှိ ပကတိ သဘောအားဖြင့် လောကကို မင်္ဂဇာစာပေကိုသာ ကြည့်ရှု၍ နေလေ့ရှိသည်ဆို၏။

ထို့ကြောင့် တနေ့သောအခါ ဖခင်ဖြစ်သော ဒါယကာကြီး ဦးဒိုသည် သားဖြစ်သူ ကိုရင်ဗုဒ္ဓကို တွေ့မြင်လိုသဖြင့် ကျောင်းသို့ လာရာ လှေကားရင်း ရောက်သောအခါ ခွေးအများ စိုင်းအုံကာ ကိုက်ခဲခြင်းခံရရှာသဖြင့် သွေးထွက်သံယိုဖြစ်ခါ ခွေလဲ၍ သွားရာ အခြားသော ကျောင်းသား, ကိုရင်တို့က စိုင်းအုံကြည့်ရှု ယုယကြင်နာစွာ ဆေးကုန်း ပေးကြရှာသည်ဆို၏။

ကိုရင်ဗုဒ်မှာမူကား စာကြည့်၍နေရာ ကျောင်းပေါ်က ဆင်း၍ မလာသောကြောင့် အဖဖြစ်သူဦးဒိုက စိတ်နာသဖြင့် မောင်ဗုဒ်ရာ မင်းကမ္ဘ နေနှိုင်ဒါမဟုတ်ပါဘူးဟုဆို၍ ပြန်သွားရာ နောင်သော အခါ သားနှင့်အဖ တကြိမ်တခါမျှ မတွေ့မြင်ရတော့ဟူသတည်း။

## ဥပသမ္ပဒမင်္ဂလာ ရဟန်းဖြစ်ချိန်ခါ

ကိုရင်ဗုဒ်သည် ၇ ၀ါပတ်လုံး ဆရာတော်ဦးသာပုံထံတွင် သဒ္ဒါ, သင်္ဂြိဟ်, အဘိဓာန်, အလင်္ကာ,ဆန်း, မာတိကာ, ဓာတုကထာ, ယမိုက်,ပဋ္ဌာန်း,ဝိနည်းနှင့်တကွသော သင်ရိုးကျမ်းစာတို့ကို မပင်မပန်း ချမ်းချမ်းသာသာ သင်ကြားတတ်မြောက်သောအခါ အသက် ၂၀ ပြည့်သဖြင့် ကောဇာသင်္ကရာဇ် ၁၁၆၉ ခုနှစ်တွင် ဦးသာပုံ ခေါ် ဆရာတော် အရှင်မုနိန္ဒသာရကို ဥပဇ္ဈာယ်ပြုခါ သာမဏေဖြစ်ရာ ဆယ်သိက္ခာမှ နှစ်ရှဉ့်နှစ်ဆယ် ခုနှစ်သွယ်ကို ကိုယ်ဝယ်ဆင်မြန်း ဝန်ကြီးထမ်းသည့် ရဟန်းဘဝ ဒုလ္လဘကို ရကြီးရတော်မူလေသတည်း။

ကိုရင်ဗုဒ် ရဟန်းပြုရာ၌ ဥပဇ္ဈာယ် ဆရာတော်ကြီး(ဦးသာပုံ) ကိုယ်တော်တိုင် အနုသာသနအဖြစ်ဖြင့် ရဟန်းလောင်း ဆုမ္မတော်မူသည်။

ရဟန်း အဖြစ်သို့ ရောက်တော်မူပြီးသောအခါ ဘွဲ့အမည်တော်မှာလည်း "ရှင်ဇမ္ဗူ၊ ဓဇ" ပင်တည်း။

**မှတ်ချက်။** ။ညောင်ကန် သာသနာဝံသမှတ်တမ်းဌ် ဆရာတော်ဦးဗုဒ်၏ ရဟန်းဒါယကာ, ဒါယ်ကာမ အထူးမပါ မရှိ၍ မသိရသောကြောင့် မထည့်လိုက်ပါ။

## ဦးသာပုံက ဦးပိုးထံ ပြောင်းရွှေ့အပ်နှံခြင်း

ဆရာတော်(ဦးသာပုံခေါ်)အရှင်မုနိန္ဒသာရသည် တပည့်ဦးဗုဒ်၏ ပဋ္ဌာဘာဏ်ဥာဏ်ပညာ ထက်သန်လှသောကြောင့် မိမိတပါးတည်း ကျမ်းဂန်ကြီးများကို ပြည့်စုံ လုံလောက်အောင် သင်ကြားပို့ချပေးခြင်းငှာ မစွမ်းနိုင်ရာသဖြင့် ဥာဏ်ပညာ ထက်သန်လှသော ဆရာတော် (ဦးပိုးခေါ်)အရှင်ပုညာဘိထံ အပ်နှံပို့ထားရ၏။

ဆရာတော်(ဦးပိုးခေါ်) အရှင်ပုညာဘိ သည် ဥာဏ်ပညာ ထက်သန် လှသောကြောင့် ဥဘတောဝိဘင်းကို ပြန်ဆိုကာ ညောင်ကန်ရွာ၌ ဂိုဏ်းအုပ်လုပ်တော်မူရသည်။

## ဆရာတော်ဦးပိုးထံ ပညာရင်နှီး သောက်စို့ပြန်ခြင်း

ဦးဗုဒ်သည် စာတက်ချိန်ကို အမှန်မလွဲအောင် အပြဲလာ လေ့ရှိ၏။တနေ့သော အခါ အာဂန္တုညှေ့သည်လာနေ၍ ဆရာတော် ဦးပိုးသည် အချိန်မှန်စာမချသဖြင့် ခဏခြင်း မိမိနေရာသို့ ပြန်ကြွသွားလေ၏။

အာဂန္တုညှေ့သည် ပြန်ကြွသွားလေသော် ဆရာတော်ဦးပိုး သည် ဦးဗုဒ်နေရာသို့ ကြွလာရာ ဦးဗုဒ်သည် သက်နှံးကို ခေါင်းမြီးခြုံကာ အိပ်နေသဖြင့် ဆရာတော်ဦးပိုးက "လူပုံကဖြင့်-စာတတ်မည့်ပုံကြီးဘဲ"ဟု မိန့်ဆိုသွားဘူးသောကြောင့် နောင်သောအခါ သဒ္ဒနီတိနိဿယ ကျမ်းစာကို ရေးသားစီရင်သော ဟူ၏။

## ဆရာတော် ဦးကွင်းထံ ကျမ်းဂန်သင်ကြားခြင်း

ဦးဗုဒ္ဓသည် ညောင်ကန်ရွာ အရှေ့တောင်ထောင့် ၃ဖာလုံခန့် ကွာဝေးသောအရပ်၌(နောင်တော်ကြီးခေါ်) ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် ဖလ်နန်းရှင်၏ယေသဆရာ သတိုးသုမ္မမဟာသက်တော်ရှည် ဘွဲ့အမည်ဖြင့် ချီးမြှင့်ခြင်းခံရသော ဆရာမင်းကြီးက တည်ထား ဆောက်လုပ် လှူဒါန်းခဲ့သော ;ဇေယျခုံ(တနည်း)ရှေစည်းခုံကျောင်းတိုက်ကြီး၌ သီတင်းသုံးနေထိုင်တော်မူသော ဆရာတော်ဦးကွင်းထံသို့ နေ့စဉ်မှန်မှန် သွားရောက်၍ ပိဋကတ်ကျမ်းဂန်များကို လေ့လာ သင်ကြားတော်မူသည်။

ထိုဆရာတော် ဦးကွင်းသည် ပိဋကတ် ၃ ပုံ ပါဠိုတော်နှင့် တကွသော အဋ္ဌကထာ,ဋီကာတို့ကို ရှင်းလင်း ပြတ်သားစွာ သင်ကြားပို့ချတော်မူနိုင်သည့်ပြင် မဟာဝင်, ရာဇဝင် ကျမ်းစာများကိုလည်း လေ့လာလိုက်စားတော်မူသေး၏။

**မှာထားချက်။** ဆရာတော်ဦးကွင်း၏ အတ္ထုပ္ပတ္တိနှင့် ရှေစည်းခုံဘုရားကြီး ၎င်းကျောင်းကြီး, ၎င်းတို့၏ ဒါယကာ ဆရာမင်းကြီး အကြောင်းကို နောက်ဆက်တွဲ၌ ပြဆိုလတံ့။

## ဆရာတော်ဦးပိုးထံ နည်းမျိုးစုံ နိဿယည်းခံခြင်း

ဦးဗုဒ္ဓသည် ဆရာတော်ဦးပိုး၏ အထံတွင် ပါဠိုတော်,အဋ္ဌကထာ,ဋီကာ,အနု,မဓု, ယောဇနာ, လောကီ, လောကုတ္တရာ ဂန္ထာန္တရအဖြာဖြာတို့ကို နည်းမျိုးပေါင်းစုံလင်စွာဖြင့် အာစရိယဟတ္ထမုဋ္ဌ ပါရမိဓါတ်ခံ ရင့်သန်ကြီးမားတော်မူသည့်အလျောက် သူမတူတန်အောင် ကမ်းတာဘက်ရောက် သင်ကြားတတ်မြောက်တော်မူသဖြင့် ပိဋကတ္တယ ယထာဘူတ ပါရဂူ ဖြစ်ကြီးဖြစ်တော်မူသတည်း။

## မြိုကြီးဆရာတော်ထံ နိဿယယူးခံခြင်း

ဦးဗုဒ္ဓသည် ညောင်ကန်ရွာရှိ ဆရာတော်အပေါင်းတို့၏ ထံမှ နည်းမျိုးစုံ နိဿယယူးခံယူခါ ကမ်းတဘက်ရောက် သင်ကြား တတ်မြောက်တော် မူပြီးလည်း အားရ တင်းတိမ်နှိုင်ခြင်း မရှိ သဖြင့် ဗန္ဓကျ ိတိုက်နယ် အဝင်အပါ မြိုကြီးခေါ်သော ရွာတွင် ဆရာတော် တပါး ဝိနည်းအဆုံးအဖြတ် ကောင်းလှသည်ဟု ကျော်ကြားသောကြောင့် နိဿယယူး ယူရန်အဖေါ် ဦးဥာဏနှင့် တိုင်ပင်ကာ နှစ်ပါးအတူသွားကြလေ၏။

ထိုအခါ မြိုကြီးရွာသူကြီးက သံယာ ၁၀၀ ထက် ပိုလွန်၍ ဆွမ်း ပန်းကိစ္စအတွက် မတတ်နိုင်ပါဟု လျှောက်ထားသော စကား ကြောင့် စာချဆရာတော်က စာသင်ရန်လာသော သင်တို့ ၂ပါး ကိုဆွမ်းကွမ်းမပြည့်စုံသည့်အတွက် လက်မခံနိုင်ပါဟု မိန့်ဆိုသော အခါ ဦးဗုဒ္ဓနှင့် ဦးဥာဏတို့က ဆွမ်း အတွက်မှာ မြိုကြီးရွာက မတတ်နိုင်ခဲ့သော် တခြားရွာသို့ သွား၍ ဆွမ်းခံစားပါမည်၊ နေရ မည်ကိုသာ ခွင့်ပြုတော်မူပါဘုရားဟု စာချသောဆရာ တော်အား လျှောက်ထားတောင်းပန်ကြသောကြောင့် နေခွင့်ရသဖြင့် ဆရာ နည်းခံကာ တဝါဆို၍ နေကြလေ၏။

ထိုကဲ့သို့နေထိုင်ကြစဉ် ဦးဥာဏက ဦးဗုဒ္ဓအား သစ်ပင်အောက် သို့ သွားရောက်ပြီးသော် နေတွေ့ပါဦးတော်ကို ပို့ချပေးရာ တိုက် တွင်း၌ သံယာတော်များစွာသည် တနေ့တခြား စည်ကား သိုက်မြိုက်စွာ စာလိုက်၍ နေကြသည့်အရာကို စာချဆရာတော် ဘုရား တွေ့မြင်သွားသဖြင့် အားရတော်မူလှသောကြောင့် စာချရန် တဲကြီးတဆောင်ဆောက်လုပ်ခါ ပေးအပ်တော်မူသည်ဆို၏။

ဦးဗုဒ္ဓသည် မြိုကြီးဆရာတော်၏နည်းဖြင့်၊ ဘုန်းကြီးပြန်က ရသော ဝတ္ထုပစ္စည်းမှန်သမျှကို ဘယ်အခါမှ ဝတ်ရုံသုံးဆောင်

တော်မမူ-ဘုန်းကြီးပြန် ရှိသောအခါမှ ဘုန်းကြီးပြန်က ရသော ဝတ္ထုပစ္စည်းဖြင့် တဘန်ပြန်၍ ချီးမြှင့်ထောက်ပံ့သည်။

**ဂိုဏ်းအုပ်အဖြစ်သို့ ရောက်လာမှုခြင်း**

ဦးဗုဒ္ဓိသည် ဗန့်ကျ ိမြို့နယ် အဝင်အပါ မြို့ကြီးရွာ၌ တဝါ နေပြီးသောအခါ ညောင်ကန်ရွာသို့ ပြန်ကြွလာ၍ စာပေပို့ချ နေရာ ကောဇာသက္ကရာဇ် ၁၁၈၁ ခုနှစ်သို့ ရောက်သော အခါ ဆရာတော် ဦးပိုးခေါ် အရှင်ပုညာဘိကို ရတနာပူရ စတုတ္ထ မြို့တည်(နောင်တော်ကြီးခေါ်သော) ဘကြီးတော် ဖာလိနန်းရှင် မင်းတရားကြီးက နေပြည်တော်သို့ ပင့်ဆောင်သွားသောကြောင့် ညောင်ကန်ရွာ၌ ဂိုဏ်းအုပ် လစ်လပ်နေရာ ဆရာတော်ဦးဇင် ၁၃ ဝါ အရတွင် ဥဘတောဝိဘင်းကို ပြန်ဆိုပြီးလျှင် ကောဇာ သက္ကရာဇ် ၁၁၈၂ ခုနှစ်တွင် ညောင်ကန် ဂိုဏ်းအုပ်လုပ်တော် မူရသည်။

**မှတ်ချက်။** ဦးဗုဒ္ဓိသည် ၁၁၆၉ခုနှစ်က ရဟန်းပြုစ်သော်လည်း ဝါရေ ၁၁၇၀ ပြည့်နှစ်ကမှ စ၍ ဝါရသဖြင့် - ဂိုဏ်းအုပ် ပြုစ် သောအခါ ၁၃ ဝါရ ဆိုသောကြောင့် ၁၁၈၂ ခုနှစ် တွင် ဂိုဏ်းအုပ် ဖြစ်သည်ဟုရေးသားလိုက်သည်။

အမရပူရ ပထမ မြို့တည် နန်းတည် ဘိုးတော် မင်းတရားကြီး ဦးဝိုင်းလက်ထက်, ရတနာပူရ စတုတ္ထမြို့တည် နန်းတည် (နောင် တော်ကြီးခေါ်သော) ဘကြီးတော် ဖာလိနန်းရှင် လက်ထက် တော်များ၌ ဥဘတောဝိဘင်းကို ပြန်ဆိုနိုင်မှ ဂိုဏ်းအုပ်လုပ်ရ သည်။ဒွေ မာတိကာ ပြန်ဆိုနိုင်မှ ကျောင်းထိုင် ကျောင်းပိုင်လုပ်ရ သည်။

(ထိုအကြောင်းအရာတို့ကို စုံလင်စွာသိလိုလျှင် အမေးတော်ပုံ ပေစာမှ တွင် သတိပြု၍ ကြည့်ရှုကြပါကုန်။)

မှတ်ချက်။ ယခုခေတ်မှာကား များသောအားဖြင့် ဒွေမာတိကာကို မဆိုထားနှင့် ဘိက္ခု ပါတိမောက်မျှကိုပင် အနက်, အဓိပ္ပါယ် ကုန်စင်အောင် မသိဘဲလျက် "ဆရာဘုန်းကြီးသေ-တပည့် အမွေခံဖြစ်" ဆိုသည့်အလား ကျောင်းထိုင်, ကျောင်းပိုင် လုပ်၍နေသည်က များတော့သည်။

ထိုသို့ ဦးဗုဒ် ဂိုဏ်းအုပ်အဖြစ်သို့ ရောက်ပြီးသော အခါ (နောင်တော်ကြီးခေါ်) ဘကြီးတော် ဖာလ်နန်းရှင် မင်းတရားကြီးက "စက္ကာဘိဓဇ မဟာဓမ္မ ရာဇာဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို ကပ်လှူသောကြောင့် တံဆိပ်ရ ဂိုဏ်းအုပ်ဆရာတော် ဖြစ်၏။

(ရှေးအခါက ဂိုဏ်းအုပ်များသည် ထန်းဘူးစာ၌နှစ်ရ ဂိုဏ်းအုပ်သာ ဖြစ်ရသည်များ၏။)

ဆရာတော် ဦးဗုဒ် ဂိုဏ်းအုပ်ဖြစ်သောအခါ ရွာတွင်းဌ ဘိနပ်မစီးရ, ထီးမဆောင်းရ, နေလွဲ ကွမ်း, ဆေး မဝါးရ, ပွဲလမ်းသဘင် မကြည့်ရှုရ, နှစ်ဘက်ဝန်ကို မထမ်းရဟု ဆင့်ဆိုတော်မူသော ကြောင့် တောထွက် ရဟန်းကြီး တပါးသည် ရေခပ်သောအခါ ထမ်းပိုးတဘက်ဌ ဇီးမြစ်ဆုံကြီးကို တပ်လျက်- တဘက်က ရေဒဲ့ကိုးကိုတင်ကာ ထမ်းဆောင်၍လာရာ တပါးသော ပုဂ္ဂိုလ်များက အရှင်ဘုရားမှာ ဝန်လေးခံကာ အဘယ့်ကြောင့် ဇီးမြစ်ဆုံကြီး ကိုတပ်ခါ ထမ်းဆောင်၍ လာရပါသနည်းဟုမေးရာ "ကိုဗုဒ်တို့ သာသနာတဲ့ဗျာ နှစ်ဘက်ဝန်ကို မထမ်းရဘူးဆိုလို့ ရေဒဲ့နှင့်ညီမျှအောင် ဇီးမြစ်ဆုံကိုတပ်ခါ ထမ်းဆောင်၍ လာရသည်" ဟု ပြောကြားသည်ဆို၏။

ဆရာတော် ဦးဗုဒ် ညောင်ကန်ရွာတွင် ဂိုဏ်းအုပ် ဖြစ်တော်မူစဉ် ရာဇာဂုရု ဘွဲ့တံဆိပ်ရကြောင်းကို (အလုံမြို့၌ သာသနာပြုတော်မူသောရှင်ဇမ္ဗု။ ဝေကို "စက္ကာဘိဓဇ မဟာ ဓမ္မရာဇာဂုရု"

တံဆိပ်ကို လျှုတော်မူသည်)ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ပဋ္ဌမတွဲတွင် အဆိုရှိသည်။

**ရတနာ မဏ္ဍိုတိုက်အတွင်း စာဝါ ပို့ချတော်မူခြင်း**

ဆရာတော် ဦးဗုဒ္ဓသည် ညောင်ကန်ရွာ ရတနာမဏ္ဍိုတိုက်ကြီးအတွင်းမှာရှိသော ကျောင်း ၉ ကျောင်းမှ သံဃာ ၁၀၀ ကျော်တို့အား နေ့ဝါ, ညဝါ စာပေကျမ်းဂန် အဖြာဖြာတို့ကို သင်ကြားပို့ချခါ သီတင်းသုံး နေထိုင်တော်မူသည်။

(အချို့အရပ်က ဗဟုသုတရှင်တို့က ဆရာတော် ဦးဗုဒ္ဓသည် စိတ်တိုလွှသဖြင့် စာပေလည်း မပို့ချ၊ တပည့် လက်သားလည်း မရှိဟု ထင်မြင်ကာ ပြောကြ၏)

တပည့်လက်သား မရှိဟုဆိုသော စကားမှာ လုံးဝမဟုတ်မမှန်ပါ၊စင်စစ်အမှန်ကား တပည့်လက်သားများ ပြားလှသောကြောင့် ယခုခေတ်တိုင်အောင် အဆက်မပြတ် တည်လျက်ရှိသေး၏။

ရတနာမဏ္ဍိုတိုက်ကြီး အတွင်းဝယ် ဆရာတော် ဦးဗုဒ္ဓ သီတင်းသုံး နေထိုင်တော်မူသော ကျောင်းက အနောက်ဘက် ဆရာတော် ဦးကျိုးညိုသီတင်းသုံးနေထိုင်တော်မူသော ကျောင်းက အရှေ့ဘက် အလယ်တွင် သိမ်နှင့် ဘုရားတန်းခြားလျက် ခဲတပစ်မျှသာ ကွာဝေး၏။

**ဦးဗုဒ္ဓနှင့် ဦးကျိုးညို အလိုမတူ ကွဲပြားချက်**

ဆရာတော် ဦးဗုဒ္ဓကား စာပေအကြည့်အရှုများ၍ သမာဓိအားကြီးသဖြင့် ဆွမ်းစင်, ပရိတ်ရွတ် အလိုက်နည်းပါး၏။ ဆရာတော် ဦးကျိုးညိုကား မေတ္တာတရား အားကြီးမား၍ ဘုရားဆုပန်ဖြစ်သောကြောင့် စာပေကျမ်းဂန်ကိုလည်း အမြတန်းပို့ချခါ တကာ, တကာမတို့အား တရားဓမ္မလည်းဟောကြား ပြသတော်မူ၏။

ဆရာတော် ဦးကျော်ညိုသည် စာပေအရာ၌ကား ဆရာတော် ဦးဗုဒ္ဓကို ယှဉ်ပြိုင်ကာ မင်္ဂြင်းဆိုနိုင်။ ထို့ကြောင့် ဆရာတော် ဦးဗုဒ္ဓစာချသောအခါ သဘောချင်း မတိုက်ဆိုင်သော အရာဌာနတို့၌ ဆရာတော်ဦးကျော်ညိုကို "ကေနစိ၊အချို့သော ငကျော်ပတ်ကြား ဖက်ခွက်စားတို့သည်။ ဝဒန္တာကိရ၊ ဆိုကြကုန်သတတ်"ဟု ကေစိထိုး၍ ချုလေ့ရှိသည်ဆို၏။

**မှတ်ချက်။** ။"ကေစိထိုးမှ ကိုယ်အောက်ယူ - အပရေမှ ဆရာတူ" ဟူသော ပရိဘာသာအရ အသက်သိက္ခာအားဖြင့်လည်း တန်စံတဝါကြီးမား၍ သမာဓိအရာ ဥာဏ်ပညာအားဖြင့်လည်း တိတိတ်သား ဆန်ဆန် ထက်သန်တော်မူသော အကြောင်း မျှားကြောင့် ဤကဲ့သို့ မိန့်ဆိုတော်မူဟန်တူသည်။

**ရှင်းလင်းချက်။** ဆရာတော် ဦးကျော်ညိုမှာ ဆောင်းကာလရောက်သောအခါ ခြေသလုံးတွင် ပတ်ကြားရာ ကွဲထင်သောကြောင့်ရင်း, ဆွမ်းစဉ်လိုက်ခါ ဖက်ခွက်နှင့်ထည့်သော ဆွမ်းဟင်းလျှာတို့ကို စားသည်ဟု ဆိုလိုသောကြောင့်ရင်း, ဆရာတော် ဦးဗုဒ္ဓက ငကျော်ပတ်ကြား ဖက်ခွက်စားတို့သည်ဟု ဆိုသောဟူ၏။

အယူဝါဒ မတူကွဲပြားကြသော အချက်တခု ကြားသိရဘူးသည်ကား ဆရာတော် ဦးဗုဒ္ဓက ဟိတပ္ပါကဋ္ဌ ကရောမိမှ မှန်သည်ဟု ပြောကြားရာ-ဆရာတော်ဦးကျော်ညိုက ဟိတပ္ပါကဋ္ဌ ကရောမိမှ မှန်သည်ဟု ငြင်းဆိုတော်မူသည်ဆို၏။

ထို့ကြောင့် ဆရာတော်ဦးကျော်ညို ရေးသားသော ကစ္စာယနသာရ သရူပတ္ထဒီပနီကျမ်း၌ ပါဠိလိုပုဒ်ဝယ် စိပစ္စည်းသက်၌ ပါဠိလိုပုဒ်ပြီးသကဲ့သို့ တပ္ပါကဋ္ဌိပုဒ်၌သည်း စိပစ္စည်းသက်၍ ပြီးနိုင်သောကြောင့် တပ္ပါကဋ္ဌိ မှန်ကြောင်းကို ရဲရဲဝံ့ဝံ့ မိန့်ဆိုတော်မူထား၏။

ကေစိအချို့က တပ္ပါကဋ္ဌ ကရောမိမ္ဗ မှန်သည်ဟု ဆိုကြသော ဟူ၍ ဆရာတော်ဦးဗုဒ္ဓကို ကေစိထိုး၍ ထားသည်ကို တွေ့မြင်ရသေး၏။

**အစွမ်းမသေးကြောင်းကို ကျမ်းရေး၍ ပြတော်မူခြင်း**

ဆရာတော် ဦးဗုဒ္ဓသည် ညောင်ကန်ရွာတွင် သီတင်းသုံး နေထိုင်တော် မူစဉ်က တခါတရံ ဆွမ်းစဉ်, ပရိတ်ရွတ် လိုက်သေး၏။

ညောင်ကန်ရွာနှင့်ခရီး ၂ မိုင်ခန့် ဝေးကွာသော အုဋ္ဌအိုင်ရွာ အလှူသို့ ရေပုတ္တလင် မကျီးကန်ရွာမှ ဆရာတော် ဦးဥာဏနှင့် အတူ ပရိတ်ရွတ်သွားကြရာ ဆရာတော်ဦးဗုဒ္ဓက "ယနေ့ ကိုဥာဏ ဘယ်တေး ဆိုလိမ့်မှန်း" ဟု ပြောလိုက်သော အခါ ဆရာတော် ဦးဥာဏက "လူပုံက ကိုယ်ဖြင့် အဖြစ်မရှိဘဲနှင့် သူတကာ ဟော ပြောသည်ကိုပင် ပြောင်လှောင်ချင်သေးသည်"ဟုဆိုသဖြင့် ဆရာတော်ဦးဗုဒ္ဓက အဖြစ်ရှိကြောင်းကို သိစေရန် 'ဒါနဖလုပ္ပတ္တိကျမ်း' ကို ရေးသား စီရင်တော်မူသည်။

**မန်းစက်တော်သို့ ဘုရားဖူး ကြွတော်မူခြင်း**

ဆရာတော် ဦးဗုဒ္ဓသည် စက်တော်ရာကို သဒ္ဓါကြည်ညို ဖူးမြင်လို၍ကောဇာသက္ကရာဇ် ၁၁၀၂ ခုနှစ် တပို့တွဲလပြည့် ဗုဒ္ဓဟူးနေ့တွင် ညောင်ကန်ရွာမှ အနောက် ခရီး၆မိုင်ခန့် ဝေးကွာသော ရေပုတ္တလင် မကျီးကန်ရွာ မိတ်ဆွေကြီး ဦးဥာဏနှင့် အတူ(ချင်းတွင်းခေါ်သော) သလ္လာဝတီမြစ်ကြောင်းခရီးဖြင့် လှေစီးကာ ကြွတော်မူကြ၏။

(ကြွသွားသော ခရီးစဉ်ကို လက်ဘဖြင့် စိကုံးရေးသားထားသည်ကို နောက်၌ ပြဆိုလတံ့။)

ဆရာတော် ဦးဗုဒ္ဓသည် ဘုရားဖူးရန် ကြွတော်မူသောအခါ ဘပါးသော ပုဂ္ဂိုလ်တို့ကဲ့သို့ တကာ, တကာမ အများနှင့်

သာမည အမှတ်မဲ့ သွားသည်မဟုတ်- လှေထိုးသမား ဆွမ်းချက်သော ကပ္ပိယ တကာများနှင့်သာ ကြွသွားတော်မူကာ လမ်းခရီးအကြားမှာ မကြီစိအပ် မနှိုင်းယှဉ်အပ် မြတ်ထက်မြတ် ဖြစ်သော ဘုရားရှင်၏ ဂုဏ်တော်အပေါင်းကိုအာရုံပြု၍(ပဒစေတိယ ဝန္ဒနာ)စက်တော်ရာ ဘုရားရှိခိုး ဂါထာများကို စိကုံးရေးသားရင်း ကြွသွားတော်မူသည်။

## ပဒစေတိယ ဝန္ဒနာ

(က) ဒိပက်ရေ သုမေဓောယော၊ဟိတ္မာ ဟတ္ထဂတံ ပဒံ။
ပဏ္ဍိဝေါနံ ပဝဏ္ဏေသိ၊ဒယာ ယဏ္ဍ၀ိဇ္ဇ မာနသော။ ။

ဤဂါထာက အစ အကြောင်းအချီး ၂၉ ဂါထာ။

(၁) ဟေဋ္ဌာ ပါဒတလေ ဇာတံ၊ သဟသာရံ သ-နေမိကံ။
သဇ္ဇာကာရ ပရိပ္ပူရံ၊ သုဝိဘတ္တံ သ-နာဘိကံ။ ။

(၂) သတ္တိ သိရိ ဝန္ဓာဒေ၀ိဟိ၊ အဋ္ဌသတေဟိ ဝါရိတံ။
ယတ္ထ ဒေ၀ိသတိ ဘေနေ၀၊ လဠ္ဠ၀ိတံ တ-မဟံ နမေ။ ။

(၃) တိရေ ယောနမ္ပဒါ နဒ္ဓာ၊ နာဂေန ယာစိတော ဇ၀ေနာ။
ဒဿေသိ ပဒစေတိယံ၊ ဝန္ဒေ တံ ဟိတဒံ ဝရံ။ ။

ဤ ၃ ဂါထာက စု၍ ဂါထာပေါင်း ၀၇ ဂါထာရှိသည်။
ဒွိဇ္ဇေက မေရု ဂေါ၀ရ၀ိ၊ မာ၀ယပုဏ္ဏေ စတုတ္ထေဟေ။
ပဒေ၀ေ၀ိယ ပူဇာ၀ယ ၊ သြ၀ေ ရစိတာ ဣဒံ။ ။

ဤကား နိဂုံး အဆုံးဂါထာတည်း။ ၃ရပ်ပေါင်း ၁၀၇ ဂါထာရှိသည်။
ဂါထာစုံ အကုန် သိလိုလျှင် ကျမ်းရင်းကို ရှာဖွေ၍ ကြည့်ရှုကြပါကုန်။

ဆရာတော်ဦးဗုဒ္ဓိသည် ဤ(ပဒစေတိယဝန္ဒနာ) စက်တော်ရာ ဘုရားရှိခိုး ဂါထာများကို လက်နှင့်စိကုံးရေးသားရုံသာ မဟုတ် နှုတ်ကပါ ရွတ်ဆိုလျက် ဘုရားကို ရှိခိုးသောဟူ၏။

ဂါထာပေါင်း ၁၀၇ ဂါထာရှိ ပဒေစတိယဝန္ဒနာကို မိတ်ဆွေကြီး ဦးဥာဏာက ချောမောပြေပြစ်စွာ အနက်မြန်မာ ပြန်ဆိုသော ဟူ၏။

**မှတ်ချက်။** ။ဦးဥာဏာသည် ပါဠိအာဂုံ ပေစာချုပ်ရေ ၀၀ခန့်ရရှိသော ပုဂ္ဂိုလ်ဖြစ်၏။ ဆရာတော်ဦးဗုဒ္ဓနှင့် သတ္တိုချင်းသာ ကွာခြားသတည်း။

ဆရာတော်ဦးဗုဒ္ဓသည် စက်တော်ရာ ဘုရားရှိခိုး ဂါထာများ ကိုသာ ရေးသားစီကုံးခဲ့သည်မဟုတ်သေး၊ မိမိရောက်ရာခရီးစဉ် မြို့ရွာများကိုလည်း လက်ဖြင့် စီကုံးရေးသားခဲ့သည်မှာ ....

(၁) ရွှေစက်နှစ်လည်၊ဖူးအုံ့ရည်၍၊ရှည် သက္ကရာဇ်၊ထောင်, ရာ,ရှစ်,ဆယ်၊စွန်းကယ်နှစ်နှစ်၊သရစ် မာဃ၊ပုဏ္ဏမ၀ယ်၊ ဗုဒ္ဓနေ့ တွင်၊ပုတ္တလင်မှ၊ ထွက်ခဲ့ကြသော်၊ စုံလှ ဈေးနာ၊မုံ ရွာမြစ်စုတ်၊ ပခုက္ကူမည်၊ ပုဂံပြည်နှင့်၊ ဤသည်ရပ်များ၊ ညဉ့်တန့်နားမှ၊ ညောင်လှ သာယာ၊ နောက်ဘက်မှာကား၊လမ်းနား မည်ခံ၊ကြွေ ပုဂံရွာ၊ဆိပ်ဖြူ၊ရွာနှင့်၊ ရွှေမှာ စဉ့်ကူ၊ရွာမှ ပြင်းမ၊ ယင်းအောက် ကတွင်၊ဆီးချိုပင်, တည့်၊မွမ်းဖြင်ဗိုလ်ခြေ၊စလေ တသွယ်၊ပခန်းငယ် ဆိပ်၊ ညဉ့်အိပ်ခဲ့ထွေ၊ ဆူးလေကုံး ဟူ၊ တောင်ပလူ ရွာ၊ မဲရွာ ခေါ်ရှောင်း၊ ငမွဲချောင်း နှင့်၊ ကျော်သောင်းကျောက်ရဲ၊ တကွဲ ဆားလယ်၊ တသွယ် ပင်းချောင်း ၊ဖေါင်း ကတောရွာ၊ကြွေ့ဝှာ ဝှန်ခြောင်း၊ ရေနံချောင်းက၊ညောင်လှ,ဆားတိုင်၊ရိပ်မြိုင်ပြည့်သိပ်၊ ယုံးပင်ဆိပ် က၊ သာလှတုလွတ်၊ ဝက်မစွတ် ရြေ၊ တညဉ့် နေ၍၊ စီးလှေဆိုက်ခါ၊ တက်သွားပါသော်၊ စဉ်လာခေါ်နှုံး၊ ဆယ်မုံ, ပျော်ဘွယ်၊ လေကွယ် ပေါင်းဌ၊ လှိုက်ဆူကျော်သံ၊ ကျောက်စံ ခေါ်ညား၊ ကလပါးနှင့်၊ ထူးခြားကွဲလွဲ၊ ကျွဲထဲ, ညောင်ကိုင်း၊ စဉ်တိုင်းမြော်ရှု၊စကုတဃင်း၊ချင်းကုံးတချက်၊မရှက်တဆူ၊ ပြုကုံး

တရှာ၊ခွန်သာ တသီး၊ ယုံးကြိုးတော ခေါ်၊ ဆယ်တော်မည်တွင်၊ တည်ပင် လုပ်ဆေး၊ မဝေးစပ်ခါ၊ ကင်ပိန့်ရှာ တည့်၊ ချင့်တာ မြောက်မျှား၊ဆဲ့ငါးယူဇနာ၊သန်ျာတွက်ပေါင်း၊တာကိုးသောင်း စည်၊ လွန်ခဲ့ချင်ရ၊ ကြည်ရှင်ကော်ရော်၊ ဖူးရမြော်သည်။ ။စက်တော်မြတ် နှစ်ဆူကိုကား။ ။

(၂)စက်တော်ကသည်၊ပြန်ခဲ့လည်ရ၊ဘုန်းစည်ကိန်းအောင်း၊ ရာတော်ကျောင်းသို့၊ ပြောင်းခဲ့တုံ့ခေါက်၊ စုံတလျောက်ဝယ်၊ ချင့်ထောက်တိုင်ကွာ၊ ကင်ပိန့်ရှာနှင့်၊ တာပြန်ထောင်ပေါင်း၊ လုပ်ဆေးချောင်းတွင်၊ တည်ပင်စခမ်း၊ ချင့်မှန်း တိုင်ကျော်၊ဆယ်တော်တသီး၊ ရုံးကြိုးတောစွန်၊ တတိုင်မှန်တွင်၊ ခွန်သာခေါ်နှုံး၊ ဖြူကုံးမြောက်စောင်း၊ တာထောင်ပေါင်းတွင်၊ရှေ့ကျောင်းမည်သာ၊ ချင်ကုံးရှာက၊ တိုင်ကွာမမှား၊ ပန်လွှားရှာထက်၊ တည့်ခ့ဲ စက်မှ၊ထွက်ခဲ့ တခါ၊ကပ်ရှာနှင့်၊ တာနှစ်တိုင်တွင်၊ မဲရင်တဆစ်၊ ရှာသစ် တဆိုင်း၊ တာ ထောင်ပိုင်းတွင်၊လယ်ကိုင်း ရှေ့မြောက်၊ နှစ်တိုင်လောက်ဝယ်၊ ပယ်ဖျောက် မိုက်မှောင်၊ ခြောက်သွယ် ရောင်ဖြင့်၊ ရာ,ထောင်နေသွင်၊ ရိုးမှားထင်သည်။ ။ရှင်ပင်ကျောင်းတော်ရာကိုကား။ ။

(၃) ကျောင်းတော်ရာတွင်၊ ယင်း ရှင်ပင်ကို၊ကြည်လင်ညွှတ်နှုး၊ တည့်ဖူးမှ၊ ပြန်ခဲ့ကြသော်၊ ရှေးက သည်ရ၊ ကျမ်း အလာမှ၊ သုပ္ပါဒက၊ ခုမှ တခါ၊သစ်တော်ရှာဟု၊ သည်ရမည်ခံ၊သမင်ခြိုရှာ၊ ညောင်ချစ်ရှာနှင့်၊သာယာဆန်းထူး၊ကျွန်းဦးမည်သာ၊ညောင်ခြုံ ရှာက၊ ရှာတော် မည်နှုံး၊ထနောင်းကုံးတွင်၊ နှစ်တိုင်လျင်တည့်၊ ထို့ပြင် တထောက်၊ထုံးထောင်လောက်တွင်၊ထက်အောက်ဌာန၊ ကျော်ပေါက်ပြသည်၊သာလှ ဝက်မစွတ်ကိုကား။ ။

(၄) ရစ်သန်းရေညို၊ ကျွန်းသီဟိုဠ်မှ၊ နဂို ရိုမဒ်၊ဘူဗိုရပ်သို့၊ စွယ်မြတ်ခေတ်မွေ့ပင့်ဆောင်စေ၍၊ဟေရညက၊ပဗ္ဗတဟု၊ရှေးကသည်၊ တွင်လှည့်ရာကို၊ မြတ်စွာဘုန်းသန့်၊ ရှေစက်ဟန့်လျက်၊ ရပ်တန့်ကြည့်ရှု၊အကြောင်းပြု၍ယခုဝေါဟာ၊ ရှစ်ရာ တာပြည့်၊ တောင်တန့်ကြည့်ထက်၊ ရင့်မှည့်သမ္ဘာ၊ နော်ရထာကား၊ ဇာတာချင့်တွက်၊ လေးဆယ်သက်တွင်၊ မွန်းချက်နေမျ၊တန်ခိုးပ,သား၊ ပိုင်သစကြာ၊သောင်းဒိပါထက်၊ ဓမ္မာသောက၊ ရာဇိန္ဒလျင်၊တည်ထ ထူပါ၊စေတီသာဝယ်၊ သုံးရာ့ကိုးဆယ်၊ စွန်းကယ်ခွန်နှစ်၊ သက္ကရာဇ်တွင်၊ပြည့်လစ် ပုဏ္ဏာ၊ ဂဆုံလဘ်၊ နေ့မှ စနေ၊ ရှုန်းဝေနေဝါ၊တက်သစ်ခါတည့်၊ ချိန် အရှိတွင်၊ ဗောဓိပက္ခိယ၊ ဓမ္မရည်ရှယ်၊သုံးဆယ်ခွန်နှစ်မည်၊ သံတောင်ရှည်ဖြင့်၊ တည်ထားခဲ့လတ်၊ စေတီမြတ်ဝယ်၊ ရည်မှတ်ဆုတောင်း၊ ပန်ခဲ့တောင်းသည်၊ ၊တပေါင်း မိန်လရာသီကို တကား။ ။ တန့်ကြည့်ဘုရား။

ဤသို့လျင်ဆရာတော်ဦးဗုဒ်သည် ကုသိုလ်လည်းရ၊ဒေသန္တရ ဗဟုသုတလည်း တိုးပွါး လောကီ,လောကုတ္တရာ အကျိုးများ စေခြင်းငှါ၊ မနုံးစက်တော်သို့ ဘုရားဖူးသွားတော်မူသည်။

## ဆရာတော် ဦးဗုဒ်နှင့် တူ မောင်နီ

ဆရာတော် ဦးဗုဒ်သည် မနုံးစက်တော်မှ ဘုရားဖူ၍ အပြန်ညောင်ကန်သို့ရောက်ရာ စာနေ့သော အခါတွင် တဝမ်းကွဲတူတော်စပ်သူ မောင်နီက ဆရာတော်များမှာ ဘုရားသားတော်ဖြစ်၍ အဝေးမြို့ရှာသို့ပင် လွယ်ကူစွာ သွားရောက်၍ ဘုရားဖူးနိုင်ကြပါသည်၊ တပည့်တော်မှာ လူဝတ်ကြောင်ဖြစ်ပါ၍ အဝေးမြို့သို့လည်း သွားရောက်ခါ ဘုရားမဖူးနိုင်ပါ၊ အိမ်တွင် နေရင်းနေ့စဉ်အမှန် ဘုရားရှိခိုးရန် အရဟံ အစရှိသော ဂုဏ်တော်ဖွင့်ကို အနက်,အဓိပ္ပါယ် ကျဉ်းကျဉ်း နှင့် ကျက်မှတ်လို့ ရလွယ်

အောင် တိုတိုတုတ်တုတ် တပုဒ်လောက် ရေးသား၍ ပေးသနား တော်မူပါဘုရားဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော် ဦးဗုဓ်က "ဟဲ့ ဇနီ နင် တိုတိုလိုချင်သ လား'ဟု မေးရာ 'မှန်ပါ တိုတိုလိုချင်ပါသည်ဘုရား'ဟု လျှောက် ထားသောအခါ "အေး တိုတိုကြိုက်လျင် မကျက်ဘဲနေ"ဟု မိန့် တော်မူသည်ဆို၏။

ဆရာတော် ဦးဗုဓ်သည် လောကီကြောင်းနှင့်စပ်ဆိုင်သော ကိစ္စအာဝဝတို့၌သာ ပြီးလွယ်စီးလွယ် အနည်းငယ်မျှ တိုတောင်း စွာ မိန့်မြွက်တော်မူလေ့ရှိသော်လည်း လောကုတ္တရာစာပေ ကျမ်းဂန်နှင့်စပ်သော အရာဌာနတို့မှာမူကား သူတပါးထက် စိတ်ရှည်တော်မူခါ ပါဠိတော်အဖြာဖြာ အဋ္ဌကထာ, ဋီကာ အဖွင့်ပါသည့်အတိုင်း သေချာစေ့စပ် စုံလင်စွာ ရေးသားတော် မူတတ်သည်။

ထိုကဲ့သို့ သူတပါးထက် ထူးခြားအောင် ရေးသားစီရင်တော် မူနိုင်သော ဆရာတော်ဦးဗုဓ်သည် အတ္ထုဒ္ဒါရ ပဒကောသလ် သဘောဥာဏ်ဖြင့် ဝေဘန်ခွဲခြမ်း၍ ဆန်းကြယ်စွာ အနှက် ယောဇနာတော်မူအပ်သော "ဂုဏ်တော်ဖွင့် ဘုရားရှိခိုးကြီး"ကို (အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက် အရ) အသီးသီးသော ရဟန်းရှင်,လူ ခပ်သိမ်းသူတို့ ကြည်ဖြူ။ရှင်လန်း ဝမ်းမြောက်ဝမ်း သာ ကြည့်ရှုနိုင်ကြစေခြင်းငှာ ရေးသားထည့်သွင်းလိုက်ပါသည်။

## ဘုရား ဂုဏ်တော် ၉ ပါးပါဠိ

ဣတိပိ သောဘဂဝါ အရဟံ, သမ္မာသမ္ဗုद္ဓော, ဝိဇ္ဇာစရဏ သမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော پုရိသ ဒမ္မသာရထိ, သတ္ထာဝေဒေဝမနုဿာနံ, ဗုद္ဓော, ဘဂဝါ။

## ဘုရားဂုဏ်တော် ၉ ပါးအနက်

(၁) ယောဘဂဝေါ၊ အကြင် မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေနျှင့်သို့လိုချင်ခြင်းလောဘ, အမျက်ထွက်ခြင်း ဒေါသ, မိုက်မဲတွေဝေခြင်း မောဟ, ထောင်လွှားခြင်း မာန, အမြင်မှားခြင်း ဒိဋ္ဌိ, ယုံမှားသက်သာရှိခြင်း ဝိစိကိစ္ဆာ, မခံ့ခြင်း ထိန, ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ, ဒုစရိုက်မှ မရှက်ခြင်း အဟိရိက, မကြောက် မလန့်ခြင်း အနောတ္တပ္ပ- တည်းဟူသော ကိလေသာ ၁၀ ပါးတို့ကြောင့်ဖြစ်သောပူပန်ခြင်းသောကတို့၏တည်ရာများစွါသော ဣဋ္ဌ,အနိဋ္ဌအာရုံတို့၌ တွေ့ကြုံသမျှသော အဖြစ်အပျက်တို့ဖြင့် နှိပ်စက်မှုးတူး ညစ်ညူးစေတတ်သော ကိလေသာ အပေါင်းတို့မှ အချင်းခပ်သိမ်း ဝါသနာနှင့် တကွ ဝေးတော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

ဥပါဒိဘေးဒဏ် ရန်မာန် အန္တရာယ် အပါယ် ၄ ရပ်တို့ဖြင့် မပြတ်သွားခြင်းဆဲလျက် ဆင်းရဲဒုက္ခကိုသာ ဖြစ်စေတတ်သောကြောင့် ရန်သူမည်ကုန်သော ဆိုအပ်ခဲ့ပြီးသော ကိလေသာအရပ်ရပ်တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် တချက်ထည်းလျင် ကုန်စင်ကြွင်းမဲ့ ချိုးဖဲ့ဖျက်ဆီးတော်မူသည်၏အဖြစ်ကြောင့်ရင်း၊

ကာလ သုံးစည်, အယာဉ် သုံးထပ်, အစပ်သုံးဖြာ, အလွှာလေးဆင့်,ချင်းရာနှစ်ဆယ်, နှစ်သွယ်မြစ်မှာ, အင်္ဂါတဆဲ့နှစ်ပါး တရားအစုတို့သည် ကြိမ်ဖန်များစွာ လည်ကာမပြတ် ဖြစ်တတ်, ပျက်တတ်ရှိသော အချင်းအရာဖြင့် ဝဋ်သံသရာစက်ရဟတ်ဟုဆိုအပ်သော ပဋိစ္စသမุปฺปาဒ်၏အချက် အကန့်အကွက်တို့ကို ဗောဓိမဏ္ဍလ ရပ်ဒေသဝယ် သီလတည်းဟူသောမြေ၌ ခြေတော်အစုံတည်းဟူသော ဝီရိယဖြင့် ညီမျှသန့်ရှင်း ဖြောင့်စင်းမတ်မတ် ရပ်တော်

မှ၍ စင်ဖြူကြည်စွာ သဒ္ဓါလက်လှ ကိုင်ထစ္ဆဲမှတ် အကြွင်းမဲ့ ဖြတ်တတ်သော အရဟတ္တမဂ် သန့်လျက်ရှေဝေး ဉာဏ်စက်သွား ဖြင့် ထွားထွားညက်ညက် ချိုးဖျက် ခုတ်ဖြတ်တော်မူတတ်သည်၏ အဖြစ်ကြောင့်ရင်း၊

လူမင်း,နတ်မင်း ဗြဟ္မာမင်းတို့၏ ဦးကင်းထိပ်ခေါင် ဥသ္ဏှောင် တင့်ဆုံး ရှေကုံးအတူ မြတ်တော်မူ၍ နတ်,လူ,ဗြဟ္မာ အာဏာ ရှိန်ပြင်း အမင်းမင်းတို့ ဝပ်စင်းတုပ်ဖျပ် ရှိဦးညွှတ်လျက် လူအပ် သမျှသော ပစ္စည်းလေးပြာ ပူဇာသက္ကာရအထူးကို ခံတော်မူ ထိုက်သည်၏ အဖြစ်ကြောင့်ရင်း၊

ဤလောကဌ သီလ,သမာ ပညာရှိယောင်ဆောင်ကုန်သော သူတို့သည် လူတကာတို့ ကဲ့ရဲ့မည်ကို ကြောက်သောကြောင့် အလျောက်ဘာသာ ဆိတ်ကွယ်ရာဌ ယုတ်မာညစ်ကျ၊ မကောင်းမှု ကို ပြုကြကုန်သကဲ့သို့၊ထိုမြို့တူလည်း မြ||နည်းပြောထူ ထိုထိုလူနှင့် မတူကွဲပြား မြတ်ဘုရားသည် အခြားတသီး ပိတ်ဆီးကွယ်ကာ ဆိတ်ငြိမ်ရာဌ ယုတ်မာညစ်ကျ၊ မကောင်းမှုကို ပြုခြင်းငှါ ထိုက် တော် မမူသည်၏ အဖြစ်ကြောင့်ရင်း။ သောဘဂဝါ၊ထိုမြတ်စွာ ဘုရားသည်။ အရဟံ၊ အရဟမည်တော်မူ၏။ ဇုတိဂုဏသမ္ပန္နံ၊ ဤသို့ အရဟံဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ!အကျွန်ုပ်သည်။သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ရိုသေမြတ်နိုး ရှိခိုးပါ၏ ဘုရား။

(၂),ယောဘဂဝါ၊အကြင်မြတ်စွာဘုရားသည်။ဇုတိဝိ-ဇုမိနာစ ကာရဏေန၊ ဤသို့ သုံးပါးလောက အနန္တဌ နာမ-ရူပသန္တာန် ဖြင့် နိယာမ်အစဉ် အလျဉ်မပြတ် ဖြစ်တတ်သမျှ သင်္ခါရ-က ဝိကာ ရနှင့်၊လက္ခဏတတန် နိဗ္ဗာန်တရပ်၊ပညတ်တခြား ဤသို့အားဖြင့် ငါးပါးဥယျ ဓမ္မအပြား မြတ်တရားတို့ကို သူတပါးထံ နည်း

မခံတဲ့ သယမ္ဘူတ မြတ်ဉာဏဖြင့် သဘာဝကိစ္စအလျောက် မဖေါက်မပြန် ဟုတ်မှန်တိုင်းသာ စဉ်လာမယွင်း ထိုးတွင်း၍ သီတော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

ကာမဂုဏ်မြူညစ်ခ္ခ အပြစ်ကို မမြင်သည်ဖြစ်၍ ပျော်ရွှင်မြူးထူး ယစ်မူးမွေ့လျော်ခြင်းနှင့်သာ သံသရာနှင့်တကွ မောဟတဏှာ ကိလေသာအပေါင်းတို့မှ အလုံးစုံသော တရားတို့ကို သိသဖြင့် မိမိအလိုလိုသာ ကောင်းစွာ နိုးတော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

နေကိုလင့်၍ ပွင့်သောကြာသည် နေ၏ အရောင်အဝါနှင့် စပ်ယှက်သဖြင့် မြတ်သောအရောင်အသရေ ပြေပြစ်ရှုဘွယ် တင့်တယ်ခြင်းသို့ ရောက်သည်ဖြစ်၍ အသင့်အားဖြင့်ပွင့်သော ပဒုမ္မာကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် ဆက်ဆံရောနှောသည်ဖြစ်၍ မနှိုင်းယှဉ်အပ်သောဂုဏ်ကျေးဇူး အထူးဝိသေသ ဒသဗလ ဆ အသာဓါရဏအစု စတုဝေသာရဇ္ဇ ဥာဏရိယစသော ဘုန်းတော်ခြောက်မည် ရောင်ခြည်တော်ခြောက်သွယ် အုံ့ဘွယ်တော်တဆဲ့ရှစ်ဖြာ လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်စွာ တန်းဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ ကိုယ်တော်တိုင်သာလျင် အသင့်အားဖြင့် ပွင့်ခြင်းသို့ ရောက်တော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

ဘုရား, ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ စဉ်လာမှီဝဲ ကျင့်မြဲထုံးဟောင်း လမ်းကြောင်းသဖွယ်ဖြစ်သော အရိယမဂ်ပေါ်ငါး တကြောင်းတည်းသော ခရီးဖြင့်သာ မဟာနဂရ နိဗ္ဗာန်သို့ ကြွရောက်တော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

မဂ်, ဖိုလ်, နိဗ္ဗာန် ရတန်ကြီးကြီက် ထိုက်ထိုက်သမျှ များလှသတ္တဝါဝေနေယျာကို ထုတ်ခါဖေါ်ပြ ရှေ့နှုတ်ဟလျက် ဓမ္မရသာ

သောက်စေ၄ါလျင် သစ္စာလေးထွေ တရားရေကို ခွဲဝေစိပ်ဖြာ ဒေသနာဖြင့် ငြိမ်စွာနက်လေး တိုက်ကျွေးတော်မူသည်၏ အဖြစ်ကြောင့်၎င်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္ဗုद्ধော၊ သမ္မာသမ္ဗုद्ধမည်တော်မူ၏။ ဣတိဂုဏာသမ္ပန္နံ၊ ဤသို့သမ္မာသမ္ဗုद्ধဂုဏ်နှင့် ပြည့်စုံတော်မူသော ၊မြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ရိုသေမြတ်နိုး ရှိခိုးပါ၏ ဘုရား။

(၃) ယောဘဂဝါ၊အကြင်မြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ဤသို့အသင်္ချေချေ လွန်လေများစွာကမ္ဘာဘဝတို့ကဖြစ်ခဲ့သမျှသော ခန္ဓာအစဉ် နေရာဌာန အမျိုး,အမည် အရည်အချင်း အဆင်းသဏ္ဌာန်တို့ကို မကျန်မကြွင်း သိမြင်တော်မူခြင်းတည်းဟူသော "ပုဗ္ဗေနိဝါသာနုဿတိဉာဏ်"အဝေး,အနီး ပိတ်ဆီးကွယ်ကာ အရပ်မှာ၌ မြင်စရာရှိသမျှ သဏ္ဌာ, သုခုမဖြစ်သော အဆင်းသဏ္ဌာန် ပစ္စုပ္ပန်ရูပါရုံတို့ကိုအကုန်အစင် သိမြင်နိုင်သော 'ဒိဗ္ဗစက္ခုဉာဏ်"ကမ္မ,ဂတိ၊ စုတိ,ပဋိသန္ဓေတို့ဖြင့် ဖြစ်လေသမျှ သတ္တဝါတို့၏လား၊ရာ၊ဒုဂ္ဂတိ,သုဂတိအမျိုး အကျိုးပေးသည်တို့ကို သိတော်မူနိုင်ခြင်းတည်း ဟူသော "စတုပပါတဉာဏ်" - ထိုထိုဘဝ ဖြစ်သမျှ၌ သုခ,ဒုက္ခ၏အကြောင်းဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံ တို့ကို ဝေဘန်၍ သိခြင်းတည်းဟူသော "ယထာကမ္မုပဂဉာဏ်" -ဖြစ်လတံ့သော ကာလ ဘဝများစွာ ကမ္ဘာအသင်္ချေကုန်သော်လည်း မသွေမလွှဲ မှန်သောအတိုင်း မြင်နိုင်သော "အနာဂတံသဉာဏ်" ထိုဉာဏ်လေးပါးတို့၏ အပေါ်ခံ အစုဖြစ်သော "ဒိဗ္ဗစက္ခုဉာဏ်"-အဝိဇ္ဇာ,ဘဝဂိ-အောက်,ထက်ထုတ်လျှိုး စီးယိုပုပ်သိုးတတ်သော ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ မောဟပိတ်ဖုံး ပေါင်းရုံးယှက်မှေး

ညစ်ကြေးထူပြောအာသဝေါကို ကွာလျော်ဖြတ်ချေကုန်စေတတ်သော "အာသဝကွယဉာဏ်" သုံးတန်ပညာ ပု,ဒိ,အာ,ဟု ဝိဇ္ဇာမည်ရ ဤဌာနကား ဘယဘေရဝ သုတ်မှလာသည် ဝိဇ္ဇာမည်၏။

ယင်းသည်မှ တပါး အထူးထူးအပြားပြား များသောအားဖြင့် ရုပ်ပွါးသဏ္ဌာန်တို့ကို အလိုရှိတိုင်း ဘန်ဆင်းတော်မူနိုင်ခြင်းတည်းဟူသော "ဣဒ္ဓိဝိဓဉာဏ်" ၀ေး, နီးစကြာ၀ဠာ အရပ်မှာ၌ သတ္တ၀ါတို့၏ အာသာအစုစိတ်ဥတုတို့ကြောင့်ဖြစ်သော သိမ်မွေ့သော အသံတို့ကိုလည်း ကြားနိုင်သော "ဒိဗ္ဗသောတဉာဏ်"-လွန်လေပြီးခါ ရက်သတ္တာနှင့် နောက်လာကာလ သတ္တာဟု၌ ပရစိတ္တ တိကွ,မုဒု ရင့်, နှ ဣန္ဒြေ ကိလေသာမြူ။ အထူ, အပါး နည်းများအစု ဒု,သုဝိညာ သုဒ္ဓါကာရ ဟူသမျှကို မုချထင်ထင်သိမြင်နိုင်သော "စေတောပရိယဉာဏ်" လောကဓံ၌ ဖေါက်ပြန်၍ ဖြစ်သမျှ သင်္ခါရတို့၏ အချင်းအရာ ဖြစ်သော လက္ခဏာရေးသုံးပါးတို့၏ သဘောကို ဟုတ်သောအတိုင်း မြင်နိုင်သော "ဝိပဿနာဉာဏ်" စိတ္တ,ဆန္ဒ ရှိသမျှအပေါင်း၌ အလိုအတိုင်းပြီးစေနိုင်သော "မနောမယိဒ္ဓိဉာဏ်" ၀ေဘန်ပိုင်းခြား ဤသို့အားဖြင့် ၀ါးပါးဤတွင် ယခင်သုံးပါး လောင်းထားသဖြင့် ဤရှစ်ဆင့်လည်း တနည်းမည်ရ အမ္ပတ္ထဟု သုတ်မှလာသည် ဝိဇ္ဇာမည်၏။

တည်ကြည်မြဲမြံ ဖြောင့်မှန်ချမ်းမြေ့ သိမ်မွေ့တော်မူသည်ဖြစ်၍ ကိုယ်,နှုတ်,နှလုံးတို့ကို ကောင်းစွာစောင့်စည်းတော်မူခြင်းတည်းဟူသော "သီလသံ၀ရ" စက္ခု,သောတ စသည်ခြောက်ပုံ စိတ်အာရုံ၌ လုံခြုံသောတံခါး ရှိတော်မူခြင်းတည်း ဟူသော "ဣန္ဒြေယသု ဂုတ္တဒ္ဒါရတာ" ဘောဇဉ်၀ါးဖြာ ရသာနက်လေးဘုဉ်းပေး ပရဘုတ်ရာ၌ အယုတ်,အလွန်ကို သိတော်မူခြင်းတည်း

ဟူသော "ဘောဇနေမတ္တညုတာ" နိုးကြားလုလ္လဥညသာဟန့်တက္ခ ယှဉ်တော်မူနိုင်ခြင်းတည်းဟူသော "ဇာဂရိယာ နုယောဂ" ဟူ၍ သီလ၄ပါး-သဒ္ဓါ,သတိ၊ဟီရိ, သြတ္တပ္ပ၊ ဗဟုသစ္စ၊ ဝီရိယ, ပညာ၊သင်္ချာ ၇ ပါး တရားသဒ္ဓမ္မ-ရူပါဝစရ စတုက္ကဟု၊ဈာန ၄ ပါး-ပေါင်းသောအားဖြင့် ဘုရားမြတ်စွာ အရိယာတို့ စဉ်လာကျင့်ထုံး လက်သုံးမှန်လှ စရဏ တဆဲ့ငါးဖြာ မြမက္ခာသည့် ဝိဇ္ဇာဥာဏ်အပေါင်း နှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့်လည်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္နမည်တော်မူ၏။ ဣတိဂုဏသမ္ပန္နံ၊ ဤသို့ဝိဇ္ဇာစရဏဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဘိဝါဒေတိ၊အကျွန်ုပ်သည်။ သိရသာ၊ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ နမာဒိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၄) ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ ဒေါပက်ရာ မြတ်စွာဘုန်းလျှံရှင်တော်ထံဝယ် ဆုပန်သည်မှ နေ့က စ၍ မျှားလှလွန်လေ လေးသင်္ချေနှင့် တွက်ရေမှန်စွာ ကမ္ဘာတသိန်း ကာလပတ်လုံး အဆုံးမရှိ အပရိမာန ဝေနေယျတို့၏ ချမ်းသာစီးပွား မျှားမည့် အကြောင်း၊ကောင်းသော အားထုတ်ခြင်း၊အယုတ်တရားနှစ်ပါး သို့မဂပ် သဿတ,ဥစ္ဆေဒဒိဋ္ဌိတို့၌ မငြိမတွယ် သုံးဆယ်ပါရမီ အညီမယွင်း စွန့်ခြင်းကိစ္စ စရိယသုံးပါး မျှားသောကျင့်ဝတ် ပဋိပတ်ဖြင့် ကောင်းမြတ်စွာ လာတော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

ပါရမီပုည သမ္ဘာရ၏ ဝိသေသဂုဏ် အလုံးစုံကြောင့် ရှေဘုံ အောင်ခန်း သာ ငြိမ်းချမ်းသား ထူးဆန်းကဲလွန်း ဘေးဒဏ်မနှော

ရှင်တော်ဟောသည့် ကောင်းသောနိဗ္ဗာန်သို့ ကေန်ထုတ်ခြောက်ကြွရောက်တော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

သမ္ဘုဒ္ဓဆု ရမူသန်စွာ စေတနာထက်ထက် ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ အရိယာမဂ် စဉ်မပျက်သား ခဲခက်မြင့်ကျယ် သူတော်နွယ်ဖြင့် တင့်တယ်သောသွားခြင်း ရှိတော်မူသည်၏ အဖြစ်ကြောင့်ရင်း။

ထိုထိုမဂ်ဖြင့် ပ-ပျက်ပယ်ခွါ ကိလေသာလည်း တခါတဖန် မဖြစ်ပြန်သဖြင့် ဖြောင့်မှန်စွာ သွားတော်မူသည်၏ အဖြစ်ကြောင့်ရင်း။

အကျိုးမရှိသည့်အရာ၌ သူနာလိုသည်, မနာလိုသည် စကားနှစ်တန်တွင် မဟုတ်-မမှန်သည်, ဟုတ်မှန်သည်နှင့်စပ်သော လေးရပ်သော စကားတို့ကို ပယ်ရှားစွန့်ခွါ၍ ဟုတ်မှန်သောအရာ၌ သူနာလိုသည်တချက်, သူမနှစ်သက်သည်တပါး စကားနှစ်မျိုးတို့ကို အကျိုးရှိက ဂတိသို့မလိုက် ဖြစ်ထိုက်သည်အားလျော်စွာ ဟောဆိုတော်မူသည်၏ အဖြစ်ကြောင့်ရင်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သုဂတော၊ သုဂတမည်တော်မူ၏။ ဇုတိဂုဏ သမ္ပန္နံ ၊ ဤသို့ သုဂတဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏ ဘုရား။

(၅)ယောဘဂဝါ၊အကြင်မြတ်စွာဘုရားသည်။ဇုတိပိ-ဇုမိနာစကာရဏော၊ ဤသို့ လူ,နတ်,ဗြဟ္မာ မျိုးစွာခပင်း ဆင်,မြင်း, ကျွဲ,နွား စသော အားဖြင့် ထူးခြားကြီး,ငယ် အရွယ်ဟန်ပန်သဏ္ဌာန်ထွေထွေ အခြေမရှိ ဒွိ နှင့်စတု ဗဟုပါဒ နာမသညာ အင်္ဂါကွဲပြားထင်ရှားဖြစ်ကြ ဝေါဟာရဟု သတ္တဝါအပေါ်၌

အစုသည် တခုတခုသောစကြာဝဠာတို့၌ သင်္ချာ,သင်္ခေါ်မရေတွက်အပ်ဂုဏ်နှင့်စပ်သော်လည်းပညတ်ဟူသမျှသော 'သတ္တလောက'

ဂုဏ်နှင့်တကွ မုချဆတ်ဆတ် ပရမတ္ထသဘော ရောနှောပြုပြင်သမျှ ပဋိစ္စသမုပ္ပါဒ် မပြတ်ဆက်ခါ သံသရာဟု ခန္ဓာ,အာယတန ဓာတ်တို့၏ အပေါင်းသည် အကြောင်းလျင် တည်ရာရှိသော အာဟာရဌာ်တိအားဖြင့် ၁ပါး-ရုပ်,နာမ်အားဖြင့် ၂ပါး-ဝေဒနာအားဖြင့် ၃ပါး-အာဟာရအားဖြင့် ၄ပါး-ခန္ဓာအားဖြင့် ၅ပါး-အာရုံ,အာရမ္မဏိက အားဖြင့် ၆ ပါး- ဝိညာဏဌာ်တိ အားဖြင့် ၇ပါး-လောက ဓမ္မအားဖြင့် ၈ပါး-သတ္တဝါသအားဖြင့် ၉ပါး-အာယတနအားဖြင့် ၁၂ ပါး-ဓာတ်အားဖြင့် ၁၈ ပါး အပြားရှိသော ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄ ပါးတို့သည် ပြုပြင်အပ်သမျှ တရားအစု တည်းဟူသော "သင်္ခါရလောက"

အောက်, ထက်နှစ်ပြင် ကောင်းကင်နှစ်ပါးဖြင့် ပိုင်းခြားအပ်သောမြင့်မိုရ်,စကြာဝဠာ၊ဟိမဝန္တာ,သမုဒ္ဒရာ၊သီတာ,ဒီဥင်,အင်းကုန်း,ကျင်း,တော,တောင် ဘုံဆောင်တည်ထွန်း ကျွန်းကြီးလေးသွယ် ကျွန်းငယ်နှစ်ထောင် ဝန်းမျှောင်ရံကာ အရာရာနှင့် ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော မြေ - ယူဇနာလေးသိန်း ရှစ်သောင်းအထုရှိသော ရေ-ယူဇနာ ကိုးသိန်းခြောက်သောင်းအထုရှိသော လေတို့၏တည်ရာ သင်္ချာအစုတို့ဖြင့် တခုတခုသော စကြာဝဠာ၌ ဓမ္မတာသဘော အနွှောဂတဖြစ်သော သတ္တဝါ၊ တို့၏ အမျိုး-သီဠိုစ်း,ကာဠသုတ်, သံယာတ, ရောရုဝ, မဟာရောရုဝ, တာပန,မဟာတာပန,အဝီစိဟု ကပ်ရှိတည်ပြီး ငရဲကြီး ၈ ထပ်ကို ပတ်ပတ်ရံ လျက် ဥဿဒငရဲငယ် တရာ့နှစ်ဆဲ ရှစ်တန် ထိုမှကျန်သော တိရိစ္ဆာန်,ပြိတ္တာ, အသုရကယ်, အပါယ် ၄ ဘုံ နှင့် တကွ

မနုဿလူ့ဘုံ အစ ကာမ ၁၁ ဘုံ-ပြိုဟ္မပါရိသဇ္ဇာအစ ရူပ ၁၆ ဘုံ -အာကာသာနဉ္စာယတန အစအရူပ ၄ ဘုံ - အလုံးစုံသော "သြကာသလောက"

ဤသို့ ဆိုအပ်ခဲ့ပြီးသမျှ သတ္တဝါလောက, သင်္ခါရလောက, သြကာသ လောကတည်းဟူသော လောက ၃ပါးတို့ကို သမန္တစက္ခု သဗ္ဗညု ဖြင့် တခုမကျန် သိတော်မူတတ်သည်၏ အဖြစ်ကြောင့်ရင်း။ သော ဘဂဝေါ၊ ထိုမြတ်စွာဘုရားသည်။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။ ဣတိဣဿ သမ္ပန္နံ ၊ ဤသို့ လောကဝိဒူ ဂုဏ်တော် နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။နမာမိ၊ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၆) ယောဘဂဝေါ၊ အကြင် မြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သိလက္ခန္ဓာ စသည်ပညာ သမာ ဓိကွန် ကဲလွန်စွာဘိ တိသမ္ဘဒါ ကိုးဖြာကျေးဇူး ဂုဏ်ထူးမည်ရ တဋ္ဌာနနှင့် သကျမျိုးစင် သာကိုဝင်ဟု အုံးအင်ပြောစီ စည်ရှည် များးမြောင် သုံးပြည်ထောင်ခ္ဍ ရန်မှောင်မသန်း တက်နေထွန်းသို့ ထက်ဝန်းကျည်ာ ထင်ရှားစွာသား ရာဇာဓိပွတိ နွယ်ရိုးရှိသည် ဇာတိဝံသအမျိုး တန်ခိုးရှိန်စော် ဘုန်းတော်ခြောက်ပါး ဥာဏ် အားဆယ်ဖြာ အ-သာဝေရဏ ဓမ္မခြောက်ခု စတုဝေသာ လက္ခဏာကြီး,ငယ် ခြောက်သွယ်ရောင်ထွေ ကြက်သရေအထူး ကျေးဇူးတော်အစုံတို့ဖြင့် ဘုံသုံးဆဲ့တထပ် ခေတ်သုံးရပ်အလုံး တွင် ပြိုင်နှံးမမျှ အစိုးရသား ဣသရိယ ဘုန်းတော်ထသည် ဤသုံးမည်သော တိမဟတ္တဂုဏ်ဖြင့် တစုံတယောက်သောသူမျှ အဘုမရှိသည်ဖြစ်၍ မုနိတကာတို့၏ အထွဋ်အထိပ် ဖြစ်သော မုနိန္ဒရာဇာတိ မုနိန္ဒ၊ နရာတိ နရိန္ဒ၊ ရာဇာတိ ရာဇိန္ဒ၊ ဒေဝါတိ

ဒေဝိန္ဒ၊သက္ကာတိ သက္ကေ၊ဗြဟ္မာတိ ဗြဟ္မေ၊ သေဋ္ဌ,ဇေဋ္ဌ အတုလဖြင့် အနုတ္တရမည်တော်မူသော မြတ်စွာဘုရားသည် ဟိန္နုပမာအားဖြင့် ရထားဌ် မလိမ္မာသောမြင်းကို အချင်းနှင့်လျော်စွာ လိမ္မာအောင် ဆုံမှတတ်သော ရထားမှူးကဲ့သို့ ရှိခိုးညွှတ်ရာ ရတနာသုံးပါးတို့အား ပြစ်မှားငြိုငြင် ဆန့်ကျင်သော အယူဝါဒဖြင့် ဆုံမှန့်ခက် အမျက်စောင်းမာန် ခက်ထန်ထောင်လွှား မှောက်မှား ရိုင်းပြသည်ဖြစ်၍ မယဉ်ကျေးကုန်သော ဗြဟ္မာ,နတ်,လူ အယူဖေါက်ပြန် တိရစ္ဆာန်ထွေပြား နဂါး,ဘီလူးတို့ကို အထူးထူး အသွယ်သွယ် အုံ့ဩဘွယ်သော တန်ခိုး ပြာဋိဟာတို့ဖြင့် သမာအယူ၌ တည်စေခြင်းငှါ သာသာညှင်းညှင်း နိုင်နင်းအောင် ဆုံမှတော်မူသည်၏ အဖြစ်ကြောင့်ရင်း။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိမည်တော်မူ၏။ ဣတိဂုဏသမ္ပန္နံ ၊ ဤသို့ အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားကို၊ အဟံ၊အဂ္ဂနိုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၇)ယောဘဂဝါ၊အကြင်မြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစကာရဏေန၊ဤသို့ ပါဏာတိပါတ စသည်များစွာ ပဟာတဗ္ဗဓမ္မအစုမကောင်းမှုတို့ကို ပြုကျင့်သည်ရှိက ဒုဂ္ဂတိဘဝသို့ ရောက်ရသည်၏ အဖြစ်ကြောင့်ရင်း၊

ဒါန,သီလ စသည်ထွေထွေ ဘာဝေတဗ္ဗ ဓမ္မစည်လာ ဤအရာ၌ သဒ္ဓါယုံကြည် မလည်မဆုတ် အားထုတ်သည်မှာ ချမ်းသာသုံးပါး ထင်ရှားဉာဏ်ပြည့်စုံသည်၏ အဖြစ်ကြောင့်ရင်း၊

မျက်မှောက်နှင့် တမလွန် နှစ်တန်စုံညီ လောကီ,လောကုတ္တရာ ချမ်းသာ,ဆင်းရဲ မလွဲမချွတ် ယုတ်,လတ်,မြတ်ဖြင့် ဖြစ်သင့်သည်

အလိုက် ဒုစရိုက်,သုစရိုက် အထိုက်အတန် ဝေဘန်သဖြင့်ချီးမြှင့်, နှိမ့်ချ ဆုမ္မတော်မူသည်ဖြစ်၍ လူသုံးဦးတို့၏ ဆရာအဖြစ်သို့ ရောက်တော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

တိုင်းခြားမြေစပ် အရပ်တပါးသို့ သွားလာရောင်း,ဝယ်သော ကုန်သည်ကြီးသည် ခရီးအကြား လှည်းသားတကာ များစွာသော ကုန်သည်အပေါင်း တို့အား ဆန်, ရေ, စပါး စားသောက်စရာ ရှာ၍မရသော ဒုဿ်ကွက်ကန္တာရ,နိရုဒကကန္တာရ-ခေါင်းပြ,ခိုးသား သစ်, ကျား, ဘီလူးတို့သည် အထူးထူးအပြားပြား ဆီးတားနှောင့်ရှက် နှိပ်စက်ဖျက်ဆီးတတ်သော စောရကန္တာရ, ဝါဠကန္တာရ,ယက္ခကန္တာရ တည်းဟူသော ခရီး၅ပါးတို့မှ ရှေ့မျှော်နောက်ချင့် သင့်တင့်သော အစီအမံဖြင့် ဘေးရန်လွတ်အောင် ထုတ်ဆောင်ယူသွားသကဲ့သို့ ဇာတိ,ဇရာ,ဗျာဓိ,မရဏ ကန္တာရ၌ ဖြစ်ကြ,ပျက်တုံ ဆန်,စုန်မျောပါး နာဖျား,အိုခြင်း သေကင်း ရှင်းကွာ နာနာဘာဝ စသည်အပြား များသောအားဖြင့် ကူးသွားထွက်မြောက်ခြင်းငှာ မတတ်နိုင်သော သံသရာ၀ဲ ခရီးခဲအပေါင်းတို့မှ အကြောင်း,အကျိုးနှင့်လျော်စွာ ဟောကြားပြသ ဆုမ္မသဖြင့် အဆင့်ဆင့် အထပ်ထပ် လူ,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာသို့ ရောက်အောင် ပို့ဆောင်နှုတ်ကြည်း သိမ်းဆည်း ကယ်တင်တော်မူသည်၏အဖြစ်ကြောင့်ရင်း။သောဘာဝ၀ါ၊ထိုမြတ်စွာဘုရားသည်။ သတ္ထာဒေဝ မနုဿာနံ၊သတ္ထာဒေ၀ မနုဿာနမည်တော်မူ၏။ ဣဘိဂုဏသမ္ပန္နံ၊ဤသို့ သတ္ထာဒေ၀ မနုဿာနဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ သိရုသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ရှိုခိုးပါ၏ဘုရား။

(၇)ယော ၁၈၀၁၊ အကြင်မြတ်စွာဘုရားသည်။ဣတိပိ- ဣမိနာစ ကာရဏေန၊ဤသို့ မိုက်မှောင်ပျောက်ကင်းသည်,အလင်းဖြစ်လာသည်,မီးစာကုန်သည်,ဆီခမ်းသည်, ဤ၄မည်သော ကိစ္စကို တကွနက်ပြီးစေသော ဆိမီး၏ ဥပမာကဲ့သို့ မဂ်ကိစ္စသည်လည်း ပဋ္ဌာနတွေ, သခ်ၸာတွေ, သန္ဓာပတွေ,ဝိပရိဏာမတွေနှင့် တကွဇသော ဒုက္ခသစ္စာကို ပိုင်းခြားရှုသိခြင်း-အာယုဟနတွေ, နိဒါနတွေ, သံယောဇတွေ, ပလိဗောဓတွေနှင့် တကွသော သမุဒယသစ္စာကို ပယ်ခြင်း-နိဿရဏတွေ, ဝိေဝကတွေ, အခ်ိသတတွေ, အမတတွေနှင့် တကွသော နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း - နိယျာနတွေ, ဟေတုတွေ,ဒဿနတွေ,အဓိပတေယျတွေနှင့် တကွသော မဂ္ဂသစ္စာကို ပွားစေခြင်း တည်းဟူသော ကိစ္စ၄ပါးတို့ကို တပြိုင်နက် ပြီးစေသော အသီးသီးသော မဂ်တို့၏သတ္တိနှင့်တကွ အရဟတ္တမဂ်ဉာဏ်ဖြင့် လေးတန်သောသစ္စာကို ဆရာမရှိ မိမိအလိုလိုသာကောင်းစွာထိုးထွင်း၍ သိတော်မူသည်၏ အဖြစ်ကြောင့်၎င်း၊

နေ၏ အရောင်သည် အထောင်အသောင်းမက မျှားလွှစွာသော ကြာဇုံတို့ကို အာရုဏ်သင့်သဖြင့် ပွင့်စေသကဲ့သို့ အဝိဇ္ဇာတိုက် မိုက်သည်ဖြစ်၍ ကြာဇုံနှင့်အတူ လူ,နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့အား သစ္စာ ၄ပါး တရားအပေါင်းတို့ကို ဒေသနာတန်ဆောင် ဉာဏ်အရောင်ဖြင့် မိုက်မှောင်ကိုထွင်း၍ ပွင့်လင်းသိစေတတ်သောကြောင့်၎င်း၊

လောကဘာသာ ဓမ္မတာဖြင့် ကြင်နာလေးမြတ် မပြတ်စောင်မယုယကြည်လင်ချစ်ခင်အပ်သော သခါး,သားတို့ကို လျှောက်လျားမိန်းမော စိတ်ဇောယွင်းချွတ် လွတ်လွတ်အိပ်ပျော်ရာမှ ချမ်းသာစွာ နိုးစေတတ်သော အမိတို့ကဲ့သို့ မဟာကရုဏာ သမာပတ်ဉာဏ် လွန်အားသန်သဖြင့် သယမ္ဘူ။တ သုံးလူ့ဘဝသည် ရာဂဗန္ဓန

စသည်အပြား များးသောအားဖြင့် အစီးအပွါးကိုမသိ ပျင်းရိ သွမ်းသော့ မေ့လျော့သော သတ္တဝါတို့၏အလိုက် စရိုက်နှင့် လျော်စွာ ဇာစ္ဆာသယ အလိုကျအောင် ယုယသာယာဒေသနာဖြင့် ချမ်းသာနှစ်ခြိုက်အမြိုက်သာခေါင် နိဗ္ဗာန်သောင်သို့ တင်ဆောင် ပြည့်နှန်း တိုက်တွန်းတော်မူပေ၍ နိုးစေတတ်သောကြောင့်ရင်း။

စကြာမင်းသည် အချင်း ၁၂ ယူဇနာရှိသော မိမိ၏ပရိသတ် မြတ်သော စကြာအဟုန်ဖြင့် အလုံးစုံသော အရပ်မျက်နှာတို့ကို လွှယ်ကူစွာ ရောက်စေသကဲ့သို့ အနန္တသတ္တဝါ ဝေနေယျာကို ဒေသနာဉာဏ် အလျှံဝင်းဝါ မြတ်စကြာဖြင့် သံသရာမြစ်မ ဝဲသြ ဃမှ နိဗ္ဗာနကျော် ညာကျွန်းမော်သို့ ရည်ရော်ထုတ်ခြောက် မျက်မှောက်ဖြစ်အောင် ပို့ဆောင်ရောက်စေတော် မူတတ်သော ကြောင့်ရင်း၊

ဤလောကဌ ပဏ္ဍာသောသာ လေပမာကဲ့သို့ သတ္တဝါတို့၏ ကိလေသာမြူမှုန် အလုံးစုံကို အကုန်စင်စွာ ဖျောက်လွှင့်ရာသား ဝိပဿနာဉာဏ် အသင့်ဖန်၍ ထိုက်တန်ရာရာ ဒေသနာဖြင့် သစ္စာ ၄ပါး မြတ်တရားကို ထင်ရှားစွာ သိစေတော်မူသည်၏ အဖြစ် ကြောင့်ရင်း။သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဗုဒ္ဓေါ၊ဗုဒ္ဓမည် တော်မူ၏။ဣတိဂုဏသမ္ပန္နံ၊ဤသို့ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ရိုသေမြတ်နိုး ရှိခိုးပါ၏ ဘုရား။

(၉)ယောဘဂဝါ၊အကြင်မြတ်စွာဘုရားသည်၊ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ လောကီ, လောကုတ္တရာ ချမ်းသာ ခိုင်ဖြိုး ကြီးမြင့်စေတတ် ကောင်းမြတ်သော ဒါန,သီလ,ဘာဝနာ မဟာ ကုသိုလ် မဂ်,ဖိုလ်အထွဋ်သို့ ရောက်တော်မူသည်၏ အဖြစ်ကြောင့် ရင်း၊

ဒေဝပုတ္တ,ကိလေသနှင့်အာဘိသခ်ါရ ခန္ဓ,မစ္စု ငါးခုသောမာန်တွင်းပ,ရန်ကို မကျန်ကုန်စင် အောင်မြင်တော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

ဘဝသုံးပါး လှည့်ကာသွားသည့် ရထားပမာ တူမျှစွာသားတဏှာပူပန် ပုပ်သိုးနံကို ပြို့ အန်ထွေးတော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

ကိုယ်တော်မြတ်စွာ ငယ်လိုရာ၌ ပမာဏမြင်ငယ်တော်မူ၏ ၁၊ ကြီးမူလိုကာစကြာဝဠာကိုကွယ်ကာပတ်ချုပ်ဖုံးအုပ်ကြီးမား ၂၊ ပေါ့ပါးသည်မှာ လျင်မြန်ရာ၌ ပမာစိတ်လို ၃ ၊ထိုထိုခရီး ဝေး,နီးအရပ် နှုန်စပ်အောင်သာ ကြွလိုပါက လွယ်ကာရောက်နိုင် ၄ ၊ ကိုယ်တိုင်မပြု အမှုမှု၌ တခုမကျန် မိဌာန်ပြီးစီး ၅ ၊ဘုန်းကြီး ထွင့်ထား မြတ်ဘုရား၏ စိတ်သွားတိုင်းသာ လိုတော်ပါသည် ၆ ၊မှန်စွာစိုးရ တေဇအမျိုး တန်ခိုးအရာ လိုတိုင်းပါအောင် လေ့လာတတ်ကုန် ၇ ၊လုံးစုံအမှုပြုပြီသမျှပြီးရသည်ချည်း ၈ ၊ဤသို့တည်းဖြင့် ပေါင်းစည်းစဉ်စိ ဤရှစ်လ ၀ ကား "လောကီဇာသရိယဘုန်းတော်"

ထိုလောကီနှင့် အညီယူလို မဂ်,ဖိုလ်ရှစ်တန် နိဗ္ဗာန်ဟူက ကိုးဌာနကား "လောကုတ္တရာ ဓမ္မဘုန်းတော်"ပုညသမ္ဘာရ ဂုဏအားအထူး ကျေးဇူးရှိန်စော် အာနုဘော်နှင့် "ထိုက်လျော်သင့်ရန် ဘုံသုံးတန်၌ ဟုတ်မှန်တိုင်း ကျော်စောခြင်းတည်းဟူသော "ယသဘုန်းတော်"လက္ခဏာတော်ကြီးသုံးဆဲ့နှစ်ပြာ,လက္ခဏာတော်ငယ်ရှစ်ဆယ် ခြောက်သွယ်သော အရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတော်မူသော အသရေတော် သတ္တိတည်းဟူသော "သီရိ ဘုန်းတော်"အတ္တ,ပရ ဟိတနှစ်ပါး မျှားသောအားဖြင့် တောင့်တတိုင်း ပြီးစေနိုင်သော အလိုတော်ကား "ကာ

မ ဘုန်းတော်"ခပ်သိမ်းသော လောက၏ ဆရာအဖြစ်သို့ ရောက်ကြောင်း ကောင်းသောလုလ္လတည်းဟူသော "ပယတ္တဘုန်းတော်"သုံးဘော်လောက ခေတ်သုံးဝ၌ တေဇလျှံထိပ် ငါးမာရ်နှိပ်အား ဇာဏရိယ စသည်အပြား ဘုန်းခြောက်ပါးသည် ထင်ရှားစွာ ရှိတော်မူသည်၏ အဖြစ်ကြောင့်ရှင်း၊

ကသိုဏ်းအသုဘ ကာယဂတာ အာနာပါန ဒွါဒသ ဘာဝနာ အပ္ပနာနှင့်လျော်စွာ ဈာန်အင်္ဂါကို လေ့လာ၍ နေတော်မူခြင်းတည်းဟူသော "ဒိဗ္ဗဝိဟာရ"ဗြဟ္မစိုရ် ၄ ပါး လျော်သော အားဖြင့် ဈာန်တရားကို ပွါး၍နေတော်မူခြင်း တည်းဟူသော "ဗြဟ္မဝိဟာရ" ဖလသမာပတ်ဖြင့် ကောင်းမြတ်စွာ နေတော်မူခြင်းတည်းဟူသော "အရိယဝိဟာရ" ဟု ဆိုအပ်သော ဝိဟာရ ၃ ပါးတို့ကိုရှင်း၊

အဖေါ်မပါ ဆိတ်ငြိမ်ရာ၌ ဘာသာနေတော်မူသည်ဖြစ်၍ ကိုယ်၏ ဆိတ်ငြိမ်ခြင်းတည်းဟူသော "ကာယဝိဝေက"နိုဝရဏာ စသည်များစွာ ကိလေသာကို ပယ်ခွါပြီးမှ ဈာနသမာပတ်ဖြင့် လျောက်ပတ်စွာ နေတော်မူသည်ဖြစ်၍ စိတ်၏ဆိတ်ငြိမ်ခြင်းတည်းဟူသော "စိတ္တဝိဝေက" ကာမုပမိ, ခန္ဓုပမိ, ကိလေသုပမိ, သင်္ခါရုပဓိ တည်းဟူသော ဥပမိ ၄ ပါးတို့၏ ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ နေသဖြင့် သင်္ခါရတို့၏ ဆိတ်ငြိမ်ခြင်းတည်းဟူသော "ဥပဓိဝိဝေက"ဟုဆိုအပ်သော ဝိဝေက ၃ ပါးတို့ကိုရှင်း။

အနတ္တဝိပဿနာဖြင့် ကောင်းစွာသိအပ်သည်ဖြစ်၍ အတ္တစွဲယူကိုယ်ဟူသည်မှဆိတ်သော "သုညတဝိမောက္ခ" ဒုက္ခာနုပဿနာဖြင့် ကောင်းစွာသိအပ်သည်ဖြစ်၍ ဒုက္ခ၏တည်ရာ ဘုံ သုံးဖြာကို တက္ခာဖြင့် မတောင့်တ်သော "အပ္ပဏိဟိတဝိမောက္ခ" အနိစ္စာနုပဿနာဖြင့် ကောင်းစွာ သိအပ်သည်ဖြစ်၍ ရာဂ, ဒေါသ၊

မောဟဖြစ်ပေါင်း အကြောင်းမရှိသော၊ 'အနိမိတ္တ ဝိမောက္ခ"ဟု ဆိုအပ်သော ဝိမောက္ခ ၃ပါးတို့ကိုရင်း၊

အပေါင်းဝိဟာရ ဝိဝေကနှင့် ဝိမောက္ခအပြား သုံးပါးသုံး ဆင့် အကျင့်နှင့်တကွ ထိုမှတပါး ဥတ္တရိမနုဿဓမ္မ သာလွန် ကောင်းမွန်သော အကျင့်မြတ်တို့ကို ကုသိုလ်,အကုသိုလ်,ဝိပါက်, ကြိယာ, ခန္ဓာ,အာယတန, ပဋိစ္စသမုပ္ပါဒ်, ဓာတ်စုတွက်ရေ ဋ္ဌေ,သစ္စာ မျိုးစုံသော အပြားအားဖြင့်ရင်း နှိပ်စက်,ပြုပြင် ပူပင်,ဖေါက်ပြန် လေးတန်အနက်ရှိသော ဒုက္ခသစ္စာကိုရင်း၊

ဝဋ်တရား၏ ပွါးကြောင်းလုံ့လ ဒုက္ခထွေထွေ ဖြစ်စေသော အကြောင်း ဝဋ်အဟောင်းနှင့် ယခုပေါင်းမကွာ မဂ်ပညာကို ရှောင်ခွါတချက် အနက် ၄ ခုရှိသော သမုဒယသစ္စာကိုရင်း၊

ဝဋ်မှထွက်၍ ငြိမ်းချက်ကေန် လောကဓံ၏ ဆိတ်ညံတခု ပေါင်းရုံးစု၍ မပြုမပြင် မြဲပင်အနေ မသေကုန်ရ နိရောဓ၌ အတ္ထ လေးပါးရှိသည်ကိုရင်း၊

သံသရာမှ ထုတ်ခွါဆောင်ယူပြည်နိဗ္ဗာ။ သို့ရှေးရှု။ ရောက်ကြောင်း ကျင့်ကောင်းမည်မှန် နိဗ္ဗာန်ပြည်ထိ ရှင်ပြီးဘိ၍ ၉၆စိုးရ အတ္ထ ၄ပါးရှိသော မဂ္ဂသစ္စာကိုရင်း၊

ဤသို့လျင် ဝါးမာရ်အောင်မြင် မြတ်ချစ်ရှင်၏ နိသင်ဆပ္ပါး ခြောက်ပါးဘုန်းတော် နုဘော်စဉ်စီ စုံပြည့်ညီသား လောကီ, လောကုတ္တရာ ခန္ဓာ,အာယတန ဓာတ်မှစ၍ အတ္တကြွင်းမဲ့ တဆဲ့ ခြောက်တန် သစ္စာဥာဏ်ကို မကျန်မကြွင်း ရှင်းလင်း သိသာ စိတ်ဖြာဝေဘန်၍ ဟောတော်မူတတ်သောကြောင့်ရင်း။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ 'ဘဂဝါမည်တော်မူ၏။ ဇုတိဂုဏသမ္ပန္နံ ၊ဤသို့ဘဂဝါဂုဏ်နှင့်ပြည့်စုံတော်မူသောမြတ်စွာ

ဘုရားကို။အဟံ၊အဂ္ဂါနုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါ ဖြင့်။ နမောမိ၊ရိုသေမြတ်နိုး ရှိခိုးပါ၏ ဘုရား။

ဣတိ၊ ဤသို့။နဝဂုဏ် ဝိသေသ သဟိတံ၊ကိုးပါးသော ဂုဏ်ထူး ဝိသေသနှင့် တကွဖြစ်တော်မူထသော၊ဗုဒ္ဓဥာဏောနပါ၊ဘုရားရှင်တို့ ဥာဏ်ဖြင့်သော်လည်း။ အသင်္ချယျ ဂုဏသမုဒ္ဒာဂတံ၊ ပိုင်းခြားရေတွက်၍ မကုန်နိုင်သော ကျေးဇူးတော် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူထသော။ အသဒိသံ၊ အတုမရှိထသော။ ဣန္ဒာဝိ ပတိ ၊အစိုးရသော သိကြား,ဗြဟ္မာ စကြာမင်္ဂတ် လောကနတ်တို့ကို လွန်စွာအစိုးရတော်မူပြီးထသော။ဓမ္မရာဇ ၊ဝိသုဒ္ဓိနတ်တို့၏ အထွဋ်မှန်ကင်း တရားမင်းကို။ အဟံ၊အဂ္ဂါနုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ ရိုသေစွာ။ နမောမိ၊ သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ဘုရား။

ဘုရားဂုဏ်တော် ၉ ပါးအနက် ပြီးပြီ။

## တရားဂုဏ်တော် ၆ ပါး ပါဠိ

**သွက္ခာတော, ဘဂဝတာ ဓမ္မော သန္ဒိ$^{ိ}$ဋ္ဌိ$^{ိ}$ကော, အကာလိကော, ဧဟိပဿိ$^{ိ}$ကော, ဩပနေယျိ$^{ိ}$ကော, ပစ္စတ္တं ဝေဒိ$^{ိ}$တဗ္ဗော ဝိညူဟီ။**

## တရားဂုဏ်တော် ၆ ပါးအနက်

(၁)ဓမ္မော၊မဂ်လေးတန်၊ဖိုလ်လေးတန်၊နိဗ္ဗာန်,ပရိယတ္တိဟု ဆိုအပ်သော ၁၀ ပါးသော တရားတော်မြတ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။သွက္ခာတော၊အတ္ထပဋိ$^{ိ}$သမ္ဘိ$^{ိ}$ဒါ,ပဋိ$^{ိ}$ဘာန ပဋိ သမ္ဘိ$^{ိ}$ဒါဥာဏ်၏ အာရုံဖြစ်သော အနက်၏နက်နဲခြင်း,အသိ ဥာဏ်၏နက်နဲခြင်း သဘောရှိသော အကျဉ်းပြခြင်း,ရှေးဦးစွာ ပြ

ခြင်း,ဖွင့်ခြင်း,ဝေဘန်ခြင်း,ထင်ရှားစွာပြခြင်း အပြား,အားဖြင့် သိစေခြင်း တည်းဟူသော အတ္ထပဒ ၆ပါးတို့နှင့် ယှဉ်သဖြင့်ရင်း၊

ဓမ္မပဋိသမ္ภိဒါ,နိရုတ္တိပဋိသမ္ภိဒါ ဉာဏ်၏ အာရုံဖြစ်သော ပါဠိ၏ နက်နဲခြင်း,ဒေသနာ၏ နက်နဲခြင်း သဘောရှိသော တလုံး တလုံးသော "အက္ခရာ" အနက်ကို သိစေတတ်သော အက္ခရာအပေါင်းဟု ဆိုအပ်သော "ပဒ"အနက်ကို ပြတတ်သော ဝါကျဟုဆိုအပ်သော "ဗျဉ္ဇန"အပြားအားဖြင့်ဝါကျကို ဝေဘန်ခြင်းဟု ဆိုအပ်သော "အာကာရ"ထုတ်၍ဆိုသည့် ဝိဂြိုဟ်ဟု ဆိုအပ်သော "နိရုတ္တိ"အကျယ်ပြခြင်းဟုဆိုအပ်သော "နိဒ္ဒေသ" တည်းဟူသော ဗျဉ္ဇနပဒ ၆ပါးတို့နှင့် ပြည့်စုံသဖြင့် အကျင့်နှင့် လျော်သော နိဗ္ဗာန်ကို ထင်စွာပြအပ်သည်၏ အဖြစ်ကြောင့်ရင်း၊

တခုတခု အနုသန္ဓေရှိသော သုတ်ကို ဟောတော်မူရာ၌ အကြောင်းနိဒါန်းဖြင့်အစ၌ကောင်းခြင်း,အဆုံးနိဂုံး၌ကောင်းခြင်း အလယ် စသောစကားတော်ဖြင့် အလယ်၌ ကောင်းခြင်းကိုရင်း၊

ဟောတော်မူရာ တဂါထာသောဓမ္မ၌ ထက်ဝန်းကျင် ကောင်းသည်၏အဖြစ်ကြောင့် ပထမပါဒဖြင့်အစ၌ ကောင်းခြင်း, ဒုတိယပါဒဖြင့် အလယ်၌ ကောင်းခြင်း,တတိယပါဒဖြင့်အဆုံး၌ ကောင်းခြင်းကိုရင်း၊

ဟောတော်မူသော တရားစကားတော်ကို ကြားနာရဆဲသော သူတို့အား နိဝရဏ စသည်များစွာ ကိလေသာ၏ ကွာသဖြင့် အစ၌ကောင်းခြင်း,ဆုမ္မတော်မူတိုင်း ကျင့်ကုန်သော သူတို့သည် ဈာန်,မဂ်,ဖိုလ်တို့၏ ချမ်းသာကို ရသဖြင့် အလယ်၌ ကောင်းခြင်း၊ မဂ်,ဖိုလ်ကိုရရှိန် အနုပ္ပါဒ°သေသ နိဗ္ဗာန်၏ အဆုံး၌ ကောင်းခြင်းကိုရင်း၊

အလုံးစုံသော ပရိယတ္တိသာသနာဟူသော ဓမ္မသည် ဝိဝိ၏ အနက်ဖြစ်သော သီလဖြင့် "အစဉ်ကောင်းခြင်း" အယုတ် တရား ၂ပါးသို့မကပ် မဏ္ဍိ°မပဋိပတ် မြတ်သော ဝိပဿနာဖြင့် ကိလေသာကုန်သော မဂ်-ထိုမဂ်ပါယ်ခွါ ကိလေသာကို ထပ်ခါခြိုမ်းစေသော ဖလသမာဓိ°အကျိုး မြတ်နိုးနှစ်သက်ဖွယ်တို့ဖြင့် "အလယ်ဌ ကောင်းခြင်း" အကြောင်းတရား ၄ ပါး ပေါင်းစု၍ မပြုမပြင်သောအဖြစ်=မြိပင်အနေ မသေသောအဖြစ် =ကိလေသာ,ကမ္မ, ဝိပါကဟု ဝဋ္ဌသုံးမည် လည်သည်အစဉ် အယဉ်ထန်ပြင်း လွတ်ကင်းသောအဖြစ်=နာမ,ရူပသဏ္ဌာန်ဖြင့် ဆုမ္မ၍ထင်ရှားမရှိသော အဖြစ်=ရာဂ,ဒေါသ မောဟတောက်ထိန် ပူရှိန်စပ်ရှိန်း ခြိုမ်းသည်ဖြစ်၍ ချမ်းမြေ့သောအဖြစ်=ရာဂ,ဒေါသ မောဟများစွာ ကိလေသာမြူမှေး ညစ်ကြေးမတင် စင်ကြယ်သောအဖြစ် =အပါယ် ၄ပါး မလားမပြု ဇာတိ,ဇရာ ဗျာဓိ,မရဏ ဒုက္ခကင်းဝေးဘေးရန်မရှိသောအဖြစ် အစရှိသည်တို့ဖြင့် ပကတိခြိုမ်းချမ်းခြင်းသဘောရှိသော အနုတ္တရဓမ္မဟုဆိုအပ်သော ဝိမုတ္တိရသနိဗ္ဗာန်၏ "အဆုံးဌကောင်းခြင်း" ကိုဋ္ဌင်း၊

ဤသို့လျင် အစ,အလယ်,အဆုံး ၃ ပါးသော ကောင်းခြင်းတို့ဖြင့် သွတ်သွင်းရအောင် ဆောင်အပ်သောပုဒ်၏ မရှိခြင်းကြောင့် အလုံးစုံပြည့်စုံခြင်း တင်းတင်းပိုပို နှုတ်လိုစဖွယ် ပယ်အပ်သောပုဒ်၏ မရှိခြင်းကြောင့် သန့်ရှင်းတင့်တယ် စင်ကြယ်သော အဖြစ်တို့ဖြင့်သာလျင် ကောင်းစွာ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် သွက္ခာတမည်တော်မူ၏။

(၂)သန္ဓိဋ္ဌကော၊ ထင်ရှားရှိသော မိမိသန္တာန်၌ ပူပန်နှိပ်စက်တတ်သော ရာဂ,ဒေါသ,မောဟများစွာ ကိလေသာကို ပယ်ခွါ ဆေးလျော်သဖြင့် ကျင့်ကုန်သော သူတော်ကောင်းတို့သာ ကောင်း

စွာ မြင်အပ်သော မဂ်တရားသည်ရင်း = ပွါးများ လေ့လာ ကောင်းစွာကျင့်သည်ဖြစ်၍ မဂ်, ဖိုလ်ရကုန်သော အရိယာသူတော် ကောင်းတို့သာလျှင် ပစ္စဝေက္ခဏာဉာဏ် မှန်သော သိခြင်းဖြင့် မိဒဲတို့ထင်မြင်ခြင်းငါးထိုက်သော လောကုတ္တရာတရား ၉ ပါးတို့ သည်ရင်း= ကိုယ်တိုင်သိမြင် ဆင်ခြင်ထိုက်သော လောကုတ္တရာ တရား ၉ ပါးသည် ချီးမွမ်းအပ်သော မဂ်ပညာဖြင့် ကိလေသာကို အောင်တတ်သောကြောင့်ရင်း = မဂ်, ဖိုလ်, နိဗ္ဗာန်၊ ဆယ်တန် ပရိယတ် တရားမြတ်သည် ဥပါဒ်, ဌိ, ဘင် စိတ်အစဉ်ဖြင့် ဆင်ခြင် ခြင်းငါ ထိုက်သည်၏ အဖြစ်ကြောင့်ရင်း သန္ဓိဋ္ဌိက မည်တော်မူ၏။

(၃) အကာလိကော၊ ပုညကြိယ ဒါနစသည် များလှစွာဘိ ဝင့်ခ္ခြုံသော နိသိတ, အနိသိတကုသိုလ်တရားသည် များသော ဘဝ ပရံပရ ကာလရှည်ကြာ အခါလေးမြင့် ဝံ့လင့်၍ အကျိုးပေး ခြင်း သဘောရှိသော ကာလိကမည်သော လောကီ ကုသိုလ်မှ တပါး ထင်ရှားမတည် တာရှည်မခံ မြန်မြန်ထက်ထက် တချက် သော စိတ္တက္ခဏဖြင့် ဘဝသုံးမည် လှည့်လည်စေတတ် ရဟတ်ပမာ အဝိဇ္ဇာနှင့် တဏှာမူလ သင်္ခါရဟု တကွရောရှက် ခန္ဓာစက်ဖြင့် ပျက်ခြင်းသဘောရှိသော မဂ်ဇောကုသိုလ် ဖိုလ်ဟူသောအကျိုး နှင့် စပ်လျက် ဥပ'ါဒ်, ဌိ, ဘင် ဘဝင်ခဏ ကာလအခြားမရှိသော ကြောင့် အကာလိက မည်တော်မူ၏။

(၄) ဟေပယိကော၊ လောကုတ္တရာ ၉ ပါး တရားခမ္မ သဘာ ဝသည် ကိစ္စလက္ခဏာအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ မြဲ။ညစ် မတင် သန့်ရှင်းစင်သော ကောင်းကင်ပြင်ဝယ် တင့်တယ်ပြောင် ဝင်း ထွန်းလင်းပြည့်ထ ချမ်းမြေ့သည့် လ၏အသွင်ကဲ့သို့ရင်း= ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဝယ် ကောင်းစွာထားအပ်သော ပတ္တမြားစစ်သည် အပြစ်မရှိ ပကတိစင်ကြယ်သကဲ့သို့ရင်း= ဤသို့

ထင်ရှားသောအဖြစ်,မြ||ည်စ်မတင် စင်ကြယ်သော အဖြစ်တို့ဖြင့် သာလျှင် လာလတ္တံ့ ရှုလတ္တံ့ဟူသော အစိအရင်းကို ထိုက်သော ကြောင့်ရင်း ဟောပသ$^{\circ}$က မည်တော်မူ၏။

(၅)သြပနေယျ$^{\circ}$ကော၊ဦးခေါင်း,ကိုယ်ပါ တန်းဆာမည်မှတ် အဝတ်ပုဆိုးတို့ကို အခိုးပြင်းထန် အလျှံ ပြောင်ပြောင် မီးလောင် စေကာမူ လျှစ်လျှ||ရှုလျက် ၇ ကွက်မရှိ မိမိစိတ်တွင် ကြည်လင် မပြတ် ပွါးစေတတ်သဖြင့် ကပ်၍ဆောင်ခြင်းငှါ ထိုက်သော ပုဂ္ဂိုလ် တို့၏ မဂ်,ဖိုလ် ၇ပါး တရားအပေါင်းသည်ရင်း= ထင်ရှားရှိသော မိမိစိတ်ဖြင့် သင့်တင့်လျောက်ပတ် ကပ်၍ဆောင်ခြင်းငှာ ထိုက် သော အမြှိုက်မည်မှန် နိဗ္ဗာန်တရားသည်ရင်း = ရာဂ,ဒေါသ, မောဟမြစ်မှာ ကိလေသာကို စင်ကွာမကပ် အမြတ်လေးဖြာ မဂ်ပညာသည် ချမ်းသာကေန် ငြိမ်းရာမှန်သော နိဗ္ဗာန်သို့ ဆောင် တတ်သောကြောင့်ရင်း=ဖိုလ်၄တန်နှင့် နိဗ္ဗာန်တရားသည် မမှား မဖေါက် စဉ်တလျောက်ဖြင့် မျက်မှောက်ပြုအပ်သည်၏ အဖြစ်သို့ ဆောင်တတ်သောကြောင့်ရင်း သြပနေယျ$^{\circ}$က မည်တော်မူ၏။

(၆)ယောဓမ္မော၊ အကြင် လောကုတ္တရာ တရား ၉ ပါးကို။ ဝိညူ||ဟိ၊ အကွရာပဒ အကျဉ်းသာပြု၍ မိန့်ဟမြွက်ဆိုလျင် မဂ်, ဖိုလ်ကို သိသော "ဥဿ$^{\circ}$ဝ$^{\circ}$တညူ||ပုဂ္ဂိုလ်" အနက်ကို ပြသော ဗျဉ္ဇနအာကာရဖြင့်ဝေဘန်လျင်မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကိုသိသော "ဝိဘဇ$^{\circ}$တညူ||ပုဂ္ဂိုလ်"ထုတ်ဆိုသည့် ဝိဂြိုဟ်,နိရုတ္တိ မပြိုမတွယ် သိမြင်ဘွယ်ဖြင့် အကျယ်ပြုသော နိဒ္ဒေသ-နယများမြောင် အသင့် ဆောင်မှ မိုက်မှောင်လွှင့်ရှား တရားကိုသိကြသော "နေယျ ပုဂ္ဂိုလ်"တို့သည်။ ပစ္စတ္တ $^{\circ}$ ဝေဒ$^{\circ}$တဗ္ဗော၊ အသီးအသီး ကပ်နီး ထပ်ရှိ မိမိစိတ်၌ နှစ်မြှုက်ဖန်များ ခံစားအပ်သောကြောင့် ပစ္စတ္တ $^{\circ}$ ဝေဒ$^{\circ}$တဗ္ဗော ဝိညူ||ဟိ မည်တော်မူ၏။

ဣတိ၊ ဤသို့။ဆ ဂုဏ္ဍသဟိဟံ၊ ၆ ပါးသော ဂုဏ်နှင့် တကွ ဖြစ်ခဲတော်မူထသော။ ဇေါနေန သေဝိတံ၊ မြတ်စွာဘုရားတို့သည် မပြတ် မှီဝဲတော်မူအပ်သော။ တိဝိဓေါ ဓိဒါတံ၊ ၃ ပါးသော ဗောဓိဆုကို ပေးတော်ထသော။ သဒ္ဓမ္မံ၊ ၁၀ပါးသော တရား တော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ ရိုသေစွာ။ နမာမိ၊ သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ဘုရား။

**တရားဂုဏ်တော် ၆ ပါးအနက် ပြီးပြီ။**

---

## သံဃာဂုဏ်တော် ၉ ပါး ပါဠိ

**သုပဋိပန္နော ဘဂဝတော သာဝကသံဃော, ဥဇုပဋိပန္နော ဘဂဝတော သာဝကသံဃော, ဉာယပဋိပန္နော ဘဂဝတော သာဝကသံဃော, သာမီစိပဋိပန္နော ဘဂဝတော သာဝကသံဃော, ယဒိဒံစတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုဏေယ္ယော, ပါဟုဏေယ္ယော, ဒက္ခိဏေယ္ယော အဉ္ဇလိ ကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။**

### သံဃာဂုဏ်တော် ၉ ပါး အနက်

(၁)ဘဂဝတော၊မြတ်စွာဘုရား၏။သာဝက သံဃော၊တပည့် သားဖြစ်သောသံဃာတော်သည်။ သုပဋိပန္နော၊ ဟောတော်မူ ရာ ဒေသနာမှ လာလတ္တသမျှ ဆုမမှတော်မူသော ကျင့်ဝတ်တို့ကို မချွတ်မယွင်း ကျင့်သည်ကိုသာ ကောင်းစွာကျင့်သည်ဟု ဆိုအပ် သော ထိုကောင်းသော အကျင့်မြတ်တို့ကို မပြတ်မလပ် အထပ် ထပ် ကျင့်အပ်သည်၏ အဖြစ်ကြောင့် သုပဋိပန္နမည်တော်မူ၏။

(၂)ဘဂဝတော၊မြတ်စွာဘုရား၏။သာဝကသံဃော၊တပည့် သား ဖြစ်သော သံဃာတော်သည်။ ဥဇုပဋိပန္နော၊ အယုတ်

တရား ၂ ပါးသို့ မကပ် မစ္ဆေ၊ မပဋေ၊ ပတ် အမြတ်အထွတ် ကျင့်ဝတ်မည်တွင် မဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးပါး ဘုရားအလိုတော်နှင့် လျော်သမျှအစု စတုပါရိ သုဒ္ဓိသီလ မြတ်ဓမ္မတို့ကို ကာယ, ဝစီ, မနော ၃ ပါးသောကံတို့ဖြင့် မလွန်, မယုတ် မဆုတ်မနစ်သာ ဖြောင့်စွာ ကျင့်သည်ဟုဆိုအပ်သော အကျင့်သီတင်းတို့ကို မယွင်း မထောင့် ဖြောင့်ဖြောင့်ကျင့်သည်၏ အဖြစ်ကြောင့် ဥဇုပဋိပန္နမည်တော်မူ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃာ၊ တပည့်သားဖြစ်သော သံဃာတော်သည်။ ဉာယပဋိပန္နော၊ ဉာယမည်မှန် ပြည်နိဗ္ဗာန်နှင့် ထိုက်တန်ကျမ်းဝင် မဆန့်ကျင်သည်ကိုသာ လျော်စွာသဖြင့် အသင့်ကျင့်သည်ဟုဆိုအပ်သော မြတ်သော အကျင့်တို့ကို ကျင့်သည်၏ အဖြစ်ကြောင့် ဉာယပဋိပန္နမည်တော်မူ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃာ၊ တပည့်သားဖြစ်သော သံဃာတော်သည်။ သာမီစိပဋိပန္နော၊ လောကုတ္တရာ ၉ ပါး တရားဓမ္မ သဘာဝနှင့် လျော်သမျှသော ထိုအကျင့်မြတ်တို့သည် လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ နှစ်လို, ကြည်ညိုရှိသေမြတ်နိုးခြင်းဌာ်ထိုက်၏၊ ထိုရှိသေထိုက်သော အကျင့်မြတ်တို့ကို မပြတ်ကျင့်လေ့ရှိသည်၏ အဖြစ်ကြောင့် သာမီစိပဋိပန္နမည်တော်မူ၏။

(၅) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃာ၊ တပည့်သားဖြစ်သော သံဃာတော်သည်။ ‘သာမိစိပဋိပန္နော၊ လောကုတ္တရာ ၉ ပါး တရားဓမ္မ သဘာဝနှင့် လျော်သမျှသော ထိုအကျင့်မြတ်တို့သည် လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ နှစ်လို, ကြည်ညိုရှိသေမြတ်နိုးခြင်းဌာ်ထိုက်၏၊ ထိုရှိသေထိုက်သော အကျင့်မြတ်တို့ကို မပြတ်ကျင့်လေ့ရှိသည်၏ အဖြစ်ကြောင့် သာမီစိပဋိပန္နမည်တော်မူ၏။

(၅) ယဒိဒံ-ယာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင်အစုံအားဖြင့် ၄ ပါးသော ယောက်ျားမြတ်ဖြစ်ကုန်သော။ အဋ္ဌပုရိသပုဂ္ဂလာ၊ အသီးအသီးရေတွက်သောအားဖြင့် ၈ ပါးသော ယောက်ျားမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ-သော သာဝကသံဃာ၊ ထိုအလုံးစုံသော အသီးအသီးအားဖြင့်

ဂပါးသောဘုရားတပည့်သား ယောဂျားမြတ်သံယာတော်သည် အာဟုဏေယျာ၊ ဝေးသောအရပ်မှ ဆောင်ယူကြ၍ သီလဝန္တ ပုဂ္ဂိုလ်တို့အား လှူအပ်သော အာဟုဏမည်သော အလှူကို ခံတော်မူခြင်းငှါထိုက်၍ ယက္ခါက်,ကုမ္ဘာန် နတ်ထံ ပိုင်းခြားသိကြား,ဗြဟ္မာ အသူရာ,ဂန္ဓဗ္ဗ အစရှိသောသူတို့သည် မိမိတို့နေရာ ဝေးရပ်ရွာမှ မျှားစွာစုပုံ အလုံးစုံသော စည်းစိမ်ရတနာတို့ကို လှူလာအပ်သည်ဖြစ်၍ အဝေးမှဆောင်ယူအပ်သော ထိုအလှူကို ခံတော်မူခြင်းငှါလည်း ထိုက်သည်၏အဖြစ်ကြောင့်အာဟုဏေယျမည်တော်မူ၏။

(၆) ပါဟုဏေယျာ၊ အထူးထူးသော အရပ်မျက်နှာမှ ရောက်လာသမျှသော ဆွေမျိုးသားချင်း နှီးရင်းချစ်ခင် အကျွမ်းဝင်သော သူတို့အကျိုးငှါ မြတ်နိုးဆပ္ပါး ရည်ရွယ်ထားအပ်သော ပါဟုဏမည်သောအလှူကို ခံတော်မူခြင်းငှါထိုက်၍ မကိုင်ရှာ ထွင်ကဲ့သို့ ကျင့်ဝတ်သီလ စာရိတ္တကို နိစ္စမပြတ် လေးမြတ်ရှိသော ကျင့်ပေတတ်ညား အနွယ်အားဖြင့် ဂ ပါးသော အရိယာသံဃာတော်သည် နုဘော်ကြီးမား မျှားသောကျေးဇူး ထိုဂုဏ်ထူးတို့ကြောင့် ရှေးဦးစွာအရိအသေပြုခြင်းကို ထိုက်သည်ဖြစ်၍ခပ်သိမ်းသောသူတို့၏ ရှေးဦးစွာ ဆောင်ယူ၍ ပေးလှူအပ်သည်ကိုလည်း ခံတော်မူထိုက်သောကြောင့် ပါဟုဏေယျမည်တော်မူ၏။

(၇) ဒက္ခိဏေယျာ၊ မျက်မှောက်နောင်လာ သံသရာ၌ ချမ်းသာပင်စည် ပွါးများမည်ဟု ယုံကြည်သမျှ ဥပနိဒါန ဒါတဗ္ဗသည် ဒက္ခိဏမည်၏၊ ထိုဒက္ခိဏာ အမည်ရသော ဒါနဝတ္ထု၊ ကောင်းမှုအမျိုးကို အကျိုးခိုင်ဖြိုး ကြီးမားမြင့်မြတ် စေခြင်းငှါ ကိုယ်ခန္ဓာ၌ ကိလေသာဟူသော မီးပူမာန်ယစ် မြူအညစ်တို့ကို

ခါပစ်နှုတ်ထွင် သုခ်ိသင်သဖြင့် ကျင့်လေ့ရှိတော်မူသည်၏ အဖြစ်ကြောင့် ဒကွေ်ကောယျမည်တော်မူ၏။

(၇) အဠလိ ကရကိယော၊ လောကဝုပါးခ္ဍ ထင်ရှားကျော်ဟိုး တန်ခိုးရှိန်စော် အာနုဘော်ရှိသော လောကပါလ စသည် အများ သိကြား,ဗြဟ္မာ တေဇာလျှံဝင်း လူမင်းကေရာ စကြာမန္တတ်မြတ်သောသူတို့ ရှေ့ရှုကြည်လင် ဦးတင်ညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ခံတော်မူထိုက်သောကြောင့် အဠလိကရကိယမည်တော်မူ၏။

(၉) အနုတ္တရံ၊သုံးတန်ချမ်းသာ ရရာအစု ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးညွှန်ရှင် စည်ပင်ပွါးများရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်၍ ရင်နှစ်သြရသ ဘုရားတပည့်သားတော် ထက် ကဲတက်လွန်ကျူး။ ထူးမြတ်သော အလှူခံပုဂ္ဂိုလ် မရှိသည်၏ အဖြစ်ကြောင့် အနုတ္တရဟုဆိုအပ်သော သံယာတော်သည်။ လောကသံ၊ခပ်သိမ်းသော အလှူ,ဒါယကာ သတ္တဝါအပေါင်းတည်းဟူသော လောက၏။ ပုညကွေတ္တံ၊လူ,နတ်,နိဗ္ဗာန် သုံးတန်ဆုကြီးရပြီးစေတတ် ရည်မှတ်ပတ္ထနာ လိုရာရာတို့ကို စိုက်ပျိုးအပ်သမျှ ပုညအစုတည်းဟူသောမျိုးကို အကျိုးကြီးမား ပြန့်ပွားစေခြင်းငှာ ကောင်းမြတ်သောအကျင့်တို့ဖြင့် ချီးမြှင့်စောင့်ရှောက်တော်မူပေ၍ လယ်မြေကောင်းသဖွယ်ဟုဆိုအပ်သည်၏ အဖြစ်ကြောင့် ပုညကွေတ္တမည်တော်မူ၏။

ဣတိ၊ဤသို့။နဝဂုဏ သဟိတံ၊ဧပါးသော ဂုဏ်နှင့် တကွ ဖြစ်တော်မူထသော။ပဋိသမ္ဘိဒါ - ဘိညာဒျာနေ က-ဂုဏသမ္ပန္နံ၊ ပဋိသမ္ဘိဒါ-အဘိညာဏ် အစရှိသော မျိုးစွာသော ကျေးဇူးတော် ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသော။ သဒ္ဓိ လောကသ၊ခပ်သိမ်းသောလောက၏ အသဒိသ ပုညကွေတ္တံ၊

အတူ မရှိသော် ကောင်းမှုတည်း ဟူသော မျိုးစေ့ တို့၏ စိုက်ပျိုးရာ လယ်ယာ မြေကောင်းသဖွယ် ဖြစ်တော်မူသော။ တိုဝိဓ သမ္ဘတ္တိ ဒါယကံ၊လူ,နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာ ကို ပေးတတ်ထသော။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ် တော်မူသော မြတ်စွာဘုရားသည်။ ဝဏ္ဏ ဝိတ ဂုဏသမ္ပန္နံ ၊ချီးမွမ်း တော်မူအပ်သော ဂုဏ်နှင့်ပြည့်စုံတော်မူသော။အရိယ သံဃ ၊အ ရိယာ သံဃာတော်မြတ် အပေါင်းကို။ အဟံ၊ အဂ္ဂနိုဝ်သည်။ သိရသာ၊ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ ရှိသေစွာ။ နမာမိ၊ သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွ သဒ္ဓါ ရှိခိုးပါ၏ဘုရား။

**သံဃာဂုဏ်တော် ၉ပါး အနက်ပြီးပြီ။**
**ဂုဏ်တော်ဖွဲ့ ပြီးပြီ။**

## အောင်မြေဘုံစံ အုဋ္ဌေကျောင်းကြီးအတွက် ပုဂ္ဂိုလ်ရွေးချယ်ချက်

အခြားသောမြို,ရွာ ဗဟုသုတရှင်တို့ကရင်း၊ နေပြည်တော်ရှိ တံဆိပ်တော်ရ, မရ ဆရာတော်တို့က ရင်း၊ မဟာအောင်မြေ ဘုံစံ အုဋ္ဌေကျောင်းတော်ကြီးသည် တပါးသော ပုဂ္ဂိုလ်များနှင့် မသင့်မတော် ဆရာတော် ဦးဗုဓိနှင့်သာ သင့်တော်သည်ဟု နှန်းတော်သို့ စာသွင်းသောကြောင့် သာမည အလွယ်တကူနှင့် ပင့်ဆောင်ကာ တင်လှူသကဲ့သို့ ပြောဆိုရေးသားကြ၏။

အချို့ကလည်း အမတ်ကြီးဦးပေါ်ဦးက ဆရာတော် သံဃာ တော် ပရိသတ်အလယ် မင်း,မိဖုယား ၂ပါးတို့၏ မျက်မှောက် ဝယ် အုဋ္ဌေကျောင်းတော်ကြီးနှင့် ထိုက်တန်သော ပုဂ္ဂိုလ်အတွက် အထူးရွေးချယ်စီစစ်၍ နေရန်မလိုပါ၊ "အနာဂတ်မှာ ဖြစ်ပျက်

ရာကို ပြလှာတုံ့ရှောင်း အကြောင်းတစိ တွေ့မြင်ဘိသည်ကို နှိုင်းညှိဆင်ခြင်၍ သိမြင်ရခြင်းတည်းဟူသော နိမိတ်, တဘောင်သိချင်း"ဖြစ်ပေါ်၍နေပါသည်။

ထိုတဘောင်သိချင်းမှာ"**မိုးကြီးချုပ်လို့ ဘုတ်ကြီးမည် ပူစိတဲ့ ဘုန်း၊ သာသနာ ဝါယမာ တဘန်ထုတ်ရန်ဘို့ ရှေ့ဘုတ်မယ်ဆံထုံးနှားလှည့်ပါအုံး။**"ဤတဘောင်သိချင်းအရ တပါးသော ပုဂ္ဂိုလ်ကို ကောက်ယူရန်မလို၊ ဆရာတော်ဦးဗုဒ္ဓကိုသာ ကောက်ယူ၍ရပါသည်။သို့အတွက် ညောင်ကန်ရွာက ဆရာတော်ဦးဗုဒ္ဓကိုသာ ပင့်ဆောင်ရန်သင့်ပါကြောင်းဟု လျှောက်ထားသဖြင့် ပင့်ဆောင်ကာ တင်လှူရလေဟန် ရေးသားပြောဆိုကြ၏။

## ရှေးချယ်စီစစ်ပုံ အမှန်ဆော်ကား

သက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် ဆရာတော် ဦးပိုး ပြန်လွှန်တော်မူပြီးသည့်နောက်နန်းတော်က မန်ကျည်းတော,မြသိန်းတန်ဆရာတော်များကို မိဖုယားကြီး၏ ဆရာတော်များဖြစ်၍ ဧကျောင်းတင်မည်ဟု ကြိုစီကြောင်းကို ဆရာတော် ဦးပိုး၏ တပည့် ဖြစ်ကြသော(ဦးသူခေါ်)ဦးဥာဏိန္ဒ,(ဦးကံရိုးခေါ်)ဦးဒီပစသော ရှေမြို့တော်နေ တပည့်အပေါင်းတို့ကကြားသိရသဖြင့် မခံချင်ကြသောကြောင့် အောက်ပါအတိုင်း စာသွင်းကြသည်။

သာသနာ့ ဒါယကာ မဟာကေရာဇ် မင်းမြတ်ထံ မေတ္တာရပ်ခံအပ်သည်။မန်ကျည်းတော,မြသိန်းတန်ဆရာတော်တို့လောက်ဖြင့် စာပေကျမ်းဂန် တတ်မြောက်လျက်ကျန်ရစ်သော ဦးပိုး၏တပည့်အများရှိပါသည်၊နေခြင်းနေသော်ဥမက္ခဲသိုက်မဟုက် ဆရာသမား၏ နေရာ၌ တပည့်များဆက်လက်၍နေပါရစေ အကယ်၍ စာပေကျမ်းဂန် တတ်မြောက်သည်ဆိုသော စကားကိုမယုံကြည်ပါလျှင် သုဓမ္မာစရပ်တွင် ၇ ရက်ပတ်လုံး အမေးအမြန်းခံပါမည်။

ဤကဲ့သို့ စာသွင်းသည်တွင် နောင်တော် မင်းတရားကြီးက ဆရာတော် ဦးပိုး၏ တပည့်များသည် နည်းလမ်းတကျ ပြောဆိုပေသည်၊သို့အတွက်အမေးအမြန်း ခံမည့်ပုဂ္ဂိုလ်ကိုသာ အလျင်အမြန် ရွေးချယ်၍ ပေးတော်မူကြပါဘုရားဟု မဟာဒါနဝန် အားလျှောက်ထားစေ၏။

ထိုအခါ ရွှေမြို့တော်နေ ဆရာတော် ဦးပိုး၏ တပည့်အများတို့သည် စည်းဝေးတိုင်ပင်ကြရာ သာမည်ပုဂ္ဂိုလ်သည် အမေးကို ဖြေဆိုရန် ခဲယဉ်းလှသည်၊ဆရာတော် ဦးပိုး၏ တပည့်ထည်းက ညောင်ကန်ရွာ ဂိုဏ်းအုပ်ဆရာတော် ဦးဇုဓ်သည်သာ လျှင် သတ္တိဗျတ္တိ အစွမ်းရှိသဖြင့် ဖြေဆိုနိုင်မည်။

သို့သော် ဆရာတော် ဦးဇုဓ်ကို မြို့တော်သို့ ပင့်ရန် သာမည်ပုဂ္ဂိုလ်၏ စကားကို လိုက်နာ၍ ကြွလာမည်မဟုတ်၊ ဆရာတော် ဦးဇုဓ်နှင့် အကျွမ်းဝင် မိတ်ဆွေရင်းဖြစ်၍ ကိုဇုဓ် ကိုဥာဏဟု အချင်းချင်း ခေါ်ဆိုနေကြသော ဦးဥာဏကို ပြောမှသာလျှင် ဆရာတော် ဦးဇုဓ်သည် နေပြည်တော်သို့ ကြွလာရန်အကြောင်း ရှိသည်ဟု တိုင်ပင်ကြပြီးလျှင် ရေပုတ္တာလင်အနီး မန်ကျည်းကန်ရွာ ဆရာတော် ဦးဥာဏထံသို့ ဆရာတော် ဦးဇုဓ်ကို အင်းဝမြို့မဟာ အောင်မြေဘုံ စံအုဋ္ဌေကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင်တော်မူရန် အားထုတ်၍ တိုက်တွန်းနှိုးဆော်ပေးပါရန် စာအားဖြင့် လျှောက်ထား တောင်းပန်ကြလေ၏။

ထိုကဲ့သို့ လျှောက်ထား တောင်းပန်ချက်အရ ဆရာတော် ဦးဥာဏသည် ညောင်ကန်ရွာ ဆရာတော် ဦးဇုဓ်၏ အထံသို့ သွားရောက်ပြီးလျှင် ဆရာတော် ဦးပိုး၏နေရာ အင်းဝမြို့ မဟာအောင်မြေဘုံ စံ အုဋ္ဌေကျောင်းတော်ကြီး၌ သွားရောက်နေထိုင်ရန် တောင်းပန် ပြောကြားရာ“ကိုဥာဏ မင်းဆရာလုပ်ရဒါ

စာကြည့်ပျက်တယ်ကိစ္စများတယ်မနေလိုဘူး”ဟုခြင်းပယ်လေ၏ ထိုအခါ ဆရာတော် ဦးဥာဏက “ကိုဗုဒ္ဓရာစိတ်ကူးမလွဲပါနှင့် ဆရာသမားနေရာခင်ဗျားမှ သွားရှိမနေခဲ့သော် သူတကာလာ၍ နေထိုင်က ဆရာတော် ဦးပိုး၏ တပည့်အများတို့သည် ကစင့် ကလျား ကွဲပြားပျက်စီး၍ ကုန်ကြလိမ့်မည်၊ မိတ်ဆွေသီတင်း သုံးဖော်များကို ငဲ့ညှာလျက် သီးခံပြီးနေပါ ကိုယ့်စာ ကိုယ် ကြည့်ပြီး နေချင်လျှင်လည်း နေနိုင်ပါသည်” ဟု အကြိမ်ကြိမ် အဘန်ဘန် တိုက်တွန်းပြော်ကြားမှ ဒိတ်ဆွေရင်းကြီးကို ငဲ့ညှာ သောအားဖြင့် နေမည်ဟူသော ဝန်ခံစကားကို ရလေ၏။

## အင်းဝနေပြည်တော်သို့ ကြွရန် ဗင့်လျှောက်ခြင်း

ဆရာတော် ဦးဗုဒ္ဓထံမှ နေမည်ဆိုသော ဝန်ခံစကားကို ရသောအခါဆရာတော်ဦးဥာဏက လာရောက်၍ပင့်လှည့်ကြဟု မြို့တော်သို့ စာရေးအကြောင်းကြားလိုက်ရာ များမကြာခင်နောင် တော်မင်းတရားကြီး၏ အမိန့်အရ မဟာအောင်မြေဘုံစံ အုဋ္ဌ ကျောင်းကြီးအမ စေတနာသဒ္ဓါအရာ ဒုတိယ ဝိသာခါ ခေါ်ဆို ထိုက်သောနန်းမတော်မယ်နုက ဆရာတော်ဦးဗုဒ္ဓကိုပင့်လျှောက် ရန် အခမ်းအနားအစီအစဉ်များကို သားနားခန့်ညားစွာ စီရင် ပြီးသကာလ သုဓမ္မာဆရာတော်များနှင့်တကွ မဟာဒါန်ဝန်ကို အမှူးထား၍ နောက်လိုက်နောက်ပါ ခြေရုံ့ပရိသတ် များစွာ တို့ဖြင့် သွားရောက်ပင့်စေသည်။

ညောင်ကန်ရွာသို့ ရောက်လျှင် ဆရာတော်ဦးဗုဒ္ဓထံသို့ ဝင်၍ မင်း,မိဖုယားနှစ်ပါးတို့၏ ပင့်လျှောက်လွှာကို ဆက်ကပ်ရာတွင် ဆရာတော်ဦးဗုဒ္ဓက“ယခုအခါ ငါမလိုက်နိုင်သေး ဥတုသပ္ပါယ သင့်တင့်လျောက်ပတ်သောအခါမှလာခဲ့မည်”ဟု အမိန့်ရှိသဖြင့် မဟာဒါန်ဝန်သည် နေပြည်တော်သို့ ပြန်သွားနှင့်ရလေ၏။

မဟာဒါန်ဝန်ပြန်အသွား လမ်းခရီးအကြားတွင် နားနေစရာ ခရီးစခန်းထောက် ဆိုက်ရောက်သော အရပ်တို့၌ မြို့,ရွာ,ခရိုင်, ပိုင်ဆိုင်စောင့်ရှောက်သူများအား ဆရာတော်ဦးဗုဒ္ဓ ကြွရောက်တော်မူလာခဲ့သော် ခရီးဦး ကြိုဆို၍ ဆွမ်းဝတ်,ကွမ်းဝတ်တို့ဖြင့် ညှဲ့ခံပြီးလျှင် စခန်းစဉ်အတိုင်း လိုက်ပါပို့ဆောင်ကြရမည်ဟု မဟာဒါန်ဝန်က ဆင့်ဆို၍ သွားသော ဟူ၏။

**ရှင်းလင်းချက်**

ဤကဲ့သို့ မဟာဒါန်ဝန် ဆင့်ဆို၍သွားသော ခရီးစဉ်များကို ဆရာတော်ဦးဗုဒ္ဓကြွရောက်တော်မူသောခရီးစဉ်ဟု အခြားသော မြို့ရွာဒေသမှ ဗဟုသုတရှင်တို့ကအမှတ်ထား၍ပြောဆိုရေးသားကြ၏။

စင်စစ်သော်ကား ဆရာတော် ဦးဗုဒ္ဓကြွသွားတော်မူသောခရီးစဉ်မဟုတ်၊မဟာဒါန်ဝန် ဆင့်ဆိုသွားသောခရီးစဉ်မျှသာတည်း။

(မဟာဒါန်ဝန် ပင့်လျှောက်လာသော အချိန်ကား ဆောင်းတွင်ကာလ ဖြစ်ဟန်တူသည်။)

**ကုန်းကြောင်းခရီးဖြင့် ကြွတော်မူခြင်း ရှင်းလင်းချက်**

အခြားသောမြို့ရွာ ဗဟုသုတရှင် များစွာတို့က ဆရာတော်ဦးဗုဒ္ဓသည် အင်းဝနေပြည်တော်သို့ ကြွသွားတော်မူသောအခါ ကုန်းကြောင်းခရီးဖြင့် ကြွသွားတော်မူကြောင်း ပြောဆိုရေးသားကြရာ ထိုခရီးစဉ်၏ ယုတ္တိမရှိပုံကို ရှင်းပြပါအုံ့။

(ဆရာတော် ဦးဗုဒ္ဓသည် ညောင်ကန်ကျောင်းက ထွက်၍ နောင်ကြီးအိုင်ရွာကျောင်း၌နေ့ဆွမ်းဘုဉ်းပေးသည်)ဟု ဆိုရာ၌ ညောင်ကန်ရွာနှင့် နောင်ကြီးအိုင် ရွာသည် ၀ါးတိုင်ကျော် ခြောက်တိုင်နီးနီး ဝေးကွာသည့်အတွက် ခြေလျင်ခရီးဖြင့် သွားလျှင် နေ့ဆွမ်းမှီဘို့ရန် ခဲယဉ်းသည် တကြောင်း။

(နေ့ဆွမ်းဘုဉ်းပေးပြီးကြွရာ အလုံမြို့ကျောင်းဌ နေခိုသည်)ဟု ဆိုရာ၌လည်း ညောင်ကန်နှင့် နောင်ကြီးဒေါ်ဝင်ရှာသည် ရာဟုနှင့် အင်္ဂါ ထောင့်တန်းဖြစ်၍နေပါသည်၊နောင်ကြီးဒေါ်ဝင်နှင့် အလုံမှာလည်း အရှေ့နှင့်အနောက်ဖြစ်နေသည့်အတွက် ရှေ့သို့ရောက်ပြီးမှ နောက်သို့တဘန်ပြန်၍ လာသကဲ့သို့ ဖြစ်နေခြင်းကြောင့် တကြောင်း။

ခရီးစဉ်ကလည်း ရှေးအခါမြန်မာမင်းလက်ထက်က သွားလာရိုး ခရီးစဉ် မဟုတ်ဘဲ-နောက်အင်္ဂလိပ် လက်ထက်မှ ဖေါက်လုပ်သော ကားလမ်းခရီးစဉ် ဖြစ်သည့်အတွက် ငါးညအိပ် ကြာမှ စစ်ကိုင်းသို့ ရောက်သည်၊ ရှေးကသွားလာရိုး ဖြတ်လမ်းခရီးမှာ နှစ်ညဉ့်အိပ်နှင့် စစ်ကိုင်းသို့ ရောက်သည်ဟု ကြားသိရဘူးသည်။

ဆရာတော် ဦးဗုဒ္ဓသည် ညောင်ကန်ရွာမှ အင်းဝနေ့ညဉ့်တော်သို့ ရေကြောင်းခရီးဖြင့် ကွေတော်မူကြောင်းကို ထောက်ခံသော ပုဂ္ဂိုလ်များ။

ညောင်ကန်ရွာဇာတိ သက္ကရာဇ် ၁၂၄၀ပြည့်နှစ်တွင် ဘွားမြင်တော်မူ၍ ယခုတိုင် အသက်ထင်ရှားစွာ ရှိတော်မူသေးသော တောင်ငူမြို့ မြို့ထောင့်ကျောင်းဌ သီတင်းသုံးနေထိုင်တော်မူသည့် သက်တော် ဂ၁ နှစ်-သိက္ခာတော် ၆၁ ဝါရှိ ဆရာတော်ကြီး ဦးသံဝရ-

သက္ကရာဇ် ၁၂၃၀ပြည့်ဘွား ရာဇဝင်အရာတွင် သူတကာနှင့် မတူအောင် လေ့လာမှတ်သား သေချာစွာ ပြောကြားနိုင်သဖြင့် "ရာဇဝင်ဖေ" ဟူ၍ အမည်တွင်သော ခိုးချောင်းရွာဇာတိ ဆရာကြီးဦးသာဖေးက သေချာစွာပြောခဲ့ကြောင်းကို၊ သက္ကရာဇ် ၁၂၃ဂခုဘွား ယခုစာမူရေးသားသည့်အချိန်တိုင် အသက်ထင်ရှားရှိသေး၍ ငါးရာ့ ငါးဆယ် နီပါတ်တော်နှင့်တကွ ဇာတ်

တော်ကြီး ဆယ်ဖွဲ့ပါ မဟာဝင်,ရာဇဝင်တွင် ကျွမ်းကျင်းနှံ့စပ် အမှတ်အသား အလွန်များ၍ သေချာစွာ ပြောကြားနိုင်သော အသက် ၇၂ နှစ်ရှိ ရှာသာရှာသား လူပြန်တော် ဆရာကြီး ဦးထွန်းမင်းက တဆင့်လျှောက်ထားသဖြင့် ကြားသိရပေသည်။

သို့အဘွက် ဆရာတော်ဦးဗုဒ္ဓိသည် အင်းဝ နေပြည်တော်သို့ ကြွတော်မူရာတွင် ကုန်းကြောင်း ခရီးမဟုတ် ရေကြောင်းခရီးဖြင့် ကြွတော်မူသည်ဟုယုံကြည်စွာ မှတ်သားကြစေလိုပါသည်။

## အင်းဝ နေပြည်တော်သို့ ကြွတော်မူခြင်း

ဆရာတော်ဦးဗုဒ္ဓိသည် နွေဦးပေါက်စတပေါင်းလသို့ ရောက်သောအခါမှ ရေပုတ္တလင် အနီး မန်ကျည်းကန်ရှာ ဆရာတော်ဦးဥာဏထံ နေပြည်တော်သို့သွားရန် စားရေရိုက္ခာ လုံလောက်စွာယူ၍ ဤနေ့,ဤရက်တွင် လှေနှင့်စုန်ဆင်းခဲ့ပါ၊တပည့်တော်က လေးမြေရှာ ဆိပ်ကမ်းမှ ဆီးကြို၍ လိုက်ပါမည်ဟု စေလွှတ်လျှောက်ထားသောကြောင့် ဆရာတော်ဦးဥာဏသည် ဒါယကာဦးရှေပြားတို့ကို ခေါ်ပြီးလျှင် ရေပုတ္တလင် ဆိပ်ကမ်းမှ လှေနှင့်စုန်ဆင်းလာသောအခါ လေးမြေရှာ ဆိပ်ကမ်းတွင် ဆရာတော်ဦးဗုဒ္ဓိနှင့် တွေ့ဆုံကြလေ၏။

လေးမြေရှာဆိပ်ကမ်းတွင် အမောအပန်းပြေစေရန် ခဏခေတ္တနားနေပြီးလျှင် မြစ်ဆုံသို့ မရောက်မခြင်း စုန်ဆင်းသွားကြရာ လမ်းခရီးမှာ မည်သူ့ကိုမျှမြင်တော်သို့သွားမည်ဟု မပြော။ချင်းတွင်းခေါ်သော သလ္လာဝတီမြစ်ဆုံကိုလွန်မှ ရောဝတီမြစ်ညာသို့ ဆန်တက်လာရာ မြင်းမှုန်းသို့ ညနေ နေဝင်ခါနီးအချိန်မှ ရောက်သဖြင့် လှေဆိုက်လျက် စခန်းချ၍နေကြလေသည်။

ထိုအချိန်တွင် ဇနီး,မောင်နှံ ၂ယောက်တို့သည် မြစ်ဆိပ်သို့ ရေချိုးဆင်းလာကြရာ ဆရာတော်ဦးဗုဒ္ဓတို့ကိုတွေ့မြင်သဖြင့် ရိုသေလေးမြတ်စွာ ရှိခိုးဦးချကာ အရှင်ဘုရားတို့သည် ဘယ်အရပ်ကပါလဲဘုရား - ဘယ်အရပ်သို့ ကြွတော်မူကြမှာလဲ ဘုရားဟု လျှောက်ထားသောအခါမှ "ဦးဗုဒ္ဓဆိုဒါ မကြားဘူးကြဘူးလား ငါတို့ကို နေပြည်တော်ကပင့်လို့ ကြွလာကြသည်"ဟု ပြောကြားသောအခါ ဇနီး,မောင်နှံ နှစ်ယောက်တို့သည် အလျင်အမြန် အိမ်သို့ပြန်သွားကြပြီးလျှင် အိပ်ရာ နေရာအလို့ငှါ ဖျာ,ယိုင်, သင်ဖြူး,ခေါ်ငင်းအုံ,ကန့်လန့်ကာစသည်တို့ကို ယူဆောင်လာကြ လျက် ကာရံခင်းကျင်းပေးပြီးမှ အိမ်သို့ပြန်သွားကြလေ၏။

ဆရာတော်ဦးဗုဒ္ဓတို့ကား ထိုဇနီး,မောင်နှံတို့သည် ဘယ်သူ ဘယ်ဝါမျိုးဖြစ်သည်ဟု စိစစ်မေးမြန်းခြင်း မပြုလိုက်ကြပေ။ စင်စစ်သော်ကား ထိုဇနီး,မောင်နှံတို့သည် မြင်းမူမြို့ မြိုသူကြီးနှင့် သူကြီးကတော်တို့ဖြစ်ကြ၏။ ဆရာတော်ဦးဗုဒ္ဓတို့ကြွလာမည့် အကြောင်းကို မဟာဒါနဝန်က ဆင့်ဆို၍ ထားသဖြင့် သိပြီးဖြစ်သောကြောင့် ဤကဲ့သို့ ညွှန်ခံပြီးလျှင် ဆရာတော်ဦးဗုဒ္ဓသည် နေပြည်တော်သို့ ကြွလာရာ ယခုအခါ မြင်းမူမြို့တွင် ဆိုက်ရောက်သီတင်းသုံးလျက် ရှိပါကြောင်း၊ နန်းတော်သို့ လျှောက်ထားသံတော်ဦးတင်ရန် ခြေမြန်လွှတ်၍ စေခိုင်းလိုက်၏။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါကပ္ပိယ ဆွမ်းကပ်လာလျှင် မြင်းမူမြို့က ဆွမ်းအုပ်တရာခန့် ပို့လှာ၏။ ဆွမ်းစားပြီးနောက် မြို့တော်မှ သံယာတရာကျော်ခန့်နှင့် မဟာဒါနဝန်အမှူးရှိသော လူပရိသတ် များစွာတို့သည် ;ရဲလှေတော်ကြီးကို အလံလွှင့်ထူကာဆရာတော် ဦးဗုဒ္ဓကို ကြိုဆိုရန်ရောက်လာကြ၏။

မြင်းမူမြို့၌ ဆွမ်းကွမ်းဆက်ကပ် လှူဒါနိုးခြင်းစသော ပြုလုပ်ဘွယ်အဝဝကိစ္စအဖြာဖြာ စီမံခန့်ခွဲ၍ ပြီးစီးသောအခါ အင်းဝနေပြည်တော်သို့ ရဟန်းအပေါင်း ခြီရုံလျက် ဆန်တက်လာကြရာ မြို့တော် အနောက်မျက်နှာ "တကောင်းတကမ်း ဆိပ်ကမ်း"တွင် ဆိုက်ကပ်ပြီးလျှင် အုဋ္ဌကျောင်းတော်ကြီးသို့ အာခမ်း အနားဖြင့် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်၍ သွားကြပါသည်။

ကျောင်းတိုက်တံခါးဝအနီးသို့ ရောက်သောအခါ ဆရာတော် ဦးဥာဏာက ဆရာတော်ဦးဗုဒ္ဓကို လက်တို့ကာ တံခါးအနီးရှိတဲကျောင်းဆီသို့ ညွှန်ပြရာ "ကိုဥာဏာ ဘယ်ကိုသွားရမှာလဲဗျ"ဟု မေးမှ "ခင်ဗျားဒီကျောင်းကြီးပေါ်ကိုယခုချက်ခြင်းတက်နေရမှာ မဟုတ်သေးဘူးဗျ၊(၇)ရက်ပတ်လုံး သုဓမ္မာတွင် အမေး အမြန်း အစမ်းခံ၍ မေးသမျှကို ဖြေဆိုနိုင်မှ ကျောင်းပေါ်တက်ရမှာ"ဟု ပြောသောကြောင့် ဆရာတော် ဦးဗုဒ္ဓက "ဒီလိုဆိုရင် မဝင်နှင့်တဲကျောင်းမှာနေမယ်"ဟု ပြောကာ ကျောင်းတိုက်အပြင်ဘက်တွင် ခဏခေတ္တသီတင်းသုံးရန် အသင့်ပြင်ဆင် ဆောက်လုပ်၍ ထားသော တဲကျောင်းမှာပင် သီတင်းသုံး နေထိုင်တော်မူကြလေသတည်း။

(ဆရာတော် ဦးဗုဒ္ဓသည် အင်းဝနေပြည်တော်သို့ကြွခါနီး ညောင်ကန်ရွာတွင် မည်သူ့ကိုမျှ မြို့တော်သို့ ကြွမည်ဟု မပြောကြားခဲ့ဘဲ နှစ်ထပ်သင်္ကန်းကြီးကိုခေါင်းပေါ်တွင်တင်ကာ တပါးတည်းအဖေါ်မပါမူ၍ လေးမြေရှာဘက်ဆီသို့ ကြွသွားသည်ကိုသာ မြင်လိုက်ကြရ၏။ )

**သုဓမ္မာဆရာတော်များက စာစမ်းခံကြီး**

ဆရာတော်ဦးဗုဒ္ဓမြို့တော်သို့ ရောက်ပြီးသောအခါ ဦးဥာဏာဒိန္ဒ ဦးဒီပစသော ဆရာတော် ဦးပိုး၏ တပည့်အပေါင်းတို့က သုဓမ္မာတွင်(၇)ရက် အမေးအမြန်း အစမ်းခံ၍ အုဋ္ဌကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင်မည့်ပုဂ္ဂိုလ် ရောက်လာကြောင်းကို နန်းတော်

သို့ စာသွင်းရာ နောင်တော်မင်းတရားကြီးက မန်ကျည်းတော, မြသိန်းတန်စသော တံဆိပ်တော်ရ,မရ သုဓမ္မာဆရာတော်များ သည် အမေးအမြန်းခံမည့် ပုဂ္ဂိုလ်ကို မည်သည့်နေ့ရက်အချိန်မှာ သုဓမ္မာတွင် မေးမြန်းစီစစ်တော်မူကြရန် မဟာဒါန်ဝန်အား ဆရာတော်များထံ လျှောက်ထားစေ၏။

နေပြည်တော် လေးပြင် လေးရပ်ရှိ ရဟန်းရှင်လူ ပရိသတ် ဟူသမျှတို့သည်ကြည်ညိုကြားနာကြရန် သုဓမ္မာသို့ထွက်ကြရမည် ဟု အမိန့်တော်ဖြင့် မြို့ဝန်ကို စည်လည်စေသောကြောင့် နေပြည်တော် လေးပြင် လေးရပ်ရှိ ရဟန်းပရိသတ်, လူပရိသတ်တို့သည် ကြိတ်ကြိတ်ညပ်မျှ သောင်းသောင်း ဖြဖြ ဝမ်းမြောက်ဝမ်းသာ လာရောက်ခါ ကြည်ညိုကြသည်။

ထိုကဲ့သို့စည်ကားများပြားလှသော ရှင်,လူ-ပရိသတ်အလယ် သုဓမ္မာဇရပ်တော်ဝယ် ဝိဋုကတ်ခုပုံ၌ ခက်ရာခက်ဆစ်ဖြစ်သော အနက်,အဓိပ္ပါယ်တို့ကို(၅)ရက်ပတ်လုံး အလိုရှိတိုင်း မေးမြန်းသည်များကို ဖြေဆိုပြီးလျှင် (၆)ရက် မြောက်သောနေ့တွင် မန်ကျည်းတောဆရာတော်က ဌ ိကာကျော်၌ပါသော သင်္ဂြိဟ် ပဏာမအဖွင့် အတုလံဟူသောပုဒ်ကို ဝိဂြိဟ်ဝစနတ် ပြုလုပ်၍ ခါတ်ရ,ပစ္စည်းရများကို ကောက်ပြပါဟု မေးမြန်းသောအခါ ဆရာတော်ဦးဗုဒ္ဓက"ဆရာတော်တို့ အရှင်ဘုရားတို့သည်(၅)ရက် တိုင်တိုင် ခက်ရာ ခက်ဆစ်တွေကို ရှာဖွေမေးမြန်းပြီးမှ ယခုအခါ သာမဏေဝယ်များအား မေးသော အမေးမျိုးကို မေးကြခြင်း သည် တကယ်မသိ၍ပင် မေးကြပါသလား- သိလျက်နှင့်တပည့်တော်ကို ချီးလို နှိမ်လိုသဖြင့် မေးကြပါသလား-မသိ၍ မေးလျှင် လူလယ်ခေါင်တွင် နှုတ်ကရွတ်ဆို၍ ပြောရုံနှင့် နားလည်မှာ မဟုတ်ဘူး၊ ပရိုက်နှင့် ကန့်ကူယူခဲ့ကြ ရေးပြမည်။ သိလျက်နှင့်

တပည့်တော်ကို နှိမ်လိုချိုးလို၍ မေးလျှင် အာပတ်သင့်မည် ”ဟု ပြောလိုက်သောအခါ သုဓမ္မာဆရာတော်များသည် ဖြိမ်သက်စွာဖြင့် အံ့အားသင့်လျက် နေကြလေ၏။

ထိုအခါ ဆရာတော် ဦးဗုဒ္ဓိက အနီးဘ၌ရှိသော ဆရာတော် ဦးဥာဏအား“ကိုဥာဏ သူတို့က(၅)ရက် ပတ်လုံး မေးဒါကို တပည့်တော်တို့ မဖြေနိုင်ဒါ မရှိ-တပည့်တော်ကများ ပြန်၍ မေးလိုက်ရလျှင်သူတို့တဝတွေ ဘယ်လိုများ နေကြလိမ့် မသိ”ဟု ပြောလျှင် အနီးအပါးတွင် ကြားနာလျက် ရှိကြသော မှူးကြီး,မတ်ကြီးများက အကင်းပါးသောကြောင့် မေးမြန်းပွဲကြီး ပြီးစီးပါပြီဘုရားဟု လျှောက်ထားကြသဖြင့် (၇)ရက် မစေ့ဘဲ (၆)ရက်မျှနှင့် မေးမြန်းပွဲကြီး ပြီးစီးသွားလေသတည်း။

## မဟာအောင်မြေဘုံစံ အုဋ္ဌကျောင်းတော်ကြီးကို တင်လှူသော အခန်း

ဤသို့ ပြဆိုခဲ့ပြီးသောသတ္တိ,ဗျတ္တိ အစွမ်းတော်ရှိသော ညောင်ကန် ဂိုဏ်းအုပ်ဆရာတော် ဦးဗုဒ်အား ရတနာပူရ စတုတ္ထ မြို့တည် နန်းတည်(နောင်တော်ကြီးခေါ်) ဘကြီးတော် ဖာလ်နန်းရှင် မင်းတရားကြီးနှင့် နန်းမတော်မယ်နုတို့က မဟာအောင်မြေ ဘုံစံ အုဋ္ဌကျောင်းတော်ကြီးကို ဒုတိယ အကြိမ်မြောက် “စက္ကဿာဘိ သီရိသဒ္ဓမ္မဇေ မဟာဓမ္မရာဇာဓိရာဇဂုရု”ဟူသော ဘွဲ့တံဆိပ်တော်နှင့် တက္ကသက္ကရာဇ် ၁၁၉၂ ခုနှစ်တွင် တင်လှူတော်မူသည်ဖြစ်၍ ဒုတိယ အုဋ္ဌကျောင်းဆရာတော်ဟူသော အမည်နာမကို ရတော်မူလေသည်။

အုဋ္ဌကျောင်းတော်ကြီးကို တင်လှူသောအခါက ဆရာတော် ဦးဗုဒ်၏ မိန့်ဆိုတော်မူချက်များကို အဆင့်ဆင့်မှတ်သား၍ ကြားသိခဲ့ရဘူးသည့်အတိုင်း ဖော်ပြဦးအံ့။

။ကြိုးနဲ့ငါးလိပ်ဌလဲယမင်းတစ် ယဉ်ပုံနဲ့ကရင်ထဝဂၢးနဲ့ ဒုံနှဒုဖီးနဲ့လှငရင်ထဝဒးယြင်း ဒုဝိတ္ထနှင့်ဗုဒ္ဓပင်င ခွယ်ယိုင်



ဒးယြင်ထဝဒးဒုဝါးယဝဒ္ဒိင်း ဝုံ.ဝ်ကြဝဒ္ဒုဝင်းဆဝင်ဟက ဗျိုဝ်းဒုင်း

ကျောင်းလှူပွဲကြီး အချိန်နီးလတ်သော် လေးပြင် လေးရပ်မှ ပင့်ဘိတ်အပ်သည်ဖြစ်၍ ကြွရောက်တော်မူလာကြသော တံဆိပ်တော်ရ,မရ ဆရာတော်,သံယာတော်၊မင်း,မိဖုယား,သားတော်, သမီးတော်၊ ဝန်ကြီး, ဝန်ငယ်၊ သူဌေး, သူကြွယ်၊ ကုန်သည်, လယ်လုပ်စသော ခြေရံပရိသတ်တို့ဖြင့် ပြည့်ကြပ်စည်ကားလျက် ရှိသော အုဋ္ဌေကျောင်းတော်ကြီးပေါ်သို့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ပင့်လျှောက်ချက်အရ ဆရာတော်ဦးဗုဒ္ဓသည် ကြွတော်မူလာရာ သားနား တင့်တယ်စွာ စီမံပြုပြင်၍ ထားအပ်သော ဓမ္မာသနပလ္လင်ပေါ်သို့ တက်ရောက်ခါ သီတင်းသုံးတော်မူလေ၏။

ထိုအခါ သံတော်ဆင့်မင်းဦးရေးက သီလပေး၍ ရေစက်ချကာ တရားဓမ္မဟောကြားပြသတော်မူပါမည့်အကြောင်း ဆရာတော် ဦးဗုဒ္ဓကို ရှိသေစွာ လျှောက်ထားပြီးနောက် မင်း,မိဖုယား စသောပရိတ်သတ်အပေါင်းတို့သည် လက်အုပ်ချီမိုး၍ ညြကာသ, ညြကာသ စသည်ဖြင့် အညီအညွတ် ရှိခိုးကန်တော့ကြလေ၏။

ကန်တော့ခဏ်းပြီးဆုံးသောအခါ ဆရာတော် ဦးဗုဒ္ဓသည် ဆုမပေးမူ၍ ဆိတ်ဆိတ် နေလျှင် ဆရာတော် ( ဦးသူခေါ် ) ဦးဥာဏိန္ဒက "ကိုဗုဒ္ဓတို့ကတော့ လုပ်ကရော့မဗျ အခုမှစ,ကာ ရှိသေး-ဘာများ အလိုမကျတယ်လို့ မသိရဘူး ဖွင့်ဟပြီးပြောမှ ပေါ့" ဟု မိန့်ဆိုတော်မူလိုက်သောအခါ "ရှိခိုးဆိုဒါ ကျမ်းဂန်ကတော့ ပဠုပတိဋ္ဌိတလို့ဆိုတယ်" ဟု မိန့်တော်မူလိုက်ရာ လောက,ဓမ္မ နှစ်ဌာနတို့၌ လိမ္မာပါးနပ်လှသော နန်းမတော် မယ်နုသည် ဖာလနန်းရှင် မင်းတရားကြီး၏ တတောင်ဆစ် အောက်၌ရှိသော ကတ္တိပါခေါင်းအုံးကြီးကို လျင်မြန်စွာ ဆွဲထုတ်ခါ ယူပြီးမှ နောက်တကြိမ် အသစ်ထပ်မံ၍ ကံတော့ကြ ရပြန်လေသည်။

( ရှေးဦးစွာ ကံတော့စဉ်အခါက ဖာလိနန်းရှင် မင်းတရားကြီးသည် ကတ္တိပါခေါင်းအုံးပေါ်တွင် လက်တင်၍ ကံတော့သည့်အတွက် ဆရာတော် ဦးဗုဒ္ဓက ဆုမပေးဘဲ နေတော်မူသည်။ )

## ပဋ္ဌပတိဋ္ဌိတ် သိမ်တိုဖယ် အဓိပ္ပါယ်

ဤနေရာတွင် အလျဉ်းသင့်၍ ရှိခိုးကံတော့ခြင်းနှင့် စပ်ဆိုင်သော (ပဋ္ဌပတိဋ္ဌိတဝန္ဒနာ)တည်ခြင်း ၅ - ပါးဖြင့် ရှိခိုးခြင်း၏ အဓိပ္ပါယ်ကို အကျဉ်းသိမှတ်ဖွယ် ဖော်ပြဦးအံ့။

ပဋ္ဌပတိဋ္ဌိတပုဒ်၌ ပဋ္ဌသဒ္ဒါဖြင့် လက် ၂ ဘက်, ခြေ ၂ ဘက်, ဦးခေါင်းဟူသော ခန္ဓာမ ၅ ဖြာ ကိုယ်အင်္ဂါကိုယူ၊ပတိဋ္ဌိတသဒ္ဒါ၏ ပတိရှေးရှိသော ဌာခါတ်ဖြင့် တည်ခြင်းကြိယာကိုယူ၊ထိုတည်ခြင်းကြိယာသည် တည်ရာအာခါရနှင့် မကင်းကောင်းရကားဘူမိယံ ဟု အာခံ'ါရလာ။

ထိုသို့ဖြစ်ရကား လူတို့၏ ခန္ဓာမ ၅ ဖြာ ကိုယ်အင်္ဂါကို မြေ၌ တည်စေသဖြင့် ရှိခိုးခြင်းသည် ( ပဋ္ဌပတိဋ္ဌိတဝန္ဒနာ ) တည်ခြင်း ၅ ပ'ါးဖြင့် ရှိခိုးခြင်းမည်၏။

ဤကားသီလကွံ အဌကထာနှင့် တေရသကဏ္ဍိကာအရ ထုတ်ယူ၍ ပြခြင်းတည်း။

**တနည်း** ပုဆစ်ဒူး ၂ ခု,လက် ၂ ခု, နဖူး ၁ ခု ဤ၅ ခု သော အင်္ဂါတို့ကို တည်ရာမြေ, ကြမ်းပြင်စသည်တို့၌ တည်စေ၍ (ဝန္ဒနေယျ)ရှိခိုးအပ်သော ပုဂ္ဂိုလ်၏ခြေသို့ရှေးရှည်တက်၍ ပျက်စပ်သောအားဖြင့် ရှိခိုးခြင်းတည်း။

ဤကား ပဋိသမ္ဘိဒါမဂ် အဌကထာဂဏ္ဌိပုဒ်အရ ထုတ်နှုတ်၍ ပြခြင်းတည်း။

## ပဋ္ဌာ ပတိဋ္ဌာစဝန္ဓနာဒၢ်
## လိုရင်း သိမှတ်ဖွယ် အဓိပ္ပါယ်

ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးခြင်းမည်သည်ကား ပုဆစ်ဒူး ၂ဘက်,တတောင်ဆစ် ၂ဘက်,နဖူးပြင် ၁=၅၂ ၅ပါးသော အင်္ဂါတို့ကို တည်ရာမြေကြီး, ကြမ်းပြင်, ကောင်ကော,သင်ဖြူး စသည်တို့၌ တည့်စေ၍ ရှိခိုးအပ်,ရှိခိုးထိုက်သော ပုဂ္ဂိုလ်၏ ခြေသို့ ရှေ့ရှည်တတ်၍ ပျတ်ဝပ်သောအားဖြင့် ရှိခိုးခြင်းတည်း။

## ဖာလိနန်းရှင်မင်းတရားကြီးအား သြဝါဒ ပေးသနားပုံ

ဆရာတော် ဦးဇဝ သီလပေး ရေစက်ချ တရားဟောပြီးသည်၏ အဆုံး၌ နားခံတော်က သြဘာစာ,ဆုတောင်း,အမျှဝေစာများကို ဘသ်ကြားရသည်။

ထို့နောက် မင်း,မိဖုယား ၂ပါး တို့က ဆရာတော်ဘုရား၏ နောင်တော်က လွှဲအပ်ထားခဲ့ဘိသကဲ့သို့ ဆက်လက်ကိုးကွယ်ရခြင်းကြောင့် တကာတော်တို့မှာ အလွန်တရာ ဝမ်းမြောက်လှပါကြောင်း၊ ၅၂ နေ့က စ၍ ပစ္စည်း ၄ပါး ဒါယကာ,ဒါယိကာမမှတ်တော်မူပါဘုရား။

တကာတော်များကိုလည်း သနားသောအားဖြင့် အရှင်ဘုရား၏ နောင်တော်ကဲ့သို့ ဆုမွှေသြဝါဒ ပေးသနားတော်မူပါဘုရားဟု ဖာလိနန်းရှင် မင်းတရားကြီးက လျှောက်ထားလေ၏။

ထိုအခါ ဆရာတော် ဦးဇဝ၏က "မင်းနှင့် တူအောင်ကျင့်က ငါတို့ဆုမွှေသြဝါဒပေးရန် မလို-မင်းနှင့်တူအောင် မကျင့်က ငါနှင့်မဆိုင် အဝိစိနှင့်သာဆိုင်သည်"ဟု မိန့်ဆိုတော်မူလေသည်။

(ဆရာတော် ဦးဇဝ၏သည် မည်သူ၏ မျက်နှာကိုမှ မငဲ့ညှာတတ်သည်၏ အဖြစ်ကို အုဋ္ဌကျောင်းကြီးပေါ်သို့ ရောက်တော်မူသည့် အချိန်ကစ၍ ရှင်,လူအများ ထင်ရှားစွာ သိမြင်ကြရတော့သည်။

နန်းမတော် မယ်နုအားလည်း ရှင်ဘုရင်ထက်ပင် ဖိုယားက သာလွန်၍ ပါးနပ်မှု ရှိပါပေသည်ဟု ပညာရှိ ပုဂ္ဂိုလ်များက ချီးကြူးစကားပြောကြားကြလေသည်။)

**မင်း,မိဖုယားတို့က သဒ္ဓါကြည်ညိုစွာကိုးကွယ်ခြင်း**

ဆရာတော် ဦးဗုဒ္ဓသည် စကားပြောဆိုရာ၌ တိုတိုပြတ်ပြတ် မိန့်တော်မူတတ်သော်လည်းဖြူစင်သော သီလဂုဏ်,မယိမ်းမယိုင်မြဲမြံခိုင်ခံ့ တော်မူလှသော သမာဓိဂုဏ်,ဝဇိရညာဏ်ရှင် မုံဝင်အာသောက် ပြောင်ကြီးမြောက်သော ပညာဂုဏ်,ပစ္စည်း ၄ ပါးတို့၌ မစုံမမက် အာဂတထွက်သော တံထွေးစက်ကဲ့သို့ ငဲ့ကွက်ခြင်းမရှိ အလိုနည်းခြင်း အပိစ္ဆတာဂုဏ် အစရှိသော မျိုးပြားသော ဂုဏ်အထူးတို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် တိုင်းပြည်အလုံးပျား,ပိတုံးကဲ့သို့ စုရုံးညီညာ ကြည်ညိုစွာ ကိုးကွယ်ကြလေသတည်း။

မင်း,မိဖုယား တို့ကလည်း သဒ္ဓါကြည်ညို ရှိသေလေးစားရဟန္တာအလားကဲ့သို့ ထင်မှတ်၍ဆည်းကပ်ကိုးကွယ်သမျှ နေ့စဉ်မပြတ် ဆွမ်းဝတ်,ကွမ်းဝတ်များကို လှူဒါနပြုစကြသည်။ အမြဲမပြတ် စာရေးကြီးများကို စေလွှတ်၍ ဆရာတော်ဘုဉ်းပေးတတ်သော ဟင်းလျာများကို ကြည့်ရှုမှတ်သား၍ အုဒ္ဓကျောင်းကြီး ဒါယိကာမ နန်းမတော် မယ်နုအား လျှောက်တင်စေရသည်။ နန်းမတော် မယ်နုကလည်း ဆရာတော် ဘုဉ်းပေးတတ်သော ဟင်းလျာများကို အထူးချက်စေလျက် နေ့စဉ်မပြတ် ကပ်လှူပြုသော်လည်း ဆရာတော် ဦးဗုဒ္ဓသည် ဆွမ်းပွဲတဘက်၌ ရှိသော ဟင်းခွက်များကို လျှပ်ပေါ်ကာလွမ်းကျော်၍ မနှိုက်မိမိဘက်နီးရာ ဟင်းခွက်ကိုသာ ကောင်း,ဆိုး မရွေးမူ၍ ဘုဉ်းပေးသုံးဆောင်တော်မူလေ့ရှိသည်ဆို၏။

မင်း,မိဖုယား ၂ပါးတို့သည် မကြာမကြာ ကျောင်းတော်သို့ ထွက်တော်မူကာဆရာတော်ဦးဇင်ထံ ဖူးမြော်က ဘုရန် လာရောက်သည်၊ကျောင်းအမ မယ်နုသည်ကား ဆရာတော်ဇင်အား အကြည်ညိုပွါးသဖြင့် သာ၍ပင် ကျောင်းသို့ အလာအရောက် များသတည်း။

ထိုမျှမက ကျောင်းအမ မယ်နုသည် ဆရာတော် ဦးဇင်အား အထူးအဆန်း လှူဒါန်းဘွယ်ရာ အဖြာဖြာဝတ္ထု၊ အစုစုတွေကိုပါ ပဒေသာသီးခါ ငါးရာတန်,တထောင်တန် အဘန်ဘန် အထပ်ထပ် မပြတ်အောင် လှူဒါန်းလေ့ရှိသည်။

ထိုကဲ့သို့ လှူဒါန်းသည်ကို ဆရာတော်ဦးဇင်သည် အလှူခံယူပြီးခါ ခင်မင်တွယ်တာသည့်သဘောဖြင့် သိမ်ဖြီးသိမ်းဆည်း၍ မထားကျောင်းတိုက်တွင်းရှိ သံဃာတော်များအား အလှည့်ကျ ဝေဌလှူဒါန်းလိုက်လေသည်။

ဆရာတော် ဦးဇင်သည် ဤကဲ့သို့ ကျောင်းအမ မယ်နုက လှူဒါန်း၍ရသမျှ ဝတ္ထုပစ္စည်းအဝဝတို့ကို သိမ်ဖြီးသိမ်းဆည်း၍မထား ကျောင်းတိုက်တွင်းရှိ သံဃာတော်များအား အလှည့်ကျ ဝေဌ၍ လှူဒါန်းပြားသော်လည်း ကျောင်းအမ မယ်နုသည် စေတနာနှင့် သဒ္ဓါတရား မပျက်ပြားမူ၍ လှူမြဲတိုင်းဝတ်တို့ကို ယွင်းချွတ်မရှိ လှူဒါန်းသည့်အရာ ထောက်ဆ၍ ကြည့်ပါလျှင် ဝိသာခါအတူ နည်းမှီ၍ပြုသူမို့ သဒ္ဓိသူပစာ ဒုတိယဝိသာခါဟု ခေါ်ဆိုထိုက်ပါပေသည်။

**ဆရာတော် စကားပြောရန် မင်း,မိဖုယားတို့ကြိုစီဟန်**

ဆရာတော်ဦးဇင်သည် "မောဃကာလံ နံ ဒီပယေ"ဟူသော ဒေသနာတော်နှင့်အညီ စားခါ,သောက်ခါ,ဖျော်ရှင်ခါနှင့် လိုရာမပြီး အချိန်နှီးသောကာလကို မကုန်မခမ်း မကျွမ်းစေမူ၍ စာပေ

ကြည့်ရှုပို့ချခြင်း ပရိယတ္တိကိစ္စ၌ အလွန်မွေ့လျော်ပျော်ပိုက်တော်မူလှသဖြင့် ပရိယတ္တိကိစ္စနှင့်သာ အချိန်ကုန်လွန်သည် များ၏။ စာကြည့်ပျက်မည် စိုးသဖြင့် မင်း,မိဖုယား,မှူး,မတ် စသော လူပရိသတ်,အာဂန္တု ရဟန်းပရိသတ်တို့အား စကားလက်ခံကာ ပြောဟောခြင်း မပြုဟူ၏။

တနေ့သောအခါ ကျောင်းအမ မယ်နုသည်(နံနက်မှာ ဆွမ်း, ကွမ်း၊ညနေချမ်းမှာ ပန်း,ဆိမ်းဟူသည်နှင့်အညီ)လှူဒါန်းဘွယ်ရာ ဝတ္ထုပစ္စည်းစုံလင်စွာနှင့် ကျောင်းသို့ သွားရောက်ခါ ဆရာတော်ဦးဗုဒ်အား လှူဒါန်းပူဇော် ဖူးမြော် ကံတော့ပြီးလျှင် "ဘုရား တပည့်တော်မအား ငါးပါးသီလ ပေးသနားတော်မူပါဘုရား" ဟုလျှောက်ထားရာ၊ ဆရာတော်ဦးဗုဒ်က"ငါးပါးသီလဆောက်တည်ချင်ရင် ကိုယ်တိုင် နှုတ်ကဆို၍ ဆောက်တည်သွား"ဟု မိန့်ကြားတော်မူသဖြင့် အစက ကိုယ်တိုင်ရွတ်ဆိုရလိမ့်မည်ဟု မထင် ဆရာတော်က ရှေ့ကဆိုမှ နောက်ကလိုက်၍ဆိုရလိမ့်မည်ဟု မှတ်ထင်သော ကျောင်းအမ မယ်နုသည် 'အဟံဘန္တေ အစ သမာဒိ ယာမိ'အဆုံးသို့ထိအောင် ကိုယ်တိုင်ရွတ်ဆိုကာခံယူဆောက်တည်ရသဖြင့် ကိုယ့်အတတ်နှင့် ကိုယ့်ပတ်ခံရရှာလေသည်။

တခုသော သီတင်းနေ့အခါ မင်း,မိဖုယား ၂ဦးသားတို့သည် ဆရာတော်ဦးဗုဒ်ထံ ဂ ပါးသီလ ခံယူ ဆောက်တည်ကြပြီးသော် ဖာလိနန်းရှင်မင်းတရားကြီးက"ဒါနခန်း,သီလခန်းတရားတွေကို တော့ ရှေးအခါက ဆရာတော်ကြီးများ ဟောတော်မူသည်ကို ကြားနာခဲ့ရသဖြင့် သဘောကျ၍ အားရ နှစ်သက်လှပါပြီ၊ သံသရာမှထွက်မြောက်၍ နိဗ္ဗာန်သို့ရောက်ကြောင်း အချုပ်လိုရင်းတရားကို အတို,အကျဉ်းအားဖြင့် တကာတော်များအား ဟောကြားတော်မူပါဘုရား"ဟု လျှောက်ထားသောအခါ ဆရာတော်

ဦးဗုဒ္ဓက "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"ဟု မိန့်ဟမြွက်ဆိုတော်မူပြီးလျှင် ဆိတ်ဆိတ်နေရာ မင်း,မိဖုရားတို့သည် ရှိခိုးဦးချ၍ ပြန်လာခဲ့ရသောဟူ၏။

**သူတစေါး မဆုံးဖြတ်ဝံ့ သောတရားကို ဆုံးဖြတ်တော်မူခြင်း**

အင်းဝမြို့တော်ကြီး၌ နှစ်စဉ်နှစ်တိုင်း နယုန်လကစ၍ ဝါဆိုလပြည့်အထိ သုဓမ္မာစာပြန်ပွဲကြီးကို ကျင်းပ၏၊ ထိုစာပြန်ပွဲကြီးတွင် နှစ်စဉ်နှစ်တိုင်း အိမ်ရှေ့မင်း၏ကျောင်းတိုက်ကချည်း ပထမကျော်ထွက်ပေါ်ပြန်ဆိုရာ နန်းမတော်မယ်နှင့် စလင်းမင်းသားကြီးမောင်အိုတို့ကလည်း ပထမကျော်ပြန်ကို အလိုရှိသဖြင့် ကြိုစီ၍ မရနိုင်သောကြောင့် ကျောင်းထိုင် ဆရာတော်ကိုကပ်၍ အိမ်ရှေ့မင်း၏ကျောင်းတိုက်က ပထမကျော်ကို ဖြားယောင်းခေါ်ယူထားကြလေ၏။

စာပြန်ပွဲနီးသောအခါ ယခုနှစ် နန်းမတော်ကျောင်းတိုက်က ပထမကျော်ထွက်ပေါ်လိမ့်မည်ဟု ကျော်ကြား၍လာလျှင် အိမ်ရှေ့မင်းက ဤပထမကျော်သည် ဘယ်အရပ်က ပထမကျော်နည်းဟု စုံစမ်းမေးမြန်းရာ မိမိကျောင်းတိုက်က ပြောင်းရွှေ့သွားသော ပထမကျော်ဟု သိရသောအခါ နန်းမတော် မယ်နှင့် စလင်းမင်းသားကြီးတို့က ပထမကျော်ခိုးယူသည်ဟု နန်းတော်၌တရားဖြစ်ကြလေသည်။

ထိုအခါ ဖာလိနန်းရှင် မင်းတရားကြီးသည် ညီတော်နှင့် နန်းမတော် မိဖုယားကြီးတို့၏ တရားဖြစ်နေသဖြင့် အဆုံးအဖြတ်ခက်လှသောကြောင့် တကြောင်း,သာသနာရေးကိစ္စနှင့်စပ်၍ နေသောကြောင့်တကြောင်း, သုဓမ္မာဆရာတော်များ၏ လက်ညှိုလွှဲအပ်၍ အဆုံးအဖြတ်ခံရမည်ဟု အမိန့်တော်ချမှတ်လေ၏။

ထိုအခါ အိမ်ရှေ့မင်းက "ငါများတရားရှုံးလျှင် ပထမကျော်ကို မထား" ဟု ကြိမ်းဝါးသောကြောင့်၎င်း, အိမ်ရှေ့မင်းနှင့် မိဖုယားကြီး နှစ်ဦးသားလုံးပင် အာဏာထက်လွှသောကြောင့်၎င်း, သုဓမ္မာဆရာတော်များသည် တရားကို ရုတ်တရက် မဆုံးဖြတ်ဝံ့ကြ၍ သုဓမ္မာ၌ နေ့ဆွမ်းစားပြီးသောအခါ စာကြည့်ကြပါဦးစို့ဟုဆိုလျက် ပြန်ကြတော်မူကြလေသည်။

ဤသို့ နှစ်ကြိမ်တိုင်တိုင် ပြောဆိုပြန်ကြတော်မူကြပြီးနောက် သုံးကြိမ်မြောက် ရောက်သောနေ့၌လည်း နေ့ဆွမ်းစားပြီးသော အခါ ရှေးနည်းအတူ စာကြည့်ကြပါအုံးစို့ဟု ဆိုကာ ပြန်ကြကြ မည်လုပ်ရာ ဆရာတော်ဦးဗုဒ္ဓိက "ဆရာတော်တို့ ဆရာတော်တို့ဟာ နေ့တိုင်းစားပြီး အိပ်နေကြသလား-အရေးကိစ္စရှိမှ စာကြည့်နေလို့ဖြစ်နိုင်မလား" ဟု မကြောက်, မရွံ့ခပ်ဆတ်ဆတ်ဝင်၍ ပြောသောအခါ " ဆရာတော်ကြီးများက ဆရာတော်ကလေး ဆရာတော်ကလေး ဆုံးဖြတ်နိုင်မလား" ဟု မေးမြန်းတော်မူကြလေသည်။

ထိုအခါ ဆရာတော်ဦးဗုဒ္ဓိက "အမှုကိုအပ်လျှင် ဆုံးဖြတ်နိုင်သည်" ဟု ပြောသဖြင့် "ဆုံးဖြတ်နိုင်လျှင် ဆရာတော်ကလေးအား အမှုကိုအပ်ပါ၏၊ ဆုံးဖြတ်တော်မူပါ" ဟု မိန့်မြွက်တော်မူကြလေသည်။

**မှတ်ချက်။** ။ ( ထိုအခါက ဆရာတော် ဦးဗုဒ္ဓိသည် သက်တော် ၄၃ နှစ်, ဝါတော် ၂၃ ဝါမျှသာ ရှိသေး၍ ဆရာတော်ကလေးဟု ခေါ်တော်မူကြသော ဟူ၏။)

ဆရာတော် ဦးဗုဒ္ဓိသည် အမှုကို ဆုံးဖြတ်ရန် အပ်နှံခြင်းခံရသောအခါ-

(၁) "ဤအမှုသည် အိမ်ရှေ့မင်း ခေါင်နှင့်လည်း မဆိုင်, နန်းမတော်မိုးနှင့်လည်းမဆိုင်, မင်းသားကြီးဒေါ်နှင့်လည်းမဆိုင်, ဘုန်းကြီးချင်း တပည့်လက်သားကို ဖြားယောင်းခေါ်ယူသဖြင့် "နဘိက္ခဝေ အညဿ ပရိသာ အပဉ္ဇာပေတဗ္ဗာ၊ ယော ဉပဉ္ဇာ ပေယျ အာပတ္တိဒုက္ကဋဿ" ဟု ဝိနည်းပညတ်တော် ရှိသော ကြောင့် ဒေါ်ကျောင်းတိုက်က ဘုန်းကြီးသည် သူတပါး၏ တပည့် လက်သားကို ဖြားယောင်း ခေါ်ယူသဖြင့် ဒုက္ကဋ်အာပတ် သင့်၏၊ ဒေသနာပြောကြား - အနားက ဘုန်းကြီးတပါးက ဒေသနာခံ လိုက်။"

(၂) "ပထမကျော်သည် သူတပါးဖြားယောင်းရာသို့ ဆန္ဒာ ဂတိ လိုက်ခြင်းကြောင့် ဤနှစ် ပထမ မပြန်ဆိုရ ရပ်ရှာသို့ပြန်သွား စေ"ဟု ဆုံးဖြတ်တော်မူလိုက်သောအခါ ရဟန်း,ရှင်လူ ပရိသတ် ဟူသမျှတို့သည် လက်ဖျားခါလျက် ရဲဝံ့ တည်ကြည်တော်မူလှပါ ပေသည်, ပညာတော်ကြီးလှပါပေသည်ဟု ချီးကြူးအံ့သြ ထောပ နာပြုကြကုန်၏။

**မှတ်ချက်။** ။ ထိုအခါက စ၍ ဆရာတော် ဦးဗုဒ္ဓကို ဂတိမလိုက်စား သမာဓိတရားအား ကြီးမားပုံကို သိကြသဖြင့်ကြောက်ရွံ့ ရိုသေခြင်းပြင်းစွာဖြစ်ကြကုန်၏၊ အာပေါဓိအာရုံး အ လွန်သန်လှသော ခင်မကန်ဆရာတော် ဦးပြားသည်ပင် ဆရာတော် ဦးဗုဒ္ဓကို တုဘက်၍ မပြောင်းခုံ့ဟူ၏။

## လော်ကီကိုမကြည့် သမာဓိကို အလေးပြုတော်မူခြင်း

တနေ့သောအခါ ဖာလ်နန်းရှင် မင်းတရားကြီးသည် ဆရာ တော် ဦးဗုဒ္ဓကို ဖူးမြင်လိုသဖြင့် ကျောင်းတော်သို့ ထွက်လာရာ ဆရာတော်ဦးဗုဒ္ဓထံ ရောက်ခါနီးတွင် ရှေ့တော်ပြေးက ဆရာ

တော်ရှိရာသို့ ရှေးဦးစွာလာနှင့်၍ မင်းတရားကြီးဘုရား ဆရာတော်အား ဖူးမြင်လိုသောကြောင့် ထွက်တော်မူလာကြောင်းကို လျှောက်ထားရာ ဆရာတော်ဦးဗုဒ္ဓိသည် တံမြက်လှည်းနေဆဲဖြစ်၍ သီတင်းသုံးမြဲနေရာ၌ မဟုတ်သောကြောင့် ကျောင်းပေါ်သို့ကြွရောက်ခါ လျှောက်ပတ်သောနေရာ၌ အဖူးအမြင် ခံရန် လျှောက်ထားမှန်းသိသဖြင့် လောကီကိုမကြည့်သမာဓိကိုအလေးပြုတော်မူကာ "နင်တို့ ရှင်ဘုရင်လာဒါ ငါက အာဂန္တုကဝတ် ပြုရအုံးမှာလား" ဟုဆိုလျက် တံမြက်လှည်းရင်းပင် အဖူးအမြင် ခံတော်မူလိုက်၏။

ဘုရင်မင်းမြတ်သည်လည်း ရှိသေစွာ ရှိခိုးဦးချလျက်ပြန်သွားပြီးနောက် ရှေ့တော်ပြေးကို မောင်မင်းသွားရောက် လျှောက်ထားစဉ်အခါ ဆရာတော်က ဘယ်လိုမျှား မိန့်ကြားတော်မူသလဲဟု မေးတော်မူရာ "နင်တို့ရှင်ဘုရင်လာဒါ ငါက အာဂန္တုကဝတ် ပြုရအုံးမှာလား" ဟု မိန့်ကြားတော်မူကြောင်းကို လျှောက်တင်သောအခါ ဖာလ်နန်းရှင် မင်းတရားကြီးက "မောင်မင်းမို့ လျှောက်ထားဝံ့ပေသည်၊ ငါတော့ဖြင့် မလျှောက်ထားဝံ့ပါဘူး" ဟုမိန့်ဆိုတော်မူ၏။

**မှတ်ချက်။** ။လောကကြီးမှာ မင်း,စိုး,ရာဇာဟု ခေါ်ဆိုကြသော အထက်လူကြီးကို အမှီရ၍ မိမိအရှင်သခင်မှတပါး ကြောက်လန့် ရိုသေရမည့်သူမရှိ,ဟုမှတ်ထင်ကာအရှင်သခင်အားရနှစ်သက်အောင် 'ဝတ်တရားအတိုင်း ဆောင်ရွက်ရပါတယ်'ဟု ပြောဆိုလျက် ရိုသေကိုင်းရှိုင်းမှု မရှိမူ၍ ကိုယ်အမူအရာ, နှုတ်အမူအရာ ကြမ်းတမ်းရိုင်းပြစွာ ပြုလုပ်, ပြောဆိုတတ်သော မင်းမှုထမ်းများသည် ဤအရာမျိုးဖြင့် အထူးသတိထား၍ ရှောင်ကြဉ်သင့်ကြပေသည်။

## ဆရာတော် ဦးဗုဒ္ဓကို သာသနာပိုင် တင်မြှောက်ရန် စည်းဝေးတိုင်ပင်ခဏ်း

စာပေကျမ်းဂန် လွန်စွာတတ်မြောက်လျက် သမာဓိကြီးထွား ကတိတည်ကြောင်းများကို တိုင်းသူ, ပြည်သား ရှင်, လူအများတို့ ကြားသိကြသဖြင့် ဆရာတော် ဦးဗုဒ္ဓကို သာသနာပိုင် တင်မြှောက်စရာ ကောင်းသည်ဟု တိုင်ပင် ပြောဆိုကြပြီးလျှင် မှူးကြီး,မတ်ရာ သေနာပတိတို့က ဖာလိန်နန်းရှင် မင်းတရားကြီးအား လျှောက်ထား သံတော်ဦးတင်ရာ မင်းတရားကြီးက "ဆရာတော် ဦးဗုဒ္ဓကို သာသနာပိုင် တင်မြှောက်လျှင် အကြောင်း ကိစ္စရှိက မောင်မင်းတို့ လျှောက်ထားဝံ့ကြမှာလား-ငါတော့ဖြင့် မလျှောက်ထားဝံ့ဘူး" ဟု အမိန့်တော်ရှိသောကြောင့် သာသနာပိုင် မတင်ဖြစ်ကြတော့ချေ။

### ရှင်းလင်းချက်

သက္ကရာဇ် ၁၁၀၁ ခုနှစ်တွင် စလင်းသာသနာပိုင် ဦးချင်းလောက်အား ဖာလိန်နန်းရှင် မင်းတရားကြီးက စလင်းမြို့မှ အင်းဝနေပြည်တော်သို့ ပင့်ဆောင်၍ သာသနာပြု ခန့်အပ်တော်မူသည် ဆိုသောစကားနှင့်-

သက္ကရာဇ် ၁၁၉၂ ခု နှစ်တွင် ဆရာတော် ဦးဗုဒ္ဓကို ညောင်ကန်ရွာမှ အင်းဝနေပြည်တော်သို့ ပင့်ဆောင်၍ မဟာအောင်မြေဘုံဝံ အုဋ္ဌေကျောင်းတော်ကြီးကို တင်လှူပြီးသည့်နောက် သာသနာပိုင် ပြုလုပ်ရန် သုဓမ္မာဆရာတော်တို့က လျှောက်ထားသည်ကို ငြင်းပယ်ခါ "ချင်းလောက်ခလေး အတော်သား ချင်းလောက်ခလေးကို သာသနာပိုင် တင်လိုက်ကြပါ" ဟု ဆရာတော် ဦးဗုဒ္ဓ

က မိန့်ဆိုလေဟန် ရေးသားပြောဆိုခြင်းများသည် အချိန် ကာလချင်း ကွာဝေးလှသောကြောင့် ယုတ္တိ မတန်၍ မဟုတ်မမှန်သော စကားများဟုသာ မှတ်သားကြစေလိုသည်။

**ဆရာတော်ဦးဗုဒ္ဓ၏ အထူးကမ္မဝိယကြီး**

တနေ့သောအခါ ဒီပဲ့ရင်းနယ် ရွာတရွာမှ ဒါယကာတဦးသည် ဆင်းရဲနွမ်းပါး သူတပါး၏ကြွေးမြီတွေ များလှသဖြင့် ရပ်ရွာမှ ရှောင်ရှား ထွက်ခွါပြေးလာခဲ့ရာ အင်းဝနေပြည်တော်သို့ ရောက်သောအခါ ဆရာတော် ဦးဗုဒ္ဓ၏ ကျောင်းဌ ကပ္ပိယလုပ်၍ နေ့စဉ်မပြတ် ဆည်းကပ်လျက် ဝတ်ကြီး, ဝတ်ငယ် အသွယ်သွယ်တို့ကို မပျက်မကွက် ဆောင်ရွက်အားထုတ်ခါ နေထိုင်လာခဲ့ရာ သုံးနှစ်တိုင် ရှည်ကြာသော်လည်း တကာကြီး ဘယ်အရပ်က နည်းဟု မေးမြန်းတော်မမူဘူးချေ။

နောက်သောအခါ ကပ္ပိယဒါယကာကြီး၏ သား, သမီးတို့သည် ဖခင်၏ သတင်းစကားကိုကြားသိရ၍လိုက်လာကြရာ ဖခင်နှင့်တွေ့သောအခါ ကြွေးရှင်များက ဆူပူလှသောကြောင့် ဖခင်ကိုယ်တိုင် ခဏခေတ္တ လိုက်ပြီးလျှင် ရှင်းလင်းပေးပါဟု တောင်းပန်ကြရာလေ၏။

ထိုအခါ ကပ္ပိယဒါယကာကြီးသည် ဆရာတော် ဦးဗုဒ္ဓထံသို့ သွား၍ အရှင်ဘုရားကို တပည့်တော် ဝတ်ကြီး,ဝတ်ငယ် ပြုစုနေသည်မှာ သုံးနှစ်ခန့်ကြာပါပြီ၊ ယခုအခါ တပည့်တော်မှာ မနေသာသော အရေးကိစ္စနှင့် တွေ့ကြုံရပါ၏သဖြင့် နေရင်း ရပ်ရွာသို့ ခဏခေတ္တ ပြန်ရပါဦးမည်ဘုရားဟု လျှောက်ထားသောအခါမှ-ဆရာတော် ဦးဗုဒ္ဓက "တကာကြီး ဘယ်အရပ်ကနည်း, ဘာကိစ္စကြောင့် ဒီမှာလာရောက်နေထိုင်သနည်း" ဟု မေးမြန်းတော်မူသည်။

ဤသို့ မေးတော်မူမှ ကပ္ပိယတကာကြီးသည် ကြောင်းကျိုး အစုံဖြစ်ပျက်ပုံကို အကုန်ပြန်၍ လျှောက်ထားရာ "အေးဒါဖြင့်ခဏ နေအုံး" ဟု ဆိုကာ စာအနည်းငယ်ရေးသားပြီးလျှင် "ဤစာကို ကျောင်းအမ မိနုထံ သွားပေးချေ" ဟု စေခိုင်းလိုက်သဖြင့် နန်းတော်သို့ သွားရောက်ခါ ကျောင်းအမ မယ်နုထံ ဆက်သရာ "ကပ္ပိယကြီးကို စောင့်ရှောက်လိုက်ပါ" ဟူသော ဆရာတော်၏ စာအရ ကျောင်းအမ မယ်နုက ငွေ(၇၀၀)ထုတ်၍ ပေးလိုက်လေသည်။

ကပ္ပိယကြီးသည် နန်းတော်မှ ပြန်လာပြီးလျှင် ဆရာတော် ဦးဗုဒ္ဓိအား ထိုအကြောင်းကို လျှောက်ထားရာ "သင့်မှာသူတပါး ကြွေးမြီပေးဆပ်ရန်ရှိသည်ဆို" ဟု မိန့်တော်မူသဖြင့် ငွေ(၇၀၀) ကို သား,သမီးများအား ပေးအပ်လိုက်ပြီးလျှင် ဖခင်ကြီးတော့ဖြင့် ဆရာတော် အနီးဌာ လုပ်ကျွေးနေရခြင်းသည် စိတ်နှလုံး ချမ်းမြေ့လှ၍ နေရပ်သို့မလိုက်လို သင်တို့သာပြန်ပေတော့ဟု သား,သမီးများကိုပြန်လွှတ်ခါ အသက်ထက်ဆုံး ဆရာတော်၏ အနီးမှာပင် ပြုံမြိုတိုင်း ဝတ်တို့ကို မချွတ်မသွေ ပြုလုပ်၍နေသတည်း။

**မှတ်ချက်။** ။ဤကပ္ပိယကြီးသည် ဆရာတော် ဦးဗုဒ္ဓ၏ အလိုကို အသိဆုံး လူတဦး ဖြစ်သည်။ ဆရာတော်သည် ကပ္ပိယကြီး လျှောက်ထားသောစကားများကို အရေးယူတော်မူသည်။ ကပ္ပိယကြီးမကျန်းမာသောအခါ ကိုယ်တိုင်လာရောက်ပြုစုသည်။အကြောင်းထူးရှိ၍ ဆရာတော်ထံ ဝင်ရောက်လိုလျှင် ရှေးဦးစွာကပ္ပိယကြီးထံ မေးမြန်းစုံစမ်းပြီးမှ ဝင်ကြရသည်။ နန်းမတော် မယ်နုကလည်း ကပ္ပိယကြီးကို ဂရုစိုက်ခါ အရာရာ မပင်ပန်းရအောင် ပေးကမ်း ချီးမြှောက်ထောက်ပံ့သည်။ကျောင်းကိစ္စနှင့်စပ်သောအကြောင်းရှိလျှင်နန်းတော်သို့ အမြန်ဝင်၍ သံတော်ဦးတင်ပါဟု မှာကြားထားသည်။

ဤကပ္ပ၀ိယကြီးသည် နန်းမတော်မယ်နု၏ သာသနာရေး ဝန်ကြီးသဖွယ် ဖြစ်၍ အရေးပါ အရာရောက်သူတယောက် ဖြစ်သည်။ထိုကပ္ပ၀ိယကြီး၏ သားမှာ သက္ကရာဇ် ၁၂၀၂ ခုဘွားမြင်တော်မူ၍ သက်တော် ၉၂နှစ်ကျော်မှ ပြန်လွန်တော်မူသောဒီပဲရင်းမြှိုနယ်အ၀င်အပါ ရွာရှည်ဆရာတော်ကြီး ဖြစ်သည်။ ထိုဆရာတော်ကြီး၏ မိန့်မြွက်တော်မူချက်အရ အုဋ္ဌကျောင်းဆရာတော် ဦးဗုဒ်နှင့် ကျောင်းအမမယ်နုတို့၏ အကြောင်းကို ကြားသိရသည်။

## ဆရာတော် ဦးဗုဒ်နှင့် မယ်တော်ကြီးအကြောင်း

ဆရာတော် ဦးဗုဒ်သည် သာသနာတော်မှ တပါး မည်သူ့အားမျှ ၀ဋ်ကွက်ညှာတာမှု မရှိ လောကီ့အရာ ဘယ်ဟာတခုမှ အလေးမပြု ဂရုမစိုက် အယုတ်သဖြင့် မွေးကျွေးသော မယ်တော်ကြီး အရင်းကိုပင် အလေးမပြု ဂရုမစိုက် နေတော်မူတတ်၏။

ဆရာတော် ဦးဗုဒ် နေပြည်တော်သို့ ရောက်ပြီးနောက် တနှစ်ခန့် အကြာ ညောင်ကန်ရွာမှ မယ်တော်ကြီး ဒေါ်မွေး ရောက်လာရာ ဆရာတော် ဦးဗုဒ်ထံသွားရ၍ ရှိခိုးကံတော့သော အခါ စာကြည့်နေခိုက်ဖြစ်သောကြောင့် ရုတ်တရက်နှုတ်ဆက် မေးမြန်းခြင်းမပြုသဖြင့် မယ်တော်ကြီးသည် ဝမ်းနည်းလှသောကြောင့် မျက်ရည်ကျကာ တရှုတ်ရှုတ်နှင့် ခြေရင်းတွင် ထိုင်လျက် ငိုကြွေးနေရရှာလေ၏။

အချိန်အတန်ကြာမှ စာကြည့်ရာက နေ၍ "ခင်ဗျားကြီးက ဒီမှာလာပြီး ဘာပြုလို့ ငိုနေရသနည်း" ဟု မေးရာ "တပည့်တော်မ သည် အရှင်ဘုရားကို ဖူးမြင်လိုသဖြင့် အဆင်းရဲ အပင်ပန်းခံကာ နေပြည်တော်သို့ လိုက်လာရာ ဝမ်းမြောက် ဝမ်းသာ တွေ့ရလိမ့်မည်ဟု ထင်မှတ်ခါ ခြေတော်ရင်းသို့ လာပြီး ရှိခိုး

ဦးချသော်လဲ ရုတ်တရက် နှုတ်မဆက်သဖြင့် ဝမ်းနည်းလှ၍ငိုနေ ရပါသည်"ဟု လျှောက်ထားသောအခါ ဆရာတော်ဦးဗုဒ္ဓက "တကမကြီး ဒီလို ငိုခဲ့ရတဲ့ ဘဝတွေ မရေတွက်နိုင်တော့ဘူး"ဟု မိန့်ဆိုကာ ကပ္ပိယကြီးကို ခေါ်၍ "ဤတကမကြီးသည် ငါ့မယ်တော်ဖြစ်သည်၊ သင့်တော်ရာ ခေါ်သွားပြီး စောင့်ရှောက်ထားလိုက်ပါ"ဟု အမိန့်ရှိသဖြင့် ကပ္ပိယကြီးက ခေါ်ဆောင်၍ ကျွေးမွေးပြုစုထားကာနေ့ရက်များမကြာခင် ကျောင်းအမမယ်နုထံ သွားရောက်ခါ တင်လျှောက်ရာ နန်းတော်သို့ ခေါ်ယူပြီးလျှင် ကောင်းမွန်စွာ ပြုစုကျွေးမွေး လိုလေသေး မရှိရအောင် စောင့်ရှောက်ထားလေသည်။

မယ်တော်ကြီး နေရပ်သို့ ပြန်ချိန်ရောက်လတ်သော် နန်းမတော်မယ်နုက ထူးမြတ်သော အသုံးအဆောင် ဝတ္ထုပစ္စည်းများနှင့်မယ်တော်ကြီး နှင့်သင့်တော်လျောက်ပတ်သော အထည်အလိပ်များပါ ငွေငါးပိဿာကို ပေးကမ်းချီးမြှောက်ခါ ဝန်စာရေးများကို အုဋ္ဌကျောင်းတော်သို့ ပို့စေသည်။

အုဋ္ဌကျောင်းသို့ ရောက်သောအခါ ဆရာတော် ဦးဗုဒ္ဓက "တကမကြီး ဒီပစ္စည်းတွေစားပြီး-ကုသိုလ်ကောင်းမှုများ ကြိုးစား အားထုတ်နေပေတော့၊ ကိုင်း ပြန်တော့ဗျာ စာကြည့်ပျက်တယ်"ဟု မိန့်ဆိုတော်မူလိုက်လေသည်။

မယ်တော်ကြီး ပြန်သောအခါ ကျောင်းအမ မယ်နုက မင်းမှုထမ်းအစောင့်အရှောက်များနှင့် ညောင်ကန်ရွာသို့ အရောက်ပို့စေသည်။

မယ်တော်ကြီးသည် ညောင်ကန်ရွာ၌ ၂နှစ်ကျော် ၃နှစ်ခန့် နေထိုင်ပြီးနောက် နေပြည်တော်သို့ တဘန် လာရောက်ပြန်သော

အခါ နန်းမတော်မယ်နု က နန်းတော်ရှေ့ ရပ်ကွက်တွင် အိမ်ဆောက်၍ ပေးလေသည်။ လစာရိက္ခာများကိုလည်း ပြည့်စုံ လုံလောက်အောင် ချီးမြှောက် ထောက်ပံ့ထားသည်။

တဒနုဒသာအခါ နန်းတော်ရှေ့ရပ်ကွက်ကို မီးလောင်ရာ မယ်တော်ကြီး အိမ်ပါ လောင်ကျွမ်းခြင်း ခံရရှာလေသည်။ မယ်တော်ကြီးသည် မီးလောင်သောအချိန်တွင် ရေချိုးနေခိုက် ဖြစ်၍ ဘာပစ္စည်းတခုမှ မရလိုက် ခါးဝတ်တထည်နှင့် ပခုံးတင် တဘက်ဝယ်တထည်မျှသာ ကျန်ရှိလေတော့သည်။

ထိုကဲ့သို့ ပူမှုနှင့်တွေ့ကြုံလာသော မယ်တော်ကြီးသည် ခါးဝတ်ထမီကို ရင်လျားမ၍ တဘက်လေး ပခုံးထက်မှာ ထားပြီး သားဘုန်းကြီးရှိရာ အုဋ္ဌိကျောင်းသို့ လျင်မြန်စွာ သွားလေ၏။

ကျောင်းပေါ်သို့ ရောက်သောအခါ "မောင်ပဉ္စင်းရေ တပည့်တော်မအိမ် မီးလောင်ရာပါသွား၍ ဘာပစ္စည်းတခုမှ မရလိုက်တော့ဘူး" ဟု ရှိုက်ကြီးတငင် ပင်ပန်းကြီးစွာ ငိုယိုမြည်တမ်းကာ လျှောက်ထားသည်ကို ဆရာတော်ဦးဗုဒ္ဓ ကြားသိတော်မူသော အခါ "တကမကြီး တသံသရာလုံး လောင်လာတဲ့ မီး ကျုပ်မတားဆီးနိုင်ဘူး-ကုသိုလ်ကံသာလျှင် အားငြိမ်းအောင်တားဆီးနိုင်သည်" ဟု မိန့်တော်မူကာ "တကမကြီး မီးလောင်လို့ ဆင်းရဲသလား" ဟု မေးတော်မူသဖြင့် "တပည့်တော်မမှာ တသက်တခါ ဒီအဆင်းရဲမျိုး မတွေ့ကြုံဘူးပါဘုရား" ဟု လျှောက်ထားသော အခါ ဆရာတော်ဦးဗုဒ္ဓက "တကမကြီး ချမ်းသာချင်ရင် ခင်ဗျာ့ တဘက်ကလေး ကျုပ်လှူထားခဲ့" ဟု မိန့်ဆိုတော်မူခါ တဘက်ကလေးကို အလှူခံယူ၍ ထားလိုက်လေသတည်း။

မယ်တော်ကြီးမှာ အိမ်ကိုမီးလောင်ခံရရှာသဖြင့် ဘာပစ္စည်းတခုမှ မရလိုက်ကြောင်း၊ ခါးဝတ်ထမီနှင့် တဘက်ကလေးမျှသာ

ကျန်ရှိလေရာ ဆရာတော်ဦးဗုဒ္ဓက တဘက်ကလေးကို အလျှံခံ ယူ၍ ထားလိုက်ကြောင်းတို့ကို ကျောင်းအမ,မယ်နုနှင့် တက္ခ နန်းတွင်းသူ,နန်းတွင်းသားများ ကြားသိကြသောအခါ ကိုယ်စီ ကိုယ်၌ ထမီ,အင်္ကျီ,တဘက်,ပုဝါ,ထီး,ဘိနပ်ပါမကျန်-စားရန်, သောက်ရန် ဇွန်း,ပန်းကန်,ဇီး,ခွက် စသော အသုံးအဆောင် ပစ္စည်းများကို မယ်တော်ကြီးအား အသီးအသီး ပေးကြသည်မှာ (ဖိုးမေးကြသည်မှာ) များပြားစွာ ရသော ဟူ၏။

ကျောင်းအမ,မယ်နုက မယ်တော်ကြီးကို နန်းတော်တွင်း သင့်တင့်သောနေရာ၌ ခဏခေတ္တနေစေပြီးလျှင် အဆောတလျင် အိမ်သစ်ဆောက်လုပ်စေသည်။ ပြီးစီးသောအခါ အိမ်သစ်သို့ ရွှေ့ပြောင်း၍ ကောင်းမွန်စွာ နေထိုင်ရလေသည်။

ထိုကဲ့သို့ အိမ်သစ်မှာ နေထိုင်စဉ် ၂နှစ်ကျော်ခန့် အကြာတွင် မယ်တော်ကြီး ဒေါ်မွေး အနိစ္စရောက်လေသည်။ မယ်တော်ကြီး အနိစ္စ ရောက်ကြောင်းကို ဆရာတော် ဦးဗုဒ္ဓထံ သွားရောက် လျှောက်ထားရာ "သေလျှင် သင်္ဂြိဟ်လိုက်ကြတာပ"ဟု အမိန့်ရှိ လိုက်လေ၏။

မယ်တော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရူပ်အလောင်းကို ကျောင်းအမ,မယ်နုကပင် ခမ်းနားကြီးကျယ် တင့်တယ် သိုက် မြှုက်စွာ စီမံခင်းကျင်း၍ ဗုံးလွှမ်းသင်္ဂြိဟ်ခြင်းအမှု ပြုလုပ်ရ လေသည်။

ဗျာပနကိစ္စ သင်္ဂြိဟ်မည့်နေ့သို့ ကျသော် နန်းမတော် မယ်နုက ဆရာတော်သည် မယ်တော်ကြီးဖြစ်၍ အသုဘရှုရန် ကေန်ကြွလိမ့် မည်ဟု မယူဆသော်လည်း ကြွလိုကြွငြား ဆရာတော်၏ အုဋ္ဌ ကျောင်းအနီးအပါး ဖြစ်သောလမ်းက ထုတ်ယူ ချသွားကြရန် အမိန့်ပေးထားသဖြင့် ဗျာပန အခမ်းအနား အုဋ္ဌကျောင်း၏

အနီးအပါးသို့ ရောက်သောအခါ ခေတ္တရပ်ဆိုင်းကာ စည်သံ, မောင်းသံ ဆူဆူညံမျှ အသံမစဲ သိမ့်သိမ့်လဲအောင် တီးမှုတ်ကြခြားသော်လည်း ဆရာတော်ဦးဗုဒ္ဓကား ကျောင်းပေါ်ထက်တွင် စာကြည့်မပျက်ချေ။ အသုဘရှု ကြွတော်မူပါဘုရားဟုမည်သူ တဦးတယောက်မျှ သွားရောက်၍ မလျှောက်ထားဝံ့ကြလေ။

အချိန်ကာလ အတန်ကြာမှ တိုက်အုပ်, တိုက်ကြပ်စသော တပည့်ကြီးများက ဆရာတော်ဘုရား၏ မယ်တော်ကြီး ဗျာပန သဏ္ဍိဟိရန် ချလာသည်မှာ ကျောင်းအနီးသို့ပင်ရောက်ပါပြီဘုရားဟု သွားရောက်၍လျှောက်ထားသောအခါမှ ကြည့်နေရင်းပေစာကို လက်တော်ကမချ မတ်ရပ်တော် ထတည့်၍ ပြုံးတင်းတံခါးဝမှ ကြည့်ပြီးလျှင် "တကမကြီးက တို့အရင်ကျသကိုး သွားနှင့်ပေဦးတော့" ဟု မိန့်ဆိုတော်မူပြီးလျှင် ကျောင်းခန်းတွင်းသို့ဝင်ကာ စာကြည့်လျက်သာ နေတော်မူလေသည်။

**သမီးတော်ကလေးအတွက် မိန့်မြွက်တော်မူချက်**

တနေ့သောအခါ ဖာလ်နန်းရှင်မင်းတရားကြီးသည် နန်းမတော်မိဖုယားကြီးနှင့်အတူ သမီးတော်ကလေးကိုပါ ခေါ်တော်မူ၍ အုဋ္ဌကျောင်းသို့ ထွက်တော်မူရာ မင်းတရားကြီးက "နှမတော်၏ ဆရာတော်ကျောင်းသွားရဒါဆရာတော်က စကားလည်းမပြော, တရားလည်း ရှည်ရှည်မဟော ခြောက်ကပ်ကပ်ကြီး ရှိလှတယ် နှမတော်" ဟု မိန့်တော်မူရာ၊ မိဖုယားကြီးက "စိတ်ချပါမောင်တော် ယနေ့တော့ ဆရာတော်စကားပြောအောင် နှမတော်ကြိုးဆောင်ပါမည်" ဟု သံတော်ဦးတင်ကာ အုဋ္ဌကျောင်းလှေခါးရင်းသို့ ရောက်သောအခါ သမီးတော်ကလေးကို အထိန်းတော်များထံမှယူလျက် အုဋ္ဌကျောင်းကြီးပေါ်သို့ တက်သွားကြလေ၏။

ကျောင်းပေါ်သို့ ရောက်၍ ဆရာတော်ကို ရှိခိုးဦးချသောအခါ သမီးတော်ကလေးကို ကြမ်းပြင်ပေါ်မှာ ချထားလိုက်ရာ သမီးတော်ကလေးသည် ကလေးတို့ ဘာဝ ကြောက်ရွံ့ရမှန်း မသိဟိုပြေး ဒီလျှောက်နှင့် ဆရာတော်ဦးဇင် စာကြည့်နေတော်မူရာ အနီးသို့ ရောက်လျှင် ရှေကလပ်ပေါ်တွင် တင်ထားသော ပေစာများကို ဆွဲကိုင်ကြည့်ရှုရာ ဆရာတော်ဦးဇင်သည် စာကြည့်နေရာက 'ဟဲ့ဟိုအနားကတချောက်ချောက်နှင့်ဘယ်ကဟာကလေးလဲ' ဟု မေးတော်မူရာ-"သမီးတော်ကလေးပါ ဘုရား" ဟု လျှောက်ထားကြသောအခါ "သမီးတော်ကလေးဖြင့်လဲ တယ်....ကမြင်းသကိုး" ဟု မိန့်ဆိုတော်မူသောအခါမှ မိဖုယားကြီးက အထိန်းတော်များကို မျက်ရိပ်ပြလိုက်သဖြင့် အထိန်းတော်များက လျင်မြန်စွာသွားရ သမီးတော်ကလေးကို ချီပွေ့ကာ ခေါ်ယူခဲ့ရလေသည်။

မင်း, မိဖုယား နှစ်ပါးတို့သည် ဆရာတော်ကို ဦးချကန်တော့ပြီးလျှင် ဆင်းခဲ့ကြရာ ကျောင်းအောက်သို့ ရောက်သောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျှ၍ လွန်စွာရယ်မောကြလေသည်။ မင်းတရားကြီးကလည်း "ဆရာတော်ဘုရားကငါတို့ကိုသာစကား မပြောဒါ-သမီးတော်ကလေးကိုတော့ စကား အပြောသားဘဲ" ဟု အားရနှစ်သက်စွာမိန့်တော်မူလေသည်။

**မှတ်ချက်။** ။အုင်္ဂကျောင်းတော်ကြီးသည် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် မြေငလျင်ပြင်းစွာ လှုပ်သဖြင့်ပျက်စီးယိုယွင်းခဲ့ရာ ဤသမီးတော်ကလေး ဆင်ဖြူမရှင်ဟူသောဘွဲ့အမည်နှင့် မင်းတုန်းမင်းတရားကြီး၏ အလယ်နန်းတော်မိဖုယားကြီး ဖြစ်သောအခါမှ သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် အသစ်ထပ်မံ၍ ပြုပြင်ထားခဲ့သဖြင့်ယခုအချိန်တိုင် အုင်္ဂကျောင်းတော်ကြီးကို နဂိုပကတိအတိုင်း တွေ့မြင်နိုင်လေသည်။

ရှင်းလင်းချက်။ ဤအခန်းဌ အချို့အရပ်မှ ဗဟုသုတရှင်တို့က "ဟဲ့ ဘယ်က ဖိုင်းတာမကလေးလဲ"ဟု ဆရာတော် ဦးဗုဒ်က မိန့်မြွက်လေဟန် ပြောဆိုရေးသားကြ၏။ ထိုစကားကို ရှင်းလင်း၍ ပြဦးအံ့။ ဖိုင်းတာဆိုသည်ကား နန်းတော်တွင်းဌ ဖိုင်းဝင့်,ဖိုင်းတောက်,ဖိုင်းတာရသော အမှုထမ်းတမျိုးဖြစ်သည်ဟု မြန်မာပညာရှိ ကျောက်စာ စာရေးကြီး ဦးဘေက လျှောက်ထားဘူးသည်။ ဤသို့ဆိုလျှင် ဆဲရေးခြင်း ၁ဝပါးတို့တွင် တပါးအဝင်ဖြစ်သော (ဇာတိအကျွောသ) အမျိုးအရိုးကို စွဲ၍ဆဲရေးသဖြင့်ဆဲရေးခြင်း မလွတ်နိုင်။ ထို့ကြောင့် သီလ, သမာဓိ, ပညာ အားကြီးစွာသော ဆရာတော်ကြီးတပါးသည် ဤကဲ့သို့သိက္ခာပုဒ်နှင့်မလွတ်သော စကားကိုမိန့်ဆိုတော်မူမည်မဟုတ်၍ ယုတ္တိမရှိ။

## ဆရာတော်ဦးဗုဒ်၏ တန်ဏာပ္ပတ္တိဥာဏ်

တနေ့သောအခါ အမတ်ကြီး ဦးပေါ်ဦးသည် ဆရာတော်ဦးဗုဒ်ကိုမှီးမြောက်ကံ့တော့ရန် အုဋ္ဌကျောင်းသို့သွားရာ ဆရာတော်ဦးဗုဒ်သည် ရေကန်၏အနီးတွင်တံမြက်လှည်း၍နေတော်မူခိုက်နှင့် ကြိုကြိုက်သဖြင့် ကျောင်းတလင်း အပြင်မှာပင် ရှိခိုးဦးချပြီးလျှင် အမတ်ကြီး ဦးပေါ်ဦးက စတင်၍ လျှောက်ထားသည်မှာ-

ဦးပေါ်ဦး"ရေကန်ကြီးကဖြင့်အလွန်ကောင်းပါပေသည်ဘုရား"
ဆရာတော် "အေး.....ကောင်းတယ်၊"
ဦးပေါ်ဦး "ရေကလည်း အလွန်ကြည်ပါပေသည်ဘုရား၊"
ဆရာတော် "အေး.....ကြည်တယ်၊"
ဦးပေါ်ဦး "ဤရေကန်ကြီး မည်မျှ နက်ပါသနည်းဘုရား၊"
ဆရာတော် "ငါမသိဘူး၊"

ဦးပေါ်ဦး "ဆရာတော် သီတင်းသုံးတော်မူသော ကျောင်းတိုက်အတွင်းဖြစ်၍ နီးသည့်အတွက် သိလိမ့်မည် ထင်မှတ်၍ လျှောက်ထားမိပါသည်ဘုရား၊"

ဆရာတော် "နီးတိုင်းသိရမည်ဆိုလျှင် သင်၏ နှုတ်ခမ်းမွေး ဘယ်နှစ်ပင်ရှိသနည်း၊"

ဦးပေါ်ဦး "သတိမထားမိ၍ ဘယ်နှစ်ပင်ရှိကြောင်း မသိပါဘုရား၊"

ဆရာတော် " သင့်နှုတ်ခမ်းမွေးကိုမှ ဘယ်နှစ်ပင်ရှိသည်ဟု သင်မသိဘဲ ဤရေကန်၏ အတိမ်,အနက်ကိုကော ငါသိနိုင်မည်လား၊"

ဤကဲ့သို့ မိန့်ဆိုတော်မူလိုက်ရာ စကားတတ်လှသော ပညာရှိ အမတ်ကြီး ဦးပေါ်ဦးသည် ရှေ့သို့ စကားဆက်၍ မရသဖြင့် ရှိခိုးဦးချကာ ပြန်ခဲ့ရရှာလေသတည်း။

**စာသင်သား ရဟန်းငယ်များအား မိန့်ကြားတော်မူချက်**

အင်းဝနေပြည်တော်တွင် သီတင်းသုံးနေထိုင်ကြကုန်သော စာသင်သား ရဟန်းငယ် အများတို့သည် သီတင်းကျွတ်လ စာဝါနာဂ်ခ်ိ ကျသောအခါ အမြှုပ်မြှုပ်,အရှုပ်ရှုပ် ကျောင်းတိုက်ကြီး,ကျောင်းတိုက်ငယ် အဖြာဖြာသို့ မရောက်ဘူး၍ ဆိုကာ အလည်အပတ် သွား,လာ လှည့်လည်တတ်ကြရာ- တနေ့သော အခါ၊ ဆရာတော်ဦးဗုဒ္ဓ သီတင်းသုံးနေထိုင်တော်မူသော အုင်ကျောင်းကြီးသို့ ရောက်လာကြလေ၏။ထိုအခါ ဆရာတော်ဦးဗုဒ္ဓ စာကြည့်နေခိုက်ဖြစ်၍ ရှိခိုးဦးချကာ ဆရာတော်၏ အနီးအပါးမှာ ရှိသော်ပြားစွာ ထိုင်လျက်နေကြလေသည်။

ဆရာတော်ဦးဗုဒ္ဓသည် အချိန်ကာလ အတန်ကြာမှ "ဘာကိစ္စ ရှိ၍ ကြွလာကြသနည်း" ဟု မေးတော်မူရာ- "ဘုရားတပည့်တော် များ မရောက်ဘူး၍ အလည်လာကြပါသည်ဘုရား" ဟု လျှောက်ထားသော အခါ "မရောက်ဘူးရင် မြင့်မိုရ်တောင်ထိအောင် သွားကြပါလား၊ အလကား အချိန်ကုန်အောင် ဖြုံးနေကြတယ်" ဟု မိန့်ဆိုမြည်တမ်းသဖြင့် စာသင်သား ရဟန်းငယ်များသည် ကြာရှည်စွာ ထိုင်၍ မနေဝံ့ကြတော့ဘဲ အလျင်အမြန် ဦးချကာ ပြန်သွားကြလေသည်။

**နှင်းယှဉ်ချက်။** ။ ဤအချိန်အခါမျိုး၌ ဘုန်းကြီးများ၏ ကျေးဇူးရှင် အစစ် ဖြစ်ကြီးဖြစ်တော်မူသော (**အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ**) မစိုးရိမ်ဆရာတော်ဘုရားကြီးက "ဦးပဉ္စင်းတို့ မရောက်ဘူးဒါ သုဒ္ဓါဝါသ ငါးဘုံသာရှိတယ်၊ အခြားသော ဘုံတွေမှာ ရောက်ဘူးကြဒါချည်းဘဲ" ဟု မိန့်ကြားတော်မူပါသည်။

ဤကဲ့သို့ မိန့်ဆိုတော်မူသည်မှာ (သုဒ္ဓါဝါသ ဘူးမရ-အကနိဋ္ဌ တုမရ) ဟူသော ပရိဘာသာ လက်ဘအသွား ဘုရားဟောဒေသနာတော်စကားအတိုင်း ဖြစ်သည်။

## နန်းမတော် မယ်နု၏ ကုသိုလ်ကျိုးအတွက် ဟောမြွက်တော်မူပုံ

တနေ့သော အခါ ဆရာတော် ဦးဗုဒ်အား ကျောင်းအမ မယ်နုက လျှောက်ထားသည်မှာ တပည့်တော်မသည် ဤအုဋ္ဌ ကျောင်းတော်ကြီးကို (သုံးသိန်းကျော်မျှ) အကုန်အကျ ခံကာ ဆောက်လုပ်လျှ။ ဒါန်းခဲ့ပါသည်၊ ထိုမှတဖြာ ဖလံခုံရှာ၌လည်း (တသိန်းကျော်မျှ) အကုန်အကျခံကာ ဆောက်လုပ် လျှ။ ဒါန်းခဲ့ပါသည်။

ဤကဲ့သို့ လှူဒါန်းရသော်လည်း ကုသိုလ်,ကောင်းမှုတရား တို့၌ အားရတင်းတိမ်ခြင်း မဖြစ်နိုင်ပါ၍ အခါခပ်သိမ်း ဆွမ်း, သက်နှီး,ထီး,ဘိနပ်စသော များမြတ်သော ဝတ္ထုပစ္စည်းတို့ကို လည်း ချီးမြှင့်လှူဒါန်းခဲ့ပါသည်။

ထိုကဲ့သို့ လှူဒါန်းရသော ကုသိုလ်ကောင်းမှု၏ အကျိုးတရား တို့ကို ဟောကြားတော်မူပါဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ ဆရာတော် ဦးဗုဒ္ဓက ကျောင်းအမ မယ်နုအား ရွှေဖလားဖြင့် ရေကို အပြည့်ခပ်ယူစေ၍ တဘန် ထိုရွှေဖလား၌ ရှိသောရေကိုအကြင်းအကျန်မရှိအောင် သွန်စေပြီးသောအခါမှ ဆရာတော်ဦးဗုဒ္ဓက မိန့်မြွက်တော်မူသည်မှာ "ယခုသွန်ပစ်လိုက် သောရေနှင့် လှူ၍ကုန်သော ပစ္စည်းနှင့်တူ၏-ဖလား၌ ကပ်၍ ကျန်ရစ်သောရေနှင့် အကျိုးရသည်နှင့် တူ၏" ဟု ဟောကြား တော်မူသည်။

ကျောင်းအမမယ်နုသည် ဆရာတော်ဦးဗုဒ္ဓဟောကြားတော် မူချက်ကို မနှစ်သက် မကျေနပ်၍ တောင်ဘီလူး ဆရာတော် ဘုရားကြီးထံ သွားရောက်ပြီးလျှင် ထိုအကြောင်းကိုလျှောက် ထားရာ တောင်ဘီလူးဆရာတော်ဘုရားကြီးက

"တကတဲဗျာ ငါတို့ သာသနာမှာ စာတတ်သူ နည်းပါး၍ အားမဲ့နေရာတောင်ဘက်ကမ်းက ဦးဗုဒ္ဓတပါးဖြင့် ရှိသေးရဲ့လို့ အားကိုးမိပါ တယ်....မျက်နှာလိုက်သကိုး" ဟု မိန့်ဆိုတော်မူ လိုက်မှ ကျောင်းအမမယ်နုသည် ဆရာတော်ဦးဗုဒ္ဓ၏ ဟောကြား ချက်ကို သဘောသက်ဝင် ဉာဏ်နှင့်ယှဉ်ကာ ဆင်ခြင်စဉ်းစား မိသဖြင့် ကျေနပ်နှစ်သက်၍ သွားလေတော့သတည်း။

**ကျောင်း**အမ မယ်နု လျှောက်ထားချက်၌ လှူဒါန်း ရသော "ကုသိုလ်၏အကျိုးတရားတို့ကို"ဟူသော စကား ပါရှိနေသည့်

အတွက် ဘဝသမ္ဘတ္တိ,ဘောဂသမ္ဘတ္တိဟူသော စည်းစိမ် ချမ်းသာ တို့ကို လိုလားတောင့်တ၍ ပြုလုပ်သော အလှူဒါနမျိုးသည် ယုတ်ညံ့သော အလှူဒါနမျိုးသာ ဖြစ်သည်၊ ထိုယုတ်ညံ့သော အလှူဒါနမျိုး ဖြစ်ခဲ့သော် အနည်းငယ်မျှသော အကျိုးကိုသာ ရနိုင်ရာသည်။ ထိုကြောင့် ဆရာတော် ဦးဗုဒ္ဓက ဤကဲ့သို့သော စကားကို မိန့်ကြားတော်မူသည်။

တောင်ဘီလူး ဆရာတော်ဘုရားကြီး၏ မိန့်ဆိုတော် မူချက် စကားမှာ ပရိယာယ်စကားမျှသာ ဖြစ်သည်၊အဘယ့်ကြောင့် ဆို သော် သဒ္ဓါတရားထက်သန်လွန်ကဲလှသော ကျောင်းအမမယ်နု ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်၍သာ ဆရာတော် ဦးဗုဒ္ဓက ဤကဲ့သို့ဟော ကြားတော်မူသည်၊ သဒ္ဓါတရား နည်းပါးသေးသိမ်သောသူ ဖြစ် ပါမူကား ဤမျှလောက်သော အကျိုးကိုပင် ရနိုင်သည်ဟူသော စကားကို ဆရာတော်ဦးဗုဒ္ဓသည် ဘယ်နည်းနှင့်မှ ဟောကြား တော်မူလိမ့်မည်မဟုတ်ဟူသော အဓိပ္ပါယ်ကိုသိစေတော်မူလို၍ "တယ်…မျက်နှာလိုက်သကိုး" ဟူသော စကားကို မိန့်ကြား တော်မူသည်ဟု မှတ်ယူကြစေလိုသည်။

## ဘယ့်သူ့မျက်နှာကိုမှ မထောက် မကြောက်မရွံ့ ရဲဝံ့စွာ မိန့်ဆိုတော်မူတတ်ခြင်း

သက္ကရာဇ် ၁၁၉၃ခုနှစ်တွင်ဘကြီးတော် ဖာလိနန်းရှင် နန်းကျ ၍ ညီတော်ကုန်းဘောင်မင်း နန်းတက်တော်မူသည်။ ထိုကုန်း ဘောင်မင်းသည် အနည်းငယ် ကြမ်းတမ်းသော စရိုက်သဘော ရှိသဖြင့် ရှင်ဘုရင်ဖြစ်သော်လည်း ဆံပင်ကို ရောင်ပေစူးရစ်ပတ် လျက်သာ ထုံးထားတတ်၏။

ပေါနွေသောအခါ ဆရာတော်ဦးဗုဒ္ဓကို ဖူးမြော်တံတော်လို သောကြောင့် နန်းတော်သို့ကြွတော်မူရန် အပင့်စေလွှတ်လိုက်ရာ

ဆရာတော်ဦးဗုဒ္ဓက "မင်းတို့ရှင်ဘုရင် ရောင်ပေစူးရဲ့အဖူးအမြင် ငါမခံချင် " ဟု မိန့်မြွက်ခေါ်တော်မူလိုက်ရာ ပင့်လျှောက်လာသူသည် ထိုးထွင်းဉာဏ်ရှိသဖြင့်(သွားလျှင်တမန်-ပြန်လျှင်ရွှေနေ)ဟူသော စကားအရဆရာတော်ဦးဗုဒ္ဓက မိန့်ကြားတော်မူလိုက်တိုင်း မတင်လျှောက်ဘဲ "အရှင်မင်းမြတ်၏ မဏိတော် တည့်သောအခါမှ ဆရာတော်ဦးဗုဒ္ဓကြွလာပါလိမ့်မည်ဘုရား" ဟုလျှောက်တင်လျှင် "အင်း....,ငါကလဲ အဟုတ်သားဘဲ ရှင်ဘုရင်ဖြစ်ထာထောင် ဦးရစ်တော် မတင်မိသေးဘူး" ဟု မိန့်တော်မူလေသည်။

အခါတပါးသော် နန်းသိမ်း,နန်းတက်ပွဲ ပရိတ်ရွတ်ပင့်ရာ ဆရာတော်ဦးဗုဒ္ဓ လိုက်ပါလာသဖြင့် ရှင်ဘုရင်နှင့်တကွ မှူးကြီးမတ်ရာသေနာပတိတို့က ကံတော့ကြမည်ပြောသောအခါ အပါးတော်မြတ်ယောက်က နန်းမတော်ကြီးထွက်တော်မမူလာသေးပါ ဟု လျှောက်တင်လိုက်ရာ ဆရာတော်ဦးဗုဒ္ဓက "နန်းမတော်ကြီး ပါမှ အန္တရာယ်ကင်းမှာလား" ဟုမိန့်ကြားတော်မူသောကြောင့် ရှင်ဘုရင်က ကံတော့ကြဟု မိန့်ဆို၍ ကံတော့ကြရလေတော့၏။

တပါးသောအခါ ဆရာတော်များကို နန်းတော်သို့ ပင့်ရာ ဆရာတော်ဦးဗုဒ္ဓ မပါ၍ အခါခါ ထပ်မံပင့်သဖြင့် ဆရာတော်များက ဆရာတော်ဦးဗုဒ္ဓအား "အရှင်ဘုရားမပါလျှင် နန်းတော်သို့ သွားရဒါ အပြီးသတ်မည် မဟုတ်ပါ၊အရှင်ဘုရားကို ပခေနုထားရ၍ ပင့်ပါသည်၊ တပည့်တော်တို့အား ၈.ညှာသောအားဖြင့် တကြိမ်တခါ ကြွတော်မူပါ " ဟု တောင်းပန်ကြသောကြောင့် ဆရာတော်ဦးဗုဒ္ဓ လိုက်ပါကြွရောက်တော်မူလာလျှင် နန်းတော်၌ ရှင်ဘုရင်ကို မမြင်သဖြင့် "မင်းတို့ရှင်ဘုရင်က ဘယ်မှာတုံး" ဟု မေးတော်မူရာ ထွက်တော်မမူလာသေးကြောင်း လျှောက်ထားလျှင် "မင်းတို့ ရှင်ဘုရင် ထွက်လာအောင် ဘယ်မှာစောင့်နေ

နှိုင်မလဲ စိတ္တ-စိတ်တဲ့ကွဲ့ပြောလိုက်ကြ"ဟုမိန့်ဆိုကာ ကြွသွားတော်မူလေသည်။

ဘုရင်မင်းမြတ် ထွက်တော်မူလာ၍ ဆရာတော်များကို မတွေ့မမြင်ရသဖြင့် "ယနေ့ ဆရာတော်များ မကြွလာဘူးလား"ဟု မေးတော်မူသော အခါ ဆရာတော်ဦးဗုဒ္ဓ ပါလာသောကြောင့် ပြန်ကြွသွားတော်မူကြောင်းကို လျှောက်တင်ကြသော် "သြော်.... ယနေ့ ဆရာတော်ဦးဗုဒ္ဓ ပါသကိုး"ဟု မိန့်ဆို၍ အဆောင်တော် တွင်းသို့ ဝင်လေ၏။

(ဤကဲ့သို့ ဆရာတော်ဦးဗုဒ္ဓ မိန့်ကြားတော်မူခြင်းများသည် ဘုရားများကိန္နာတော်ကို ၇ လျက် လောကီဘက်သို့ လိုက်ပေါ် သမာဓိကြီးမားတိတိတ်သားတို့၏ အရာဖြစ်သည်ဟုမှတ်။)

## စာပေကျမ်းဂန် အယူသန်သော်လည်း
## အမှန်ကိုနှစ်သက်တော်မူခြင်း

အခါတပါးသော် မိုင်းခိုင်မြို့စား ပဋ္ဌကတ်တော်ဝန် ဦးယံသည် ရှင်သာမဏော ဘဝက ဆရာတော် ဦးဗုဒ္ဓထံသို့ သွား၍ "အရှင်ဘုရား ရေးသားအပ်သော ခုဒ္ဒသိက္ခာနိသယကို ကြည့်ရှုလိုပါသည်ဘုရား"ဟု လျှောက်ထားရာ "အေးကြည့်"ဟု ဆို၍ ပေးလိုက်သဖြင့် ကြည့်ရှုပြီး ပြန်ပို့သောအခါ "ဘာတွေ့သနည်း"ဟု မေးသဖြင့် "သတ္တု-မုံလုံးဟု ရေးသားထားသည်ကိုတွေ့ပါသည်ဘုရား"ဟု လျှောက်ထားလျှင် "သတ္တုတွေ့ ဘာဖြစ်သလဲ"ဟု မေးသောအခါ " သတ္တုမမှန် -သတ္တုမှု မှန်မည် ထင်ပါသည်ဘုရား" ဟု လျှောက်ထားရာ " မင်းက ဘာကိုထောက်ထား၍ သိသနည်း" ဟု မေးသဖြင့် "သဿာဒီဟိ တုဒေါ၀ါသုတ်ကို ထောက်၍ သသုဓာတ် တုပစ္စည်း- သဒ္ဒိသဒ္ဒေးဘော်နှင့် သတ္တု ပြီးကြောင်းထင်ပါသည် ဘုရား" ဟု လျှောက်ထားလေသော်

အနီးဦးရှိသော ပိုးသင်းပိုင်တထည်နှင့် ခါးပန်းကြိုးတချောင်းကို ပေးလှူလိုက်သည်ဆို၏။

(ဤနေရာ၌မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူဘူးသည်မှာ "သတ္တုခဏ္ဍနဲ့ ရေဒိသေ" ဟူသော မာဂဓအဘိဓာန်ကိုထောက်၍ သတ္တုမှ မှန်ကြေ၊ဝင်း ဆရာတော် ဦးဗုဒ္ဓ အားလျှောက်ထားဘူးပါသည်ဟု ပိဋကတ်တော်ဝန် ဦးယံ၊က လျှောက်ထားဘူးတယ်" ဟု မိန့်တော်မူသည်ကို ကြားလိုက်ရဘူး၏။ )

## ဆရာတော်ဦးဗုဒ္ဓ၏ ဥာဏ်စွမ်းစူးစမ်းစစ်ဆေးခြင်း

ကုန်းဘောင်မင်းသည် မိမိ၏ ကျေးဇူးတော်ရှင် ဖြစ်သော သဲအင်း သာသနာပိုင် ဆရာတော်ဘုရားကြီးအား ညွှတ်တွားဆယ်တန် ရှိဦးပန်လျက် ညောင်ကန်အကျော် အုဋ္ဌကျောင်း ဆရာတော် ဦးဗုဒ္ဓသည် လောကီ,လောကုတ် -စုဒ်,စော,ဝိဂြိဟ် ကော်နယ်ကျိုလျက် ထိုထိုဆစ်ပိုင်း မြင်းကောင်းစိုင်းသို့ ဓိမိုင်းဓိပတိ တမ္ပဒိဝယ် ကိတ္တိသဒ္ဒ ထုတိယောသ ရှစ်ပည ချီးပသောအသံ နိုင်ငံမဆံ့ ကြားတိုင်းအုံ့လျက် ပြန့်နှံ့ကျော်ကြားလှသည်ဖြစ်၍ အကျော်နှင့် အညှော် လျော်သည်, မလျော်သည် အတည်တကျ သိပါရအောင် စမ်းသပ်လည်ဆယ် အသွယ်သွယ်အဝ၀ မူလဇာတိ အနည်ကို နှိုင်းညှိထောက်လှမ်း စုံစမ်းစစ်ဆေး မေးမြန်းတော်မူရန် လျှောက်ထားတောင်းပန်လေ၏။

ထိုအခါ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် တပည့်ကြီးဖြစ်သော (ဆရာတော်ဘုရားကြီး ပြန်လွှန်တော်မူပြီးနောက် မောင်းထောင်သာသနာပိုင်ဖြစ်လတံ့သော) ဦးဥယျ,(ပုဂံမင်းလက်ထက် ဗားကရာ သာသနာပိုင်ဖြစ်လတံ့သော) ဦးပညာဇောတ,ဘုံကျော်ဆရာတော် ဦးပညာသာမိ,ခင်မကန်ဆရာတော် ဦးပြားအစရှိသော မျှားစွာသောတပည့်ကြီးတို့နှင့် သာသနာပိုင်

ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် သုံးဆိုင်ပိဋကတ် ငါးရပ်နိကယ် ထဲဝယ်ကျမ်းမြတ် ပတ်ပတ်မှေနှောက် ထက်,အောက်ပြန်လှန် ဘန်ဘန်ခါခါ ခက်ရာခက်ဆစ် ဖွေစီစစ်လျက် အနှစ်သေတ္တာ အဆစ်အဖု စေ့ငုသိပ်သည်း နည်းအသွယ်သွယ်နက်ကျယ်ကွယ်ခဏာင့် မဖြောင့်ဝါကျ ဒုဋ္ဌဟိတ ဝိပရိတ မကျ,မနှ မရ ဖွေနည် ကွေ့လည်ထွေးရှုပ် ပါဠိခလုတ်တို့ကို ကုတ်ကုတ်ကပ်ကပ် ရှာဖွေကြည့်ရှု စုဆောင်းပြီးလျှင်သုဓမ္မာတွင် ဓမ္မသဘင်ပွဲကြီးဆင်လေသည်။

ထိုဓမ္မသဘင်သို့ ကြွရောက်တော်မူရန် ဆရာတော် ဦးဇုဓိထံ ပင့်လျှောက်စေရာ ဆရာတော် ဦးဇုဓိလည်း ညောင်ကန်ဆရာတော်ငယ် တိုက်အုပ် ဦးဒဝိပ, တိုက်ကြပ်ကြီး ဦးဥာဏိန္ဒ, မန်ကျည်းကန်ဆရာတော် ဦးယုဂန္ဓရ ပစ္ဆာသမဏ တပည့် ၃ပါးနှင့် အတူ ကြွလာတော်မူလေသည်။

သာသနာပိုင် ဆရာတော်ကြီးသည် ခြေရံများစွာ သံဃာမထေရ် ဝန်းလည်ပတ်ခြံစံနေတော်မူရာက ခမနိယ,ယာပနိယ အလ္လာပ,သလ္လာပ-သာရဏီယကထာ ဝမ်းသာရှင်မော နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူပြီးမှ သာသနာပိုင် ဆရာတော်ဘုရားကြီးက တာဝတိ သာနတ်ဘုံဝယ် မွေးထုံသောကသစ်ပန်း၏ ရနံ့သည် ယူဇနာတရာတိုင်တိုင် လှိုင်ပျံ့ သကဲ့သို့ ဆရာတော်ဦးဇုဓိ၏ ဂုဏ်ဒုဒ္ဓါရ သီလပညာ သမာဓိကွန် ဂန္ဓန္ဓရ နည်းလေးဝဏ္ဏ စ,နသေသတ် ကျည်းသေခတ်သို့ ပတ်ယတ်စုံလင် မာတင်ဂဇိန် ဥာဏိန္ဒြေ သပြေထုတ်ချင်း သတင်းဂုဏ်နံ့ ပျံ့ပျံ့လှိုင်စည်ကျော်စောသည်ဖြစ်၍ ယုံမှား သင်္သယ ဝိစိကိစ္ဆာ တွေဝေသောအရာတို့၌ စောကြောဆွေးနွေး မေးမြန်းလျှောက်ထားရန်အခွင့်အရေး ပေးစေလိုကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

ထိုအခါ ဆရာတော် ဦးဗုဒ္ဓက "ဒေသနာတော်ဟူသည် နယသာဂရ, ဥာဏသာဂရ, ဒုက္ခောဂါ၌, အနန္တဂေါစရ, သဗ္ဗညုတ ဥာဏ်တော်၏ ကျက်စားရာ အာရုံ ဖြစ်၍ မောဟဂတိ မရှိချန်ချီ ဥာဏ်သက်၍ ထောက်မှီသမျှသာ လျှောက်နိုင်ပါမည်" ဟု ဝန်ခံတော်မူသည့်အခါ သာသနာပိုင်ဆရာတော်၏ လက်ထောက်ရင့်သီး တပည့်ကြီးတို့ကအဖြူးအခိုင်ဆိုင်ရာဆိုင်ရာ နာနာနယ နိပုဏ ဂမ္ဘီ အဆိုသေတ္တာ ညွှစ်ခါစုလျက် အနု, အကြမ်း အခမ်းအစုံ အာဂုံအာဂါ ယုတ္တာယုတ္တိ နှိုင်းညှိဆွေးနွေး အရေးကုန် မေးမြန်းကြလေသည်။

ထိုကဲ့သို့ မေးမြန်းကြသောအခါ ဆရာတော်ဦးဗုဒ္ဓက သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိ, ပါဠိ, အဋ္ဌကထာ, ဋီကာ, အနု, မဓု, လက်သန်း, ဂဏ္ဌိ, ယောဇနာ, သဒ္ဒါနည်း, ဆန်းနည်း, အလင်္ကာနည်း, နေတ္တိ နည်းတို့၌ တစည်းဖြင့် ဖြတ်သကဲ့သို့ တသမတ်ထည်း နည်းအဝ၀ စ,နမ ကျန် ကျမ်းဂန် အလာ ဂါထာ, စုံဏ္ဍိယ ပုဒ်, ဝါကျတို့နှင့် တကွ သုမင်သင်ရှင်းလင်း မြင်းကောင်းနင်းသို့ မကြွင်းမကျန် ပင်ထွက်ဥာဏ်ဖြင့် ဝေဘန်ခင်းကျင်း တျင်းတျင်းကုန်စင် ပုံယင်တူးမြှ၊ မပြုမပြင် သန့်ရှင်းစင်ကြယ်စွာ ဖြေဆိုတော်မူပါသတည်း။

ထိုအခါ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဖလိတိုင် ညောင်စောင်းထက်မှ ဆင်းသက်တော်မူကာ စမ်းသပ်စုံထောက်ထက်နှင့်အောက်ကို မွှေနှောက်ဖွေရှာ ပဏ္ဍိတ လက္ခဏာဖြင့် သေချာစစ်ဆေး ဆွေးနွေးစောကြောတော်မူပြန်ရာ ဆရာတော် ဦးဗုဒ္ဓက ရှေးနည်းအတူသာလျှင်နှုတ်, လျှာ မဆွံ့, မတွန့်, မထိတ် ကျိပ်လိပ်မြဲသေ ကေသရာပျံ့ ဂူထွက်သံသို့ မကျန်, မကြွင်း စင်တ

လင်းသာ ဖြည်းညှင်းမမာ သာယာနာဘွယ်သွယ်သွယ်ကျစ်လစ်ဝိသေသ ရှိစွာ ဖြေဆိုတော်မူပြန်ပါသည်။

ထိုအခါတွင်မှ သုဓမ္မာသဘင် ဆင်ယင်ကျင်းပရာဌာနသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံယာတော်များနှင့် တကွ မင်း,မိဖုယား၊ မင်းသား, မင်းသမီး၊ ဝန်ကြီး, ဝန်ငယ် သူကြွယ်, သူဌေး၊ပုဏ္ဏား, ပုဏ္ဏား စသော ပရိသတ်အပေါင်း တို့ကပါ သာဓုကာရံ အောင်သံရိုက်ဟီး ကောင်းချီး နှုမော်သံတော်မြှင့်ဟ ချီးပဒုံသြ အဟောဝတ ထောမနာကာရပြုပြီး ကြသော် ဆရာတော် ဦးဗုဒ္ဓမှာ "အကျော်ကားနည်း- အညှော်သည်းပါပေသည်" ဟု ချီးကြူးမိန့်ဆိုတော်မူကြပြီးလျှင် ဥာဏ်ပူဇော်ရန်အလို့ငှါ ငွေသုံးပိသာတန် သီးမျိုးစုံစွာ ပဒေသာပင်ကြီးကို လှူဒါန်းပူဇော်ပြီးလျှင် နောင်တော် ဖာလနန်းရှင် မင်းတရားကြီးသည် မဟာအောင်မြေဘုံစံ အုဋ္ဌကျောင်းတော်ကြီးကို ဝင်လှူတော်မူစဉ်အခါက ဆက်ကပ်လှူဒါန်းအပ်သော "စက္ကဝေန္ဒာဘိ သိရိသဒ္ဓမ္မဝေ မဟာဝမ္မ ရာဇာဓိရာဇဂုရု" ဟူသော ဒုတိယ တံဆိပ်တော်မှသည် "စက္ကဝေန္ဒာဘိ သိရိပဝရ သဒ္ဓမ္မပါလ ကဝိဝေ မဟာဝမ္မ ရာဇာဓိရာဇဂုရု" ဟူသော တတိယတံဆိပ်တော်ကို ကုန်းဘောင်မင်းက အသစ်ထပ်မံ၍ လှူဒါန်းတော်မူပြန်သည်။

ဆရာတော် ဦးဗုဒ္ဓ၏ တပည့်ရင်းအစစ် တစ်ခေါ်စလောက်လက်ထောက်ကြီးဖြစ်သော ညောင်ကန် ဆရာတော်ငယ် ဦးဒီပကိုလည်း ပထမ "ရာဇဂုရု တံဆိပ်တော်မှသည် "ဒီပဝေသဒ္ဓမ္မာ လင်္ကာရ မဟာဝမ္မ ရာဇာဓိ ရာဇဂုရု" ဟူသော ဒုတိယ တံဆိပ်တော်ကို အသစ် ထပ်မံ၍ လှူဒါန်းတော်မူပြန်သည်။

"စက္ကာဘိဝေ မဟာဝမ္မ ရာဇဂုရု" ဟူသော ပထမ တံဆိပ်

တော်ကို ညောင်ကန်ရွာ၌ ဂိုဏ်းအုပ် ဖြစ်တော်မူစဉ်ကပင် အလှူခံယူ ရှိတော်မူသည်။

## အင်းဝမြို့တော်မှ အမရပူရမြို့တော်သို့ ပြောင်းရွှေ့ခါ သီတင်းသုံးနေထိုင်တော်မူခြင်း

ဆရာတော်ဦးဗုဒ္ဓ၏ မူလတကာရင်း ဖြစ်ကြကုန်သော ဘကြီးတော် ဖာလိနန်းရှင် မင်းတရားကြီးနှင့် အုဋ္ဌေကျောင်းအမ နန်းမတော်မယ်နုတို့သည် ၁၁၉၉ ခုနှစ်-ကဆုန်လပြည့်ကျော် ၁ ၂ ရက်တနင်္ဂနွေနေ့-ညဉ့် ၄ ချက်တီးကျော် ၂ မောင်းခန့် အချိန်တွင် ညီတော် ကုန်းဘောင်မင်းအား ထီးနန်းကို လွှဲအပ်ရလေသည်။

ကုန်းဘောင်မင်းသည် အင်းဝမြို့၌ ထီးနန်း သိမ်းပိုက်တော်မူပြီးနောက် အမရပူရမြို့တော်ကြီးကို ၁ ၂ ၀၀ ပြည့်နှစ်ကစ၍ အသစ်တဘန် ပြန်လည် တည်ထောင်တော်မူကာ ၁ ၂ ၀၃ ခုနှစ်တွင် အင်းဝနေပြည်တော်မှ အမရပူရနေပြည်တော်သို့ ရွှေ့ပြောင်းစံနေတော်မူသောအခါ ကုန်းဘောင်မင်း၏ ဗိုဒုယားခေါင်ကြီးက မူလတကာရင်းများ ကိုးကွယ်ဆည်းကပ်သကဲ့သို့တစုံတရာ ချို့တဲ့မှု မရှိစေခြင်းငှါရင်း, အလွယ်တကူ သွားရောက်ခါ လှူဒါန်းပူဇော်ဖူးမြော်ကံ တော့ နိုင်စေခြင်းငှါရင်း ဆရာတော် ဦးဗုဒ္ဓကို အင်းဝင်မြို့ အုဋ္ဌေကျောင်းတော်ကြီးမှ ပင့်ဆောင်ကာ အမရပူရမြို့ မြောက်ပြင် (ယခု အမြင်အားဖြင့် မန္တလေးမြို့တောင်ပြင် ရှမ်းစုဘူတာ အရှေ့ဘက်) ကုန်းဘောင်မင်း၏ ဘွားတော် မြောက်နန်းမတော်ဒေါ်ဗုယားကြီးက ဆောက်လုပ်လှူဒါန်း၍ထားခဲ့သော "မဂ်လာဘုံကျော်" ညောင်ကန်တိုက် အတွင်း၌ ဝါဆိုကျောင်း ဆောက်လုပ်ပြီးလျှင် တင်လှူကိုးကွယ်တော်မူသည်။

(သက္ကရာဇ် ၁ ၂ ၀ ၀ ပြည့်နှစ်က အစ ယခုအချိန်သို့ကျအောင် အင်းဝနေပြည်တော်ကြီးဝယ် ထီးနန်းပျောက်ကွယ်လေတော့သည်။)

မှတ်ချက်။ ။ဆရာတော် ဦးဗုဒ်သည် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် နှောင်းတန်ကူး လဆန်း ၁၄ ရက်နေ့တွင်အင်းဝမြို့ အုန်ကျောင်းတော်မှ အမရပူရမြို့ မြောက်ပြင် မင်္ဂလာဘုံ ကျော်တိုက်သို့ ပြောင်းရွှေ့ သီတင်းသုံး နေတော်မူရသည်။

## ဆရာတော်ဦးဗုဒ်နှင့် ဆရာတော်ဦးကျော်

သက္ကရာဇ် ၁၂၀၁ ခုနှစ်သို့ ရောက်သောအခါ အမရပူရ ဒုတိယမြို့တည် နန်းတည် ကုန်းဘောင် မင်းတရားကြီး၏ သားတော် ပြည်မြို့စား "မဟာသီဟသူရ ဓမ္မရာဇာ"က ပင့်ဆောင်တော်မူချက်အရ ဆရာတော်ဦးကျော်သည် နေပြည်တော်သို့ ကြွရောက်တော်မူလာရာ ရှေးဦးစွာ ဆရာတော်ဦးဗုဒ်ထံသို့ တရပ်တရွာ ထည်းသား တကျောင်းတိုက်ထည်းထွက် သမဂ္ဂသီတင်းသုံးဘော်ချင်း ဖြစ်သည့်အားလျော်စွာ ဝမ်းမြောက်,ဝမ်းသာ နှုတ်ခွန်းဆက်စကား ပြောကြားလိုသည့်အတွက် ကြွသွားတော်မူလေ၏။

ထိုအခါ ဆရာတော်ဦးဗုဒ်သည် ဆရာတော်ဦးကျော်နှင့် ခင်မင်ရင်းနှီးသူ ဖြစ်သော်လည်း နှုတ်မဆက် စကားမပြော စာကြည့်လျက်သာ နေတော်မူသည်။ ဆွမ်းစားချိန်ကျ၍ ဆွမ်းဘုဉ်းပေးသောအခါမှ ဆရာတော်နှစ်ပါး မျက်နှာချင်းဆိုင်ကာ ထိုင်လျက် ဆရာတော်ဦးဗုဒ်က "မောင်ကျော် မင့်ကို မင်းသားကပင့်၍ ကိုးကွယ်ခြင်းခံရသဖြင့် မင်းဆရာဖြစ်ပြီ-ဘုရားအလိုတော်လိုက်၍ ကျင့်မှသာ ဘုရားသားတော် ဖြစ်မည်၊မင်းလို လိုက်၍ မင်းကြိုက်ကျင့်လျှင် မင်း၏သား ဖြစ်လိမ့်မည်"ဟု ဆုမ္မတော်မူသည်။

## ထို့ကြောင့် ရှေးဆရာမြတ်တို့က

ညောင်ကန်ဆရာတော်၊ ဦးဗုဒ်ခေါ်၊ ထုတ်ဖော်ဝေနိုင်ခဲ့ရာ။
လူ,နတ်,ဗြဟ္မာ၊ကွဲရဲ့မှာ၊ဆိတ်စာ ကြောက်ရာ။
ဘုရားကွဲရဲ့၊ကြောက်သကွဲ့၊ရောက်မဲ့ နိဗ္ဗာန်တာ။ ။ဟူ၍ ဆရာတော်၏ ဝါဒကို အလေးပြုကာ မှတ်တမ်းတင်၍ ထားခဲ့ကြလေသည်။

## ဆရာတော်ဦးဗုဒ္ဓနှင့် မုံရွေးဇေတဝန်ဆရာတော်

မုံရွေး ဇေတဝန် ဆရာတော်ကြီးသည် ၁၁၂၀ ခုနှစ်တွင် ဘွားမြင်တော်မူ၍ ၁၁၉၆ ခုနှစ်တွင် ပြန်လွန် တော်မူသည်။ ငယ်မည်မှာ ဦးနိုးဟု ခေါ်တွင်သည်။ရဟန်းဘွဲ့တော်မှာ ရှင်အရိယာဝံသ အာဒိစ္စ ရံသီတည်း။

၁၁၀၁ ခု တန်ဆောင်မုန်းလပြည့်ကျော် ၂ရက် ဗုဒ္ဓဟူးနေ့တွင် ဘကြီးတော် ဖာလိနန်းရှင် မင်းတရားကြီးက "ဣန္ဒဝေ၀ိရာဘိလင်္ကာရ သီရိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူသည်။

ထိုဆရာတော်သည် ရှင်သာမဏေအဖြစ်ကပင် အာဒါသမုခပျို့သစ်ကို ရေးသည်၊ ရဟန်းဖြစ်သောအခါ ပဠာဝုဓပျို့, နာရဒပျို့,မဟာသီလဝပျို့, ဥတေနပျို့, နာနာဆန္ဒပျို့, ကုသပျို့, အာကာသသျှတ္တရုလင်္ကာပျို့,ပြဿဒ်ကျောင်းဖွဲ့,ပါရမီတော်ခန်းပျို့ အဖြေ,မုံရွေးမေတ္တာစာ,ရာဇဝင်သံပေါက်,ကဝိမဏ္ဍာနီသတ်ပုံ အမွေခွဲပုံကြီး ဓမ္မသတ်ကျမ်း,ရာဇောဝါဒကျမ်း, သမန္တစက္ခု ဒီပနီအစရှိသောကျမ်းပေါင်းများစွာကို ရေးသားစိရင်တော်မူသည်။ ပိဋကတ်ကျမ်းဂန် တတ်မြောက်တော်မူသည်။ ဂန္ဓိန္ဒရ ဗဟုသုတ လွန်စွာပြည့်ဝတော်မူသည်။ကဗျာလင်္ကာ ဖွဲ့ဆိုခြင်းဌာ အလွန်ဝါသနာကြီးတော်မူသည်။

ဆရာတော် ဦးဗုဒ္ဓသည် မုံရွေး ဇေတဝန် ဆရာတော်ကို သဘင်သမားကြီးဟု ခေါ်လေ့ရှိသည်။ တခါတရံ ဘွေဆုံမိကြသော် ဆရာတော် ဦးဗုဒ္ဓက "သဘင်ဆရာကြီး ယခု ဘယ်ဇာတ်များ ခင်းကျင်းက,ပြနေပါသနည်း" ဟုမေးလျှောက်သော အခါ

ဇေတဝန်ဆရာတော်ကလည်း ကုသပျို့ ပဋ္ဌာဝုဓပျို့ ဥတေနပျို့ များကို မြှင်မြှင်ဆိုင်ဆိုင် စိမ်ခင်းကျင်းနေကြောင်းကို မိန့်ကြားတော်မူသည်။

ထိုအခါ ဆရာတော် ဦးဗုဒ်က "မုံရွေး ဇေတဝန်တို့ ပိဋကတ်ကျမ်းဂန် နှုံစပ်ဟန်ကို ရာဇောဝါဒကျမ်းကို ကြည့်က နောင်လာနောက်သားတို့ သိကြလိမ့်မည်"ဟု မိန့်ဆိုတော်မူလေသည်။

**ဆရာတော်ဦးဗုဒ်နှင့် ဆရာတော်ဦးရွှေသီး**

ပုဂံမင်းလက်ထက် တလုတ်မြို့စား မင်းကြီး မဟာမင်းလှသန်ယာဘွဲ့ရ စီးတော်မြင်းဝန်ကဆောက်လုပ်လှ။ဒါနိုးအပ်သော အခရပူရမြို့ အရှေ့မျက်နှာ မြင်းဝန်တိုက်၌ သီတင်းသုံးတော်မူသော "သုဓမ္မာလင်္ကာရာဘိဓဇ မဟာဓမ္မ ရာဇာမိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မြင်းဝန်ဆရာတော်ဦးရွှေသီးသည် (ဦးရွှေသီးမူ ခေါ်သော) အဘိဓမ္မတ္ထသင်္ဂဟနိဿယ မူကျယ်ကျမ်းကြီးကို ဥပမာ,ဥပမေယျနှင့် တကွ အတ္ထယောဇနာနည်း အထွေထွေ-အနုသန္ဓေဆိုရန် အချက်ချက်-ကျမ်းတက်,ကျမ်းထွက်နည်းအဖြာဖြာ-ဌာ၁နေ,ပါ၊ပနာ-ဒရောပနာ,စောဒနာ-သောဒနာ အသွယ်သွယ် ပရိယာယ် အရပ်ရပ်-စာစပ်ပုံ အနည်းနည်း-စည်းကမ်းကျ မှတ်သားဘွယ်-ပေါ်ယာယ်ဝစနတ္ထ-ဝိဂ္ဂဟ ဝိဂြိုဟ်- ထိုထိုခါတ်ပစ္စည်း အရကောက် နည်းအများ- သရုပ်ကြားပုံ အ၀ဝ အဓိပ္ပါယတ္ထ အဖြာဖြာ- အာစရိယ၀ါဒ အဖုံဖုံ - အာဂုံသာ၀က- ဥာ၀ကဆိုင်ရာ- နည်းမျိုးစုံပါအောင် ရေးသားစီရင်တော်မူခဲ့သဖြင့် ထိုဆရာ၁တော်၏ ဥာဏ်ရည်အသွားသည် ယခုခေတ် ကျမ်းပြုဆရာတို့ စံမမှီ ရှားလောက်ပေသည်။

ဆရာ၁တော်ဦးရွှေသီးသည် ဆရာတော်ဦးဗုဒ်ထံ မ့ကြာမကြာ စာမေးရန် သွားလေ့ရှိသည်။ တနေ့သောအခါ ဆရာတော်

ဦးဗုဒ္ဓိက အဘိုးမမ္မာဘက်ဆိုင်ရာ ပုဒ်တခုကိုထုတ်ခါ "ရှေသီး ဤနေရာ၌ ဌာကျော်က ဘယ်လိုဘွင့်သနည်း၊မဏိဠ္ဌ,သခ်ေပ, ပေါရာဏ,သစ္စသံခိပ်,အဘိမမ္မာဝတာရ ဤဌာက ဤဌာ များက ဘယ်သို့ဘွင့်ကြသနည်း၊အဋ္ဌသာလိနီ,မူလဌာက,အနု ဌာကတို့က ဘယ်ပုံ ဘွင့်ပြသနည်း" ဟု တကျမ်းပြီး တကျမ်း ဆက်၍ ပုဒ်,ပါဠိ ဘွင့်ပုံနှင့် တကွ အနက်,အဓိပ္ပါယ် အလုံးစုံ ဘို့ကို အကုန် မကြွင်းမကျန်ရအောင် မေးမြန်းစမ်းသပ်ခြင်းအမှု ပြုတော်မူလေသည်။

ထိုကဲ့သို့ မေးမြန်းသောအခါ ဆရာတော် ဦးရှေသီးကလည်း မေးတိုင်းမေးတိုင်းသော ကျမ်းတို့၏ အဘွင့်ကို အနက်,အဓိပ္ပါယ် နှင့်တကွ နှုတ်ရအာဂုံ လုံးစုံဖေါ်ထုတ် တမှတ်ဖြင့် သုတ်သုတ် လျင်စွာ ဝေဘန်ကာ ရှင်းပြလေသည်။

ထိုအခါ ဆရာတော်ဦးဗုဒ္ဓိက "ကောင်းပြီ ရှေသီး ဤနေရာ၌ မဏိဒီပကတော့ ဘယ်လိုဘွင့်သေးသနည်း" ဟု တဘန် ထပ်၍ မေးတော်မူပြန်ရာ၊ဆရာတော် ဦးရှေသီးက "ဤနေရာ၌မဏိဒီပ ကို နှုလုံးမသွင်းမိ၍မဖြေဆိုနိုင်အောင်ပင်ရှိပါသည်"ဟုလျှောက် လေသည်။

ဤသို့ ဝန်ခံသောအခါမှ ဆရာတော် ဦးဗုဒ္ဓိက "ရှေသီး မဏိ ဒီပ၌ မောဟကြီးနေ၍ မရှုတ်ဆိုနိုင်လျှင် မောင်ဗုဒ္ဓိက ရှုတ်ပြ လိုက် ရဦးမဟုတ်" ဟု ပြောကာ မဏိဒီပဘွင့်ထားပုံကို အာဂုံ ရှုတ်ဆိုကာအနက်,အဓိပ္ပါယ်ပါ မကျန် စုံလင်နက်နဲစွာ ဝေဘန် ရှင်းလင်း၍ ပြတော်မူသောအခါ၊ ဆရာတော် ဦးရှေသီးသည် ဆရာတော် ဦးဗုဒ္ဓိအပေါ်၌ ရှေးကထက်ပင် အတိုင်းထက်အလွန် ပိုမို၍ ကြည်ညိုလေးစားသော စိတ်တို့သည် တဖိတ်ဖိတ် တလျှပ် လျှပ် ဖြစ်ပေါ်လာလေသည်။

ဆရာတော်ဦးရှေသီးသည် မိမိကျောင်းတိုက်သို့ ပြန်ရောက်သောအခါ တိုက်တာရှိ တပည့်"အပေါင်းတို့အား ဆရာတော်ဦးဗုဒ္ဓိသည်ကျုပ်ထက် အသက်,သိက္ခာလွန်စွာကြီးလှသည်မဟုတ်လ, အရေအတွက်မျှလောက်သာ ကြီးသူဖြစ်ပါလျက် ပရိသတ်အလည်မှာ ကျုပ်ကို ရှေသီး ရှေသီးဟုခေါ်သည်ကို ရှေးအခါက ကျုပ်မကျေနပ် မနှစ်သက်ချင်ဘူးဗျ၊ယခု ကျုပ်ကို မကိုဒ ိပနှင့် စမ်းလိုက်မှဘဲ ကျေနပ်နှစ်သက်ခါ ကြည်ညိုမှု လာတော့သည်။ နောက်နောင်တော့ဖြင့် ရှေသီးမကလို့ ခွေးသီးခေါ်ခေါ် ကျုပ်ကျေနပ်သည်၊ အကြည်ညိုမပျက်တော့ဘူးဗျား" ဟူသော စကားကို ဝမ်းမြောက်ဝမ်းသာနှင့် မြင်းဝန်ဆရာတော်ဦးရှေသီးက မိန့်ကြားတော်မူသော ဟူ၏။

**သာသနာပိုင် ဦးဥယျ ဆရာတော် ဦးဗုဒ္ဓိထံ ကြွလာခြင်း**

သက္ကရာဇ် ၁၁၆၁ ခု၊ပထမ ဝါဆိုလပြည့်ကျော် ၁၀ရက်အင်္ဂါနေ့တွင် ဘွားမြင်တော်မူသော လူမည် ဦးသန်မှို-ရှင်မည် အရှင်ဥယျဓမ္မသည် သက္ကရာဇ် ၁၂၀၁ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကုန်းဘောင်မင်းက "ဥယျဓမ္မာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာမိ ရာဇဂုရု" ဟူသော ဘွဲ့ တံဆိပ်တော်ကို ကပ်လှူတော်မူကာ သာသနာပြု ခန့်အပ်တော်မူသဖြင့် သာသနာပိုင် အဖြစ်သို့ ရောက်တော်မူပြီးနောက် တနေ့သော အခါ ဆရာတော်ဦးဗုဒ္ဓိထံသို့ ကြွလာရာ လှေခါးရင်းသို့ ရောက်လျှင် ဦးပဉ္စင်းများက မြင်ကြ၍ ဆရာတော်ဦးဗုဒ္ဓ စာချနေဆဲတွင်ဖျာ သင်ဖြူးတို့ကို ခင်းကြသဖြင့် "ဘာလုပ်ကြတာတုံး"ဟု မေးသောကြောင့် သာသနာပိုင်ကြွလာ၍ နေရာခင်းကြပါသည်ဘုရား ဟု လျှောက်လျှင် "သာသနာပိုင်က ကိုယ့်နေရာ ကိုယ်နေတာမဟုတ်ဘူး"ဟု မိန့်ကြား တော်မူလိုက်ရာ၊သာသနာပိုင်

ဦးဥယျလည်း လောကၽွ် အကင်းပါးသဖြင့် လှေခါးရင်းမှ ပြန်ကြွသွားလေ၏။

ကျောင်းသို့ ရောက်သောအခါ "လျှောက်ထားရန်ကိစ္စရှိပါသဖြင့် ဘုရားတပည့်တော်၏ ကျောင်းသို့ ကြွလာတော်မူစေလိုပါသည်"ဟု စာရေးပြီးခါ လူလွှတ်၍ စေခိုင်းလိုက်ရာ၊ ဆရာတော် ဦးဗုဒ္ဓ ကြွတော်မူလာပြီး "ကိုဥယျက ကျုပ်ကို ဘာကိစ္စခေါ်တုံးဗျ"ဟုမေးလျှင်-"အရှင်ဘုရား တခြား ကိစ္စ အကြောင်းထူး မရှိပါ၊တပည့်တော်မှာ လူငယ်ဖြစ်လျက် သာသနာပြုအရာကို ထမ်းဆောင်ရသောကြောင့် ချွတ်ချော်တိမ်းပါး အမှားများကို မြင်တွေ့လျှင် ဆိုဆုံးမစေချင်၍ ပင့်လျှောက်ခြင်း ဖြစ်ပါသည်"ဟု လျှောက်ထားသောအခါ ဆရာတော် ဦးဗုဒ္ဓက "ကိုယ်စွမ်းလို့ ကိုယ်ဖြစ်ထာ ပြောစရာမလိုပါဘူး"ဟု မိန့်ဆို၍ ပြန်ကြွသွားသောဟူ၏။

**ဆရာတော် ဦးဗုဒ္ဓ ပေစာတချပ် ရေးထည့်လိုက်ခြင်း**

တောင်သမန်တိုက်က ရဟန်းငယ် တပါးသည် ကခ်ါစာကိုယ်တစောင်ကို ရေးကူးရာ ပေစာတချပ်ကို မကူးဘဲ ချန်ထားပြီးလျှင် ရေးကူးပြီးပေစာကို ယူ၍ ဆရာတော်ဦးဗုဒ္ဓထံ ဤစာကို ကြည့်ရှုပေးတော်မူပါမည့်အကြောင်း လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်ဦးဗုဒ္ဓက"အေးထားခဲ့ သဘက်ခါတော့ လာယူလှည့်"ဟု မိန့်တော်မူလိုက်၏။ဆရာတော်သည် ထိုစာကို ကြည့်ရှုရာ ဆယ်ကြောင်းပေတချပ်စာမျှ ကျ၍ နေသည်ကို တွေ့မြင်ရသဖြင့် ပေတချပ် အသစ်ရေးပြီးလျှင် ထည့်သွင်းထားလေသည်။စာရှင် ရဟန်းလာယူသော အခါ "ဦးပဉ္စင်းပေစာတွင် စာတချပ် ကျနေ၍ ငါဖြည့်ပြီးရေးထည့်လိုက်သည်"ဟု မိန့်တော်မူလိုက်သည်။

စာရှင် ဦးပဉ္စင်းလည်း ပေစာကိုယူ၍ မိမိကျောင်းတိုက်သို့ ပြန်ရောက်သောအခါ မိမိမရေးကူးဘဲချန်ထားခဲ့သော ပေစာချပ်နှင့် ဆရာတော်ဦးဗုဒ် ရေးထည့်လိုက်သော ပေစာချပ်ကို တိုက်ဆိုင်ကြည့်ရာ အက္ခရာ အနေအထား တလုံးတပါဒမျှ မတိမ်းပိုဒ်သေး ပိုဒ်ကြီးက မကျန်-အစ, အဆုံးချင်း ကိုက်ညီ၍ နေပြန်သည်ကို မြင်တွေ့ရသောကြောင့် တိုက်ရှိရဟန်းအပေါင်းတို့အား အကြောင်းစုံ ပြောကြားရာ များစွာသော ရဟန်းတို့သည် ဒုံးသြမဆုံး ပြောမတုန်းအောင် နှလုံးကြည်အိ ဂုမ်းဆီထိသို့ ဝိတိလျမ်းကာ ချီးမွမ်းထောမနာကြပြီးလျင် ငါတို့ဆရာတော်ကတော့ ပါရမီထူးခြားသည့် ဥာဏ်ကြီးရှင်ပုဂ္ဂိုလ်တပါးပါဘဲဟု နှုတ်ကမြွက်ဆိုကာ-ဆရာတော်ဦးဗုဒ်ရှိရာသို့ မျက်နှာမူလျက် လက်အုပ်ချီခါ ရှိခိုးဦးချ၍ ပူဇော်ကံ တော့ကြပါသည်။

## ဆရာတော်ဦးဗုဒ် ထုံးအိုးနှစ်ခိုင်းသော ပေစာ

သရက်တောတိုက်နေ ရဟန်းငယ်တပါးသည် အဘိဓမ္မာဘက်ဆိုင်ရာ အနက်သဘောတို့ကို လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တင်၍ မိမိ၏ယူဆချက်အတိုင်း ထင်မြင်ရာကိုနေရာမကျ ကမောက်ကမ ရေးသားထားသော ၁၀ ကြောင်းပေ ၃အင်္ဂါခန့် ရှိစာကိုယူ၍ ဆရာတော်ဦးဗုဒ်ထံ လာပြီးလျင် ဤစာကို ကြည့်ရှုသုံးသပ်တော်မူ၍ မှားယွင်းသောအချက်များ တွေ့ရှိပါက ထုံးစက်ပြတော်မူပါဘုရားဟု လျှောက်ထားရာ "အေး နက်ဖြန်ညနေ လာယူလှည့်"ဟု အမိန့်ရှိလိုက်သည်။

ထိုပေစာကို ဆရာတော်ကြည့်ပြီးသော အခါ "ဟဲ့ မောင်ပဉ္စင်းတပါး လာစမ်း ဒီပေစာကို ဟိုထုံးအိုးကြီးထဲမှာ မြုပ်သွားအောင် နှစ်ထားလိုက်စမ်း"ဟု ခိုင်းစေတော်မူသည်။ ဆရာတော်၏ အမိန့်အတိုင်း ထုံးအိုးတွင်းခ္ခ နှစ်ထားရလေသည်။

နောက်တနေ့ စာရှင်ရဟန်း လာယူသောအခါ "ကိုယ်တော်ပေစာ ဟိုထုံးဒိုးကြီးထည်းမှာနှစ်ထားသည်ယူသွား" ဟု အမိန့်ရှိသဖြင့် စာရှင် ရဟန်း သည် စာကိုယူ၍ မိမိကျောင်းတိုက်ရှိ သီတင်းသုံးဘော်များကို ပြောကြားပြီးလျှင် အားလုံးပင် ရယ်မောခါ ဆရာတော်၏ဂုဏ်ကို ကြည်ညို မြတ်နိုးသော အားဖြင့် ဆရာတော် ဦးဗုဒ္ဓိရှာ ရှိခိုးဦးချ၍ ဂ ်တော့ကြလေသည်။

## ဆရာတော်ဦးဇင်နှင့် ဓမ္မစကြာပြန် သာမဏေယ်

တနေ့သ၌ ဂူကြီးတိုက်က သာမဏေယ် တပါး သည် ဆရာတော် ဦးဗုဒ္ဓိထံသို့လာ၍ ရိုသေစွာ ရှိခိုးဦးချလျက် လက်အုပ်ချီကာ ထိုင်စောင့်နေရာ ဆရာတော် စာကြည့်ပြီးသောအခါ "ဆရာတော်ဦးဗုဒ္ဓ ဦးဗုဒ္ဓနှင့် ကျမ်းဂန်တတ်အရာ တဘက်ကမ်းခပ်တယ်ဆိုဒါနှင့် ကျော်လွန်းလို့ ခြေတော်ရင်းလာခဲ့ပါ အဂန္တုကဝတ် မကြေသည်ကိုမြင်မှ အနေရခက်လိုက်လေသည်" ဟု ရဲရင့်တည်ကြည်စွာ လျှောက်ထားရာ ဆရာတော် ဦးဗုဒ္ဓက "အေးဟုတ်ပေတယ် ဟုတ်ပေတယ် ကိုင်းကိုင်း သည်ဖျာပေါ်ကွေ့ပါ ဗျား" ဟု ညွှန်ကြားလိုက်သောအခါ သာမဏေယ်သည် ပုဆစ်ခွေးချလျက် ထိုင်လေသည်။

ဆရာတော်ဦးဗုဒ္ဓက "ဘာကိစ္စရှိသနည်း" ဟု မေးရာ-သာမဏေယ်က စာပြန်လို၍ လာပါသည်ဘုရား ဟု လျှောက်ထားသည်၊ "ဘယ်စာကိုပြန်လိုပါသနည်း" ဟုမေးရာ-ဆရာတော် ဘုရားစီရင်ရေးသားထားသော ဓမ္မစကြာပါ၌, အနက်ကို ပြန်ဆိုလိုကြောင်းလျှောက်ထားသည်။ ထိုအခါ ဆရာတော်ဦးဗုဒ္ဓက "သည် နေရထိုင်ပေါ်ကွေ့ပြီး ပြန်ဆိုတော်မူပါကြားနာပရစေ" ဟု တောင်းပန်စကား ပြောကြား၍ ရိုသေစွာ ထိုင်လျက်နာယူသည်။

သာမဏေယ်သည် ရှေးဦးအစတွင် ကြည်လင်ပြတ်သားစွာ ပါဠိတော်ကို ပြန်ဆို၍ ထို့နောင် နိဿယကို ဆက်လက်၍ပြန်ဆိုပြီးသောအခါ ဆရာတော်ဦးဗုဒ္ဓိက "သာဓု, သာဓု, သာဓု ဝမ်းမြောက်ရပေသည်"ဟု မိန့်တော်မူပြီးလျှင် သက်နုံးတစုံကို မောင်းထောင်ခွက်ဌ ထည့်၍ "ဤသက်နုံးကို ဝတ်ရုံပါ တရားတော်ကို ကြည်ညိုလေးမြတ်သောအားဖြင့် တရားတော်ကို ဆောင်သော ပုဂ္ဂိုလ်ဖြစ်၍ ပူဇော် ချီးမြှောက်ပါသည်"ဟု မိန့်ဆို၍ လှူဒါန်းလေသည်။

ဝမ္မစကြာပြန် သာမဏေယ်ကို ဆရာတော် ဦးဗုဒ္ဓိက အလေးပြု၍ ချီးမြှောက်ကြောင်း နန်းတော်က ကြားရာ မိဖုယားတဦးက ပဋ္ဌင်းလောင်းအဖြစ်ဖြင့် မှတ်သားကာ ကိုးကွယ်ထားလေသည်။

**မှတ်ချက်။** ။ဆရာတော် ဦးဗုဒ္ဓိသည် စာပေ ပရိယတ်နှင့်စပ်သော အရာဘို၌ ပုဂ္ဂိုလ်အတန်းအစား မရွေး အလေးအမြတ်ပြု၍ ချီးမြှောက်ပုံကို အတုယူဘွယ်ကောင်းလှပေသည်။

## နန်းမတော်-မယ်နုသည် ဆရာတော်ဦးဗုဒ္ဓိအား နောက်ဆုံး ဖူးမြော်ကံတော့ခြင်း

သက္ကရာဇ် ၁၁၉၉ ခု-ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့တွင် ထီးနန်းစည်းစိမ်မှ လျှောကျ၍ အိမ်နီမှ်စံနေရစဉ် ၁၂၀၁ ခု တဒေပါင်းလ မတ္တရာသူပုန်မှုတွင် အလိုတူကြိုရာ ပါဝင်သည့် အတွက် နန်းမတော် မယ်နုအား တောင်ဥယျာဉ်တော် အတွင်းသံတော်ဆင့် ငရွှေသားနှင့် တိုက်ဆိုင်ကာ စစ်ဆေးမေးမြန်းရာ၊ မကွယ်မထောင့် အဓြောင့်အမှန် အစစ်ခံ ထွက်ဆိုသည်ဖြစ်၍ ထုံးစံနှင့်အညီ နန်းမတော် မယ်နုကို ရေတွင်ချ၍ အဆုံးစီရင်ရန် မြို့ဝန်, ပါးကွက် အာဏာတို၏ လက်သို့ လွှဲအပ်လိုက်လေသည်။

ထိုအခါ နန်းမတော် မယ်နုက "ငါသည် ဤဘဝ၌ မြင့်မြတ်သော အခြေအနေသို့ ရောက်၍ အလိုရှိသမျှ စည်းစိမ်ချမ်းသာတို့ကို ခံစံခဲ့ရပြီ၊ မျှားမြတ်သော ကုသိုလ်, ကောင်းမှုတို့ကိုလည်း ကြိုးစားအားထုတ်ခဲ့ရပြီ၊ သို့အတွက် သေရမည်ကို တွေးတွေးဆဆ ပူပန်၍ ငါ,မကြောက်လှ- သို့သော် ငါသည် ရိုသေလေးမြတ်စွာ ကိုးကွယ်ဆည်းကပ်အပ်သည့် ဆရာရင်းဖြစ်သော ဆရာတော် ဦးဗုဒ်ကို နောက်ဆုံး ဖူးမြော်ကံတော့လိုသည့် အတွက် မင်္ဂလာဘုံ ကျော် ညောင်ကန်တိုက်သို့ ငါသွားရန် အခွင့်ပေးနိုင်ကြမလား"ဟု မေးမြန်းရာ မြို့ဝန်နှင့်တကွသော အာဏာသားတို့ကလည်း ရှေးအခါက ကျေးဇူးတော်အများကို ထောက်ထား၄ှ,ညှာ၍ မိဖုယားကြီး အလိုရှိရာ သွားရောက်ရန် အခွင့်ပေးနိုင်ကြပါသည်ဟု လျှောက်တင်ကာ ဆရာတော်ဦးဗုဒ်၏ ခြေတော်ရင်းသို့ ရောက်အောင် ပို့ဆောင်ကြလေ၏။

နန်းမတော် မယ်နုသည် ဆရာတော်ဦးဗုဒ် စာကြည့်နေခိုက် ရောက်သွားသဖြင့် ရှိခိုးဦးချကာ-"အရှင်ဘုရား ယခုအခါ ကုန်းဘောင်မင်း၏ ဘုန်းတံခိုး လွှမ်းမိုးလာ၍ သူ၏ အာဏာစက်ဖြင့် စာပည့်တော်မ၏ အသက် အဆုံးစီရင်ခြင်း ခံရပါတော့မည်၊ ဤနေ့သည်ကား ဆရာတော်ဘုရားအား နောက်ဆုံး ဖူးမြော်ကံတော့ခြင်း ဖြစ်ပါသည် ဘုရား"ဟု လျှောက်ထားသောအခါ ဆရာတော်ဦးဗုဒ်သည် အုဋ္ဌေကျောင်းအမ နန်းမတော် မယ်နုရှိရာဘက်သို့ မျက်နှာလွှဲ့ကာ "မိန့ သူ့ကြွေးရှိလျှင် ဆပ်ရလိမ့်မည်" ဟု အမိန့်ရှိတော်မူလိုက်သည်။

ကျောင်းအမ မယ်နုလည်း ဆရာတော်ကို ရှိခိုးဦးချကာ ကျောင်းပေါ်မှ ဆင်းအလာ တော်ပြီ,တော်ပြီ ငါသေပျော်ပြီ- ငါသေ၀ံ့ပြီ,ငါသေရဲပြီ ဆရာတော်ဘုရားကို နှစ်ပေါင်းများစွာ

ကိုးကွယ်ဆည်းကပ်လာခဲ့ရာ ဘယ်အခါမှ ငါ့နာမည်ကို ခေါ်၍ စကားလည်း မပြောဘူး,တရားလည်း မဟောဘူး စာကြည့်ရာက နေ၍ ငါရှိရာဘက်သို့ မျက်နှာလှည့်ပြီး ဤကဲ့သို့ကြည့်ရှုဘူးသည် မရှိ၊ သည်ကနေ့မှာဘဲ ငါရှိရာဘက်သို့ မျက်နှာလှည့်၍ ငါ့နာမည်ကိုခေါ်ကာ တရားဟောလိုက်သည်မှာ "မိန္ဒ သူ့ကြေးရှိလျှင် ဆပ်ရလိမ့်မည်တဲ့"တော်ပြီ-တော်ပြီ၊ သေလမ်းဖြောင့်ပြီ ငါ့ကို ဆရာတော်က သေစရိတ် ပေးလိုက်သည်ဟု အထပ်တလဲလဲ ပြောဆိုကာ ဝမ်းမြောက် ဝမ်းသာနှင့် အာဏာသားတို့၏ ခေါ်ဆောင်ရာသို့ မျက်နှာညှိုးငယ်ခြင်းမရှိဘဲ ရဲရဲကြီး လိုက်ပါ၍ သွားလေသတည်း။

## သာသနာပိုင် ဦးဥယျက ဆရာတော်ဦးဗုဒ္ဓ သမုတ်သော ရေပုတ္တလင်သိမ် မအောင်ဟုပြောခြင်း

ဆရာတော်ဦးဗုဒ္ဓသည် ရေပုတ္တလင်၌ သိမ်သမုတ်ရာ မြသိန်းတန် ဘုရား၏ ဝတ္ထုကမြေ အတွင်းဖြစ်၍ ပိုင်ဆိုင်သူ မင်းစိုးရာဇာ မရှိ သောကြောင့် စေတီယလာဘအဖြစ်ဖြင့် နယ်သံယာကို မသိမ်းဘဲ ဂါ၀ါမသိမ်သမုတ်ခဲ့၏။

ထိုအကြောင်းကို သာသနာပိုင် ဦးဥယျ ကြားသောအခါ ထိုသိမ် မအောင်ဟုပြောသဖြင့် ဦးဥယျ၏ ယ်ဆရာ မန်ကျည်း ကန်ရွာ၌ သီတင်းသုံးတော်မူသော ဘုန်းတော်ကြီး ဦးဂြန်က "မောင်ဥယျ ဆရာတော် ဦးဗုဒ္ဓထံသွား၍ မေးမြန်းလျှောက်ထားလေ၊ ဆရာတော်ဦးဗုဒ္ဓကလည်း မောင်ဥယျနားလည်အောင် ပြောကြားလိုက်ပါ"ဟု နှစ်ပါးလုံးထံ စာပေးရာ ထိုအကြောင်းကိုဆရာတော် ဦးဗုဒ္ဓသိသဖြင့် "ဥယျက ဘုရားမဟုတ်ဘဲနှင့် ငါသမုတ်သည့်သိမ်ကို မအောင်ဘူးလေး ဘာလေးနှင့် ပြောနေသည် နားမလည်လျှင် လာခဲ့ နားလည်အောင်ပြောပြမည်"

ဟု အမိန့်ရှိရာ သာသနာပိုင် ဦးဥယျလည်း ဆရာတော်ဦးဗုဒ္ဓထံ သို့ သွားရှိ မလျှောက်ထား မမေးမြန်း ကိစ္စတန်းလန်းနှင့် ယခု တိုင် ကျန်ရစ်ခဲ့၏။

**သာသနာပိုင် ဦးဥယျက ဆရာတော် ဦးဗုဒ္ဓအလိုကို စမ်းခက်း**

သာသနာပိုင်ဦးဥယျက ရှေမြို့တော်နေ ဆရာတော်များသည် ဥဘတောဝိဘင်းကို ပြန်ဆိုကြရမည်ဟု စာရေးရှိ ဆရာတော် ဦးဗုဒ္ဓထံသို့ အပို့ခိုင်းလိုက်၏။

ထိုအခါ ဆရာတော်ဦးဗုဒ္ဓက စာကိုကြည့်ပြီးလျှင် "ရှေမြို့တော်က ဆရာတော်များ ဥဘတောဝိဘင်း ပြန်ဆိုရန် ဝန်မလေးပါ ဘိုးတော်လက်ထက်က မောင်းထောင် သာသနာပိုင်,နောင်တော်ကြီးလက်ထက်က စလင်းသာသနာပိုင်, ရှေးရှေးက သာသနာပိုင်များဆော့ ဝိနည်း ၅ ကျမ်းကို ပြန်ဆိုကြရသည်ဟု ကြားဘူးသဗျား"ဟု အမိန့်ရှိလိုက်၏။

**ဆေးလိပ်သောက်ထာ သာသနာပိုင် ဘုရားတယ်ဒါလောက် အပြစ်မကြီးဟု မိန့်တော်မူခြင်း**

သာသနာပိုင် ဦးဥယျက ဆရာတော် ဦးဗုဒ္ဓ၏ ကျောင်းတိုက်နေ ရဟန်းငယ်များ ဆေးလိပ်သောက်သည်ဟု ကြားရ၍ ဆုမ္မတားမြစ်ပေးရန်မဟာဒါနိုဝန်ကို စေလွှတ်လိုက်သဖြင့် ဆရာတော် ဦးဗုဒ္ဓထံ မဟာဒါနိုဝန်က သွားရောက်၍ "အရှင်ဘုရား၏ ကျောင်းတိုက်က ရဟန်းငယ်များ ဆေးလိပ်သောက်ပါသည် ဘုရား" ဟု လျှောက်ထားသောအခါ ဆရာတော် ဦးဗုဒ္ဓက "ဆေးလိပ်သောက်ထာ သာသနာပိုင် ဘုရားတယ်ဒါလောက် အပြစ်မကြီးပါဘူး"ဟု မိန့်ဆိုတော်မူသည်ဆို၏။

ထို့ကြောင့် ခုဒ္ဒသိက္ခာ မိစ္ဆာဇိ၀ ဝိ၀ဇ္ဇနာ အာဇာီးဌ် "အညတရေနာတိ ဧတေသံ၀ါ ၀ေဠုဒါနာဒၦနံ ၀ဇ္ဇကမ္မ, ဘက္ခာ၀ါရိကကမ္မ, ပိက္ခ ပဋိပိက္ခကမ္မ, သံယုပ္ပါဒ စေတိယုပ္ပါဒုပဒ္ဒ ပနာဒၦနံ မိစ္ဆာဇီ၀ေန ဇီ၀ိတာ တပ္ပန ကတကမ္မာနံ ယေန ကေနစိ" ဟု ဝိသုဒ္ဓိမဂ် ၎ကာဌ် မိန့်ရကား ရဟန်းတို့ အလ္ပ။ ပေးခြင်း, ဘုရားတည်ခြင်းသည် မိစ္ဆာဇီ၀ လွတ်ခဲ့စွ။

**မှတ်ချက်။** ။ဘိုးတော်ဦးဝိုင်း လက်ထက်က ပထမ မောင်းထောင်သာသနာပိုင် ဆရာတော်ကြီး ဦးမြတ်နေသည် မောင်းထောင်ရွာမှ မြောက်အရပ် တာ(၅၀၀)အကွာတွင် ဘုရားတည်တော်မူခဲ့၏၊ ဘွဲ့အမည်တော်မှာ ကွမ်းတောင်ပုံ ဖြစ်ခြင်းကြောင့် ကွမ်းတောင်ဘုရားဟု ခေါ်ဝေါ်သမုတ်ကြ၏၊ ဘုရား၏ အနီးတွင် သိမ်ကြီးလည်း သမုတ်ခဲ့သေးသည်။

ဒုတိယ မောင်းထောင် သာသနာပိုင် ဆရာတော် ဦးဥေယျသည်လည်း မိမိမွေးဘွားရာ ဇာတိဖြစ်သော နတ်ရဲတောင်ရွာ၌ ဘုရားကြီးတဆူ တည်ထားတော်မူခဲ့သေး၏၊ ဘွဲ့တော်မှာ "လောကမာရဇေါ်" ဟု သမုတ်အပ်သော်လည်း ယခုအခါလူအများတို့က 'ဘုရားကြီး' ဟု ခေါ်ဝေါ်နေကြသည်။

သံအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးသည်လည်း ဘုရား တည်သည်ဟု ကြားရဘူးသေး၏။

(နေရာဌာန အတိအကျ မသိရ)

**ဆရာတော်ဦးဇုန်နှင့် ခင်မကန် ဦးပြား**

ကုန်းဘောင်မင်းလက်ထက်တွင် သံအင်း သာသနာပိုင် ဆရာတော်ဘုရားကြီး၏ တပည့်အပေါင်းတို့တွင် ရှေးဦးစွာ "မဏိဇောတာလက်ဘရ မဟာ၀မ္မ ရာဇာမိ ရာဇဂုရု" ဟူသော ဘွဲ့ တံဆိပ်တော်ကို ခံယူရရှိတော်မူသော ခင်မကန်ဆရာတော် ဦးပြားသည်

မင်းတုံးမင်းတရားကြီး လက်ထက် အရှေ့ပြင် မဟာဝိဇယာ ရာမ (ခင်မကန်)တိုက်၌ သီတင်းသုံးတော်မူကာ မူလဋီကာ နိဿယ, သံယုတ်အဋ္ဌကထာ အောက် ၂ ကျမ်း နိဿယများကို ရေးသားစီရင်တော်မူသဖြင့် ပိဋကတ်ကျမ်းဂန်အရာ၌ လွန်မင်းစွာ ဂုဏ်သတင်းပြန့်နှံ့ကျော်စောတော်မူသည်။

မင်းတုံးမင်းတရားကြီးလက်ထက် မန္တလေးခေတ်တွင် ဆရာတော်ကြီးများကပင် ပိဋကတ် ကျမ်းဂန် အရာ၌ အလေးပြုကြရသည်၊ အနေအထိုင်မှာလည်း ဘုရားသားတော်ပြုပြု ဝိနည်းနှင့် ညီအောင် တင်းတင်းမာမာ ပြောဆိုပြုကျင့်ကာ နေထိုင်တော်မူသည်။

ဆရာတော်ဦးပြားသည် မူလဋီကာ နိဿယကို ရေးသားစီရင်တော်မူစဉ်အခါ အနက်,အဓိပ္ပါယ် ကြံဆ၍ မရသော ပုဒ်တခုကို တွေ့ရှိလေရာ ဤပုဒ်သည် ကေန္တ ပုဒ်ပျက်,ပါဠိပျက်ဖြစ်တန်ရာသည်ဟု ယူဆကာ ဆရာတော်ဦးဗုဒ္ဓ၏ အထံသို့ သွားရောက်လျှောက်ထားရာ ဆရာတော်ဦးဗုဒ္ဓသည် စာကြည့်နေရာမှ အနီးတွင်ရှိသော ပေစာကို ဆွဲယူ၍ ပေးလေသည်။

ထိုအခါ ဆရာတော် ဦးပြားသည် ပေစာကို ကြည့်ရှုရာ ဆရာတော် ဦးဗုဒ္ဓပြင်ဆင်၍ထားသော ပုဒ်မှန်,ပါဠိမှန်ကို တွေ့ရှိရသဖြင့် သဘောကျ ကျေနပ်ခါ ပြန်ကြွတော်မူလာခဲ့သည်။

နောင်သောအခါဆရာတော်ဦးဗုဒ္ဓက "ခင်မကန် ရှင်ပြားတို့ မှားမှန်းတော့ အသိသား-မှန်အောင်မပြင်တတ်လို့သာ"ဟု မိန့်ဆိုတော်မူသောဟူ၏။

**နန်းမတော်ဝန်ကြီး ဦးယံ အရှိအသေပြုခြင်း**

မိုင်းခိုင်မြို့စား ပိဋကတ်တော်အုပ် နန်းမတော်ဝန်ကြီး ဦးယံသည် ဆရာတော် ဦးဗုဒ္ဓကို အလွန်ကြည်ညို ရှိသေလေးစားသူ

ဖြစ်၍ သီပေါမင်း လက်ထက်တော်အခါက ညောင်ကန်ရွာသို့ လာရောက်ပြီးလျှင် ဆရာတော် ဦးဗုဒ္ဓ၏ ဖွားမြင်တော်မူရာ ငယ်ရွယ်စဉ်အခါက နေထိုင်ခဲ့ဘူးသော ဝင်းခြံအိမ်နေရာကိုရင်း, ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးသောအခါ သီတင်းသုံးနေထိုင်တော်မူခဲ့ဘူးသော ကျောင်းနေရာကိုရင်း ရှိသေလေးမြတ်စွာဖြင့် ရှိခိုးဦးချကာသွားသည်ဟု ဆရာသမားလူကြီး,သူမများက အဆင့်ဆင့် ပြောသံကို ကြားရဘူး၏။

**လယ်တီဆရာတော်ဘုရားကြီး အရိုအစေသဖြစ်ခြင်း**

ထိုတွင်မျှမကသေးသီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်,ဒုပါးလုံးအပေါင်းနှင့် ပြည့်စုံတော်မူသဖြင့် နယ်ပြည်မှာ ကျော်ကြားသော လယ်တီဆရာတော် ဘုရားကြီးသည် တရားဓမ္မ ဟောကြားပြသ ဆုမ္မတော်မူရန် ညောင်ကန်ရွာသို့ ကြွရောက်တော်မူလာရာ ဆရာတော် ဦးဗုဒ္ဓ သီတင်းသုံး နေထိုင်တော်မူသွားသော ကျောင်းကြီးသို့ ရောက်သည့်ကာလ ကျောင်းပေါ်သို့ ရှေးဦးစွာ တက်ကြွတော်မမူသေးဘဲ "ဆရာတော် ဦးဗုဒ္ဓ၏ ကျေးဇူးတော်ကြောင့် ယခုလိုတတ်သိလိမ္မာရပေသည်"ဟု နှုတ်တော်က မြွက်ဟကာ လက်အုပ်ချီမိုး၍ ရှိခိုးပြီးလျှင် ကျောင်းကြီးကို ဒုပတ်လှည့်ပြီးမှ ကျောင်းပေါ်သို့ တက်ရောက်တော်မူကြောင်းကို သိမှီလိုက်သောသူများက ယခုတိုင်အဆင့်ဆင့်ပြောကြားလျက်ရှိသေး၏။

**မှတ်ချက်။** ။ဤနေရာ၌ ဝါရဝေါစ,နိဝါတောစ ဟူသော ဘုရားဟော ဒေသနာတော်နှင့်အညီ သူတပါးကို ရိုသေခြင်း, မိမိကိုယ်ကို နှိမ့်ချခြင်းသည် ပညာရှိပုဂ္ဂိုလ်ပီသစွာ သူတော်ကောင်း လက္ခဏာနှင့် ပြည့်စုံညီညွတ်လှပါသောကြောင့် အတုခိုး၍ နည်းယူစရာကောင်းပေသည်။

## ညောင်ကန် ဆရာတော် ဥဒေါးဗုဒ္ဓ
## ရေးသားစီရင် သုဓမ္မသင်တော်မှူသော ကျမ်းစာများ

၁၊ သမ္ဘဒ္ဓစိန္တာဒီပနီသျှန်ကျယ်၊ ၁၁၇၇ ခု-နယုန်လပြည့်-၂ လာနေ့ စီရင်ပြီး ၁ ၃ကြောင်းပေ-ဒုအစ ဒုအဆုံး-ရှေ့ဝန်း။

၂၊ နယမုခဒီပနီ ပါဠိ,နိဿျ၊ ၁၁ ၇ ၉ခု-နတ်တော်လဆုတ် ၁၁ရက် ၄ဟူးနေ့ ဝါထာ ၁ဝ၇-စာမျက်နှာ ၄၅ ရှိသည်။

၃၊ သံဝဏ္ဏနာနယဒီပနီပါဠိ၊ ၁ ၁ ၇ ၉ခု-ပြာသို လဆုတ် ၁၁ ရက် ၄ဟူးနေ့ ဝါထာ ၁ ၇ ရှိသည်။

၄၊ ဝိဋ္ဌကဘေဒထောမနာပါဠိ,နိဿျ၊ ၁ ၁ ၇ ၉ ခု-တပို့တွဲ လကွယ် ၃ဂ်ါနေ့ ဝါထာ ၁ ၄ ၇-စာမျက်နှာ ၇ ၁ ရှိသည်။

၅၊ နိရုတ္တိဘေဒ သင်္ဂဟပါဠိ၊ ၁ ၁ ဝ ဝပြည့်-၃ ဝါဆိုလဆန်း ၆ ရက် ၄ဟူးနေ့။

၆၊ ဗြဟ္မဇာလသုတ် နိဿျ၊ ၁ ၁ ဝ ဝ ပြည့်။

၇၊ ပရိတ်ကြီးပါဠိတော် နိဿျ၊ ၁ ၁ ဝ ဝ ပြည့်-တပို့တွဲလဆုတ် ၆ ရက် ၂ လာနေ့။

၈၊ လကွဏ ဘေဒ ဒီပနီ၊ ၁ ၁ ဝ ဝ ပြည့်-တပေါင်းလဆန်း ၃ ရက် ၆ ကြာနေ့ ၁ ၁ ကြောင်းပေ-ညီအစ-ဦးအဆုံး။

၉၊ ရူပဘေဒ ပကာသနီပါဠိ,နိဿျ၊ ၁ ၁ ဝ ၂ ခု - ပြာသို လပြည့် ၂ လာနေ့ ၁ ၁ ၃ ဝ ဝါထာရှိသည်။

၁၀၊ ပဒစေတိယ ဝန္ဒနာ ပါဠိ,နိဿျ၊ ၁ ၁ ဝ ၂ ခု-တပို့တွဲ လပြည့်-၄ဟူးနေ့၊ ဝ ကြောင်းပေ က အစ-ခအဆုံး ၁ ၁ ၇ ဝ ဝါထာ။

၁၁၊ ပစ္စယဇ္ဇ ပကာသနီပါဠိ, နိဿျ၊ ၁ ၁ ဝ ၂ ခု -တန်ကူးလပြည့် စနေနေ့၊ ၁ ၇ ၃ ဝ ဝါထာရှိသည်။

၁၂၊ ပစ္စယ ဃဋ္ဋန ပကာသနီ ပါဠိ,နိဿျ၊ ၁ ၁ ဝ ၃ ခု - ဝါခေါင် လဆန်း ၁ ရက် ၃ဂ်ါနေ့။

၁၃၊ နိရုတ္တိဘေဒသင်္ဂဟ နိဿျ၊ ၁ ၁ ဝ ၄ ခု- နယုန်လဆုတ် ၁ ဝ ရက် စနေနေ့။

၁၄၊ သမ္ဘသခ်ေပ အဋ္ဌကထာ နိဿျ၊ ၁ ၁ ဝ ၄ ခု၊

၁၅၊ ဝိထိစိတ္တ ပကာသနီပါဠိနှင့်သျှ၊ ၁၁၀၅ခု - ပထမ ဝါဆိုလဆုတ် ၄ရက်-၅ တေးနှေ့၊ ဝါထာ ၁၆၀ ရှိသည်။

၁၆၊ ရှင်မထေးသိမ် မော်ကွန်း၊ ၁၁၀၇ ခု-တော်သလင်းလပြည့် စနေနှေ့။

၁၇၊ ရူပသိद္ဓိ စာကိုယ် နှိုင်းသျှ၊ ၁၁၉၀ ပြည့်-ဝါခေါင် လဆန်း ၆ရက်-၅တေးနှေ့။

၁၈၊ အနုမတဂ္ဂသံယုတ်နှိုင်းသျှ၊ ၁၁၉၀ ပြည့်-တော်သလင်း လဆန်း ၇ ရက် ၄-ဟူးနှေ့။

၁၉၊ ရူပသိဒ္ဓိဒီကာနှိုင်းသျှ၊ ၁၁၉၁ ခု-သီတင်းကျွတ် လဆုတ် ၃ရက်၊ ၆ကြာနှေ့။

၂၀၊ ဂဒီဟိဝိနယ သင်္ဂဟပါဠိနှင့်သျှ၊ ၁၁၉၂ခု-ဝါခေါင်လဆန်း ၁၃ ရက် ၅တေးနှေ့ ဝါထာ ၆၀ ရှိသည်။

၂၁၊ ဝုဇ္ဈောဒယ ဆန်းနှိုင်းသျှ၊ ၁၁၉၂ ခု-တပို့တွဲလဆုတ် ၂ရက် စနေနှေ့။

၂၂၊ နေတ္တိဟာရဋ္ဌဒီပနီကျမ်း၊ ၁၁၉၃-ခု နတ္တော် ၊လဆန်း ၁၄ရက် ၂လာနှေ့ ရေ၀တီနက္ခတ်တည့်မှန်းမတ်ချိန် ညဉ့်ခါပြီး။

၂၃၊ ဓမ္မစကြာပါဠိတော် နှိုင်းသျှ၊ ၁၁၉၄ခု - ဝါခေါင်လပြည့် စနေနှေ့။

၂၄၊ သဒ္ဒနီတိ ပဒမာလာ နှိုင်းသျှ၊ ၁၁၉၄ ခု - နတ္တော်လဆုတ် ၁၀ ရက် ၂ လာနှေ့။

၂၅၊ ကာယဝိဆ္ဆိဒ္ဓနီယသုတ် နှိုင်းသျှ၊ ၁၁၉၅ ခု - ဝါခေါင် လဆန်း ၁၀ ရက် ၆ ကြာနှေ့။

၂၆၊ သတိပဋ္ဌာန်ပါဠိတော် နှိုင်းသျှ၊ ၁၁၉၅ ခု- တပို့တွဲလဆန်း ၁၄ ရက် ၅ တေးနှေ့။

၂၇၊ သဒ္ဒနီတိ ဓာတုမာလာနှိုင်းသျှ၊ ၁၁၉၆ ခု-ပ-ဝါဆိုလဆုတ် ၁၄ ရက် ၆ ကြာနှေ့။

၂၈။ ဘိက္ခု,ဘိက္ခုနီပါဠိတော်နှိုင်းသျှ၊၁၁၉၆ခု-ဝါခေါင်လဆုတ် ၉ ရက် ၄ ဟူးနှေ့။

၂၉။ မဟာဇေယျဂါထာ ၅ဖေပုဒ်နိသျှ၊ ၁၁၉၇ခု -သိတင်းကျွတ်လဆုတ် ၃ရက်ဖြောနေ့။

၃၀။ ဥပ္ပါတသန္တိ နိသျှ၊ ၁၁၉၈ခု တံကူးလဆုတ် ၂ရက် ၄ဟူးနေ့

၃၁။ မဟာသမယသုတ်ပါဠိတော်နိသျှ၊ ၁၁၉၉ ခု-တော်သလင်းလဆုတ် ၁၀ရက် စနေနေ့။

၃၂။ ခုဒ္ဒသိက္ခာ နိသျှ၊ ၁၂၀၀ ပြည့်နယုန်လဆုတ် ၅ရက် ၃ဂ်ါနေ့။

၃၃။ သဒ္ဒနီတိ သုတ္တမာလာနိသျှ၊ ၁၂၀၃ ခု - ၀ါဆို လဆုတ် ၂ ရက် ၁ နေ့နေ့။

၃၄။ ထေရာထေရီ အပဒါန် ပါဠိတော် နိသျှ၊ ၁၃၂၀ခု-တပေါင်းလဆန်း ၁၀ ရက် ၅တေးနေ့ ၁၀ ကြောင်းပေ-ဓာတုအစ၊ ဗေဒအဆုံး၊ ရှေ့ပိန်း။

၃၅။ ကဗျာသဒ္ဒ သင်္ဂဟကျမ် သန္ဓိအစ အာချတ်အဆုံး နိဂုမ်း မပါ စာမျက်နှာ ၁၃၂။

၃၆။ ပစ္စယာကာရဒီပနီကျမ်း၊ကျမ်းပြီးနိဂုမ်းမပါ ဘာသာနဒီ စာကြည့်တိုက်မှာရှိ၊ ၁၀ကြောင်းပေ၊ဒီအစ နောအဆုံး၊ ရှေ့ပိန်း။

၃၇။ ပုစ်စစ်ကျယ်-ဦးဗုဒ်မူ။

၃၈။ အာဒိတ္တသုတ် ပါဠိတော် နိသျှ။

၃၉။ အနတ္တလက္ခဏသုတ် ပါဠိတော် နိသျှ။

၄၀။ သစ္စသံခိပ် နိသျှ။

၄၁။ သီဟိုဠ် ရာဇဝင်ချုပ် ဂါထာ ၂၀ ပါဠိ,နိသျှ။

၄၂။ ဝါတော်စဉ် ၁၃ ဂါထာပါဠိ,နိသျှ။

၄၃။ ဗုဒ္ဓဝမ္သီမူဇာပါဠိ,နိသျှ။

၄၄။ ဓာတုမူဇာပါဠိ,နိသျှ။

၄၅။ သတ္တဗ္ဗာန ပါဠိ,နိသျှ။

၄၆။ အပြင်အောင်ခြင်း ပါဠိ,နိသျှ။

၄၇။ စတုရာရက္ခ မြန်မာဘာသာပြန်။

၄၈။ လောကနီတိ,ဓမ္မနီတိ နိသျှ ၁၁၉၆ ခု - ၀ါဆိုလဆုတ် ၇ ရက် ၁ နေ့နေ့၊ ၁၀ကြောင်းပေ-ရုအစ-ဗုအဆုံး-မျဉ်းနီ။

၄၉။ ရာဇနိတိ နိသျှ။ ၁၁၉၆ ခု-ဒု-၀ါဆိုလဆုတ် ၁၁ရက်၅တေးနေ့၊ ၁၀ကြောင်းပေါ်မှအစားဘားဒေးဆုံး၊မှဉ်းနီ

၅၀။ မဟာရဟနိတိနိသျှ။ ၁၁၉၆ ခု-၀ါခေါင် လဆန်း ၂ ရက် ၄ ဟူးနေ့၊

| | |
|---|---|
| ၁။ နျာသ နိသျှ။ | ၆။ ကဗျာသာရတ္ထ သင်္ဂဟကျမ်း။ |
| ၂။ သံပျင်ဒ္ဓိကာ နိသျှ။ | ၇။ ဥပ္ပါဒါ နုဒ္ဒေ ပါဠိ,နိသျှ။ |
| ၃။ ဒါန ဖလုပ္ပတ္တိကျမ်း။ | ၈။ စတုရာရက္ခဘာဝနာ။ |
| ၄။ သီလဖလုပ္ပတ္တိကျမ်း။ | ၉။ ဘုမ္မ ဘေဒကျမ်း။ |
| ၅။ ဘာဝနာဖလုပ္ပတ္တိကျမ်း | ၁၀။ ပရမတ္ထဝန္ဒနာကျမ်း။ |

မှတ်ချက်။ ၁၁၉၂ ခု သီတင်းကျွတ် လပြည့် သောကြာနေ့တွင် မင်းရဲသိန်သူက လျှောက်၍ ပုန္ဆာပေါင်း ၈၄စာမျက်နှာ ၂၃၃၆၅ ရှိ "ပကိဏ္ဏကပညာ ဝိသဇ္ဇနာကျမ်း" ကို လည်း ဆရာတော်ဦးဗုဒ် ရေးသားစီရင်သည်ဟု ဆိုကြကုန်၏။

ထိုမှ တပါးလည်း ဆရာတော်ဦးဗုဒ် ရေးသား စီရင်သော ကျမ်း, သုဓိသင် ပြင်ဆင်ခဲ့သော ကျမ်းစာတို့သည် အများအပြားပင်ရှိတန်ရာ၏။

ဆရာတော်ဦးဗုဒ်သည် သက်တော် ၅၅ သိက္ခာတော် ၃၅-၀ါ မျှသာနေ၍ သွားရသော်ငြားလည်း ရေးသားစီရင်,သုဓိသင်တော်မှု၍ ထားခဲ့သောကျမ်းစာအရေအတွက်မှာ ၅၀ကျော် ၆၀ နီးပါးမျှရှိသည်ဟု ကြားသိရသဖြင့် အသက်တော်နှင့် နှိုင်းယှဉ်၍ ကြည့်ခဲ့သော် အသက်တော်ထက်ပင် ရေးသားစီရင်တော်မူခဲ့သော ကျမ်းစာက များ၍နေ၏၊ထိုစကားသင့်စွ၊အဘယ်ကြောင့်ဆိုသော် ကျမ်းပြီး သက္ကရာဇ်များဟွင် တနှစ်ထည်းမှာပင် နှစ်ကျမ်းပြီးတွေ ပါ၍ နေသည်ကို တွေ့မြင်ရသောကြောင့်တည်း။

ဆရာတော်ဦးဗုဒ်သည် နိကာယ် ငါးဦး ပင်လယ်ကူးနှင်သည့် ထူးမြတ်သော ဥာဏ်,ထက်သန်သော သဒ္ဓါတရား ရှိသည် အားလျော်စွာ ရှေးဆရာကြီးများ မရေးသားမူ၍ ချင်းချန်၍ ထားခဲ့သော ကျမ်းစာတို့တွင် ခက်ခဲသော ကျမ်းစာတို့၏ နိဿယများကို ရေးသားတော်မူသည်ပြင် ပုဒ်,ပါဠိ, အကျွှရာ ချုတ်ယွင်းပျက်စီးနေသော အရာတို့၌လည်း သုဓ�ပြင်ဆင်၍ ထားတော်မူခဲ့သေး၏။

**သာသနာတော်အတွက် မိမိအသက်ကို မငဲ့ကွက်ပုံ**

ဆရာတော်ဦးဗုဒ်သည် အင်းဝမြို့ အုဋ္ဌကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူစဉ် ခုဒ္ဒသိက္ခာပါဠိတော်နိဿယကို ရေးသားစီရင်တော်မူသည်။

ဎင်းကျမ်းသည် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်(မွေးလ,မွေးနေ့ ဖြစ်သော) နယုန်လပြည့်ကျော် ၅ ရက်- အင်္ဂါနေ့ မွန်းတည့်မတ်ချိန်တွင် အပြီးသို့ရောက်သည်။

ထိုခုဒ္ဒသိက္ခာ နိဿယ အဆုံးနိဂုံး၌ "ဝိဇ္ဇမာနေပိ ရောဂါမှ၊ တံ နု ပေက္ခွံ ဝ ယော ကတော" အစရှိသော စကားကို ဆိုတော်မူထားသဖြင့် ဆရာတော်ဦးဗုဒ်သည် ဤနိဿယကို ရေးသားစီရင်တော်မူဆဲအခါ ကိုယ်,စိတ်နှစ်ဖြာ မရှင်သာအောင် ကျင်နာခံခက် စား, အိပ်ပျက်သည့် ဒုလာဝမ်းသက်ရောဂါ စွဲကပ် ဘိစီးလျက်ရှိရာ ထိုရောဂါကို မညှာမငဲ့ တက္ကဲသတ္တိ သမာဓိတည်းဟူသော ဆင်ကို သတိတည်းဟူသော ချုန်းတင်ကာ ရေးသားစီရင်တော်မူခဲ့ပုံမှာ ဆရာတော်၌ စွဲကပ်သော ဝေဒနာသည် တနေ့တခြား ပြင်းထန်လာသဖြင့် နေ့ရော,ညဉ့်ပါ ကုဋေသို့ဆင်းရဲတက်ရသည် များလှ၍ စားချိန်,သောက်ချိန်မှ အပ ကျောင်းပေါ်သို့ ပြန်မကြွမူ၍ ကုဋေထည်းမှာပင် အမြဲနေတော်မူတော့သည်။

ဤသို့ကုဋေတွင်းမှာပင် နေထိုင်တော်မူစဉ် ကုဋေ၏နံရံအပြင်ကို သစ်သားသင်ပုံးမှာ မီးသွေးနှင့် ချေ၍ထားသည့်ပမာ အလားတူ ဖြစ်ပေါ်လာအောင် တပည့်ကြီးများက ပြုပြင်ကာ ပေးကြရသည်။ ပြုပြင်ပြီးသော အခါ ထိုနေရာတွင် ဆရာတော် ဦးဗုဒ္ဓိသည် ဂါထာ,စုဏ္ဏေယပေါင်း (၄၀၁)ပုဒ် ရှိသော ခုဒ္ဒသိက္ခာ ပါဠိတော်နိဿယကို ကံ့ကူဆံဖြင့် နေ့စဉ်မှန်စွာ ရေးသားတော် မူခဲ့ရှာသည်။

ဆရာတော်ရေးသားပြီးစာများကို တိုက်အုပ်,တိုက်ကြပ် ပုဂ္ဂိုလ် ထိုထိုတပည့်ကြီးတို့က ညဉ့်အခါတွင် လာရောက်ခါ ပရိုက်အပြင် ရေးကူးကာ တင်ကြရသည်။ရေးကူးပြီးနောက် ကုဋေနံရံကို တဘန် ထပ်မံ၍ မီးသွေးခဲနှင့် ချထားခဲ့ရပြန်သည်။

ထို့ကြောင့်ပင် ဆရာတော်ဦးဗုဒ္ဓိက ခုဒ္ဒသိက္ခာနိဿယအဆုံးနိဂုံးဌ် မှာထား၍ သွားတော်မူသည်မှာ ငါသည် ကိုယ်,စိတ်နှစ်ဖြာ မချမ်းသာသော ရောဂါဝေဒနာ ကပ်ရောက်လာ သော်လည်း ကိုယ်,နှင့်အသက် မငဲ့ကွက်မူ၍ ဤနိဿယကိုရေးသားဘိသကဲ့သို့ အသင်စာသင်သားတို့သည်လည်း ကိုယ်နှင့်အသက်မငဲ့ကွက်မူ၍ ဤခုဒ္ဒသိက္ခာနိဿယကို ဝါ ဤများစွာသော ကျင့်ဝတ်သိက္ခာကို အနည်းငယ်မျှဖြစ်သော အဓိသီလ, အဓိစိတ္တ,အဓိပညာ သိက္ခာ၃ပါးကို ပျားကောင်ပမာ ချိုမြိန်စွာသား ပျားငယ်ရသာ မနှုံးရာသော သိက္ခာ ၃ပါးကို ကိစ္စတပါး စွန့်ပစ်ထား၍ ဘန်များကြိမ်ခါ လွန်စွာကြိုးကုတ် အားထုတ်မြဲပင် ယှဉ်စေဂုန်သတည်း။

**မှတ်ချက်။** ဆရာတော်ဦးဗုဒ္ဓိ ကပ်ရောက်လာသော နှုလာဝမ်းသက် ရောဂါသည် အင်းဝမြို့အုပ်ကျောင်းတော်ကြီးတွင် နေထိုင်တော်မူစဉ် အနည်းငယ်ခန့်သက်သာ၍ လာဟန်ထင်သည်။

ဆရာတော်ဦးဗုဒ္ဓသည် မဂ်လာဘုံကျော် ညောင်ကန်တိုက်သို့ ရွှေ့ပြောင်းခါ သီတင်းသုံးနေထိုင်တော်မူသောအခါ ရှေးယခင်က ကပ်ရောက်ဘူးသော ဒုလာဝမ်းသက်ရောဂါသည် ရှင်းရှင်းမပျောက်သဖြင့် မကျန်းမာဘဲ ဒုက္ခဝေဒနာကို ခံစားတော်မူရလျက်ပင် "သဒ္ဒနီတိ သုတ္တမာလာနိသယ" ကိုရေးသားစီရင်တော်မူရာ သက္ကရာဇ် ၁၂၀၃ ခု-ဝါဆိုလပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့တွင် အပြီးအဆုံးသို့ ရောက်လေသည်။

ထို့နောက်တဘန် ပြင်းထန်သော အလိုဆန္ဒ,ကြီးမြတ်တော်မူလှသော လုံ့လဗီရိယ,မလျော့ဘူး ဤအနေ သေလိုလျှင် သေပစေဟူသော စိတ်,ဘုရားဟော ဒေသနာ ပိဋကတ်တော် ၃ဖြာကို အဋ္ဌကထာ,ဋီကာနှင့်တကွ ထုံးလိုချေ ရေလိုနှောက်၍ ပေါက်ရောက်ထိုးတွင်း အပြားအားဖြင့် များပြားစွာ သိမြင်တော်မူခြင်းတည်းဟူသော ဗိမံသ,၄ပါးစုံ ညီအမျှတွင် "ဗိရိယတောဘိကွေဝေကိ ံနာမ ကမ္မ ံနသိဒ္ဓတိ" ဒေသနာတော်အရှိကြောင့် ကပ်ရောက်သည့်ရောဂါ ခံစားရသည့် ဝေဒနာကို သေချာစွာမရှု အနည်းငယ်မျှ ဂရုမစိုက်ဘဲ ဇွဲလုလ္လသန်သန်ဖြင့် "ထေရာ ထေရိအပါဒါန် ပါဠိတော်" ၏ နိဿယကို ရေးသားတော်မူပြန်ရာ ဂ လခန့် အကြာ သက္ကရာဇ် ၁၂၀၃ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်ကြာသပတေးနေ့သို့ ရောက်သောအခါ ချောမောအောင်မြင်စွာ ပြီးဆုံးခြင်းသို့ ရောက်ပြန်ပါသည်။

## ဆရာတော်ဦးဗုဒ္ဓ ပြန်လွှန်တော်မူခြင်း

ဆရာတော်ဦးဗုဒ္ဓသည် ထေရာ,ထေရီ အပါဒါန် ပါဠိတော် နိဿယ ကို ရေးသားစီရင်တော်မူရာ ဆုံးခမ်းတိုင်ရောက် ပြီးမြောက်သည့် အခါ နောက်ထပ်တဘန် ကျမ်းဂန်ရေးသားရန် ရှေးဟန်မပျက် စာကြည့်လျက်သာနေတော်မူခဲ့ရာတွင် ကပ်ရောက်

ရင်း ရောဂါသည် မည်းမဟုက် တန်ခိုးထွက်ပြီး တိုးတက်၍ လာ ပြန်ရာ အစားမဝင် အားအင်တွေနဲ့ မထူဘဲ မထနိုင် ယိမ်းယိုင် ပျော့ခွေ စက်မပျော် အိပ်ရာထက်မှာ လျောင်းစက်ခါစာကြည့်၍ သာနေတော် မူလေသည်။

ညည်းတွားညှိုးခွေ တွေဝေခြင်း မရှိ ပုရိသအာဇာနည် ယောက်ျားမြတ်ပီပီမို့ ကြာရှည်နှစ်,လ အင်းဝမြို့မှ အမရပူရမြို့သို့ ရောက်အောင် မပျောက်နိုင်နာဆဲတွင် နဲနဲမှမမတုန်လှုပ် သီးခံခါ ထိန်းချုပ်၍(ရှုပ်,နာမ်နှစ်ရပ်၊ ပေါင်းစပ်ပြီးခါ။ ခန္ဓာ ငါးဝ၊ ပြည့်ထစုံစွာ။ ဇာတိအစ၊ ဗျာဓိ,မရဏာ။ ဘေးအလုံး၊ ပြေးပုံးမလွတ်ပါ။) ဆိုသည့်အတိုင်း နာမ်,ရုပ်တရားတို့ဖြင့် ပဋ္ဌာ သန္ဓေနေခဲ့ရသော ဇာတိမကင်းသူမှန်သမျှ ဗျာဓိ, မရဏာတည်း ဟူသော အို,နာ,သေရေး ဘေးအလုံးတို့မှ ပြေးပုန်းလို့ မရပေ ဘူး မုချတွေ့မြဲ မှန်မလွဲဟု ဆရာတော်ပဏ္ဍိတဆုမှာ ဉာဏ်ရှိသူ ဖြစ်ပြီးမို့ သတိမူမှတ်စွဲလျက် ထပ်တလဲလဲပွားများခါ နေတော်မူ ဟန်တူလေသည်။

ထိုအချိန်အခါ မဟာအောင်မြေဘုံစံ အုဋ္ဌကျောင်းအမ ဒုတိယ ဝိသာခါ နန်းမတော်ကြီး မယ်နုသာရှိခဲ့ပါက တဆေး မကောင်း တဆေး ပြောင်းခါ- တဆရာ မကောင်း တဆရာ ပြောင်းပြီးလျှင် သမားပေါင်းစုံလင်စွာ သင့်မြတ်သော ဆေး, အစာတို့ဖြင့် ဆရာတော် ဦးဗုဒ္ဓ စွဲကပ်သော ဝေဒနာကို သေ အချာပြုစုလျက် အစွမ်းကုန် ကုသမည်မှာ အမှန်ပင်တည်း။

**ဘယ်လိုပင် ကုသခြားသော်လည်း**

၁။ ယသ,ပုည,ထာမ,ဣဒ္ဓိ၊ ကြီးဘိပညာ၊ပစ္စေကာ၊ သမ္မာ သမ္ဗောဓိ။

၂။ ထိုသို့သုစင်၊သေထချင်၊တို့တွင် မဆိုရ။

၃။ ဆောင်ပေတုံလတ်၊ မဟာန္တတ်၊ ကြီးမြတ် သတ္တုက။ ဟူသော ဆောင်ပုဒ်လက်ဝကို ဆရာတော်ဦးဗုဒ္ဓကိုယ်တိုင် ခုဒ္ဒ သိက္ခာနိသျှ စတုရာရက္ခနိဒ္ဒေသ၌ စိကုံးရှု ပြခဲ့သည်။

## ထိုဆောင်ပုဒ်လက်ဝ၏ အဓိပ္ပါယ်မှာ

| | |
|---|---|
| ၁။ အခြိုအရုံများသော သူ၊ | ၄။ တန်ခိုး ကြီးသော သူ၊ |
| ၂။ ဘုန်းကံ ကြီးမားသော သူ၊ | ၅။ ပညာ ကြီးသော သူ၊ |
| ၃။ ခွန်အားဗလ ကြီးသော သူ၊ | ၆။ ပစ္စေက ဗုဒ္ဓါ၊ |

## ၇။ သမ္မာသမ္ဗုဒ္ဓ၊

၅၂ ဂမျိုးသော ပုဂ္ဂိုလ်တို့ပင် သေကြရသေး၏။ တို့သူငါမှာ အာဘယ်ဆိုဘွယ်ရာ ရှိအုံ့နည်း၊ မုချမလွဲ အမြဲသေရမည်သာဟူလို။ ထိုမှတပါး မြတ်စွာဘုရားက ဟောကြားတော်မူသည်မှာ

ဇာတိ,ဗျာဓိ,ကာလော၊ဒေဟနိက္ခေပနံ,ဝတိ။
ပဠေတေ ဇာ၀ေ၀လောကသ္မိ၊အနိဋ္ဌာ နနာရယေ။

ဟူသည်တည်း။

## ၅၂ဝ၏ သိမှတ်ဘွယ်ရာ အဓိပ္ပါယ်မှာ

သတ္တလောကကြီး၌ ဤမျှသက်ရှည်, ဤသည့်အနာ, ဤခါ သေဆစ်, အကောင် ပစ်ထား, ဤအလားဟု, မှတ်သားတစ် ကြောင်းမရှိ၍ မသိအပ်ကုန်၊ ဝ၊-မှတ်သားမရ ဤငါးဝကို လောကလူ၌ မသိထိုက်၊ဟူသော ဒေသနာတော်နှင့် လျော်ညီစွာ ရှိးကြားအုံ့ဩဘွယ်ရာ သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ် သုံးပါးလုံး ပြည့်စုံတော်မူသည့်ပြင် ကျမ်းပေါင်းများစွာကို ရေးသား ပြုပြင်စီရင်တော်မူသဖြင့် "စာတတ်နောက်ဆုတ် ခင်ကြီးဗုဒ်" ဟူ၍ ၎င်း၊ စူဠဗုဒ္ဓယောသဟူ၍၎င်း။ ကမ္ဘာတခွင် သာသနာ၀င်မှာ နေ,လ အသွင် ထင်ပေါ်ကျော်ကြားတော်မူသော "စက္ကိန္ဒာဘိ သိရိသဒ္ဓမ္မ၀ဇ မဟာ၀မ္မရာဇာ၀ိရာဇဂုရု" ဟူသောဘွဲ့တံဆိပ်တော်

မြတ်ကို ဆက်ကပ်အလှူခံတော်မူရသည့် "ညောင်ကန်ဆရာတော် ဦးဗုဒ္ဓိသည်" သက်တော် ၅၅ သီကျွာတော် ၃၄ ဝါ အရတွင် မူလစွဲကပ်ရင်းဖြစ်သော ဒုလာ ဝမ်းပျက်ရောဂါဖြင့် သက္ကရာဇ် ၁၂၀၄ ခု ဥတုဂိမှာန် မွေးလ, မွေးနေ့ဖြစ်သော နယုန်လပြည့်ကျော်(၁)ရက်နေ့တွင် ဘဝဟောင်းပစ်၍ ဘဝသစ်တဘန် ကူးပြောင်းခါ ပြန်လွန်တော်မူရလေသတည်း။

ဆရာတော် ဦးဗုဒ္ဓိ ပြန်လွန်တော်မူကြောင်းကို အမရပူရ နေပြည်တော်သစ်နှင့် တကွ အင်းဝနေပြည်တော်ဟောင်းတွင် သီတင်းသုံး နေထိုင်ခဲ့တော်မူကြသော တံဆိပ်တော်ရ,မရ ဆရာတော် သံဃာတော် အများတို့ ကြားသိတော်မူကြသော အခါ ညောင်....ငါတို့၏သာသနာတော်မှာ ပိဋကတ်တိုက်ကြီးတဆောင် မီးလောင်၍ ကျွမ်းရလေပြီဟု တမ်းတညည်းညူ၍ တော် မူကြလေသည်။

နေပြည်တော်တဝှမ်းလုံးရှိ တိုင်းနေပြည်သူ ရှင်,လူအများတို့ ကလည်း ယင်ပျားခတ်မျှ လူးလာကြလျက် နွမ်းလျခွေနုံးကြိမ်မီး အုံးသို့ ယူကြီးမရ တမ်းတပူဆွေး၍ ငိုကျွေးကြရှာလေသတည်း။

ဆရာတော်ဦးဗုဒ္ဓိ၏ ကြင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ် အလောင်းတော်မြတ်ကို အမရပူရမြို့တော် မြောက်ပြင် သင်းချိုင်းတွင် အဂ္ဂိဗျာပနမီးသင်္ဂြိုဟ်ပြီးသကာလ အရိုးဓာတ်ကို ကောင်းမှုတော်ကြီးပုံ စေတီတည်ထား၍ ကိုးကွယ်ကြသည်။

ယခုအခါ မန္တလေးမြို့ ရတနာဘုမ္မိရပ် အရှေ့ပိုင်းရှိ အရိုးဒဂုံးကြီးခေါ်ကြသော အရပ် နတ်ဝင်းအနောက်ပေါက် အထွက်တောင်ဘက်တွင် ကပ်လျက်ရှိသည်။

**ညောင်ကန် ဆရာတော်ဦးဗုဒ္ဓိအဆုံးပဒေါ် ပြီးပြီ။**

# ဆရာတော်ဦးဗုဒ္ဓ၏ အရိုးအိုးဘုရား

## ၉။ ဆရာတော် ဦးကျီး အထူးပုဒ်

သာသနာ,မြို့ရွာ,သတ္တဝါစောင့်နတ်,နတ်အဓိပတိကရ အုပ်စိုးရှိ အလွန်တန်ခိုးကြီးသော ပုဗ္ဗဝေါဟာရ ရှေးခေါ်ကြဟောင်း ဗဒုံ ကို အလုံတွင်စေဟု ရွှေနန်းရှင်ဗျာဒိတ်ညွှန်းရှိ တကျွန်းလုံး ကြေငြာသော မြို့ကြီး၏ ခရိုင်ကျေးလက် အထက်တိုက် အဝင် အပါ မင်္ဂလာရှိသော မြေအဘိုဌ် တည်ထောင် အပ်သော ညောင်ကန်အမည်ရှိသော ရွာကျော်တွင်(ဤကားပြည်ဆရာတော် ဘုရားကြီး၏ ညောင်ကန်ရွာကို ချီးကြူးပုံတည်း)

ယခုခေတ်အခါ သုံးနှုံးခေါ်ဝေါ်ကြသည်မှာကား မုံရွာခရိုင် ဘုတလင်မြို့နယ် အဝင်အပါ ညောင်ကန်ရွာတွင် သမ္မာအာဇီဝ, သမ္မာဝါကိုင်ဖွ ကောင်းသော ကုန်သွယ်,လယ်လုပ် ကိုယ်,နှုတ် နှလုံး,သုံးပါးလုံး ဖြူစင်စွာဖြင့် အသက်မွေးမှု လုံ့လပြုကာ နေထိုင်ကြပါသော အာဘ ဦးဖြူ, အမိ ဒေါ်ညွှန့်တို့၏ ဂဟ္ဌာသယ ဝမ်းကြာတိုက်မှ သက္ကရာဇ် ၁၁၅၀ ပြည့်နှစ် - ဝါဆိုလဆန်း ၇ ရက် ကြာသပတေးနေ့၌ ပြည်ဆရာတော်ဘုရားကြီး၏ အ လောင်းအလျာဖြစ်သော သတ္တိသားရတနာကိုဘွားမြင်သည်။

ယင်ရွယ်စဉ်အခါ မိဘတို့ မှည့်ခေါ်အပ်သော အမည်မှာ မောင်ကျီးညိုတည်း။

**မှတ်ချက်။** ကြာသပတေးသား ဖြစ်လျက် **မောင်ကျီး**ညိုဟု မှည့်ခေါ်ခြင်း၏ အကြောင်းရင်းမှာ ထိုသတ္တိသား**၏** ဦးခင် ဘိုယ်ပေါ်တွင် **ကျီး**ဝင်၍ နားခြင်းတည်းဟူသော ဗျုတ္တိနိုင်တ် အကြောင်းဟိတ်ကြောင့် "**မောင်ကျီး**ညို" ဟု မှည့်ခေါ်ကြောင်း ရှေးလူကြီးသူဟောင်းတို့ အဆင့်စကားပြောသံ ကြားရဘူးသည်။

## ပညာသင်ကြားရန် ကျောင်းထားအပ်နှံခြင်း

မောင်ကျိုးညို ၉ နှစ်ကျော် ၁၀ နှစ်ခန့် ရှိသောအခါ ညောင်ကန်ရွာ ရတနာမဉ္ဇူတိုက် ( ဦးသာပုံခေါ် ) ဆရာတော် အရှင်မုနိန္ဒသာရထံတွင် မိဘတို့က ပညာသင်ကြားရန် အပ်နှံ၍ ကျောင်းထားသည်။

မောင်ကျိုးညိုသည် ကျောင်းသားသူငယ်တို့ သင်ကြားတတ်မြောက်အပ်သော သင်ပုံးကြီး, မဂ်လသုတ် အစ-နုမဂ္ဂာရ, ပရိတ်ကြီးအလယ်-ဇာတ်နိပါတ်တော်ဝယ် အဆုံးရှိသောသင်ရိုးစာပေတို့ကိုကုန်စင်အောင်သင်ကြားပြီးနောက်ဝ၂နှစ်အရွယ်သို့ရောက်သောအခါ သက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် ရှင်သာမဏေပြုသည်။

သာမဏေ၏ ဘွဲ့အမည်မှာ မြိုရှာ, ခရိုင် နိုင်ငံမဆံ့ ပြန့်နှံ့ကျော်ကြားနိုင်သော အသိ, အလိမ္မာ၊ ထက်မြက်စူးရှလှသော ဉာဏ်ပညာ ရှိသည်အားလျော်စွာ "ရှင်မေဓာဝီ" ဟူသော ဘွဲ့အမည်ကို ဆရာတော် ဦးသာပုံ က ပေးသနားတော်မူသည်၊

ရှင်မေဓာဝီသည် သာမဏေအဖြစ်ဖြင့် လိုင်, ဒဏ်, သေခါယ, ခန္ဓကဝတ် စသော သာမဏေတို့ ဖြည့်ကျင့်အပ်သော ပဋိပတ်စာပေနှင့်တကွ သဒ္ဒါ, သဒ္ဓြိဟ်, အဘိဓာန်, အလင်္ကာ, ဘေဒစိန္တာ, ကစ္စာယနသာရ၊ ဝုတ္တောဒယစသော နွေဝါ-မာတိကာ, ဓာတုကထာ စသော ညဝါ သင်ရိုးကျမ်းစာ အဖြာဖြာ တို့ကို ကုန်စင်အောင် သင်ကြားပေါက်ရောက်တတ်မြောက်သောအခါ သာမဏေ ၇ ဝါ အရတွင် နှစ်ပါးသော မိဘတို့က သာသနာ့အမွေခံအစစ် ဖြစ်ကြီးဖြစ်အောင် စွမ်းဆောင် အားထုတ်ကြသဖြင့် ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှမြင့်မြတ်သောရဟန်းပဋ္ဌင်းဘဝသို့ ရောက်တော်မူသည်။ ရဟန်း၏ ဘွဲ့တော်အမည်မှာ အရှင်မေဓာလင်္ကာရတည်း။

ထိုအရှင် မေဓာလင်္ကာရသည် ရဟန်းအဖြစ်သို့ ရောက်ပြီး သောအခါ ဆရာတော်ဦးသာပု ထံမှာ သင်ရိုး ပိဋကတ်ပါဠိတော် အရပ်ရပ်ကို နှံ့စပ် ပေါက်ရောက်အောင် သင်ကြားပြီးနောက်-ညောင်ကန်ရွာမှ ထွက်ခွါ၍ အင်းဝ နေပြည်တော်သို့ တက်ခါ အုဋ္ဌကျောင်းဆရာ ဦးပိုးထံတွင် ပါဠိတော်နှင့် တကွ အဋ္ဌကထာ, ဋီကာ တို့ကို အာစရိယ လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိ နည်းမျိုးစုံ ညှိလျက် မိမိရရ တိကျကေန် ဝေဘန် ပိုင်းခြားနိုင်အောင် သင်ကြားတော်မူသည်။

ထိုမှ တဘန် ဆရာနည်းအမျိုးမျိုး ခံယူလိုပြန်သောကြောင့် အုဋ္ဌကျောင်း ဆရာတော် ဦးပိုးထံ ကျေနပ်အောင် ခွင့်ပန်၍ သဲအင်းတိုက်သို့ ရွှေ့ပြောင်းကာ သဲအင်းဆရာတော်ဘုရားကြီးထံတွင်ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့ကို အသစ်တဘန် ထပ်မံ၍ လေ့လာသင်ကြားတော်မူပြန်သည်။

ထိုသို့သဲအင်းတိုက်၌ ရွှေ့ပြောင်းနေထိုင်စဉ်(နောင်တော်ကြီး ခေါ်)ဘကြီးတော် ဖာလနန်းရှင် မင်းတရားကြီး လက်ထက်တွင် သောကြာကြယ်ကြီး အမြီးတိုပေါက်၍ ၁ သရောခိုင်းသော အခါ နှင့် ကြီသောကြောင့် ဆွမ်းလောင်းနိုင်သူ တကာ,တကမ နည်းပါးလှ၍ ရဟန်းသံဃာတော်များမှာ ဆွမ်းခံ၍ မရအောင် ဖြစ်လေ၏။

ထိုအချိန်တွင် သဲအင်းတိုက်၌ သဲအင်းဆရာတော်ဘုရားကြီးနှင့် တကွ သံဃာ ၂၀မျှသာရှိတော့၏။ အခြားသော ,သံဃာတို့ ဆွမ်းခံ၍မရဘဲရှိရာ သဲအင်းဆရာတော်နှင့် အရှင်မေဓာလင်္ကာရ ၂ပါးတို့၌သာ တစလယ်ချက် ဆွမ်းတဝတ်စီရှိကြ၏၊ထိုတစလယ်

---

၁၊ အစားအသောက် တစ်မွတ် ခေါင်းပါးသည်ကို ခေါ်သည်။

ချက်ဆွမ်းနှစ်ဝတ်ကို ပေါင်း၍ သံဃာ ၂၀ ဘုဉ်းပေးလောက်အောင် ကြာရွက်နှ ကြာပွင့်ဖူးတို့ကို ခေါ်းနှင့်နုတ်နုတ် ခုတ်စင်းဖြတ်လှီးကာ ဆွမ်းနှင့်ရောလျက် ကြိုချက်ပြီးမှ ဝေ၍၍ မျှတရုံစားသောက်ခါ စာတဝါမပျက်အောင် ကြိုးစားလျက် တက်ကြရ၏။ တခါတရံ ကန်စွန်းရွက်, ငွေးရွက်နှ, စရစ်ဖူးတို့ကို ခူးဆွတ်လျက် ဆွမ်းနှင့်ရောနှောကာ ကြိုချက်ပြီး မျှတရုံ ဝေ၍ စားသောက်ကြ**ရသည်**။

(ဤကဲ့သို့ သဲအင်းတိုက်၌ပရိယတ်အတွက် အသက်ကို မငဲ့ကွက်မူ၍ ကြိုးစား အားထုတ်ခဲ့ရပုံကို ပြည်ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိဿယ နိဂမကထာ၌ "အာစရိယေန မဟာထေရေန ပရံ ပရာဘတဝိ ဗ္ဗယညျှ ဘိလဒ္ဓါပဒေသမေဝ အဝလမ္ဗကတာယံ" စသည်ဖြင့် - လဒ္ဓါပဒေသံ၊ မဟာသရော စသည်တို့၌သော်လည်း အသက်ကို ပမာဏမထား ကျားမင်းပုဏ္ဏရိတ်သို့ စိတ်သွားတိုင်းကိုယ်ပါလျက် ထိုရှာ,ဤရှာဆရာတော်ထံ ကျိုးနွံ့ဂေ၀ပ်ဆည်း နည်းခံသဖြင့် ရအပ်သော လက်ဆုပ်ဥပဒေနည်းကောင်းကို။အဝလမ္ဗ၊တမုဉ်းမှီငြမ်းပြု၍။ကတာ၊ စိရင်အပ်သော။ဟု ရေးသားထားတော်မူသည်။)

အရှင်မဓောလက်ဘရသည် အဆင်းရဲအပင်ပန်းခံကာ ဆရာတော်မြတ်ဖျား အပါးပါးတို့၏ထံ၌ ကျိုးနွံ့ခ,ယ မှီဝဲဆည်းကပ်မှ ရအပ်သော နယူပဒေသ နယဂ္ဂါဟများကို နေ့ညမယုတ် ကြိုးအားထုတ်လျက် ဆည်းပူးတော်မူချက်ကြောင့် တံစက်ဖျားမှ ကျသောရေပင်ဖြစ်လင့်ကစား စုဆောင်းသိမှီး၍ ထားနှိုင်ငြားက များပြားစွာရဘိသကဲ့သို့ ပိဋကတ်သုံးစု ဂါးခုနိကာယ်အသွယ်သွယ်အဝဝတို့ကို ကော်နှယ်ကျိုး၍ ဒိုးနှယ်မွှေ့လျက် စေ့မြေ့ချက်ကုန် အာရုံပွါးများ ကျက်စား ထွင်းဖေါက်တော်မူနိုင်ရကား " မဓောလက်ဘရပဉ္စင်းကျော်"ဟု ထင်ပေါ်ကျော်စောခြင်းဖြစ်လေသည်။

# ညောင်ကန်ရွာ ပြည်ဆရာတော်ဘုရား၏ကျောင်းကြီး

သက္ကရာဇ် ၁၁၉၀ ကျော်ခန်တွင် မင်းတုန်းမင်းတရားကြီး၏ မြောက်နန်းတော် မိဖုယားကြီးဖြစ်လတ် သော (ပယ်ညွှန်က) ဆောက်လုပ်လျှောဝါန်းသည်။

ထိုသည့်အခါ မျှားစွာသော မင်းဆွေစိုးမျိုး မှူးရိုး,မတ်ရာ သေနာပတိ အစရှိသဖြင့် ကြည်ညိုကိုးကွယ်ကြသည့် တကာ, တကာမတို့သည် အရာမက မျှားသော ဟူ၏၊ထိုကဲ့သို့ ကြည်ညိုသူ အပေါင်းတို့တွင် (နောင်တော်ကြီးခေါ်)ဘကြီးတော် ဖာလ်နန်း ရှင်၏ ညီတော် အိမ်ရှေ့ဥပရာဇာ သာယာဝတီ မင်းသားလည်း ထံပါးဆည်းကပ် မပြတ်ကြည်ညိုရှိသေလေးစားစွာဖြင့် ဘာသာ ရေး သာသနာရေး တို့ကို ဆွေနွေး မေးလျှောက်တော် မူသည်၊ သားတော် ပြည်မြို့စား"မဟာသီဟသူရမမ္မရာဇာ"ဘွဲ့ အမည်ခံ (မောင်ဘေပု)ကိုလည်း စာပေသင်ကြားရန် အပ်နှံ၍ထားတော် မူသည်။

ထို အရှင်မဓာလင်္ကာရသည် သဲအင်းတိုက်မှာ အဆင်းရဲ အပင်ပန်းခံကာ သဲအင်းဆရာတော် ဘုရားကြီးထံတွင် စာပေ ကျမ်းဂန်တို့ကို သင်ကြား ပို့ချလာရာ ဝါ ၂၀ ကျော် အရတွင် ညောင်ကန်ရွာသို့ ပြန်ကြွလာပြီးလျှင် ရတနာမဉ္ဇူ။ ကျောင်းတိုက် အတွင်း ငယ်ဆရာရင်းဖြစ်သော ဆရာတော်ဦးသာပု၏ ကျောင်း တွင် သီတင်းသုံးတော်မူကာ ရဟန်း,သာမဏေအများ စာသင် သားတို့အား နေ့ဝါ,ညဝါတို့ကို သင်ကြားပို့ချ၍ နေတော်မူ သည်။ (ထိုအခါသံယာ ၇၀ ကျော်ရှိသော ဟူ၏။)

ညောင်ကန်ရွာ ရတနာမဉ္ဇူ။တိုက်တွင် စာပေပို့ချကာ သီတင်း သုံးတော်မူစဉ် သက္ကရာဇ် ၁၁၉၀ ကျော်ခန့်တွင် နောက်သော အခါ မင်းတုံးမင်း တရားကြီး၏ မြောက်နန်းတော် မိဖုယား ဖြစ်လတံ့သော(မယ်ညွှန့်က)ကွန်းသုံးဆင့်စမြင်ခံ အမိုးဘုံ၄ထပ် ရှိသော ကျောင်းကြီးကို ဆောက်လုပ်၍ အရှင်မဓာလင်္ကာရ အား_တင်လှူသည်။ ။ယခုတိုင် တည်မြဲလျက်ရှိသေးသည်ကို တွေ့ မြင်နိုင်၏။

သက္ကရာဇ် ၁၁၉၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့တွင်(နောင်တော်ကြီးခေါ်) ဘကြီးတော် ဖာလ်နန်း ရှင် နန်းကျ၍ ညီတော်( သာယာဝတီမင်းခေါ်)ကုန်ဘောင်မင်း သည် အင်းဝမြို့၌ နန်းတက်တော်မူသည်။

အင်းဝမြို့၌ နန်းတက်ပြီးနောက် သက္ကရာဇ် ၁၂၀၀ ပြည့် နှစ်ကစ၍ အမရပူရ မြို့တော်ဟောင်းကို အသစ်တဘန် ပြန်လည် တည်ထောင်တော်မူပြီးလျှင် သက္ကရာဇ် ၁၂၀၃ ခုနှစ်တွင် အင်းဝ မြို့တော်မှ ပြောင်းရွှေ့၍ အမရပူရမြို့တော်၌ နန်းစံတော်မူသည်။

(ထို့ကြောင့် ကုန်းဘောင်မင်းကို အမရပူရ ဒုတိယ မြို့တည်မင်းဟု ခေါ်တွင်သည်။)

အထက်က ပြဆိုခဲ့သည့်အတိုင်း အရှင်မဟာလက်ဘရသည် ညောင်ကန်ရွာ ရတနာမဇ္ဈ။တိုက်၌ နေ၀ါ, ည၀ါစာပေ တို့ကို သင်ကြား ပို့ချလျက် သီတင်းသုံးတော်မူစဉ် သက်တော် ၅၁ သိက္ခာတော် ၃၁ ၀ါအရ သက္ကရာဇ် ၁၂၀၁ ခုနှစ်သို့ရောက် သောအခါ ဒါယကာရင်းဖြစ်သော အမရပူရ ဒုတိယမြို့တည်, ညီတော် ကုန်းဘောင်မင်း တရားကြီး၏ ပင့်လျှောက် ချက်အရ အမရပူရ နေပြည်တော်သို့ ကြွရောက်တော်မူရလေသည်။

နေပြည်တော်သို့ ရောက်လျှင် ကုန်းဘောင်မင်းက တပည့် ရင်းဖြစ်သော သားတော် ပြည်မြို့စား“ မဟာသီဟသူရ သုဓမ္မ ရာဇာ”ဘွဲ့အမည်ခံ(မောင်ဘေပု)အား အမရပူရမြို့တော် အရှေ့ တောင်ထောင့်အရပ်တွင် စကြာနှစ်ဆောင်ပြင် စမြင် ၄ မျက်နှာ ရှေ့ပိန်းချ ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးလျှင် ရှေ့ကရား ဖြင့် ရေစက်သွန်းချ၍ တင်လှူကိုးကွယ်စေသည်။

ခမည်းတော် ကုန်းဘောင်မင်းကလည်း "မေဝလက်ဘရ ပရမ သဒ္ဓမ္မ မဟာဓမ္မ ရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူသည်။

**မှတ်ချက်။** ပြည်မြို့စားမင်းသားက ကိုးကွယ်သောကြောင့် ညောင်ဂန် ဆရာတော် (ဦးကျိုးခေါ်) အရှင်မေဝလက်ဘရသည် ထိုအခါက စဉ်၌ ယခုအခါကာလတိုင် ရောက်အောင် ပြည်ဆရာတော်ဟု ထင်ပေါ်ကျော်စောတော်မူသတည်း။

ထိုအခါက အမရပူရမြို့ ပြည်တိုက်၌ သံယာ(၇၀၀)ခန့်ရှိသည်။ သံယာများလှ၍ တပါးလျှင် သင်ဖြူးတချပ်စာစီ နေရာမရသဖြင့် သင်ဖြူးတပိုင်းကို ထောင်၍ထားကာ ကြပ်တည်းကျဉ်းမြောင်းစွာ နေထိုင်ကြရသည်။

ညအချိန်တိုင်ရောက်လျှင် အခြားတပါးသော စကားကို မပြောကြမူ၍ သဒ္ဒါ ဝါသနာပါသော ပုဂ္ဂိုလ်များ စုပေါင်းကာ သဒ္ဒါစကားပြောကြ၏၊ အဘိဓမ္မာ ဝါသနာပါသော ပုဂ္ဂိုလ်များ စုပေါင်းကာ အဘိဓမ္မာစကား ပြောကြ၏၊ ဝိနည်း ဝါသနာပါသော ပုဂ္ဂိုလ်များ စုပေါင်းကာ ဝိနည်းစကားပြောကြ၏။

တဦးနှင့် တဦးငြင်းခုံ၍ မဆုံးဖြတ်နိုင်သောအခါမှ ဆရာတော်ဘုရားထံ၌ အဆုံးအဖြတ်ခံယူကာ ပြီးပြတ်လျက် နည်းရကြလေသောကြောင့် အလွန်တရာ နှစ်သက်ဝမ်းသာ ပျော်ရွှင်စွာနေကြရသည်။

ပြည်ဆရာတော်သည် နေ့ဝါ,ညဝါ စာပေများကိုလည်း အမြဲမပြတ် ပို့ချတော်မူသည်၊ အလှူအတန်း ဆွမ်းစင်ပရိတ်ရွတ်လိုက်ခါ တရားဓမ္မလည်း ဟောကြားတော်မူသည်၊အလှူအတန်းမှ လှူဘွယ်ဝတ္ထု ပဒေသာပင်ရလျှင် ကျောင်းပေါ်သို့ပင် မတင်ရ ကျောင်းတိုက်ရှိသံယာများအား စာရေးတံ ပဲချ၍ လှူဒါန်းသည်။

ညအခါတွင် စာပြန် စာအံသော ရဟန်း သာမဏေများထံ ကြွရောက်ခါ နားထောင်ပြီးလျှင် နောက်ဆုံး အချိန်ကုန်အောင် စာပြန်သော ရဟန်းသာမဏေဘိုအား သက်နုံးတစုံစီချီးမြှောက် တော်မူလေ ရှိသည်ဆို၏။

ထိုကဲ့သို့ အမရပူရမြို့ ပြည်တိုက်အတွင်း သီတင်းသုံးနေထိုင် တော်မူစဉ် သက္ကရာဇ် ၁၂၁၉ ခုနှစ်သို့ ရောက်သောအခါတွင် ရတနာပုံ မြို့တည် နန်းဘည် ပဉ္စမ သံဂါယနာတင် ဘဝရှင် မင်းတုံးမင်းတရားကြီး၏ ပင့်လျှောက်ချက်အရ မန္တလေးခေါ် ရတနာပုံ နေပြည်တော်သို့ ကြွရောက်တော်မူခါ မန္တလေးတောင် ခြေအနီးရှိ မန္တလာရာမတိုက်တော်ကြီးမှာ ယာယီကျောင်းနှင့် သီတင်းသုံးနေထိုင်တော်မူရသည်။

ထိုအကြောင်းများကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး စာမျက်နှာ ၁၄၀၅ ၌(သက္ကရာဇ် ၁၂၁၉ ခုနှစ် နတ်တော်လဆန်း ၅ရက်နေ့ စွယ်တော်စင်မှ စ၍ သာသနာပြုဆရာတော် တံဆိပ်ရ,မရဆရာတော်တို့ သီတင်းသုံးနေရန် ယာယီကျောင်းတော်ဆောက်လုပ်ပြီးပြေသည်ဖြစ်၍ အမရပူရမြို့တော်က ဘုရားရှင် ရုပ်ပွါးတော်, ဓါတ်တော်, ပိဋကတ်တော်, အသီတိရဟန္တာ ရုပ်ပွါးတော်, သာသနာပြု ဆရာတော်ကြီးနှင့် တံဆိပ်ရ,မရဆရာတော် သံယာတော် ၅၀၀ ကျော်တို့ကို မန္တလေးရတနာပုံ နေပြည်တော်သို့ မြို့ပြောင်းအခမ်းအနားကဲ့သို့ကြီးကျယ်စွာ တပ်ဝင်းအခင်းအကျင်းများနှင့် မြတ်စွာဘုရားရုပ်ပွါးတော်မှာ ထီးဖြူ ဂ ချက်၊ပိဋကတ်တော်,အသီတိ ရဟန္တာများမှာ ထီးဖြူ ၆ ချက်၊ အုပ်မိုး၍ မှန်စီထန်းစင်နှင့် တင်ဆောင်ပြီးလျှင် သာသနာပြုဆရာတော်မှာ ထီးဖြူ၄ချက်၊ တံဆိပ်ရ,မရ သံယာတော် ၅၀၀ကျော်မှာ ထီးဖြူ ၂ချက်စီအုပ်မိုး၍ ပင့်ဆောင်တော်မူသည်။

အိမ်ရှေ့မင်း, မင်း,မိဖုယား မင်းညီမင်းသား မှူးတော်, မတ်တော်ခြံရုံလျက် မယ်တော်ဘုရားကြီးနှင့်တကွ အရှင်နှစ်ပါး "ရွေးတော်ယူ"တံခါးက ကြိုဆိုတော်မူပြီးလျှင် ဆွမ်းလုပ်ကျွေးမြဲ ယာယီကျောင်းမှာ သတင်းသုံးနေကြသည်)ဟု ပါရှိလေသည်။

ဂုဏ်နောက် သက္ကရာဇ် ၁၂၀၀ပြည့်နှစ်ကစ၍ မြောက်နန်းတော် မိဖုယား"သုသီရိမဟာရတနာ မင်္ဂလာဒေဗီ"က ၄ ထပ်စမြင်ခံ မာရဘင်ခမ်းဆီး ဦးကင် ရာဇပလ္လင်နှင့်တကွ အုဋ္ဌလေခါး ၁၀စင်းတပ်ရှေကျောင်းကြီးကိုကျောင်းရံ ၂၀နှင့်တကွ ကုသိုလ်တော်ပွါး ဆောက်လုပ်ရာ ၁၂၀၃ ခုနှစ်သို့ ရောက်မှ ပြီးစီး အောင်မြင်သဖြင့် ထိုနှစ်တွင်ပင် "မေဓာဘိဝံသ သဒ္ဓမ္မဇေမဟာဓမ္မ ရာဇာဓိရာဇ ဂုရု"ဘွဲ့တံဆိပ်တော်ရ ပြည်ဆရာတော်ဘုရားကြီးအား တင်လှူတော်မူသည်။

ထိုအကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး စာမျက်နှာ ၁၅၀၅ ၌(မြောက်နန်းတော် မိဖုယားက ရွှေမြို့တော် မြောက်ပြင် မန္တလေးတောင်ခြေ မန္တလာရာမပြည်တိုက်အတွင်း ကုသိုလ်တော်ပွါး ဆောက်လုပ်၍ "မေဓာဘိ ဝံသ သဒ္ဓမ္မဇေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ပြည်ဆရာတော်ဘုရားအား တင်လှူတော်မူသည့် ကျောင်းရုံနှစ်ဆယ်နှင့်တကွ ၄ ထပ်စမြင်ခံ ကျောင်းတော်ကြီးနှင့်တကွ သိမ်ပြည်ဿဒ္ဓတော်ကြီး)ဟုပါရှိလေသည်။

သို့ရာတွင် သိမ်တော်ကြီးမှာ ကျောင်းတော်ကြီးမဆောက်လုပ်မီ ရှေးဦးစွာ ကြိုတင်၍ ပြည်ဆရာတော်ဘုရားကြီး ယာယီကျောင်း၌ သီတင်းသုံး နေထိုင်တော်မူစဉ်ကပင် ဆောက်လုပ်လှူဒါန်း၍ ပြီးစီးကြောင်းကို"ဓမ္မမဇ္ဈ။သိမ်တော် ကျောက်စာ"၌ ပါရှိသော ခုနှစ်သက္ကရာဇ်ကို ကြည့်သဖြင့်သိရသည်။

## မန္တလေးမြို့ ပြောက်ပြင် ပြေတိုက်အတွင်းရှိ ပြောက်နန်းတော်မိဖုယားကောင်းမှုဝမ္မမဟ္ဏသိမ်တော်ကျောက်စာ၊

ရှေးမြို့တော်မှ သေံအရပ် မန္တလေးတောင်မှ နရတိအရပ် "မေဝေဘိဝံသ သဒ္ဓမ္မဇဋ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" တံဆိပ်တော်ရှိသော ဆရာတော် သီတင်းသုံးနေသော ကိုးကွယ်တော်မူသည့် တိုက်တော်အတွင်း သာယာညီညွတ်သော မြေအပြင်တွင် အဆန်း,အထူး ကြီးပူး, ကြီးမြောင် စိန်တောင်, စိန်ပွင့် အဆင့်အဆင့် နီမှ,မြင့်,ကြီး,ငယ် ရစ်သွယ်ရှက်ထွေး ပြောက်နု ပြောက်သေး ကြေးကွေး,တုရင် မွမ်းဖျင်စေ့စပ် ဘုံခုနှစ်ထပ် ဖာလ်တပ်, မှန်တပ် သပ်ယပ်သေခွေ ဥပဒေထုံးဟောင်း မပြောင်းမလွှဲနည်းကွဲမရှ သိကြားပြုသို့ သိမ်ပြုဃာဒ်တော်ကို ကောဇာသက္ကရာဇ် ၁၂၁၉ ခု တန်းခူးလဆန်း ၁၄ ရက် စနေနေ့ သမုတ်သည်။

ကောဇာသက္ကရာဇ် ၁၂၂၀ ပြည့် တပေါင်းလပြည့်ကျော် ၁ ရက်နေ့ ပရိသတ်မင်းပြင် ရှေ့တွင်ခင်းကျင်း ကင်းသော မာန်ဖြင့် လှူဒါန်းကောင်းမှု ပြုတော်မူသည်။

ပြည်ဆရာတော်ဘုရားကြီးသည်မန္တလာရာမကျောင်းတိုက်ကြီးတွင် အဝေး,အနီးမှ ပညာရင်နှီ့သောက်စို့ခြင်းငှာ ဆည်းကပ်လာကြသော တထောင်ကျော်ရှိ စာသင်သားဖြစ်ကြသော ရဟန်းသာမဏေအများတို့အား ပါဠိတော်, အဋ္ဌကထာ, ဋီကာစသော နေ့ဝါ,ညဝါ အဖြာဖြာတို့ကို အမြဲမပြတ် သင်ကြားပို့ချတော်မူသည်။

သာသနာ့ ဒါယကာ မင်းကောရာဇ် နှင့် တကွ ကျောင်းဒါယိကာမ မြောက်နန်းတော် မိဖုယားမှစ၍ အားလုံးသော ဒါယကာ, ဒါယိကာမ တို့အား အကြောင်းအားလျော်စွာ တရားဝမ္မ ဟောကြားပြသ ဆုမ္မသြဝါဒ ပေးတော်မူသည်။

နောက်သား နောင်လာ မျိုးလေးဗြာတို့ ကျိုးဂ၁ရည်သန် ခန္ဓ ဝိဘာဝနီ သည်တင့်ဆန်း ဌ ိကာကျမ်းကိုလည်း ကြိုးပမ်းသမ္ဘ ရေးသားပြုစုတော်မူပါသည်။

ထိုကဲ့သို့ မန္တလာရာမတိုက်တော်အတွင်း သီတင်းသုံးနေထိုင် တော်မူစဉ် သက္ကရာဇ် ၁၂၂၅ ခုနှစ်သို့ရောက်သော အခါတွင် ဘုရင်မင်းမြတ်၏ ငယ်ဆရာရင်းအစစ်ဖြစ်တော်မူသော စံကျောင်း ဆရာတော်ဦးစန္ဒ ိမာ ပြန်လွှန်တော်မူသဖြင့် စံကျောင်းတော်ကြီး နှင့် တကွ မဟာဇေတိကာရာမ တိုက်တော်ကြီးကို ဘုရင်မင်း မြတ် က ပြည်ဆရာတော်ကြီးအား တင်လှူတော်မူကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး စာမျက်နှာ(၁၄၃၆) ၌ပါရှိသဖြင့် သိရသည်။

ပြည်ဆရာတော်ဘုရားကြီးသည် "အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယမေ၊ ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယမေ" ဟူသောဘုရားရှင်၏ ဒေသနာတော်နှင့်အညီ သာသ နာ့ဒါယကာမင်းမြတ်၏ မဖြစ်သေးသော သဒ္ဓါတရား အသစ် ဖြစ်ပေါ်လာစေခြင်းဌာဝင်း၊ ဖြစ်ပေါ်ပြီးသော သဒ္ဓါတရား လွန် စွာ တိုးပွားစေခြင်းဌာဝင်း၊ အလှူခံယူတော်မူဟန်တူသည်။

ထိုကဲ့သို့ အလှူခံယူတော်မူပြီးခါ မဟာဇေတိကာရာမတိုက် ရတနာဘုံစံကျောင်းတော်ကြီးမှာပင် သီတင်းသုံး နေထိုင်တော် မူစဉ် သက္ကရာဇ် ၁၂၂၅ ခု နှောင်းတန်ခူးလဆန်း ၁၃ ရက် စနေနေ့တွင် သက်တော် ၇၅ သိက္ခာတော် ၅၅ ဝါ ရရှိ တော်မူပြီးသော "မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မ ,ရာဇာ ဓ ိ ရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ရ လဋ္ဌ ိပေသလ,သိက္ခာ ကာမ,ဝိနယကုက္ကုစ္စ,ဂန္ဓိန္ဒ္ရ ဗဟုဿုတ,တိပိဋက ယထာဘူတ ပါရဂူ,ဂန္ဓကာရကအကျော် ဖြစ်တော်မူသော ပြည်ဆရာတော်

ဘုရားကြီးသည် ဖြစ်တတ်,ပျက်တတ်သော ရုပ်,နာမ် နှစ်ရပ်တို့၏ ဆက်စပ်ကြောင်း,ကျိုး အစိုးမရသောအရာဇာတိ၏အကျိုးဆက် ဗျာဝေါတည်းဟူသော လက်နက်ဖြင့် နှိပ်စက်ကြိမ်ဘန် လွန်ပြင်းထန်သဖြင့် ကံဟုန်အားသေး ဉာဏ်စွမ်းမှေးလျက် တဖြေးဖြေး အားလျော့ခဲ့ရာ မင်းတုံးဘုရင် ဒါယကာက ဘိသက္ကအကျော် လိမ္မာသော သမားတော်အပေါင်းတို့ကို ကောင်းမွန်သောဆေးချက်ဖြင့် အစွမ်းကုန်ပေးဆက်စေသော်လည်း-

သက္ကတေဝ ဇရာယ ပဋိကမ္မံ ကာတုံ၊
နပန သက္ကတေ မရဏာယ ပဋိကမ္မံ ကာတုံ။
အညတြေဝ ဣဒ္ဓိမန္တာနံ ဣဒ္ဓိဝိသယာ၊
သဗ္ဗေ သတ္တာ မရိသ်န္တိ၊မရဏာ်န္တိ ဧ၀ိတံ။ ။ဟူသော

ယုတ္တိဝိစယ နှစ်ထပ်ပြ ပါဠိတော်နှင့် ညီစွာ ဇရာဟူသော ရင့်ရော်ခြင်းတရားကို ကုစားခြင်းငှာ စွမ်းနိုင်သော်လည်း စိုးပိုင်ဣဿရ မရဏာမည်လျင်း ရှင်သေမင်းကိုမူကား ဆေးသွင်းခြင်း စသော ပကတိအစွမ်းအားဖြင့် မြစ်တားခြင်းကို မဆိုထားဘိ ဣဒ္ဓိဝိသယ အဘိဉာဏ်ဗျာနတန်ခိုးသော်မှ တားဆီးဘို့အစိုးမရ လောကအားလုံး သေမြဲထုံးကို ရှောင်ပုန်းလို့မလွတ် မချွတ်နိုစွ ဖြစ်ကပျက်မြဲ မလွဲနိုင်သော ထုံးတမ်းနှင့်အညီ နဒီဗွေလယ်မှာ မြိုနေရာပေါ်ထွန်း သောင်ကျွန်းကြီး ကွယ်သကဲ့သို့ တသွယ်ဉပမာ ဌက်အပေါင်းတို့ ခိုအောင်းရာကြ ရုက္ခထူးကဲ အမြစ်မရှင် သာသနာ့ခေတ်တခွင်တွင် သစ်ပင်ကြီး ယိုင်လဲသလို မခိုင်ခြုံတဲ့ ရုပ်,နာမ် ဓမ္မတွေမို့ ဘဝဟောင်းရုပ်သိမ်း၍ ချုပ်ငြိမ်းနတ်ထံ ပြောင်းကြ ပြန်လွန်တော်မူရလေသတည်း။

ကြင်းကျန်ရစ်သော ဥတုဇရုပ်ဟောင်းကို ဗဟုဇာသာသနာ ပိုင် ဆရာတော်ကြီးနည်းတူ ကဆုန်လဆုတ် ၃ ရက်နေ့ ခံကုန်း

# ပြည်ဆရာတော်ဦးကျိုး၏ အရိုးအိုးစေတီတော်ကြီး



သဘ္ဘာဂျာ ၁၂၃၀ပြည်နှစ်တွင် မြောက်နန်းတော်မိဖုယား သိရိမဟာရတနာ မဂ်လာဒေဝီက တည်ထားကိုးကွယ်တော်မူသည်။

သင်းချိုင်းတွင် မြောက်နန်းတော် မိဖုယား ထွက်တော်မူ၍ သင်္ဂြိဟ်တော်မူသည်။

အရိုးဓာတ်ကို စေတီတော် တည်ထားကြောင်း ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး စာမျက်နှာ ၁၄၇၇ တွင် (သက္ကရာဇ် ၁၂၃၀ပြည့်တပေါင်းလ ပြည်ဆရာတော် "မေဓာဘိပဏ္ဍိတ၀ေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဘ၀ပြောင်းရာ သင်္ဂြိဟ်ရပ်တွင် အရိုးနှင့် ရှေ့ဆင်းတု, ဌေးဆင်းတု ရှေ့စေတီ, ဌေးစေတီများစွာ ဌာပနာပြီးလျှင် တည်လုပ်သည့်ဘုရား ပြီးပြေသည်ကို မြောက်နန်းတော် မိဖုယား "သီရိမဟာရတနာ မဂ်လာဒေ၀ီ" ထွက်တော်မူ၍သံယာတော်၄ဖိုပါးကို ပဒေသာပင်ရေ ၄ဖိ မန္တလာရာမတိုက်, စလင်းတိုက်, ရှေကူတိုက်ရှိ သံယာတော် ၂၇၀ကျော်ကို တိစီ၀ရိက် သက်နိုး, ဆွမ်း, စမဲဟင်းလျာစုံ သပိတ်နှင့်တကွ လှူ။ တော်မူသည်။)

ထိုပြည်ဆရာတော်ကြီးသည် ပရိယတ်, ပဋိပတ်နှင့် ပြည့်စုံတော်မူ၍ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူသည့်ပြင် ဟီရိ, ဩတ္တပ္ပ တရား ၂ပါး-ဗြဟ္မစိုရတရား၄ပါးနှင့်လည်း ပြည့်စုံသည်ဟု ဆရာတော်အပေါင်းတို့ ချီးမွမ်းတော်မူကြသည်။

ဘုရားဖြစ်ရန် ရည်စိတ်သန့်၍ ဆုပန်တောင့်တတော်မူဟန်ကား

သပရတ္တ ကောဝိဒေါဟံ၊ စရန္တော ဗေါဓိပါစကံ။
သဗ္ဗညုတံ ဝရံ ပတ္ထေ၊ တာရေမိ ဇနတာ ဗဟုံ။ ။

အဟံ၊ ဝါမူကား။ သပရတ္တကောဝိဒေါ၊ မဟာသေန ဝိမ္ဘုရပညာရှိသို့ မိမိစီးပွါး, သူ့စီးပွါးခို့ ရေးခြားလိမ္မာသည်ဖြစ်၍။ ဗောဓိပါစကံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတတ်သော ပါရမီစာ၀ စရိယကို။ စရန္တော၊ မဆုတ်မနစ် ကျင့်နိုင်သည်

ဖြစ်၍။ သဗ္ဗညုတံ ဝရံ ပတ္ဘာ၊ မြတ်သော သဗ္ဗညုတ ဉာဏ်သို့ ရောက်လတ်၍။ဇနတံ ဗဟုံ၊ သြဃလေးဖြာ ဗလဝါမုခ် ရည်ထုတ် ဒီမှုန် ရေအဟုန်ဖြင့် ပျက်ကုန်ဘန်ဘန် အားမသန်သား မကျန် ပြောထူ သုံးဘော်လူကို။တာရေမိ၊ဆယ်ယူ ကယ်တင်ရလို၏။

ပြည်ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်ပိဋကတ် နှီစပ်သဖြင့် ပေါက်ရောက်စွာ တတ်မြောက်တော်မူ၍ ကျမ်းဂန်အများကို ရေးသားပြုပြင် စီရင်တော်မူနိုင်သော်လည်း စာတတ်သည်ဟူ၍ ဘယ်အခါမှ ပြောကြားတော်မမူ၊ စာသင်ရသည်ကား တ,မှန်း ဏ,မှန်း သိရုံရှိသည်ဟု မိန့်ကြားတော်မူလေ့ရှိသောဟူ၏။

## ပြည်ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာများ၊

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိဿယသစ်၊ ၁၂၁၆ ခု၊
၂။ အဋ္ဌသာလိနီ အဋ္ဌကထာ နိဿယသစ်။
၃။ သံယုတ်အဋ္ဌကထာ အထက် ၃ကျမ်း နိဿယ၊
၄။ ပါဋိဇာတ် ပါဠိတော်နိဿယ။
၅။ ဌီကာကျော်နိဿယ။
၆။ သဒ္ဒတ္ထ ဘေဒစိန္တာ နိဿယ။
၇။ သမ္မုခ်စိန္တံ နိဿယ။
၈။ ကစ္စာယနသာရ နိဿယ။
၉။ ကစ္စာယနသာရ သရူပတ္ထ ဒီပနီ၊ ၁၁၉၉ ခု။
၁၀။ ဓါတုမာလာ လက်သန်း ပါဋ,နိဿယ၊၁၂၁၃ ခု။
၁၁။ ခန္ဓဝိဘာဝနီ ဌီကာပါဋ၊ ၁၂၂၃ ခု။

ဆရာတော်ဦးကျီး အတ္ထုပ္ပတ္တိ ပြီးပြီ။

## ၁၀။ ဆရာတော် ဦးသူ အဆုံးမှတ်

ဆရာတော် ဦးသူသည် ရှေးအခေါ် ဗဒုံမြို့ကျေး ယခုအခါ မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ၌ ဘွားမြင်တော်မူသည်။

(မွေးဘွားသော ခုနှစ် သက္ကရာဇ်နှင့် မိဘအမည်များကိုကား ညောင်ကန်သာသနာဝံ သ မှတ်တမ်း၌ မပါမရှိသောကြောင့် မကြားသိရဘူးပေ။)

ဆရာတော်ဦးသူသည် ကျောင်းသား, ကိုရင်ဘဝ ငယ်ရွယ်စဉ်အခါက သင်ကြား တတ်မြောက်ထိုက်သော စာပေကျမ်းဂန်တို့ကို ညောင်ကန်ရွာ၌ပင်လျှင် သင်ကြား တတ်မြောက်တော်မူခါ ရဟန်းဖြစ်ပြီးမှ ရတနာပူရ အင်းဝနေပြည်တော် မဟာအောင်မြေဘုံစံ အုဋ္ဌကျောင်းဆရာတော်ဦးပိုး၏ ထံမှောက်သို့ ပညာရင်နှီ့ သောက်စို့ရန် ရောက်တော်မူလေသည်။

ဆရာတော် ဦးပိုးထံ၌ မာဂဓဘာသာဖြစ်သော ပါဠိ, အဋ္ဌကထာ ဋီကာ အနု,မဒု,ယောဇနာ နှဝါ,ညဝါ ကျမ်းဂန်အဖြာဖြာတို့ကို အာစရိယ ဟတ္ထမုဋ္ဌေနည်းမျိုးစုံညှိလျက် တတ်သိလိမ္မာတော်မူသည်ပြင် သက္ကဋဘာသာဖြစ်သော ဘင်္ဂလီ, နာဂရီလောကီ ဗေဒင်ပညာတို့ကိုပါ တဘက်ကမ်းရောက် သူတပါးတို့မှီငြမ်းပြုလောက်အောင် တတ်မြောက်တော်မူသတည်း။

ဆရာတော် ဦးသူသည် ဆရာတော်ဦးပိုး ပြန်လွန်တော်မူပြီးနောက် ဦးဗုဒ်လက်ထက်သို့ ရောက်သော အခါမှ ညောင်ကန်ရွာသို့ ပြန်ကြွခါ သီတင်းသုံးနေထိုင်တော်မူခြင်းဖြစ်သည်။

ထိုစဉ်အခါ ညောင်ကန်ရွာ၌ နေထိုင်ကြသော လူအများတို့သည် မိစ္ဆာနတ်တို့ကို ပူဇော်ပ,သ ကိုးကွယ် ဆည်း ကပ်ကြသူများလှသဖြင့် ဆရာတော်ဦးသူက ရပ်သူ,ရွာသား လူအများတို့ကို

သံသရာ၌ နစ်မွန်းမျောပါးမည်ကို သနားတော်မူလှသောကြောင့် မိစ္ဆာနတ်တို့ကို ပူဇော်ပ,သ ကိုးကွယ် ဆည်းကပ်ကြသည်ထက် ဂြိုဟ်နတ်တို့ကို ပူဇော်ပ,သ ကိုးကွယ် ဆည်းကပ်ခြင်းပြုကြလျှင် အနိဋ္ဌဖလဟုဆိုအပ်သော မကောင်းကျိုး အထွေထွေပျောက်၍ ဣဋ္ဌဖလဟုဆိုအပ်သော ကောင်းကျိုးအထွေထွေ ရောက်နိုင်ကြောင်းကို ဟောကြားပြသ သြဝါဒပေးတော်မူခါ ဂြိုဟ်ကြီးရှစ်လုံးကို အကြောင်းပြု၍ ရှစ်မျက်နှာဘုရား တည်ထားစေပြီးလျှင် ၇ ရက်သား, ၇ ရက်သမီးတို့အား မိမိတို့ မွေးနံသင့်ရာနံဘုရားတို့၌ ဆွမ်းနှင့်ရေချမ်းပန်းနှင့်ဆီမီး ထီး,တံခွန်,ကြက်လျှာ လှူဒါန်းဘွယ် အဖြာဖြာတို့ကို လှူဒါန်း ပူဇော်ခါ အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ကြစေသည်။

ထိုအခါမှစ၍ ညောင်ကန်ရွာတွင် ရှစ်မျက်နှာ ဘုရားဟူ၍ရင်း ထိုဘုရားကို အစွဲပြု၍ ရှစ်မျက်နှာ ကျောင်းတိုက်ဟူ၍ရင်း ခေါ်တွင်စရာ ပေါ်ထင်၍ လာပါခဲ့သည်။

**မှတ်ချက်။** ရှစ်မျက်နှာကျောင်းတိုက်၌ မြောက်ဘက် အစွန်ဆုံးနေရာသည် ဦးသူမော် ဆရာတော်အရှင်ဥာဏိန္ဒ၏ အုပ်ကျောင်းနေရာပေတည်း။ ယခုအခါ ၎င်းအုပ်ခုံပေါ်တွင် ကျောင်းဆောက်၍ထားခြင်းဖြစ်သည်။

ဆရာတော် ဦးသူသည် ညောင်ကန်ရွာ ရှစ်မျက်နှာကျောင်းတိုက်၌ များစွာသော တပည့်တပန်း ရဟန်း,သာမဏေတို့အား တတ်သင့်တတ်ရာ အဖြာဖြာသော လောကီ,လောကုတ္တရာ ပညာမျိုးစုံလင်စွာတို့ကို သင်ကြားပို့ချခါ သီတင်းသုံး နေထိုင်တော်မူသတည်း။

ထိုကဲ့သို့ ညောင်ကန်ရွာ၌ သီတင်းသုံး နေထိုင်တော်မူခဲ့ရာ ကောဇာသက္ကရာဇ် ၁၂၁၆ ခုနှစ်သို့ရောက်သောအခါတွင် ပဋ္ဌမ-

# ရှစ်မျက်နှာဘုရား



ညောင်ကန်ရွာ ဦးမိုးမြိုင် ဇနီး မချမ်းသာ သား,သမီးတစုတို့က အသစ်တဘန် ထပ်မံ မြှုပ်ကြောင်းတားသည်။

သံဃါယနာတင် ဘဝရှင်မင်းတုံးမင်းတရားကြီးက ရတနာပုံ နေပြည်တော်သို့ ကြွရောက်တော်မူရန် ပင့်လျှောက်ချက် အရ နေပြည်တော်သို့ ကြွရောက်တော်မူရလေသည်။

နေပြည်တော်သို့ ရောက်သောအခါ မန္တလေးမြို့ အနောက်ပြင် ပုဂံမင်း၏ အိမ်တော်ရာ မဟာလောကရုံသီ စေတီတော်ကြီး၏ အနောက်မြောက် အရပ်တွင် တည်ထားဆောက်လုပ်အပ်သော ချမ်းသာကြီးကျောင်းတိုက်ကို ရေစက်သွန်းချ၍ တင်လှူတော်မူသည်။

"ဥာဏိန္ဒာဘိ ပဏ္ဍိတ ပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ကပ်လှူတော်မူသည်။

ထိုဆရာတော် အရှင်ဥာဏိန္ဒသည် ဆရာတော် ဦးဗုဒ္ဓ ထက် အသက်အရွယ် အစိတ်, နှစ်ဆယ်ခန့်လောက် ကြီးအုံ့ ထင်သည်။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်ဦးဗုဒ္ဓကို ကိုဗုဒ္ဓဟုခေါ်ခြင်း၊ တိုင်ပင်နှီးနှော ပြောဆိုစရာ အကြောင်းကိစ္စ ရှိသောအခါတို့၌ မေးမြန်းပြောဆိုဝံ့ခြင်းစသော အကြောင်းတို့ကြောင့်ပေတည်း။

ဆရာတော် ဦးသူသည် ပိဋကတ်ကျမ်းဂန်အရာ၌ ဆရာတော် ဦးဗုဒ္ဓတို့၏ အောက်ကျအောင် ညံ့လှသည်မဟုတ်၊ သက္ကဋ္ဌဗေဒင် ကျမ်းတို့၌သာ အလေ့အလာများသည်၊ တနှေ့လုံးဂဏန်းသင်္ချာ တွက်ခြင်းနှင့်ပင် အချိန်ကုန်စေသည်။

ထို့ကြောင့် ဆရာတော်ဦးဗုဒ္ဓကလည်း ဆရာတော်ဦးသူကို ဂဏန်းကောင်ကြီးဟု ခေါ်လေ့ရှိသောဟူ၏။

ဆရာတော်ဦးသူ မန္တလေးရတနာပုံ နေပြည်တော်သို့ ရောက်သည့် နောက်တနှစ် သက္ကရာဇ် ၁၂၁၇ ခုနှစ်တွင် ဝါထပ်သင့် မထပ်သင့် ရှင်ရော,လူပါ ဗေဒင်ပညာရှိများစွာတို့သည် အကြီး အကျယ် အငြင်းအခုံဖြစ်ပွါးခါ အချိန်ကာလ ကြာမြင့်စွာ

မပြီးမပြတ်နှိုင်ရှိရာတွင် သာသနာပိုင် ဆရာတော်ဦးဥယျက ညောင်ကန်ဆရာတော် ဦးသူသည် ဗေဒင်ပညာ ဂဏန်းသင်္ချာ တွက်ရိုးကို နှိုင်နင်းတော်မူလှပေသည်။

သို့အတွက် ဆရာတော်ဦးသူ၏ အဆုံးအဖြတ်ကို ခံယူကြရမည်ဟု **အ**ဓိန္ဓတော်ရှိရာ ဆရာတော် ဦးသူက ဝါထပ်သင့်ကြောင်းကို အဆုံးအဖြတ်ပေးတော်မူခဲ့လေသည်။

ထိုမှတပါး နောက်သား နောင်လာ မျိုးလေးဖြာတို့ လွယ်ကူစွာ လေ့လာကြည့်ရှု မှီငြမ်းပြုနိုင်ကြစေရန် ရည်သန်သောမေတ္တာစိတ်ဖြင့် နှစ်ပေါင်း ၆၅ နှစ်အတွက် သံဒိဋ္ဌပက္ခဒိန်ကိုလည်း စတင်တည်ထွင်ခါ တွက်ချက်ရေးသား၍ ထားတော်မူခဲ့၏။

ထိုမှ တဖြာ သူရိယသိद္ဓန္တ၎ကာကိုလည်း သက္ကဋဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခါ ရေးသားတော်မူသည်။

**မှတ်ချက်။** ၎င်းကျမ်းဌ "ဥာဏာဝဇ္ဇ်ရ သိရိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရ ညောင်ကန်ဆရာတော်ဘုရားကြီးဟု တွေ့မြင်ရသည်။

အရှင်ဥာဏိန္ဒာဘိ အမည်ရှိသော ဆရာတော် ဦးသူသည် ချမ်းသာကြီးကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူခါ အတ္တဟိတ,ပရဟိတ နှစ်ဝန္ဓစ်ဖြာ လောကီ,လောကုတ္တရာတို့ကို မနေမနား ကြိုးစားရှာမှီး ဆည်းပူးအားသစ်တော်မူစဉ် သက္ကရာဇ် ၁၂၂၂ ခုနှစ်တန်ဆောင်မုံးလတွင် မြေလျှိုး မိုးပုံနှိုင်ခြင်းစသော ဣဒ္ဓိဝိသယ အစိန္တေယျ ဂုဏ်အပေါင်းနှင့် ပြည့်စုံဟော်မူကြကုန်သောဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာအရှင်မြတ်ကြီးတို့မှသော်လည်း တိမ်းရှောင် ပြေးသွားခြင်းငှါ မလွတ်သာသော ခန္ဓာဘဂ် မရဏသဘော ရှေ့,လျှောပြောင်းကြခါ ပြန်လွန်တော်မူရရှာလေသည်။

# ဆရာတော်ဦးသူ၏အရိုးအိုးဘုရား



ထိုအကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး စာမျက်နှာ ၁၄၂၇တွင်(သက္ကရာဇ် ၁၂၂၂ ခု တန်ဆောင်မုန်းလတွင် "ဥာဏိန္ဒာဘဲ့ ပဏ္ဍိတ ပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" တံဆိပ်တော်ရ ညောင်ကန် ဆရာတော်ဦးသူ ဘဝပြောင်းရာ တံဆိပ်တော်ရ ဆရာတော်တို့ကိုသင်္ဂြိဟ်သည့် အခမ်းအနားနည်း သင်္ဂြိဟ်တော်မူသည်။)

**မှတ်ချက်။** သို့ဖြစ်၍ သုရိယသိဒ္ဓန္တကျမ်းမှာ ပါရှိနေသော ဘွဲ့အမည်တော်အတွက် မှားသည်မှန်သည်အထူးရေးသားရန် လိုမည်မထင်။

ဆရာတော် ဦးသူ၏ ဥာဏိန္ဒာဘိ ဟူသော ဘွဲ့အမည်တော်နှင့် နက္ခတ်, ဗေဒင်ပညာအရာတွင် နေမြင့်,လမြင့် ကျမ်းကျင်လိမ္မာ တဘက်ကမ်းခတ်အောင် တတ်မြောက်တော်မူသည် ဟူသော ဥဒါနိ်းစကားကို ဆရာသမား အဆက်ဆက် အထက်ထက်က လူကြီး, သူမများ ချီးကြူးသံကို ကြားခဲ့ရသည်မှာ နားမဆံ့မျှ များလှလေပြီ။

ဆရာတော် ဦးသူ၏ ကြင်းကျန်ရစ်သော အရိုးဓါတ်ကို ညောင်ကန်ရွာသို့ယူဆောင်ခဲ့ရစ်မျက်နှာကျောင်းတိုက်အတွင်း တနေရာဝယ် လျှောက်ပတ်တင့်တယ်စွာ အုဋ္ဌပြဿာဒ် ဘုရားတည်ထား၍ တပည့်တကာအများတို့က ကိုးကွယ်ကြလေသည်။

ဆရာတော် ဦးသူ အထူးပုတ္တိ ဖြီးပြီ။

## ၁၁။ ဆရာတော် ဦးကန်ရိုး အထူးမှတ်

ဆရာတော် ဦးကန်ရိုးသည် ရှေးအခေါ် ဗဒုံမြို့ ယခုအခါ မုံရွာခရိုင် ဘုတလင် မြို့နယ် အဝင်အပါ ညောင်ကန်ရွာ၌ အဖ ဦးစံရာ, အမိဒေါ်ဦးတို့၏ဂဟ္ဘာသယ ဝမ်းကြောတိုက်မှ သက္ကရာဇ် ၁၁၆၂ ခု နှစ်တွင် ဘွားမြင်တော်မူသည်။

ငယ်မည်မှာ ကြက်သွန်ကန်ဘောင်ရိုး၌ မွေးဘွားခြင်းတည်း ဟူသောအကြောင်းကြောင့် မောင်ကန်ရိုးဟု မိဘတို့က မှည့်ခေါ်ကြသည်။

မောင်ကန်ရိုး ၅ နှစ်, ၆ နှစ်သား အရွယ်သို့ ရောက်သော အခါ ဆရာတော် ဦးပိုး၏ အထံ၌ စာပေသင်ကြားရန် မိဘတို့က အပ်နှံကြသည်။

မောင်ကန်ရိုးသည် ကျောင်းသားတို့ သင်ကြားတတ်မြောက် အပ်သော စာပေတို့ကို သင်ကြား တတ်မြောက်လျှင် အသက် ၁၅ နှစ်သို့ အရောက်တွင် ရှင်သာမဏေပြုသည်။ သာမဏေ အမည် ရှင်ဒီပတည်း။

ထိုသာမဏေ ရှင်ဒီပသည် ရှင်ကျင့်ဝတ်နှင့်တကွ သဒ္ဒါ, သဒ္ဒြိဟ် အစရှိသော နှေ့ဝါ,ညဝါတို့ကို သင်ကြား အားထုတ်ခါ သာမဏေ ၆ ဝါအရ အသက် ၂၀ ပြည့်သော ကာလတွင် ရဟန်းပြုတော်မူသည်၊ ရဟန်းအမည် ရှင်ဒီပ ပင်တည်း။

ရှင်ဒီပ ရဟန်းအဖြစ်သို့ ရောက်သောနှစ်မှာပင် ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် မင်းတရားကြီး၏ ပင့်လျှောက်ချက် အရ ဆရာတော် ဦးပိုးသည် အင်းဝနေပြည်တော်သို့ ကြွတော် မူရာ အရှင်ဒီပလည်း ပစ္ဆာသမဏ အဖြစ်ဖြင့် နောက်တော် ကလိုက် ပါရဟန်တူလေသည်။

ထိုအရှင် ဒီပသည် ဆရာတော်ဦးပိုးထံ၌သုတ်, ဝိနည်း, အဘိဓမ္မာ ပါဠိနှင့်တော်အဖြာဖြာကို အဌကထာ, ဋီကာနှင့်တကွပေါက်ရောက်အောင် သင်ကြားတတ်မြောက်သော အခါ ဆရာတော် ဦးပိုး၏အနီးတွင်ပင် လက်ထောက်တပည့်ကြီးအဖြစ်ဖြင့် စာသင်သား ရဟန်း, သာမဏေအများတို့အား သင်ကြား ပို့ချခါ နေထိုင်တော်မူသည်။

ဘကြီးတော် မင်းတရားကြီးကလည်း "ဒီပါလင်္ကာရ မဟာဓမ္မ ရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူသည်။

ထိုအရှင်ဒီပသည် ဆရာတော် ဦးပိုးပြန်လွန်တော်မူပြီးနောက် ဆရာတော် ဦးဗုဒ္ဓ လက်ထက်သို့ ရောက်သော အခါ၌လည်း ဆရာတော်ဦးဗုဒ္ဓထံတွင် နိဿယည်းခံခါ ဆက်လက်၍ တဘန် တိုက်အုပ် အဖြစ်ဖြင့် သီတင်းသုံးနေထိုင် တော်မူပြန်သတည်း။

ညီတော် ကုန်းဘောင်မင်း လက်ထက်သို့ ရောက်သောအခါ ကုန်းဘောင်မင်း၏လျှောက်ထားချက်အရ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးက ဆရာတော် ဦးဗုဒ္ဓ၏ဉာဏ်စွမ်းကို စစ်ဆေးမေးမြန်းပြီးသောအခါတွင် နောင်တော်ကြီးလက်ထက်ကလှူဒါန်းခဲ့သော ပထမ ရာဇဂုရုတံဆိပ်တော်မှ သည် "ဒီပဓဇ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဟူသော ဒုတိယတံဆိပ်တော်ကို ထပ်မံ၍ အလှူခံတော်မူရပြန်သည်။

ဆရာတော်အရှင်ဒီပအား အမရပူရမြို့တော်၏ အရှေ့မြောက် ယွန်း မဟာမုနိဘုရားကြီး၏ အရှေ့မျက်နှာ မဟာဘုံကျောင် ညောင်ကန်တိုက်အတွင်း ရှေ့ကနှင့် မြတောင်နှစ်မြို့ကို အဝိုင်စားရသော မင်းသမီး၏ မိခင်ဖြစ်သော ဒါယိကာမ က အမိုး

ဘုံ ၄ ဆင့်ရှိ ကျောင်းမ,မာရဘင်,ဦးဂင်,ရာဇပလ္လင်နှင့် တက္ခ ဆောက်လုပ်လျှ||ဒါန်းအပ်သော လေးထပ်ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူသည်။

ထိုဆရာတော် အရှင်ဒီပသည် ညောင်ကန်တိုက်၌ ရဟန်းသာမဏေအများ စာသင်သားတို့အား ပါဠိတော်, အဋ္ဌကထာ ဋီကာ,အနု မဓု,ယောဇနာ နှဝါ,ညဝါ စာပေကျမ်းဂန် အဖြာဖြာတို့ကို သင်ကြားပို့ချခါ သီတင်းသုံး နေထိုင်တော်မူခဲ့ရာ ကာလ အချိန်ကြာသော် ထိုကျောင်းတိုက်မှာပင် ဘဝနတ် ထံပြောင်းကြွ ပြန်လွန်တော်မူရရှာလေသည်။

(ပြန်လွန်တော်မူသော ခုနှစ် သက္ကရာဇ်ကိုကား မကြားသိရပေ။)

ကြွင်းကျန်ရစ်သော အရိုးခေတ်ကို မန္တလေးမြို့ တောင်ပြင် ချမ်းမြေ့သာစီရပ် အရှေ့ပိုင်း ညောင်ကန်တိုက် အနောက်ဘက် ကပ်လျက်ရှိသော ဇွန်းစုရပ်တွင် တပည့်တကာ အများတို့က စေတီတော်တည်ထား၍ ကိုးကွယ်ကြလေသည်။

**မှတ်ချက်။** ။ညောင်ကန်ဆရာတော် တကျော်ပန့်စ်ပါးတို့တွင် ထိုဆရာတော် ဦးဒီပသည် ကျန်းဂန်သာတတ်၍ ကျမ်းမပြုသော ပုဂ္ဂိုလ်တည်း။

**ဆရာတော် ဦးကန်ရိုး အထူးပုဒ်ပြီး။**

---

## ၁၂။ ဆရာတော် ဦးမှော် အထူးပုဒ်

ဆရာတော် ဦးမှော်သည် ရှေးအခေါ် အလုံမြို့ အထက်တိုက် အဝင်အပါ ယခုအခါ မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ၌ သက္ကရာဇ်၁၁၀၄ ခုနှစ်တွင် ဘွားမြင်တော်မူသည်။

(မိဘတို့၏ အမည်နာမနှင့်တကွ ကျောင်းသား,ကိုရင်ဘဝက ဖြစ်စဉ်များကို ညောင်ကန် သာသနာဝံ သ မှတ်တမ်း၌ မပါ မရှိ၍ မသိရပါ)

# ဆရာတော်ဦးကံရိုး၏အရိုးအိုးဘုရား

ရေတိသင်္ခ

လူမည် ဦးမှော်၊ရဟန်းဘွဲ့တော်မှာ "အရှင်ဝရစက္ကာ" တည်း။

ထိုအရှင်ဝရစက္ကာသည် မေဝေဘိ၀ သ အမည်ရသော ပြည်ဆရာတော်ဘုရားကြီး၏ အထံတော်၌ ပါဠိတော်, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့ကို နှံ့စပ် ပေါက်ရောက်အောင် သင်ကြားတတ်မြောက်တော်မူလေသည်။

ဆရာတော်အရှင်ဝရစက္ကာသည် သက်နှံ့ဝတ်ရုံသော အရာ၌ ကြည်ညိုဘွယ်ရာ လွန်စွာသေသပ်လျက် ဝိနည်းသိက္ခာပုဒ်တော်ကိုလည်း အလေးဂရုပြုလှသောကြောင့် ရှေ့ကျင်ဆရာတော် က ထရံကာတိုက်ကို အပ်နှင်းတော်မူသည်။

ထရံကာတိုက်မှာ စာပေကျမ်းဂန်တို့ကို သင်ကြား,ပို့ချခါသီ တင်းသုံးနေထိုင်တော်မူစဉ် သက်နှံ့စပ္ပါယ်ရုံတွင် အခြင်းအခံ ဖြစ်သဖြင့် သဘောမကျသောကြောင့် ၎င်းတိုက်မှာ ကြာရှည်စွာ မနေလိုတော့သဖြင့် ညောင်ကန်ရွာသို့ ပြန်ကြွခါ အရည်ဝါသီ တောရ ဆောက်တည်၍ နေထိုင်လိုကြောင်းကို မင်းတုံးမင်းတရားကြီးထံ မေတ္တာစာသွင်းလေသည်။

ထိုအခါ မင်းတရားကြီးကလည်း ဆရာတော်ကို ရှေးယခင်ကပင် ကြည်ညိုတော်မူပြီး ဖြစ်သည့်အတွက် ဆရာတော်သည် "နေပြည်တော်မှာ နေပြီးမှဖြင့်ကျေးတောကျေးလက်သို့ တဘန်ပြန်၍ မကြွချင်ပါနှင့်တော့၊ တကာတော်က သင့်တော်ရာတွင် ကျောင်းဆောက်၍ လှူဒါန်း ပါမည်" ဟု လျှောက်ထားသောကြောင့် ညောင်ကန်ရွာသို့ ပြန်မကြွဖြစ်ဘဲ နေပြည်တော်မှာပင် ဆက်လက်ခါ သီတင်းသုံးနေထိုင်တော်မူရပြန်လေသည်။

ဤကဲ့သို့ လျှောက်ထားပြီးခါ သက္ကရာဇ် ၁၂၃၅ ခုနှစ်မှာပင် သမီးတော်ပင်တိုင်စံ စလင်းထိပ်ခေါင်တင်အား ငွေတော် ၎သိန်း

ထုတ်ပေးတော်မူခါ ခမည်းတော်၏ ကိုယ်စားပြု၍ ကျောင်းတော်ကြီးကို ဆောက်လုပ်စေရာ ၁၂၃၀ခုနှစ်သို့ ရောက်မှ ပြီးစီးလေသည်။

၁၂၄၀ ပြည့်နှစ်ရောက်မှ ရေစက်ချ၍လှူဒါန်းသည်။ထိုအခါ ခမည်းတော် မင်းတရားကြီးမှာ ကောင်းစွာ မကျန်းမာသဖြင့် သမီးတော်ကိုလည်း စိတ်မချသောကြောင့် ကျောင်းတော်သို့ ထွက်ခွင့်မပေးမူ၍ မြေနန်းတော်မှ ကျောင်းတော်အထိ ဝါးလုံးတိုင်များကို စိုက်ထူစေပြီးလျှင် ပိတ်ဖြူစများကို ဆက်ခါတန်း၍ နန်းတွင်းနှင့် ကျောင်းတော်တွင် စည်ယွမ်းခါ ဆော်ပြီးလျှင် ကြေးနန်းဖြင့် အချက်ပေး၍ ရေစက်ချတော်မူသည်ဟု ယခုတိုင် အသက် ထင်ရှား ရှိတော်မူသေးသော ၁၂၃၄ ခုနှစ်ဘွားမန္တလေးတောင် ဆရာတော် ဦးနန္ဒ၀ယက မိန့်မြွက်တော်မူသဖြင့် ကြားသိရသည်။

ဆရာတော် ဦးမှော်သည် မန္တလေးမြို့ မြောက်ပြင် မန္တလာရာမ ပြည်တိုက်အနီးတွင် စလင်းထိပ်ခေါင်တင် မင်းသမီးက ဆောက်လုပ် လှူဒါန်းအပ်သော "မဟာတုလွတ် ဘုံသာ၀ေယံ ကျောင်းတော်ကြီး"ကို အလှူခံယူတော်မူရလေသည်။

ခမည်းတော် မင်းတရားကြီးကလည်း "၀ရစက္ကပါလ သီလာလုက်ဘရ မဟာ၀မ္မ ရာဇာဓိ ရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကို ဆပ်ကပ်လှူဒါန်းတော်မူသည်။

ထိုအကြောင်းများကို ကုန်းဘောင်ဆက် မဟာရာဇ၀င်တော်ကြီး ၁၅၀၆ တွင် ( သမီးတော် စလင်းမြို့စား စုဘုရားသုသီရိမြတ်စွာ ရတနာဒေ၀ီက ကုသိုလ်တော်ပွါးဆောက်လုပ်၍ မြောက်ပြင်စလင်းဆရာတော် တံဆိတော်ရင်ယမ်ညီးမှော်အား

။ကြီးလေခေါင်းဆွယ်ကားဒုတိယဘဝလေ ပြီးခဲ့ကားဆွယ်ငင်ခြင်း
ဖြစ်ပွဲနှင့်မပျက်ခင်း'ဌလုပ်း ဒေါ်ဆားဇွဝင်ကိုယကတွင် ယနေ့ထိ မပြီး ၆ ၊ ၄ လောက်ကြီးကြပ်ခဲ့ရ ၅ ဝင့်ပ



ဒုတိယဘဝဒေါ်ဆားဒလ ငဆုံတွယ်ပါပဲခင်ဗျာ

တင်လျှုတော်မူသည့် ရှေ့မြို့တော်မြောက်ပြင် စံကျောင်းတော်မြောက်ဘက်ရှိ စံကျောင်းတော်နှင့် စနစ်ပုံစုံထပ်တူ တည်လုပ်စေတော်မူသည့် ကျောင်းတော်)ဟု ပါရှိ၍သိရလေသည်။

**မှတ်ချက်။** ။စလင်းမင်းသမီးက ကိုးကွယ်သည့်အတွက် ဆရာတော်ကို စလင်းဆရာတော်၊ ကျောင်းတော်ကိုလည်း စလင်းကျောင်းတိုက်ဟု ခေါ်ဝှင်လေသည်။

**ရှင်းလင်းချက်**

ခမည်းတော်နတ်ရှာစံပြီးသည့်နောက် သားတော်သီပေါမင်းလက်ထက်သို့ရောက်သောအခါ သက္ကရာဇ် ၁၂၄၆ ခု တော်သလင်းလတွင် တံဆိပ်တော်ရ ဆရာတော်တို့ကို တံဆိပ်ငါးမျိုးပြင်၍ အသစ်တဘန် ဆက်ကပ်ပြန်ရာတွင် စတုတ္ထတံဆိပ်တော်ရ ဆရာတော် ၁၇ပါးအနက်-၇ နံပါတ်မှာ ( ညောင်ကန် ဆရာတော် သက်တော် ၆၂နှစ်ရှိ ဦးဝဇိရကို"ဝဇိရာဝုဝဝဇ ပေါဘဝမ္ဘ ရာဇာ ဝ ရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လျှုဒါန်းသည်) ဟု ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးမှာ ပါရှိ သဖြင့် ရှေးယခင် ခမည်းတော် လက်ထက်က ကပ်လျှုအပ်သော"ပထမ ဝရစက္ကပါလ" ဘွဲ့တံဆိပ်တော်မှသည်-သားတော် သီပေါမင်း၏ "ဒုတိယ ဝဇိရာဝုဝ"ဟူသော ဘွဲ့တံဆိပ်ကို အလျှုခံယူတော်မူရ ဟန်တူလေသည်။

ထိုဆရာတော် ဦးမှော်သည် စလင်းကျောင်းတိုက်မှာပင် သုတ်, ဝိနည်း, အဘိဓမ္မာ စာပေကျမ်းဂန် အဖြာဖြာတို့ကို နေ့ညမစဲ အမြဲသင်ကြားပို့ချတော်မူခါ"ခန္ဓဒေါသဒီပနီ"စသော ကျမ်းများကို ရေးသားစီရင်တော်မူပြီးနောက် သက်တော်(၆၃)ဝါတော်(၄၃)ဝါအရ သက္ကရာဇ်၁၂၄၇နှစ်သို့ အရောက်တွင် "နတ္ထိ ဇာတသ အမရဏံ"ဟူ၍ရင်း, "သဗ္ဗသတ္တာနံ မရဏံ ဓုဝံ သသတံ"ဟူ၍ရင်း မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဒေသနာတော်နှင့်အညီ ဇာတိမကင်းသည့်အတွက် ဗျာဓိ

သွင်းသည့်အချက် မခံသာလှသဖြင့် ဘာဟောင်းပစ်ခ၊ ဘဝ သစ်သို့ မြန်မကြာ ကြွတော်မူရရှာလေသတည်း။

**ထိုဆရာတော် ပြန်လွန်တော်မူရခြင်းအကြောင်း ရှင်းလင်းချက်**

ဟင်းသာတမ္ဘီ မြစ်ကွေ့ဆရာတော်ဦးပညာဝံသ ရေးသားသော အတ္ထုပ္ပတ္တိ နိဒါန်း၌ (ထားပြသတ်ခံရ သဖြင့် ပြန်လွန်မူရသော ဝဇီရာဝုဓ ဓဇ မဟာဓမ္မ ရာဇာဝေါ ရာဇဂုရု ညောင်ကန် ဆရာတော်)ဟု ရေးသား ပါရှိလေသည်။ ဤကဲ့သို့ လုံးဝ မဟုတ်ပါ အမှန်စကားကြားသိရသည်မှာ ၁၂၆၂ ခုနှစ်က ယောမင်းအုင်ကျောင်းဆရာတော်သည် ပဋ္ဌန်ကုလားထားပြတို့၏ အရိုက်အနှက်ခံရသောဒဏ်ရာဖြင့် ပြန်လွန်တော်မူရကြောင်းကို ကျောင်းသားဘဝ အရှေ့ပြင် ခင်မဂန်တိုက်မှာနေစဉ်က ကြားသိခဲ့ရဘူးကြောင်းကို ၁၂၄၄ ခုဘွားယခုတိုင် အသက်ထင်ရှားရှိတော်မူသော ဘဏ္ဍုဝန်ဆရာတော်ဘုရားကြီးက ဒိန့်ကြားတော်မူပါသည်။

ထို အကြောင်းအရာများကို ညောင်ကန် သာသနာဝံသ မှတ်တမ်းတွင် မပါ,မဝင် မတွေ့မြင်ရသောကြောင့်ရင်း၊

ညောင်ကန်ရှာတွင် စလင်းတိုက်ထွက် ဆရာတော် ဦးမှော်၏ တပည့်များစွာ ယခုထက်တိုင် အဆက်အနွယ် မပြတ်သေးပါ၊ ထိုတပည့်များမှာ ဤကဲ့သို့သော အကြောင်းအရာတို့ကို အရိပ်အမြွက်မျှပင် မကြား,မသိရဘူးသောကြောင့်ရင်း၊ ဟုတ်မှန်သော အကြောင်းဟူ၍ မထောက်ခံနိုင်သည့်ပြင် လုံးဝမဟုတ်မမှန်ပါဟု ကန့်ကွက်လိုက်ပါသည်။

**စလင်းဆရာတော် ဦးမှော်၏ တပည့်များ**

၁။ ညောင်ကန်ရှာဇာတိ ကျိုက်လပ်မြို့ လမုချောင်း ခြောက်ပင်ရွာ ကျောင်း၌ သီတင်းသုံး တော်မူသော ဘုန်းတော်ကြီး ဦးပညာရံသီ-လူမည် ဦးလူအောင်။

၂။ ရင်း-ကျောက်တန်းမြို့ သနပ်ပင်ရွာကျောင်း၌ သီတင်းသုံး တော်မူသော ဘုန်းတော်ကြီး ဦးနရိန္ဒ-ငယ်မည် ဦးထွန်း။

၃။ ရင်း-ရွှေစည်းခုံ ကျောင်း၌ သီတင်းသုံးတော် မူသော-ဘုန်းတော်ကြီး ဦးသုတ-ငယ်မည် ဦးတေး။

၄။ ရင်း-ဆည်ဝ ကျောင်း၌ ပထမ သီတင်းသုံး၍ ဒုတိယ ညောင်ကန် ရွှေစည်းခုံကျောင်း၌ သီတင်းသုံးတော်မူ သော ဘုန်းတော်ကြီးဦးပရမ-ငယ်မည် ဦးသောင်းတန်။

၅။ ရင်း-ဗန့်ကျီတိုက်နယ် ဒုန်းတောရွာကျောင်း၌ သီတင်း သုံးတော်မူသော ဘုန်းတော်ကြီး ဦးနန္ဒ$^{\circ}$ယ - ငယ်မည် ဦးတောင်း။

ဆရာတော် ဦးမှော် အဋ္ဌုပ္ပတ္တိ ဖြီးဖြီး။

---

သီပေါမင်းလက်ထက်တော်တွင်တံဆိပ် ၅မျိုးပြင်၍ ဆက်ကပ်ပုံကို ဗဟုသုတ လိုလားသော ရှင်,လူ များအတွက် အကျဉ်းမျှ ထည့်သွင်း၍ ပြပါအုံ့။

သက္ကရာဇ် ၁၂၄၆ ခုနှစ် တော်သတင်းလတွင် သာသနာပြု ဆရာတော် အမှူးရှိသော တံဆိပ်တော်ရ ဆရာတော်များးတွင် အထက်က လှူဒါန်းရင်း တံဆိပ်တော်များမှာ တံဆိပ်တော်ခံ ပုဂ္ဂိုလ်တို့ သတ္တိ,ဗျတ္တိ, ပရိယတ်,ပဋိ$^{\circ}$ပတ် ဂုဏ်သိက္ခာ, သီလ အလျောက် ဆုတ်,တက်,နိမ့်,မြင့်,မရှိ တညီတညွှတ် တသန့်တည်း လှူဒါန်းရန် ရရှိသောကြောင့်ဂုဏ်ထူးရှိသည့်ပုဂ္ဂိုလ်တို့ ထင်လျားကြေငြာ ကျော်စောခြင်းမှ ဆုတ်ယုတ်ရန်ရှိသည်ဖြစ်၍ အထက်က လှူဒါန်းရင်း တံဆိပ်တော်များကို အနိမ့်,အမြင့် ငါးမျိုးငါးရပ် ပြင်ဆင်လှူဒါန်းရလျှင် သင့်ရန်ရှိကြောင်း မှူးတော်,မတ်တော်တို့

အစုံအညီ ညှိနှိုင်းတိုင်ပင် တင်လျှောက်ချက်အရ သာသနာပြုဆရာတော်နှင့် တကွ ငါးရပ်ငါးမျိုး ခွဲဝေပိုင်းခြားပြီးလျှင် သာသနာပြုဆရာတော်မှာ ၁ အမှတ်ထား၍ **"မာလာလင်္ကာရ အတုလ ဓိပတိ သိရိပဝရ ဓဇ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု "**

၂။ အမှတ် ဆရာတော်တို့ တံဆိပ်မှာ
ဘွဲ့ရင်းတွင် **အတုလ,ဓိပတိ,ပဝရ,ဓဇ,** ၄ ချက်ကို ထည့်သွင်းရန်၊

၃။ အမှတ် ဆရာတော်တို့ တံဆိပ်မှာ
ဘွဲ့ရင်းတွင် **အတုလ**ကို နှုတ်၍ ကျန် ၃ ချက်ကို ထည့်သွင်းရန်၊

၄။ အမှတ် ဆရာတော်တို့ တံဆိပ်မှာ
ဘွဲ့ရင်းတွင် **အတုလ,ဓိပတိ**ကိုနှုတ်၍ကျန် ၂ ချက်ကိုထည့်သွင်းရန်၊

၅။ အမှတ် ဆရာတော်တို့ တံဆိပ်မှာ
ဘွဲ့ရင်းတွင် **အတုလ,ဓိပတိ,ပဝရ** ကို နှုတ်၍ ကျန်တချက်ကို ထည့်သွင်းရန် ဆရာတော်တို့ကို လျှောက်ထားရာ သဘောတူညီသည့်အရ တံဆိပ်တော်ရ ဆရာတော်တို့ကို စေ့ငုအောင် ထပ်မံထုလုပ်လျှုဒါန်းရသည်။

**ဘွဲ့တံဆိပ်တော် အလျှုခံရသည့် ဆရာတော်တို့ကား**

သာသနာပြု ဆရာတော် ၁-ပါး၊
ပထမ တံဆိပ်ရ ဆရာတော် ၇-ပါး၊
ဒုတိယ တံဆိပ်ရ ဆရာတော် ၁၂-ပါး၊
တတိယ တံဆိပ်ရ ဆရာတော် ၁၄-ပါး၊
စတုတ္ထ တံဆိပ်ရ ဆရာတော် ၁၇-ပါး၊
ပဉ္စမ တံဆိပ်ရ ဆရာတော် ၃၀-ပါး၊
ပေါင်း ၈၁ ပါးဖြစ်သည်။

ထို့ထက် စုံလင်စွာ သိလိုပါက ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးမှာ ကြည့်ပါ။

# ညောင်ကန်သာသနာဝင်နောက်ဆက်တွဲ ၂၄၁

## ညောင်ကန်ရွာ သာသနာပြု

## ဗိုလ်းချုပ်,ဗိုလ်းအုပ်,ဗိုလ်းထောက်ဆရာတော်များ

၁။ဆရာတော်ဦးညွှန့် ဘွဲ့တော်ဦးသဒ္ဓမ္မ ရတနာမဇ္ဈ။တိုက်နိုဿယည်းဆရာ
၂။ဆရာတော်ဦးပိုး ဘွဲ့တော် ဦးပုညာ ရတနာမဇ္ဈ။တိုက် ဗိုလ်းအုပ်၊
၃၊ဆရာတော်ဦးဗုဒ္ဓိ ဘွဲ့တော် ဦးဇမ္ဘု။ဓဇ ရတနာမဇ္ဈ။တိုက် ဗိုလ်းအုပ်၊
၄။ဆရာတော်ဦးကွင်းဘွဲ့တော်(မသိရ) ရွှေစည်းခုံတိုက် ဗိုလ်းအုပ်၊
၅။ဆရာတော်ဦးရွှေမျှားဘွဲ့တော်ဦးအာသဘ ရတနာမဇ္ဈ။တိုက်ဗိုလ်းအုပ်၊
၆။ဆရာတော်ဦးမွန်းဘွဲ့တော် ဦးဇနိန္ဒ ရတနာမဇ္ဈ။တိုက်
ပထမ ဗိုလ်းထောက်-ဒုတိယ ဗိုလ်းအုပ်-တတိယ ^ ၃ဗိုလ်းချုပ်

၇၊ဆရာတော်ဦးရွှေသန်ဘွဲ့တော်ဦးဇယ'န္တမောဠိလာန်တိုက်ဗိုလ်းထောက်၊
၈။ဆရာတော်ဦးဖိုးခိုင်။ ဘွဲ့တော် ဦးဥာဏဝံသ ရတနာမဇ္ဈ။တိုက်၊
ပထမ-ဗိုလ်းထောက်၊ဒုတိယ-ဗိုလ်းအုပ်၊တတိယ- ^ ၅ဗိုလ်းချုပ်။

၉။ဆရာတော်ဦးတေ။ ဦးစဏ္ဍ ရတနာမဇ္ဈ။တိုက် ဗိုလ်းထောက်

(မှတ်ချက်)

နိုဿယည်းဆရာမှာ အလုံမြို့အထက်တိုက်ရှိ သံဃာတော်များကို
အုပ်ချုပ်ရသည်။
၁၊ညောင်ကန်ဗိုလ်း,အလုံဗိုလ်း,မုံရွာဗိုလ်းများကိုအုပ်ချုပ်ရသ'ည်။

၂၊ညောင်ကန်ဗိုလ်း,အလုံဗိုလ်း,မုံရွာဗိုလ်း, မောင်းထောင်ဗိုလ်း
ဘုတလင်ဗိုလ်းများကို အုပ်ချုပ်ရသည်။

## ညောင်ကန်ရွာမှ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ရာထူး၊ရာခံ ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ ကုသိုလ် ကောင်းမှုများ

(၁)သက္ကရာဇ် ၁၀၉၅ ခု ရတနာပူရအင်းဝမြို့တွင် နန်းတက်တော်မူသော ဟံသာဝတီရောက် မင်းတရားကြီး၏ မင်းတိုင်ပင်အမတ်ကြီး(အမည်မသိရ)

ရင်းအမတ်ကြီးက သက္ကရာဇ်၁၁၄၂ ခုနှစ်တွင် ညောင်ကန်ရွာ၏ အနောက်မျက်နှာ၌ အုန်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

(၂)ရင်းအမတ်ကြီး၏သား ရှေ့ဝင်းစချီ လက်ဝဲနော်ရထာက သက္ကရာဇ် ၁၁၈၃ ခုနှစ်တွင် စေတီတော်နှင့် တကွ မဟာရာမ်တံတိုင်းကြီးကိုဆောက်လုပ်လှူဒါန်းခဲ့သည်။

သက္ကရာဇ် ၁၂၀၃ နှစ်တွင် ကျောင်းဦးအုန်ပြဿာဒ်နှင့်တကွ ကျောက်သား ပါဒစေတီတော်ကို တည်ထားပူဇော်ခဲ့သည်။

(၃) သက္ကရာဇ် ၁၁၄၃ ခုနှစ် အမရပူရ ပထမမြို့တည်ဘိုးတော်ဦးဝိုင်းလက်ထက် 'ရွှေးကြီးမှူး'က သက္ကရာဇ်၁၁၄၆ ခုနှစ်တွင် ကျောက်သား ရုပ်ပွါးတော်ကြီးနှင့်တကွ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွါးတော်,အသီတိ ရုစ်ကျိပ် ရဟန္တာမြတ်ရုပ်ပွါးတော်များကို လောကမှန်ကူ ကျောင်းတိုက်အတွင်း စေတီဘုရား တည်ထားပူဇော်ခဲ့သည်။

ရင်းဘုရားဒါယကာ ရွှေးကြီးမှူးသည် ဘုရားတည်သော အခါ ၃မျက်နှာတွင် မုခ်ပေါက်ထား၍တည်လုပ်စေရာ မလိုသူတို့ ဂုံးစကားကြောင့် ဘုရင်မင်းမြတ် ရွှေနားတော်ပေါက်ကြား၍ ရာဇဝတ်သင့်ခါ သေဆုံးရရှာလေသည်။

သို့အတွက် ထိုဘုရားကြီးမှာ အပြီးသို့မရောက်ဘဲ ယခုထက်တိုင် တပိုင်းတစဖြင့် တည်မြဲလျက်ရှိလေသည်။

။ကြီးငံးနှုတ်ခါလိုဒဿယမြင်ထား ပြောကိုးစုံ ဂန္ဓိ။ပဂ်
ယားယြမ္ဘာဂဏဒဂဒ္ဓိုးဒဂ မြားယြီးယားဒဂ ဗျယ်ခဗျာဝင်ဏ။ဟ ဗျိုဝးဒဏ ဒဝိတ္ထနှစ်ခါ၆၁၀ ခွယ်ယိုဏ



ဒီးယြီးဒဂါယခဒ္ဒိုးဏပါနှုယဒဂ်ဏ

(၄)ထိုမင်းလက်ထက် ထိုသက္ကရာဇ်တွင်ပင်ဆင်ဝန်"မင်းစော်တ"ဖျာ"သည်အထက်က ရွှေးကြီးမှူးနည်းတူ ကျောက်သားရုပ်ပွါးတော်နှင့်တကွ နှစ်ကျိပ်ရှစ်ဆူဘုရားရုပ်ပွါးတော်, အသီတိရှစ်ကျိပ် ရဟန္တာမြတ် ရုပ်ပွါးတော်များပါ, ဒေါက်ရာမြတ်စွာဘုရားထံ သုမေဓာရသေ့ ဗျာဒိပ်ခံရာတွင် သုမိတ္တာ က ဆုပန်၍နေဟန်တို့ကို ကျောက်သားဖြင့်ထုလုပ်ခါ ညောင်ကန်ရွာအနောက်တိုက်အတွင်းမှာ စေတီဘုရားတည်ထားပူဇော်ခဲ့သည်။

(၅)ထိုမင်းလက်ထက် ပုခန်းအတွင်းဝန်"ဦးတာ"က သိရိနန္ဒာ ကန်ဘောင်ရိုးပေါ်တွင် စေတီတော်များကို တည်ထားကိုးကွယ်ခဲ့သည်။

(၆)သက္ကရာဇ် ၁၁၀၁ခုရတနာပူရစတုဋ္ဌမြို့တည်ဘကြီးတော်လက်ထက် တွင် သတိုးသုမမ္ဘရာဇာ မဟာသက်တော်ရှည်ဘွဲ့ခံ"ဆရာမင်းကြီး"သည် ရွှေစည်းခုံ စေတီတော် မြတ်ကြီးနှင့်တကွ ၅ ထပ်ကျောင်းကြီး, ပိဋကတ်တိုက်တော်ကြီး, သောက်ရေကန်ကြီးများကို တည်ထားဆောက်လုပ်ခါ လှူဒါန်းပူဇော်ခဲ့သည်။

**(ဆရာမင်းကြီး၏ အကြောင်းကို နောက်၌ သီးခြားပြလတံ့)**

(၇)ထိုမင်းလက်ထက်မှာပင် သက္ကရာဇ်၁၁၉၆ခု နယုန်လွဆန်း ၂ ရက် သောကြာနေ့တွင် ရဲခေါင်ဗလသူရဘွဲ့ခံ ညောင်ကန်ရွာအုပ်ကြီး"ဦးရာ"နှင့်ဇနီး"မယ်လှ"တို့က ရွှေစည်းခုံကျောင်းတိုက်မှာ ၇ဘုံတက် ခြုံးပန်း,ခြုံးနွယ်ရုပ်စုံခြယ်လှက် မုခ်အထွက် ၄ ခုနှင့်တကွ မဟာရာမ်တံတိုင်းကာ၍ ခြံသော် ၁၂ ရုပ်တို့ဖြင့် ခြီရံခါဆောက်လုပ်သော သိမ်တော်ကြီးနှင့် ကွမ်းခုဆင့် စမြင်ခံကျောင်းကြီး ၄ဆောင်၊ ရှစ်မျက်နှာကျောင်းတိုက်မှာကွမ်း ၃ဆင့် စမြင်ခံကျောင်းကြီးတဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

**မှတ်ချက်။** ထို့ကြောင့် ရဲခေါင်ဗလသူရကို ငါးကျောင်းဒါယကာဟု ခေါ်တွင်သည်။

(၇)ထိုမင်းလက်ထက်မှာပင် "စစ်ကိုင်းဝန်"က နတ်မုခ်, နတ်လှေခါးနှင့် စေတီတော်တည်ထား၍ အရံတံတိုင်းမီးတားပြုံ လုပ်ခါ တည်ထားပူဇော်ခဲ့သည်။

(၉)သက္ကရာဇ် ၁၁၉၉ ခုနှစ်တွင် ရတနာပူရ အင်းဝမြို့တွင် နန်းတက်တော်မူသော ကုန်းဘောင်မင်းလက်ထက် "အင်းဝဝန် ဦးကွေး"က ရှေစည်းခုံ ကျောင်းတိုက်၏ အနောက်ဘက်တွင် နတ်မုခ်, နတ်လှေခါးနှင့် စေတီတော်ဘုရား တည်ထားပြီးလျှင် စေတီတော်၏ ရာဟုထောင့်အရပ်တွင် စရပ်ကြီးတဆောင်ကို လည်း ခရီးသွားလှည့်သည်တို့ တည်းခိုနားနေရန် ဆောက်လုပ်၍ လှူဒါန်းခဲ့သည်။

(၁၀) ထိုမင်းလက်ထက် "မကွေးဝန် ဦးမင်းယုန်နှင့် ဝန်ကတော် မမင်းလေး" တို့က ရှေစည်းခုံ ကျောင်းတိုက်၏ အနောက်ဘက်တွင် နတ်မုခ်, နတ်လှေခါးနှင့် စေတီတော်တဆူ တည်ထားပူဇော်ခဲ့သည်။

**မှတ်ချက်။** အင်းဝဝန် ဦးကွေးနှင့် မကွေးဝန် ဦးမင်းယုန်တို့သည် ရဲခေါင်ဗလသူရ၏သားများဖြစ်၍ ညီအစ်ကိုတော်သည်။

(၁၁)မန္တလေး ရတနာပုံ မြို့တည် ပဋ္ဌမသံဃာယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ မြောက်နန်းတော်မိဖုယား "သီရိမဟာ ရတနာ မဂ်လာဒေဝီဘွဲ့ခံ(မယ်ညွန့်)"က သက္ကရာဇ် ၁၂၁၆ ခု နှစ်တွင် သီရိနန္ဒာဂန်တော်, ဇေယျနန္ဒာဂန်တော်တို့ကို အသစ် တာဘန်ထပ်မံပြင်ဆင်ခြင်း၊ အနောက်တိုက်အတွင်း ကွမ်း၃ဆင့် စမြင်ခံကျောင်းကြီးနှင့် ရှင်းကျောင်းဦးတွင် ပိဋကတ်တိုက်တော် ကြီးများကို ဆောက်လုပ် လှူဒါန်းခဲ့သည်။

**(မြောက်နန်းတော်မိဖုယား၏ အကြောင်းကို နောက်၌ သီးခြားပြလတံ့။)**

# စစ်ကိုင်းဝန် ဘုရား



ညောင်ကန်ရွာ မာယအသင်းသားတစုတို့က ကြိုးမှုးပြု
၁၂၉၃ ခုနှစ်က အသစ်တဘန် ထပ်မံပြုပြင်ထားသည်။

# အင်းဝဝန်ဘုရား

ဗျောက်ဆိပ်ကုန်းရွာ ဦးမြေ့ကြီးနှင့် ဇနီး မဖွားရှင်းတို့က
၁၃၀၅ ခုနှစ်က အသစ်တဘန်ထပ်မံပြုပြင်ထားသည်။

# မကွေးဝန်ဘုရား




ညောင်ကန်ရွာ ဒေါ်ရွှေရင်နှင့် ဒေါ်ရွှေတင် ညီအစ်မတစုတို့က
၁၃၁၉ခုနှစ်တွင် အသစ်တဘန်ထပ်မံပြုပြင်ထားသည်။

(၁၂)ပုဂံရှင်ဘုရင်၏ နှမတော်အရင်း"မကွေးမင်းသျှီးနှင့် ဦးကြီးမောင်" တို့က ၃ ထပ်ကျောင်းကြီး ဆောက်လုပ်၍ ဂိုဏ်းအုပ်ဆရာတော်ကြီး ဦးရွှေမျှားကို တင်လှူသည်။

(၁၃) ထိုမင်းလက်ထက် သေနတ်စာရေး"ဦးကုလား"က သီရိနန္ဒာဂန်တော်နှင့် ဇေယျနန္ဒာဂန်တော်များကို ကြီးကြပ်ပြု ပြင်ရသည်။

(၁၄) ရင်းသမီး လင်းကင်းမြို့စား စလင်း ထိပ်ခေါင်တင် မင်းသမီး၏ အမျိုတော်(ခင်အပ်ခေါ်) မအင်က သီရိနန္ဒာဂန် တော်ကြီး အတက်,အဆင်း လှေခါးကြီး ၂ စင်းကို ပြုလုပ်လှူ ဒါန်းခဲ့သည်။

(၁၅) ထိုမင်းလက်ထက် စစ်ကဲတော်ကြီး ဦးရာသီ၊

(၁၆) ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးရွှေသီး၊

(၁၇) ရင်းသမီး မြောက်နန်းတော် မိဖုယား၏ အမျိုတော် (ခင်ဆုံခေါ်) မရွှေဆုံတို့က လောကမှန်ကူ မြတ်စွာဘုရားကို ရွှေထီးအသစ်တင်လှူခဲ့သည်။

(၁၈) ထိုမင်းလက်ထက်သွေးသောက်ကြီး ဦးရွှေဝ၊

(၁၉) ထိုမင်းလက်ထက် ရွှေတိုက်စိုး"ဦးတိုး" က မောဂ္ဂ လာန်ကျောင်းတိုက်၌ ဂိုဏ်းထောက်ဆရာတော် ဦးရွှေသန်၏ ကျောင်းဦးတွင် လှေခါး၃ စင်းတပ် အပြောက်တင် ပြဿာဒ ကြီးကို ဆောက်လုပ် လှူ၊ဒါန်းခဲ့သည်။

(၂၀)ရင်းညီ ရွှေတိုက်စိုး ဦးရှိုး၊

(၂၁)ထိုမင်းလက်ထက်ရှာသာရှာမှ ရွှေတိုက်စိုး ဦးသာလှ၊

(၂၂)ထိုမင်းလက်ထက် ရှာသာရှာမှ ရွှေတိုက်စိုးဦးဆယ်က မောဂ္ဂလာန် ကျောင်းတိုက်ဦးတွင် နတ်မုခ်, နတ်လှေခါးနှင့် စေတီတော် တည်ထား ပူဇော်ခဲ့သည်။

(၂၃) ကိုးမြို့ဝန် သမိန်ထောရာမဘွဲ့ခံ "မင်းလက်ဝါး"၏ ဝန်ကတော် မယ်ဘိုင်,မယ်ဆိုင်တို့က မောဂ္ဂလာန် ကျောင်းတိုက်တွင် စရပ်ကြီး တဆောင်ဆောက်လုပ် လှူဒါန်းခဲ့သည်။

(၂၄)ထိုမင်းလက်ထက် အလုံမြို့အထက်တိုက်အုပ်ဦးကြက်၊

(၂၅)သက္ကရာဇ် ၁၂၄၀ ပြည့် နှစ်တွင် နန်းတက်သော သီပေါမင်းလက်ထက် သွေးသောက်ကြီး မင်းလက်ဝါး၏ သားစစ်ကဲတော်ကြီး ဦးကျော်ဟိုး၊

(၂၆) ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးပဲလှော်၊

(၂၇)ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးကျော်ခေါင်၊

(၂၈)ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးကျော်ဝ၊

(၂၉)ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးရှေဝ၊

(၃၀) ထိုမင်းလက်ထက် စကားစိမ်းမင်းသမီး အယ်ရီတော် မကျေးချုပ်(ဈေးတန်းရပ်သူ)

(၃၁) သံချိုကိုင် ပညာရှိ ဆရာကောက် ပြည်ဆရာတော်၏ တပည့်ရင်း တနှေ့လျှင် ပေစာတကိုက်ရသည်ဟုပြော်ကြသည်။

(၃၂) စာဆိုတော် ပညာရှိကြီး ၁၂၂၁ ခုဘွား ဦးဆေး၊

(၃၃) စာဆိုတော် ပညာရှိကြီး ဦးစံကျော်၊

ဤစာရင်းတွင် အချို့သော မင်းမှုထမ်းတို့၏ ကုသိုလ်ကောင်းမှုများကို သေချာစွာ မကြားသိရဘူးရှိ မထည့်သွင်း လိုက်ရပေ၊ ထိုပုဂ္ဂိုလ်များသည် ခေတ်အားလျော်စွာ ကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်ခဲ့ကြမည်မှာ အမှန်ပင်ဖြစ်သည်။

အဘယ့်ကြောင့် ဆိုသော် ညောင်ကန်ရွာတွင် ရှေးယခင်ကတည်ထား ဆောက်လုပ်၍ လှူဒါန်း ပူဇော်ခဲ့ကြသော စရပ်, တန်ဆောင်း, ကျောင်း, ကန်, ဘုရားတွေ ပေါများလှသောကြောင့်တည်း။

# ရှေစည်းခုံဘုရားကြီး



ဘုန်းတော်ကြီးဦးသောင်းတန်ကိုအမှူးထား၍ညောင်ကန်၊ရွာသား
ဖျောက်ဆိပ်ကုန်းနှင့်တကွ နယ်သူနယ်သားအများပြည်သူတို့က
၁၂၇၁ ခုနှစ်က စတင်၍ အသစ်တဘန် ထပ်မံပြုပြင်ခဲ့ရာ
ယခုဖူးမြင်ရသော အနေမျှသာ ပြီးစီးသေးသည်။

## ဆရာမင်းကြီးအကြောင်း

ညောင်ကုန်ရွာ ရှေ့စည်းခုံ ဘုရားကြီးနှင့် ကျောင်းကြီး, ကန်ကြီး တို့၏ ဒါယကာ ဆရာမင်းကြီး၏ အတ္ထုပ္ပတ္တိ အကျဉ်းကား- အလောင်းမင်းတရားကြီး ဦးအောင်ဇေယမှ ဆင်းသက်ခဲ့သော မှုဆိုး ၁၁ ဆက်တို့တွင် သက္ကရာဇ် ၁၁၈၁ နှစ်က မင်းအဖြစ်သို့ ရောက်တော်မူသော ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် ဖာလ်နန်းရှင် မင်းတရားကြီးလက်ထက် အဂ္ဂမဟာ သေနာပတိ ဆရာမင်းကြီးဟူ၍ ထင်ပေါ်ကျော်ကြားသော အမတ်ကြီးတပါး ရှိသတတ်။

ထိုအမတ်ကြီးသည် မင်းသားအား ငယ်ရွယ်စဉ်အခါပညာသင် ကြားပေးဘူး၍ ထူးမြတ်သော ဂုဏ်အားဖြင့် ထိုမင်းသား အထွဋ် အမြတ်သို့ ရောက်သောအခါတွင် မိမိ၏ ဆရာအား ရာထူးတော် ပေးသနား၍ ၄ ပါးသော အမတ်တို့တွင် ဆရာမင်းကြီးဟု တွင် သတည်း။

ဆရာမင်းကြီးသည် မိမိ၏ ချက်မြှုပ်ရာဒေသ ညောင်ကန်ရွာ ဌာနခ္ခ သာသနာတော် စည်ပင်ပြန့်ပွါး၍ မျှားမြတ်သော အကျိုး တရားတို့ကို ခံစားရစေခြင်းငှါ ငယ်မည်မောင်ရာ ဘွဲ့အမည်မှာ 'မင်းရဲခေါင်ဗလသူရ'အမည်ရှိသော ရွာအုပ်ကြီးအားဘုရားကြီး, ကျောင်းကြီး, ဝိဋုတတ်တိုက်ကြီး, သောက်ရေကန်ကြီး, ၅၂ ဌာန ကို ပြီးစီးအောင် ဆောင်ရွက်လုပ်ကိုင်စေသည်။

ဘုရားကြီးမှာ အုဋ္ဌမိုပေါင်း ၁၇၂ ဖိုကုန်သည်၊ ဘိနပ်တော် ၆၄ တောင်, အမြင့်ဥာဏ်တော် ၉၆ တောင်, စိန်ဖူးတော်မြတ် အထိ အတောင် ၁၀၀ကျော်ရှိ၍ အလုံအထက်တိုက်တွင် အကြီး မြင့်ဆုံး စေတီတော်ကြီးဖြစ်လေသည်။

ထို့ကြောင့် ရှေးသူဟောင်းတို့က (နဝရတ်ဘုံ၊ကြာထီးအုံ၊ စည်းခုံအုင်ခြုပ်ပေါင်း)ဟု နောက်သား နောင်လာတို့ သိစေခြင်း အကျိုးငှါ စပ်ဆို၍ ထားခဲ့လေသည်။

ဘုရားကြီး ပြီးစီးသောအခါ ဆရာမင်းကြီး ကိုယ်တိုင်လာ၍ သီးမျိုးစုံ ပဒေသာပင်ရေ ၁၁၀၊တပင်လျှင် ၁၁၀ တန်၊သံယာ တော် ၁၁၀ နှင့် အနေကဇာတင်ပြီးလျှင် ရေစက်သွန်းချ၍ အမှ ပေးဝေခါ လှူဒါန်းပူဇော်ခဲ့သည်။

ဘုရားကြီး၏ဘွဲ့တော်မှာ ရှေးအခါက(ဇေယျခုံ)ယခုအခါ "ရွှေစည်းခုံ"ဘုရားဟု လူ,ရှင်အများ ခေါ်ဝေါ်ကြသည်။

ကျောင်းကြီးမှာမူ အမိုးဘုံ ၅ ဆင့်ရှိ ကျောင်းမကြီး မာရဘင်ခမ်းဆီးနှင့်တကွ ဦးကင်,ရာဇပလ္လင်ပါတည်ဆောက်ရာ တိုင်ပေါင်း ၃၄၂ ရှိသည်ဖြစ်၍ ရှေးသူဟောင်းတို့က (သံယာ ခိုအောင်း၊ ဆောက်သည့်ကျောင်း၊ တိုင်ပေါင်းစံလှကြီး။ )ဟု နောက်သား နောင်လာတို့ သိစေခြင်းငှါ အမှတ်အသားပြု၍ ထားခဲ့လေသည်။

ထိုကျောင်းကြီး ပြီးစီးသောအခါ ငမြောရွာတွင် ပါဠိတော်, အဋ္ဌကထာ,ဋီကာ အရပ်ရပ်တို့ကို အမြဲမပြတ်သင်ကြား ပို့ချ၍ နေတော်မူသော ကျမ်းဂန်တတ် ဆရာတော်တပါး ရှိသတတ်၊ထို ဆရာတော်ကို ညောင်ကန်ရွာသို့ ကြွရောက်၍ သီတင်းသုံးနေထိုင် တော်မူရန် ပင့်လျှောက်ခါတင်လှူသည်။

ထိုဆရာတော်၏ ငယ်မည်မှာ "ဦးကွင်း"ဟု ခေါ်တွင်ကြ၏၊ (မိဘ နေရပ်နှင့် ဘွဲ့တော်တို့ကို မကြားသိရဘူးပေ။)

ပိဋကတ်တို့က်တော်တွင်လည်း ဆရာမင်းကြီး၏ ကောင်းမှု ဆင်စွယ်လိပ်တပ် ပိဋကတ်ဂပုံတစုံ,ဆရာမင်းကြီးမရှိသည့်နောက် မင်းကြီးကတော်ကောင်းမှု သစ်သားလိပ်တပ် ပိဋကတ်ဂပုံတစုံ,

ရင်းပြင် ဝမြောရွာမှ ပင့်ဆောင်၍ ယူခဲ့သော ထန်းဘူးလိပ်တပ် ပိဋကတ် ၃ပုံ ၂ စုံအားဖြင့် ပိဋကတ်တော် ၃ ပုံ ၄စုံရှိသည်။

ထိုမှတပါးသူဌေးအများ၊ ဒါယကာ,ဒါယိကာမတို့ကပါဠိတော်များနှင့် အဋ္ဌကထာ, ဋီကာ,အနု,မရု,ယောဇနာ, လက်သန်းကျမ်းအစောင်စောင်၊ ပဋ္ဌာဘုတ်ကျမ်း,ဝေနန္ဒြိုကျမ်း,ဆေးကျမ်း, ခံ့ဝတ်ကျမ်း၊ သာမ, ယဇု, ဋ္ဌယုစသော ဗေဒင်ကျမ်းအဖြာဖြာ ဇင်းမယ်ပဏ္ဏာသပါ မကျန်ရအောင် လှူဒါန်းပူဇော်၍ထားကြ၏။

ဆရာတော်ဦးကွင်းသည် ပညာသင်ချိန်အရွယ်စာသင်သားဘဝ နုနယ်စဉ်အခါကညအချိန်သို့ကျလျှင်အုံးသီးကို ခေါင်းအုံးပြုခါ ကြိမ်းစက်တော်မှ၍သာ ပညာကို ကြိုးစားအားထုတ်ပြီးလျှင် ရှာမှီးဆည်းပူးတော်မူခဲ့သည်ဆို၏။

ထိုဆရာတော်သည် ဆရာတော် ဦးဗုဓ်နှင့် သာသနာပိုင် ဆရာတော် ဦးဥေယျတို့၏ ဓမ္မာစရိယဖြစ်သည့်ပြင် ဆရာတော်ဦးပိုးနှင့် ဦးဗုဓ်တို့ နေပြည်တော်သို့ ကြွသည့်အခါ ညောင်ကန်ရွာတွင် ဂိုဏ်းအုပ်ဆရာတော်အဖြစ်သို့ ရောက်တော်မူကြောင်းကြားသိရဘူးသည်။

သာသနာပိုင် ဆရာတော်ဦးဥေယျ၏ ဆရာဖြစ်ကြောင်းကို ကြားသိရဘူးသည်မှာ နတ်ရဲတောင်၌ဘုရားကြီးတည်ရန်ကြွလာတော်မူသောအခါက ဆရာတော်ဦးကွင်းကို ဖူးမြော်ကံတော်ရှိရန် ရှေ့စည်းခုံ ကျောင်းတိုက်သို့ ကြွတော်မူလာရာ တပည့်များက သာသနာပိုင် ဆရာတော် ကြွလာပါသည်ဘုရားဟု လျှောက်ထားသော်လည်း ဂရုမစိုက်ဘဲ ကြိမ်းစက်တော်မှ ခြေတိုင်းနေတော်မူရာ သာသနာပိုင်ဦးဥေယျက ဝေါ်ပေါ်မှဆင်း၍ ခြေတော်ရင်းအထိ အဖူးအမြော်ရောက်ရသော ဟူ၏။

ဤကဲ့သို့ ပညာပါရမီကို ဆင်းရဲပြိုပြင်စွာ ကြိုးစားအားထုတ်၍ ရှာမှီးဆည်းပူးတော်မူခဲ့သဖြင့် သာသနာတော်တွင် နေ့,လ ကဲ့သို့ ပေါ်လွင်ထင်ရှားတော်မူသော ထိုဆရာတော်ဘုရားကြီး ဦးကွင်း ပြန်လွန်တော်မူရာ အဂ္ဂိဗျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ သောအခါတွင် တပည့်ဒါယကာ,ဒါယ$^{\circ}$ကာမ အပေါင်းတို့က ပူဇော်ကြသော ပြဿာဒ်,ရထား,တလား,လောင်တိုက် စသည် တို့မှာ ၅၀၀ကျော်ရှိသည်ဟု အဆင့်စကား ကြားသိရဘူးသည်။

ဆရာတော် ဦးကွင်း၏ ကြွင်းကျန်ရစ်သော အရိုးခေတ်ကို ဘုန်းတော်ကြီး ဦးတိသအမှူးရှိသော တပည့်ဒါယကာ, ဒါယ$^{\circ}$ကာမ အပေါင်းတစုတို့က ကျောင်းဦးတွင် အုဒ္ဓိပြဿာဒ်ဘုရား တည်ထား၍ ကောင်းမှုပြုခါ ကိုးကွယ်ကြပါသတည်း။

ရွှေစည်းခုံဘုရားကြီး နှင့် ကျောင်းတိုက်ကြီး၏ ဒါယကာ ဆရာမင်းကြီးကိုလည်း ကိုယ်ထက်သာမနာလိုသောထုံးအခြား သောမှူးမတ်တို့ကမုန်းကြသဖြင့် ဂုံးတိုက်သည့်အသွင် မကိုပူရက စစ်သူပုန်ထသည့်အရာတွင်ဆရာမင်းကြီးကိုပင် ချီတက်တိုက်ခိုက် စေမှ အရေးတော်လှမည့်အကြောင်း နှင့် တင်လျှောက်ကြသော မှူးမတ်တို့စကားကို ဘုရင်မင်းမြတ် ယုံကြည်တော်မူခါ ဆရာ မင်းကြီး ကိုယ်တိုင် ချီတက်တိုက်ခိုက်ရမည်ဟု အမိန့်တော်ချ၍ စေလွှတ်လိုက်ရာ ထွက်ခွါသွားပြီးနောက် လမ်းခရီးသို့ရောက်မှ သတိတော်ရသဖြင့် ပြန်ခဲ့စေဟုတဘန်အမိန့်တော်ကျသော်လည်း ဆရာမင်းကြီးသည် ဒေါသရှေ့ထား မပြန်ဘဲ သွားခြင်းကြောင့် ဌက်ဖျားမိခါ ပန်စံစခန်း၌ သေဆုံးလေရာ အလောင်းကို အသုံး အဆောင်ဖြစ်သော ရတနာတို့နှင့်အတူ ကောင်းမှုတော်ဖြစ်သော ရွှေစည်းခုံဘုရားကြီး၏အနီး ရာဟုထောင့် အရပ်တွင် အရိုးဒုံး တည်ပြီးလျှင် ထည့်သွင်း၍ သင်္ဂြိုဟ်သည်။

ဆရာမင်းကြီးမှာ ပျက်စီးကွယ်လွန်ခြင်း လျင်မြန်လှ၍ဝတ္တုကံ မြေ,အခြေအရံ အာရုဏ်ခံပြဿဝဒ, စရပ်, တန်ဆောင်းတို့ကိုမှ မလှူဒါန်းရသေးပေ။

## လှူဒါန်းမြီးအရပ်ရပ် ကုသိုလ်တော်မြတ်များမှာ

ရွှေစည်းခုံ ဘုရားကြီး, မဟာရာဓိတံတိုင်းကြီး, ခြေသ့်ကြီး ၈ ကောင်,၅ထပ် ကျောင်းကြီး, စာသင်သားများ သီတင်းသုံးနေထိုင်ရန် ကျောင်းဆောင်ငယ်ပေါင်း ၁၂ဆောင်, ရှစ်မျက်နှာ ခိုနန်းချိုး အုဋ္ဌတံတိုင်းကာ ဘီလူးမသားပိုက် ၁၂ ရုပ်နှင့် ဝေဏ္ဍပြုလုပ်အပ်သော သောက်ရေကန်ကြီး, ဘုရားကြီး၏ အရှေ့ဧရိ တောင်ဘက်တွင် ဟင်းသာရုပ်တင် မှန်စီရွှေချ တံခွန်တိုင်ကြီး, တောင်ဘက်မုခ်အနောက်ဘက်တွင် ရှေးနည်းတူ တံခွန်တိုင်ကြီး, လေးမျက်နှာ စိန်တောင်ပတ်လည် ကာရံ၍ ဆောက်လုပ်အပ်သော ပိဋကတ်တိုက်တော်ကြီးတို့ပေတည်း။

ထိုပိဋကတ်တိုက်မျိုးမှာ ညောင်ကန်ရွာတွင် ၂ခုသာရှိသည်။အခြားတခုမှာ ရတနာမဉ္ဇူတိုက်အတွင်း မြောက်နန်းတော်မိဖုယားကဆောက်လုပ်လှူဒါန်း၍ထားသောပိဋကတ်တိုက်ကြီးပေတည်း။

## မြောက်နန်းတော် မိဖုယားအကြောင်း

မန္တလေး ရတနာပုံ နေပြည်တော်ကြီးကို စတင်တည်ထောင်တော်မူသော ပဌမ သံဂါယနာတင် သာသနာ့ဒါယကာ မင်းတုံးမင်းတရားကြီး၏ အိမ်တော်ပါ မြောက်နန်းတော် မိဖုယား 'သုသီရိမဟာရတနာ မဂ်လာဒေဝီဘွဲ့ခံ(မယ်ညွှန့်)'သည် ညောင်ကန်သူဖြစ်ကြောင်းကို ဘုန်းကြီးများ ငယ်စဉ်က စ၍ ယခုအချိန်သို့ ကျအောင် သက်ကြီးရွယ်ရင့်ဖြစ်သူ ရှင်,လူ အပေါင်း တို့ကပြောဆိုလျက် ရှိကြသေး၏။

ညောင်ကန်ရွာတွင် မြောက်နန်းတော် မိဖုယားနှင့် ဆွေမျိုး အရင်းအချာ မဟုတ်သော်လည်း အဖျားအနား တော်စပ်သူ အဆက်အနွယ်များ ယခုတိုင် ရှိကြသေး၏။

ဘုန်းကြီးနှင့်တကွ ယခုရှိနေကြသော သူများသည် ငယ်စဉ် အခါက ဂရုစိုက်၍မေးမြန်းမှု မရှိခဲ့ခြင်း၊ ကြားသိခဲ့ဘူးသည်ကိုပင် အမှတ် အသား နည်းပါးခဲ့ခြင်းတို့ကြောင့် မြောက်နန်းတော် မိဖုယား၏ အမိ,အဘတို့ကိုပင် ယခုအခါတွင် မရေးသားနိုင် တော့ပါ။

သို့သော် မြောက်နန်းတော်မိဖုယားသည် ညောင်ကန်ရွာ၌ သက္ကရာဇ် ၁၂၁၆ ခုနှစ်တွင် သီရိနန္ဒာကန်တော်,ဇေယျနန္ဒာ ကန်တော်တို့ကို အသစ်တဘန် ထပ်မံပြုပြင်၍ လှူဒါန်းခြင်း။

ဂင်းပြင် ရတနာ မဇ္ဈ။ကျောင်းတိုက်အတွင်းကွမ်း ၃ဆင့်စမြင်ခံ ကျောင်းကြီးနှင့် ထိုကျောင်းဦးတွင် ပိဋကတ်တိုက်တော်ကြီးကို ငွေပေါင်းများစွာ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခြင်း။

ပြည်ဆရာတော်ဟု ခေါ်တွင်ကြသော ညောင်ကန်ဆရာတော် ဦးကျိုးအား ဘုရင်မင်းမြတ်၏ကိုယ်စား ရွှေမြို့တော် မြောက်ပြင် မန္တလေးတောင်ခြေရှိ မန္တလာရာမ ပြည်တိုက်အတွင်းကျောင်းရံ ၂၀ နှင့်တကွ ၄ ထပ် စမြင်ခံ ကျောင်းတော်ကြီးနှင့် သိမ်ပြဿာဒ် တော်ကြီးကိုပါ ဆောက်လုပ် လှူဒါန်းခဲ့ခြင်း။ (ကုန်းဘောင် ဆက် မဟာရာဇဝင်တော်ကြီး စာမျက်နှာ ၁၅၀၅)၌ ပါရှိသည်။

ဤကဲ့သို့ ညောင်ကန်ရွာ၌ ကုသိုလ်ကောင်းမှု များပြားစွာ ပြုလုပ်ခြင်း, ညောင်ကန်ဆရာတော် ဦးကျိုးအား သက်တော် ထင်ရှားရှိစဉ် အခါ၌ရင်း၊ ပြန်လွှန်တော်မူပြီးသော အခါ၌ရင်း ကြည်ညိုသမှု ကိုးကွယ်ဆည်းကပ်ခြင်းပြုခါ များပြားစွာလှူဒါန်း ပူဇော်ခဲ့ခြင်း။

ဤအထက်ပါ ပြဆိုခဲ့ပြီးသော အကြောင်းအရာတို့ကြောင့် မြောက်နန်းတော် မိဖုယားသည်ညောင်ကန်သူ ဖြစ်ကြောင်းကို ယုံကြည်စွာ မှတ်သားထိုက်ပေသည်။

## မြောက်နန်းတော် မိဖုယားနတ်ရှာစံခြင်း

၁၂၃၄ ခု ကဆုန်လပြည့်ကျော် ၁၂ရက်နေ့တွင် မြောက်နန်းတော် မိဖုယား အဖျားရောဂါနှင့် နတ်ရှာစံသည်ကို နန်းမြို့တော်အတွင်း အနောက်မြောက်အရပ်တွင် အုဋ္ဌနန်း ပြဿာဒ်နှင့် သင်္ဂြိဟ်တော်မူသည်။

မြောက်နန်းတော် မိဖုယားမှာ သားတော်, သမီးတော် ထွန်းကားခြင်းမရှိ။

(တပါးသော သူတို့က မြောက်နန်းတော် မိဖုယား၏ ငယ်မည်ကို ခင်သဲ ခေါ်သည်ဟု ပြောသဖြင့် အမည်တမျိုးရှိသည်ကို သိရ၏။)

# အထူး မှတ်ချက်

ညောင်ကန်ရွာမှ နေ့လအသွင် ထင်ရှားကျော်စွာ ဖြစ်ထွန်းပေါ်ပေါက်တော်မူလာခဲ့ကြသော ကျမ်းတတ်ကျမ်းပြု ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ တကျိပ်ကျော် ဆရာတော်ဘုရားကြီးတို့၏ အကြောင်းအရာများကို အဝေးမြို့ရွာမှ ဗဟုသုတရှင်အပေါင်းတို့က ရှာဖွေစုံဆောင်းကာ ချီးကြူးရေးသား ပြောဆိုကြသည်များကို အထူးကျေးဇူးတင်ကာ ဝမ်းမြောက်မိပါ၏။

သို့သော် ထိုဗဟုသုတရှင် အပေါင်းတို့သည် ညောင်ကန်ဆရာတော်ကြီးများ၏အကြောင်းကို အဝေး စကား, အဝေးနားဖြင့် နာကြားသိမှတ်၍ ရေးသား,ပြောဆိုကြသော အရာဌာနဟူသမျှတို့၌ ယုတ္တိတန်၍ ဟုတ်မှန်သော အကြောင်းအရာများကို ဝမ်းမြောက်ဝမ်းသာ သဘောတူ၍ ကြည်ဖြူစွာ ထောက်ခံပါ၏။ ယုတ္တိမဟန် မဟုတ်မမှန်သော မှားယွင်း ချွတ်ချော်ချက်များကို မူကား ကန့်ကွက်လိုက်ပါသည်။

ရင်းပြင် ကျောက်ထီးစာနှင့် အလေးအမြတ် ပြုထိုက်သော ဆရာတော်ဘုရားကြီးတို့၏ ယထာဘူတ သဘာဝကျ၍ ယဉ်ကျေးသည့် အသုံးအနှုံးဖြစ်သော ဘွဲ့တော်များကိုမသုံးမူ၍-ဥဇုပဋ္ဌ ပကွ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သည့် ရိုင်းစိုင်းသော လူနာမည်များကို ခေါ်ဆိုရေးသား သုံးနှုံး၍ ထားသည်မှာ ရှေးဟောင်းလူကြီး,သူမတို့၏ ပြောဆိုရေးသားထားသော မှတ်တမ်းများကို မပစ်ပယ်လိုသည်တခြောင်း-ယခုခေတ် လူငယ်အများတို့ နားလည်မှတ်သားလွယ်ကြစေခြင်း အကျိုးငှာ ဤကဲ့သို့သော အခြောင်းများကြောင့် ထိုကဲ့သို့ သုံးနှုံး၍ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

## လယ်တီဦးလှပိုင် ရေးသားအပ်သော
## နိဂမာ ဘိဏ္ဍာဝိတမ္ပဏ္ဍနာမ်ိုး ပိုဒ်စုံရတု။

(၁) **မြစ်နန်းသလွှာ....**ဝတီမှာ ထက်၊သာယာ ယှက်ထွေး၊ တောင့်ကျက်ကျေးတို့၊ တေးဂီ သံနုံ၊ ချစ်ခွန်း တုံ့လျက်၊ ရဂုံ ကျက်သရေ၊ ဆိုလောက်ပေသား၊ မြွှင်ချေ နက်ဝမ်း၊ ဂနိုင်စမ်း လည်း၊ လွမ်းဖွယ် ဆွေးခွင့်၊ ကြုံလာ ဆင့်သို့၊ ချုံနှင့် ပုပ္ပေါင်း၊ ရိုးပြတ်ချောင်းကား၊ခ,ညောင်းဦးညွှတ်၊ ဒို-တွတ်တွတ်မျှ၊တောင် ထွတ် မိုးယံ၊ တောလည်း ရုံ၍၊ ကျော်လျှံ ပေါ်ကပြ၊ဤဌာနတွင်၊ ခဏ တိမ်းရင်း၊ အကြောင်းခြင်းကြောင့်၊ **"တိမ်းရင်းရာဇဂြိုဟ်"** ပြည် နဂိုရ်ဟု၊ ဗဟို ချက်မ၊တည်ပြီးက လျှင်၊ ထိုမှ တဖန်၊မြေနက် သနဝယ်၊**"ညောင်ကန်ရွာမြတ်"**ပြောင်းရွှေ့လတ်သား၊ မဟတ္တ ဂိုဏ်း၊ ရုံ ပရိုဏ်းဖြင့်၊ ကသိုင်းကွက်မြင့်၊ရှေးကံသင့်သည်။ ။ **ပြုန်းလင့် ကြမ္မာမင်,မို့သော်။** ။

(၂) **သစ်ဆန်းကလွှာ....**ချိန်ထက် မှာကား၊ ဖလ်ဝါ ဒေါင်း ရှင်၊နေလုလင်သည်၊ရှေ့ခွင်မျက်နှာ၊ရပ် ဒိသာမှ၊ကမ္ဘာလောက ဓာတ်၊ လွှမ်းခြုံ့ပတ်မည့်၊ သဟဿ,ခြည်၊ ထွန်းလင်းစည်ဌ၊ ဥာဏ်ရည်နက်လေး၊သ,သင်ရေးဖြင့်၊မွှေး တကြ||ကြ||၊ဇမ္ဗူ||မဆံ ! ကြိုင်ပျံ့ သင်းသင်း၊ သတင်း ဂုဏ်ရောင်၊ နှစ် ငါးထောင်လျှင်၊ ဥသျှောင်တမ္ဘတ်၊ ဆိုမောညွှတ်မျှ၊ ကယ်ခွတ် ဗုဒ္ဓ၊ သုံးလူ့ဘ၏၊ သဒ္ဓမ္မမည်၊ ကွန့်မြူး လည်သား၊တည်၍ သတ်မှတ်၊ မည် သကတ် ကြောင့်၊ **"ရွာမြတ်ညောင်ကန်"**၊ သမိုက် ဖန်တည့်၊ ကျမ်းဂန် စာတတ်၊ ပုဂ္ဂိုလ်မြတ်တို့၊ ဌုပ္ပတ် ချင်းရာ၊ စုံလင်စွာလျှင်၊ဂုဏ်ဝါ တန်းမြင့်၊မနှိုင်းသင့်သည်။ ။**ဘုန်းနှင့် သမ္ဘာရှင်မို့သော်။** ။

(၃) **ရစ်သန်းဘလွာ**...မြန်နွာနှင့်၊စ,စွာ တတန်၊ကျောင်း, ကန်,စရပ်၊ပြာသာဒ်ဦးပြည်း၊ရွှေတိုချည်းပင်၊ခိုင်ကျည်းမတ်မတ်၊ ခေတ်မွေ့သရီ၊ စေတီ,ပုထိုး၊တင့် စနိုးလျှင်၊မိုး နဘ ်မြင့်၊ ငွေ့ငွေ့ စွင့်သား၊ ဖူးချင့်စရာ၊ ဝေဆာ ဆိုင်းဆိုင်း၊ ညို.ညို.မှိုင်းမျှ၊ရှုတိုင်း သာမော၊ ပြန့်ပြော ကြင့်နှုန်း၊ဥဒါန်းတွင်လာ၊**ညောင်ကန်ရွာလျှင်**၊ ဖွားရာဇာတိ၊ ပညာရှိတို့၊အတိုချက်သို့၊ ပါရဂိုရ်မှ၊ထိုထိုနွယ်ရင်း၊ ကျော် သတင်းဖြင့်၊ သက်ဆင်းလျှ ်ကြ၊ **"အရှင်သုဒဿန"**သည်၊ ဂန္ဓဝင်မြောက်၊ ကျမ်းမွှေနှောက်လျက်၊ ပါမောက်ခုံတင်၊ **"ညောင်ကန်သာသနာဝင်"**ကို၊ ပြိုပြင်တွဲ.တွဲ.၊ ရွှေကြိုးသွဲ့သို့၊ နှိုင်းရှဲ.မသင့်၊ဂိုဏ်းမျှဲချင့်သည်။ ။**ရွှန်းဆင့် ကမ္ဘာတွင်ဘို့သော်**။ ။

---

**အထူးမှတ်ချက်**

အပိုဒ်(၂) ဂလွာ=(ပါဠိ) မိုးသောက်ချိန်၊မိုးလင်းစ ချိန်ဟု အနက်ပြန်ဆိုသည်။ "ဆန်းသစ်၍ မိုးသောက်စအချိန်မှာ"ဟု အဓိပ္ပါယ်စပ်ပါ။

အပိုဒ်(၃) ဘလွာ=(ပါဠိ) သန့်စင်ဖြူ။ဖွေးသောအနက်။

အဓိပ္ပါယ်မှာ" ဖြူ။ဖွေး သန့်စင်လှသည့် မြန်နွာစသော ဂန်တော်များ။"

အချို-အချ,ကာရန် ပဒ,သတ်စေ.ညီ ရွှဲစီထားသောဝိုဒ်စုံရတု။

ဤရတုကိုဘတ်လျှင်ကျမ်းစာသားများပြည့်စုံစွာလေ.လာပြီးမှဘတ်ပါ ရှေ.နောက်ဆက်စပ်မှု အဓိပ္ပါယ်ပေါ်လွင်ထင်ရှားလာပါလိမ့်မည်။

လှိုင် ၁-၇-၅၉။

---

# ညောင်ကန်သာသနာဝင်
# ဤတွင် ပြီးပြီ။

# ညောင်ကန် သာသနာဝင်အမှား,အမှန် ပြင်ချက်

| ဦးရေ | အမှား | အမှန် | မျက်နှာနံပါတ် | ကြောင်းရေ |
|---|---|---|---|---|
| ၁ | ကာရိသမိ | ကာရိသာမိ | ၆ | ၂၁ |
| ၂ | ရှောဖွ | ရှာဖွ | ″ | ၂၂ |
| ၃ | သွန်ကြိုးစားလျက် | လွန်ကြိုးစားလျက် | ″ | ″ |
| ၄ | မေတ္တာအားဖြင့် | မေတ္တာဘာဝနာအားဖြင့် | ″ | ″ |
| ၅ | ဓမ္မမ္ပုဇာ | ဓမ္မမ္ပဇာ | ၂၁ | ၂၁ |
| ၆ | ကောဇာသတ္တစ် | ကောဇာသတ္တရာစ် | ၂၃ | ၂၂ |
| ၇ | ပစ္ဆပ္ပုန် | ပစ္ဆုပ္ပန် | ၂၆ | ၁ |
| ၈ | ကိုထိုက်ဓမ္မ၀ိယာ | ကိုယ်ထိုက်ဓမ္မ၀ိယာ | ၃၂ | ၂၀ |
| ၉ | ဂုဏာဘိလက်ခဏ | ဂုဏာဘိလက်ခဏ | ၅၇ | ၂ |
| ၁၀ | မမိကိုယ်ကိုယ် | မိမိကိုယ်ကို | ၉၉ | ၂၄ |
| ၁၁ | ပဒေတိယ၀ဋ္ဋာကို | ပဒေတိယ၀ဋ္ဋနာကို | ၁၁၇ | ၁ |
| ၁၂ | သတ္ထာ၀ဒေ | သတ္ထာဒေ၀ | ၁၂၀ | ၂၅ |
| ၁၃ | ဣတိဣဏသမ္ပန္နံ | ဣတိဂုဏသမ္ပန္နံ | ၁၂၉ | ၈ |
| ၁၄ | ရိုခိုးညွှတ်ရာ | ရှိခိုးညွှတ်ရာ | ၁၃၀ | ၄ |
| ၁၅ | အခ်ိသဝ်ဘဏ | အသခ်ိတဘဏ | ၁၃၂ | ၈ |
| ၁၆ | ပြည်ရွှန်း | ပြည်ရွှန်း | ၁၃၃ | ၅ |
| ၁၇ | ကြည်ဆွသဒ္ဓါ | ကြည်ဆွသဒ္ဓါ | ၁၃၇ | ၁၂ |
| ၁၈ | သက္ကရာဇ် ၁၁၁၉ | သက္ကရာဇ် ၁၁၉၁ | ၁၄၇ | ၁၂ |
| ၁၉ | ပဋ္ဌပတိဋ္ဌ၀ဋ္ဋနာ | ပဋ္ဌပတိဋ္ဌ၀ိတ၀ဋ္ဋနာ | ၁၅၉ | ၁ |
| ၂၀ | တည်ခြေ၍ | တည်ခြေ၍ | ″ | ၆ |
| ၂၁ | အင်း၀င်မြို | အင်း၀မြို | ၁၀၇ | ၁၈ |
| ၂၂ | မလိခ္ခ။ | မလိမခ္ခ။ | ၁၉၁ | ၂ |
| ၂၃ | ဝိသဒ္ဓာဝကျမ်း | ဝိသဒ္ဓနာဝကျမ်း | ၂၀၆ | ၁၂ |
| ၂၄ | မ္ဘေးလ,မ္ဘေးနွေ | မ္ဘေးလ,မ္ဘေးရက်,မ္ဘေးနွေ | ၂၀၇ | ၁၂ |
| ၂၅ | ပြန်လွန်ဒုရသော | ပြန်လွန်တော်မူရသော | ၂၃၀ | ၅ |
| ၂၆ | ထင်ရှားကျော်စွာ | ထင်ရှားကျော်ကြားစွာ | ၂၅၄ | ၁. |